ဂ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၀)၊ အမှတ်(၅)　　၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်　　၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် ၊ ကြာသပတေး၊ (ဧပြီ ၇ ၊ ၂၀၁၁)



ပြည်ထောင်စုအဆင့် အစိုးရတာဝန်ရှိသူများ
ဓာတ်ပုံ - သတင်းစဉ်

# အစိုးရ အပြောင်းအလဲ

သတင်းနှင့် ဆောင်းပါးများ
စာ(၂၇~၃၀)တွင်ရှု



သမ္မတဦးသိန်းစိန် ပထမဆုံးမိန့်ခွန်းပြောကြားစဉ်

## အားနည်းသော လာနီညာ မေလကုန်အထိ ဆက်ရှိမည်

**အောင်သူရ**

**ရန်ကုန်၊ ဧပြီ - ၄**

အားနည်းသော လာနီညာရာသီဥတုမှာ မေလကုန်အထိဆက်လက်ရှိနေမည်ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကပြောသည်။

လာနီညာစောင့်ကြည့်ရေးအဖွဲ့များဖြစ်သော IRI နှင့် NOAA အပါအဝင် အဖွဲ့အစည်းများ၏ မတ်လ ၂၈ ရက်ခန့်မှန်းချက်အရ လာနီညာအခြေအနေသည် ပစိဖိတ်သမုဒ္ဒရာနှင့် အီကွေတာအရပ်တွင် ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး အင်အားမှာ လျော့နည်းလာကြောင်း ဦးထွန်းလွင်၏ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။ IRI နှင့် NOAA အဖွဲ့များအပါအဝင် အယ်နီညို၊ လာနီညာစောင့်ကြည့်ရေးအဖွဲ့များက ၂၀၁၁ မေလကုန်အထိ လာနီညာဆက်ဖြစ်မည်ဟုခန့်မှန်းထားကြသည်။ သို့သော် အားနည်းသော လာနီညာသာဖြစ်မည်ဟု ထုတ်ပြန်ထားသည်။ အေး၍စိုစွတ်သော ရာသီဥတုကိုပေးသည့် လာနီညာမှာ ၂၀၁၀ နိုဝင်ဘာလမှ စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

စာ(၁၂)သို့

နှစ်သစ်ဆုတောင်း

မကြာမီတွင် ကျရောက်လာမည့်
မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်နှင့်အတူ
မြန်မာနှစ်သစ်တွင် မြန်မာပြည်သူ၊ပြည်သားအပေါင်း
ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း၊ကျက်သရေမင်္ဂလာ ခညောင်းပြီး
ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကာ ကောင်းခြင်းမင်္ဂလာများနှင့်
ပြည့်စုံနိုင်ကြပါစေကြောင်း၊
အစိုးရသစ်နှင့်အတူ ပြည်သူများ၏
မျှော်လင့်ချက်များ ပြည့်ဝစေပြီး၊
ရည်မှန်းချက်များ
အောင်မြင်ပါစေကြောင်း
7Day News ဂျာနယ်က
နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ရန်ကုန်သင်္ကြန်ရေကစားမည့်မိန်းကလေး လျော့နည်းနိုင်

**အိဖြူလွင်**

**ရန်ကုန်၊ ဧပြီ - ၂**

ယခုနှစ်မဟာသင်္ကြန်တွင် ရန်ကုန်မြို့ရေကစားမဏ္ဍပ်များလျော့နည်းသွားသကဲ့သို့ သင်္ကြန်မဏ္ဍပ်များ၌ ရေကစားမည့်သူများလည်း လျော့နည်းနိုင်ကြောင်း မဏ္ဍပ် ဆောက်သူများက ပြောသည်။

ယခင်နှစ်ကကဲ့သို့ ဖုံးပေါက်ကွဲမှုများမဖြစ်စေရန်အတွက်မဏ္ဍပ်များတွင် လုံခြုံရေးတိုးမြှင့်ထားခြင်း၊ မဏ္ဍပ်တိုင်း တပ်ဆင်ရမည့် လုံခြုံရေးကင်မရာများနှင့် ဆက်စပ်၍ အင်တာနက်ပေါ်တွင် ဗီဒီယိုဖိုင်များ ရောက်ရှိသွားမည်ကို စိုးရိမ်ခြင်းနှင့် ဖုံးပေါက်ကွဲမှုများ ထပ်မံဖြစ်ပွားမည်ကိုစိုးရိမ်ခြင်း စသည်တို့ကြောင့် သင်္ကြန်ရေကစားမည့် သူများ လျော့နည်းနိုင်ခြင်းဖြစ်သည်ဟုဆိုကြသည်။

စာ(၁၂)သို့



ရိုးရာသင်္ကြန်ပွဲဆင်နွှဲနေသော ရန်ကုန်သူများ။
ဓာတ်ပုံ-အားမာန်

## သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ

**ငြိမ်းငြိမ်းနိုင်၊ အိဖြူလွင်**

ရွှေကလပ်ပေါ်က ဖွင့်လျက်သား နီညိုရောင်စာအုပ်သုံးအုပ်ပေါ်ကို ဘယ်ညာလက်နှစ်ဖက်တင်လျက် နှုတ်ခမ်းကလည်း လှုပ်လှုပ်ရွရွဖြင့် တစ်စုံတစ်ခုကိုရွတ်ဖတ်နေဟန် မြင်ရသည်။ ၎င်းပုဂ္ဂိုလ်၏ လက်ယာဘက်နှင့် လက်ဝဲဘက်က ပုဂ္ဂိုလ်နှစ်ယောက်ကလည်း မျက်နှာချင်းဆိုင်အနေအထားဖြင့် ရွတ်ဖတ်နေကြခြင်းဖြစ်သည်။


ဆောင်းပါးအပြည့်အစုံ-စာ(၂၈)တွင်ရှု

## သမ္မတသစ်၏ ပထမဆုံးမိန့်ခွန်း

**အားမာန်**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မတ်လ၃၀ရက်တွင် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး၌ သူ၏ပထမဆုံးမိန့်ခွန်းကို ပြောကြားခဲ့သည်။ သမ္မတသစ်၏မိန့်ခွန်းကို MRTV-4 မှ ညနေ၄နာရီတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူလူထုအနေဖြင့် နှစ်ပေါင်း ၂၀ ဝန်းကျင်အတွင်း ပင်ကိုသံဖြင့်ပြောသော နိုင်ငံတော်အကြီးအကဲ၏မိန့်ခွန်းကို ပထမဆုံးအကြိမ် နားထောင်ခွင့်ရရှိခဲ့သည်။

ဆောင်းပါးအပြည့်အစုံ-စာ(၂၉)တွင်ရှု



7 DAY NEWS JOURNAL
Vol.10, No.5 ▪ APRIL 7, 2011

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပန်းချီကား ဦးမျိုးခင် ရေးဆွဲနေ

စိုင်းသာအောင်

မန္တလေး၊
မတ် - ၃၁

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်ပါဝင်ကူညီရန် နှင့် ပြည်သူအများသို့ ပညာပေးဆောင်ရွက်ရန် ရည်ရွယ်၍ မန္တလေးမြို့မှ Olympic Fine Arts 2008 (Beijing) ရွှေတံဆိပ်ဆု ရှင် ဦးမျိုးခင် (ထန်းရိပ်ညို)က မတ်လ ၃၀ ရက်မှစ၍ အလျား ၂၀ ပေ× အနံ ၇ ပေရှိ Bulterfly-Effect အမည်ရှိပန်းချီကားကြီးတစ်ချပ် ရေးဆွဲနေသည်ကို တွေ့ရသည်။

ဎင်းပန်းချီကားရေးဆွဲနေမှုနှင့်ပတ်သက်၍ ပန်းချီဆရာက "ယခုရက်ပိုင်းမတ်လ ၁၁ ရက်မှာ ဂျပန်နိုင်ငံမြေငလျင်၊ မတ်လ ၂၄ ရက် ည ၈ နာရီခွဲခန့်က ရှမ်းပြည်နယ်အရှေ့ပိုင်းတာချီလိတ်နှင့် တာလေမြို့တို့မှာဖြစ်ပွားခဲ့တဲ့ မြေငလျင်တွေနဲ့ပတ်သက်ပြီးသတင်းမီဒီယာတွေမှာ ကြည့်ရပြီး ဒီပန်းချီကားကိုရေးဆွဲတာပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရည်ရွယ်ပြီးရေးဆွဲတာဖြစ်ပြီး ပန်းချီကားအမည်ကိုလည်း Bulterfly-Effect လို့ အမည် ပေးထားတာပါ"ဟု ဦးမျိုးခင်က ပြောသည်။



အလျားပေ ၂၀၊ အနံ ၇ပေရှိသော သဘာဝပတ်ဝန်းကျင်နှင့်သက်ဆိုင်သော ပန်းချီကား ဦးမျိုးခင်ရေးဆွဲနေစဉ်။

ဦးမျိုးခင်၏ ပန်းချီကားများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပန်းချီစုဆောင်းသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဘေဂျင်းခရီးသွားလာရေးဇုန်(Tourist Zone)တွင် သီးခြားပန်းချီပြခန်းဖွင့်လှစ်ထားပြီး၊ တရုတ်နိုင်ငံမှတစ်ဆင့် နိုင်ငံတကာပန်းချီဈေးကွက်သို့ ပြသခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။ ၂၀၀၈ ဘေဂျင်းအိုလံပစ်နှင့် အတူ ကျင်းပသော အနုပညာပြပွဲတွင် ဎင်း၏ ပန်းချီကားမှာ ရွှေတံဆိပ်ရခဲ့သည်။ ဦးမျိုးခင်မှာ လန်ဒန်တွင် အိုလံပစ်နှင့်အတူ ပူးတွဲကျင်းပမည့် အနုပညာပြိုင်ပွဲ Olympic Fire Art 2012 (London) အတွက်လည်း ပန်းချီ ကားရေးဆွဲပြိုင်ပွဲဝင်မည်ဖြစ်သည်။

# ၁၃နှစ်သမီးအားအဓမ္မပြုသည့်ဖခင်ကိုထောင်ဒဏ်၁၀နှစ်ချမှတ်

အိဖြူလွင်

ရန်ကုန်၊ မတ် - ၃၀

ဖခင်ဖြစ်သူက မိမိသမီးကို အနိုင်အထက်ပြုကျင့်ခဲ့သဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါအမှုမှာ ၂၀၁၀ပြည့်နှစ် ဇွန်လက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောက်တံခါး မြို့နယ်တို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုအ မှုကဲ့သို့ပင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူမြို့နယ်တွင်လည်း ၂၀၁၀၊ ဒီဇင်ဘာလအတွင်းက ကလေးငယ်တစ်ဦးကို ပထွေးဖြစ်သူက အဓမ္မပြုကျင့်မှုဖြစ်ပွားခဲ့သည်။ အဆိုပါအဓမ္မပြုကျင့်ခံရသူ မိန်းကလေးများမှာလည်း အသက် ၁၃နှစ်အရွယ်သာရှိသေးပြီး မိန်းက လေးကို နေအိမ်တွင် အိပ်ပျော်နေစဉ်အချိန်အတွင်း ဖခင်နှင့် ပထွေးဖြစ်သူက အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်သည်။

အမှုများကို တောင်ငူဒုတိယခရိုင် တရားရုံးနှင့် ပဲခူးဒုတိယခရိုင် (၂)တရားရုံးများက လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ နှင့်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/၅၁၁၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၇ တို့အရ အလုပ်နှင့် ထောင်ဒဏ်

# ငွေပေးသွင်းရသောပုံစံသစ်ကြောင့် အဆောက်အအုံလေလံအောင်သူအချို့စရန်ငွေ အဆုံးခံ

အောင်သူရ

ရန်ကုန်၊ မတ် - ၂၃

**နိုင်ငံပိုင် အဆောက်အအုံလေလံတွင် နှစ်ပတ်အတွင်း လေလံအောင်သောတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းအား ငွေပေးသွင်းရန် အခက်အခဲရှိသဖြင့် ပစ္စည်းပြန်အပ်သူများနှင့် တစ်ဆင့်ပြန်လည်ရောင်းချသူများ ရှိလာကြောင်း သတင်းရရှိသည်။**

"သိန်းပေါင်းတစ်သိန်းအထက် အဆောက်အအုံတွေ ပြန်အပ်တာများတယ်လို့ကြားတယ်" ဟု စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

နောက်ဆုံးအကြိမ် ပြုလုပ်သောလေလံပွဲတွင် လေလံအောင်သော ပစ္စည်းများ၏တန်ဖိုးမှာ ကာလပေါက်ဈေးထက် ဈေးနှုန်းများစွာမြင့်မားနေခြင်းအပါအဝင် ငွေသွင်းရသည့်ပုံစံပြောင်းသွားခြင်းကြောင့်ဟုသိရှိရသည်။

နောက်ဆုံးလေလံမတိုင်ခင် လေလံပွဲများ၌ ငွေသွင်းရသည့်ပုံစံမှာ လေလံအောင်ပစ္စည်း၏ ၁၀ ရာခိုင်နှုန်းကို တစ်လအတွင်း ပေးသွင်းရပြီး ကျန် ၉၀ ရာခိုင်နှုန်း အားလေလံအောင်ပစ္စည်းမှာ ကျပ်သန်းတစ်ထောင်အထက်ဖြစ်ပါက ခြောက်လအတွင်းနှင့် ကျပ်သန်းတစ်ထောင်အောက် ဖြစ်ပါက သုံးလအတွင်း ပေးသွင်းရသည်။

သို့သော် ယခုနောက်ဆုံးလေလံတွင် လေလံအောင်ပစ္စည်း၏ ၃၀ ရာခိုင်နှုန်းအား နှစ်ပတ်အတွင်း ပေးသွင်းရပြီး၊ ကျန်ပမာဏအား တစ်နှစ်အတွင်း ပေးသွင်းရမည်ဟုသိရ သည်။

ထို့ကြောင့် လေလံအောင်သူအချို့မှာ ငွေသွင်းနိုင်ရန်အတွက် မိမိပိုင်ဆိုင်သောပစ္စည်းများအား ပေါင်နှံရောင်းချ၍ သွင်းကြရကြောင်း သိရှိရသည်။

ငွေသွင်းရန်ပျက်ကွက်သူမှာ အကြောင်းပြချက်ခိုင်လုံမှုမရှိပါက စရန်ငွေအဖြစ် ပေးထားသောမြေအတွက် ကျပ်သိန်း ၅၀ နှင့် မြေနှင့်အဆောက်အအုံအတွက် ကျပ်သိန်း ၁၀၀ ဆုံးရှုံးသည်။

အကြောင်းပြချက်ခိုင်လုံစွာဖြင့် ပစ္စည်းပြန်အပ်သူများအား သက်ဆိုင်ရာက ဎင်းတို့ပေးသွင်းထားသောစရန်ငွေအား ပြန်လည်ထုတ်ပေးကြောင်းသိရှိရသည်။

အဆောက်အအုံနှင့် မြေကွက် ၂၆၀ ကျော်ပါသော ယခုနောက်ဆုံးလေလံပွဲအား ဖေဖော်ဝါရီလ ၂၄ ရက်က ပြုလုပ်ခဲ့ပြီး ဗားကရာလမ်းရှိ ပဒုမ္မာကဇာတ်ရုံအား ကျပ်သန်းပေါင်း ၅၆,၀၀၀ ကျော်(အမေရိကန်ဒေါ်လာ ၆၄ သန်းကျော်)ဖြင့် ဈေးအမြင့်ဆုံးရရှိခဲ့ကြောင်းသတင်းရရှိသည်။

# မနလေးမှ နာမည်ကျော်ကျောက်စိမ်းတုံး ကျပ်သိန်း ၃၇၀၀၀ ကျော်ဖြင့် လေလံအောင်

## ကျပ်သိန်း ၁၈၀ ဖြင့် ဝယ်ယူခဲ့သူများက ဝယ်ဈေးထက် အဆ ၂၀၀ ကျော် ရောင်းချခဲ့ရခြင်းဖြစ်သည်

မင်းဒင်

ရန်ကုန်၊ ဧပြီ - ၂

**မန္တလေးကျောက်လောကတွင်နာမည်ကြီးခဲ့သည့်ကျောက်စိမ်းတုံးအား မြန်မာကျပ်သိန်းပေါင်း သုံးသောင်းခုနစ်ထောင်ကျော်(ယူရို ၃ ဒသမ ၅ သန်း)ဖြင့် နေပြည်တော် ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချနိုင်ခဲ့ကြောင်း အဆိုပါ ကျောက်စိမ်းအစုစပ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။**

အဆိုပါ ကျောက်စိမ်းတုံးအား သုံးဦးမြောက် ဝယ်ယူသူများက ကျပ်သိန်းပေါင်း တစ်ရာ့ရှစ်ဆယ်ဖြင့် အစုစပ်ဝယ်ယူခဲ့ကြပြီး ဖြတ်တောက်ရာတွင် အရည်(မန်းငုတ်)ပီပြင်စွာပေါ်ပေါက်၍ ကျောက်အောင်ခဲ့ခြင်းဖြစ်ကြောင်း အစုစပ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။ ထို့ကြောင့် ဝယ်ယူဈေးထက် အဆပေါင်း ၂၀၀ကျော်ဖြင့် ရောင်းချခဲ့ရခြင်းဖြစ်သည်။

"ကျောက်က ပဲချွမ်ဝေခါကြောအမျိုးအစားဖြစ်တယ်။ လော့ကတ်သီး အရွယ်(ကလပ် ၃၀) လောက် အပွင့်တွေရနိုင်တယ်။ ဒါပေမဲ့ ထပ်မံဖြတ်တောက်မှုတွေ မလုပ်တော့ဘဲ ပြပွဲတင်လိုက်ဖို့ ဆုံးဖြတ်ခဲ့တာ" ဟု ဎင်းက ပြပွဲ ပြန်တင်ရန် ဆုံးဖြတ်ခဲ့ခြင်းကို ပြောကြားသည်။

အဆိုပါ ကျောက်စိမ်းတုံးအား ကျပ်သိန်းရှစ်ဆယ်ဖြင့် ပထမဦးဆုံး ဝယ်ယူခဲ့သူက ဒုတိယမြောက် ဝယ်လက်ထံသို့ကျပ်သိန်းတစ်ရာတစ်ဆယ်ဖြင့် ရောင်းချခဲ့သည်။ တတိယမြောက်အဖြစ် ကျောက်ကုန်သည် အဖွဲ့တစ်ဖွဲ့က ကျပ်သိန်းပေါင်း တစ်ရာ့ရှစ်ဆယ်ဖြင့် ဝယ်ယူခဲ့ကြခြင်းဖြစ်သည်။ နေပြည်တော်ကျောက်မျက်ပြပွဲတွင် တတိယမြောက် အစုစပ်ဝယ်ယူသူများက ကျပ်သိန်းပေါင်း သောင်းဂဏန်းဖြင့် နိုင်ငံခြားသားကျောက်မျက်လုပ်ငန်းရှင်တစ်ဦးက ဝယ်ယူသွား ခြင်းဖြစ်သည်။

ယခုပြီးစီးခဲ့သည့် ကျောက်မျက်ရတနာပြပွဲတွင်လည်း ပြည်တွင်းကျောက်မျက်လုပ်ငန်းရှင်များ အနေဖြင့် (ခါးပိုင်း) အလတ်တန်းစား ကျောက်မျက်(ကျောက်ပုန်း) မဖြတ်မတောက် မသန့်ရသေး သည့် အမြင်မလှကျောက်များသာ ဝယ်ယူလေလံအောင်ခဲ့ကြသော်လည်း ကျောက်မျက်အောင်မြင်မှုများ ရှိလာနိုင်ကြောင်း ကျောက်မျက်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။



ဈေးကောင်းရခဲ့သော ကျောက်စိမ်းတုံး။

"ဒီလို ကျောက်အောင်တာတွေ ကြားတော့ အားတက်မိတယ်။ ဒါပေမဲ့ တချို့လည်း ဈေးကြီးပေးဝယ်တာတွေ မအောင်တာလည်း ရှိတယ်။ ဆုံးရှုံးသူတွေလည်းရှိတယ်။ မိမိတို့လေ့လာခဲ့တဲ့၊ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေနဲ့ အောင်နိုင်တယ်၊ မအောင်နိုင်ဘူး မှန်းဆဆုံးဖြတ်ရတာ။ ဒီလို မင်္ဂလာကျောက်တွေ၊ မင်္ဂလာသတင်းတွေ ထပ်မံကြားချင်သေးတယ်" ဟု ဝါရင့်ကျောက်မျက်လုပ်ငန်းရှင်တစ်ဦးက ကျောက်မျက်ဈေးကွက်အတွင်း ဖြစ်ထွန်းမှုများအပေါ် သုံးသပ်သည်။

ပြီးခဲ့သည့် ကျောက်မျက်ရတနာပြပွဲအတွင်း (ယူရိုငွေ ၃၃ သန်း) မြန်မာကျပ်သိန်းပေါင်း သိန်းဂဏန်းအထိရှိသော ကျောက်မျက်များပေါ် ထွက်ဈေးနှုန်းမြင့်မားခဲ့ရာ ပြည်တွင်းဈေးကွက်လည်း ဈေးလိုက်လံမြင့်မားနိုင်ကြောင်း သုံးသပ်ခဲ့ပြီး ပြည်တွင်းလုပ်ငန်းရှင်များ ကျောက်စုဆောင်းမှု ပိုလာနိုင်ကြောင်း ခါးပိုင်းလုပ်ကိုင်နေသူ လူငယ်ကျောက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။




ပြင်းအား ရစ်ချ်တာစကေး ၇အဆင့်ရှိငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် တာချီလိတ်ခရိုင်၊ တာလေမြို့နယ်ခွဲအတွင်းရှိကျကူနီကျေးရွာ၌ ခရစ်ယာန်ဘုရားရှိခိုးကျောင်းပြိုပျက်ပြီးနောက် တွေ့ရစဉ်။ အဆိုပါဘုရားကျောင်းပြိုကျမှုကြောင့်အစည်းအဝေးပြုလုပ်ရန်နှင့် ဓမ္မတေးဆိုရန် ရောက်ရှိနေကြသော ကျေးရွာသူ၊ရွာသား ၂၀၀ကျော်မှ ၂၂ဦး ပွဲချင်းပြီးသေဆုံးခဲ့သည်။ အဆိုပါ ဘုရားကျောင်းမှာ အင်အားပြင်းထန်သောငလျင်ကြောင့် တစ်နေရာတည်းတွင် လူအများဆုံး သေဆုံးခဲ့သော ငလျင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ သတင်း – အားမာန်၊ ဓာတ်ပုံ – Reuters

# “ကျန်တဲ့သူတွေကတော့ သုံးပတ်လောက်ကြာပြီဆိုတော့ ဆုံးပြီပေါ့၊ အလောင်းတောင်ပြန်မရနိုင်တော့ပါဘူး”

## ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် အင်တာဗျူး

**သန်းဌေး**

မြန်မာ့ပင်လယ်ပြင် ဧရာဝတီငါး ဖမ်းကွက်တွင် ၂၀၁၁ ခုနှစ် မတ် ၁၄ ရက်မှ ၁၇ ရက်အတွင်း လေပြင်းထန်စွာ တိုက်ခဲ့သောကြောင့် ဖျာပုံနှင့် ဒေးဒရဲမြို့နယ်မှ ငါးဖမ်းနေသည့် ရေလုပ်သားအများစုသည် ပင်လယ်အတွင်း မျောပါကာအ သက်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ အသက်ရှင်လျက်ကယ်တင်နိုင်သူများရှိသော်လည်း ပျောက်ဆုံးနေသော ရေလုပ်သား ၈၀၀ကျော်ရှိသည်။ အဆိုပါဖြစ်စဉ်တွင် အသက်ဘေးမှ လွတ်မြောက်လာသောရေလုပ်သားများကို ကူညီပံ့ပိုးပေးခြင်း၊ သေဆုံး၊ ပျောက်ဆုံးနေသော ရေလုပ်သားမိသားစုများကို ကူညီခြင်း၊ အရေးကြီးသော ထိုဖြစ်စဉ်အဖြစ်မှန်သိစေရန် သတင်းစုံစမ်းထုတ်ပြန်ပေးခြင်း စသည့်လုပ်ငန်းများကိုလုပ်ကိုင်ပေးနေသော မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်နှင့် 7Day News က တွေ့ဆုံမေးမြန်းခဲ့သည်။

စာ(၁၂)သို့

# ဆေးယဉ်ပါးငှက်ဖျားရောဂါ တိုက်ဖျက်ရေး 3DFက ကန်ဒေါ်လာ၁၀သန်းကျော်ကူညီ

**မေဝင်းမွန်**

ရန်ကုန်၊ ဧပြီ – ၄

ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့ (3DF) က မြန်မာနိုင်ငံအတွင်း ဆေးယဉ်ပါးငှက်ဖျားရောဂါပိုး တိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၀ဒသမ၈သန်းထောက်ပံ့ကူညီမည်ဖြစ်ကြောင်း 3DF က သတင်းထုတ်ပြန်သည်။

အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံသည် ငှက်ဖျားရောဂါအဖြစ်အများဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ စာရင်းများအရ နှစ်စဉ်ငှက်ဖျား ရောဂါဖြစ်ပွားမှု ၄. ၂ သန်းခန့်ရှိ ပြီး၊ ယင်းတို့အနက် ၇၅ ရာခိုင်နှုန်းသည်အပြင်းစားငှက်ဖျားရောဂါ ဖြစ်ပွားလျက်ရှိသည်။ အပြင်းစားငှက်ဖျားရောဂါကို ကုသရန်အတွက် အာတီမီဆီနင်အခြေပြုငှက်ဖျားဆေးပေါင်း (ACT) ကုထုံး သည် အာနိသင်အရှိဆုံးဖြစ်ပြီး နှစ်စဉ်ငှက်ဖျားဖြစ်ပွားမှု ၃. ၂ သန်းကိုအဆိုပါကုထုံးဖြင့်သာ ကုသခြင်းဖြစ်သည်။

3 Disease Fund (3DF) မှာ ကုလသမဂ္ဂလက်အောက်တွင်ရှိသော ရောဂါသုံးမျိုးတိုက်ဖျက်ရေး ရန်ပုံငွေအဖွဲ့ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းဆေးယဉ်ပါးငှက်ဖျားရောဂါပိုးကို တနင်္သာရီကမ်းရိုးတန်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်အများဆုံးတွေ့ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းများအရသိရသည်။

မြန်မာနိုင်ငံတွင် ACT ကုထုံးကို ငှက်ဖျားရောဂါကုသရန်အတွက် ၂၀၀၂ ခုနှစ်တည်းက အသုံးပြုခဲ့ပြီး၊ ယင်းမှာတစ်ကမ္ဘာလုံးအသုံးပြုသည့်အာနိသင်အရှိဆုံး ငှက်ဖျားရောဂါကုထုံးဖြစ်ကာ အသက်သေဆုံးသည်အထိပင်ဖြစ်တတ်သော အပြင်းစားငှက်ဖျားရောဂါကုသရာတွင် အသုံးပြုကြောင်း သိရသည်။

ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့သည် ဩစတြေးလျ၊ ဥရောပကော်မရှင်၊ နယ်သာလန်၊ နော်ဝေး၊ ဒိန်းမတ်၊ ဆွီဒင်နှင့်ဗြိတိန်တို့မှ အလှူရှင်အဖွဲ့၏ လှူဒါန်းမှုများကို တီဘီ၊ ငှက်ဖျားနှင့်အေ့ဒ်စ်ရောဂါဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများအား ထောက်ပံ့ကူညီလျက်ရှိသည့် အဖွဲ့အစည်း တစ်ခုဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

# ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ကို လျှို့ဝှက်ဆန္ဒမဲဖြင့်ရွေးချယ်မည်

အေးမြကျော်

ရန်ကုန် - မတ် ၂၇

မြန်မာနိုင်ငံတွင် အင်အားအကြီးဆုံးအသင်း အဖွဲ့တစ်ခုဖြစ်သော မြန်မာနိုင်ငံကုန်သည် များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌရာထူးအပါအဝင် အလုပ်အမှုဆောင်အဖွဲ့သစ်ကို မကြာမီ လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်သွားရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များ အသင်းချုပ်(UMFCCI)မှအလုပ်အမှုဆောင်တစ်ဦးကပြောသည်။

ထိုသို့မဲပေးရွေးချယ်သွားနိုင်ရန် မဲပေးရွေးချယ်ရေးကော်မရှင်တစ်ရပ်ကို ဦးစွာ ဖွဲ့စည်းသွားမည်ဖြစ်ပြီး ထိုသို့မဲပေးရွေးချယ်ရန် မတ်လ ၂၆ ရက်နေ့က UMFCCIတွင် ကျင်းပပြုလုပ်သောဗဟိုအလုပ်အမှုဆောင်နှင့်အမှုဆောင်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြကြောင်း အစည်းအဝေးတက်ရောက်ခဲ့သော မွန်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌဦးလှရှိန်ကပြောကြားသည်။

ယင်းသို့ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့သစ် မဲပေးရွေးချယ်မည့်နေ့ရက်ကို သတ်မှတ်ရခြင်းမရှိသေးဘဲ ဧပြီလအတွင်း ပြုလုပ်မည်ဟု ခန့်မှန်းရကြောင်းအလုပ်အမှုဆောင် တစ်ဦးကပြောသည်။

လက်ရှိဥက္ကဋ္ဌရာထူးထမ်းဆောင်နေသော ဦးဝင်းမြင့်မှာအစိုးရသစ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံထားရသည်။ ဦးဝင်းမြင့်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌအဖြစ် ၁၂နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ မဲပေးရွေးချယ်ပွဲတွင် UMFCCIမှ အလုပ်အမှုဆောင် ၁၀၀ကျော်က မဲပေးရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေနှင့်အသင်းဖွဲ့စည်းမျဉ်းအရ ၂နှစ်တစ်ကြိမ်အလုပ်အမှုဆောင် အဖွဲ့သစ်ကိုရွေးချယ်သည်။ ယခုနှစ် ဥက္ကဋ္ဌအပါအဝင် အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်မှုကို အသင်းဝင်အင်အားပေါင်း တစ်သောင်းကျော်ရှိသည့် အဆိုပါအဖွဲ့ချုပ် အလုပ်အမှုဆောင်များကြားတွင် စိတ်ဝင်စားမှုမြင့်တက်နေသည်။

## ■သွေးသားရင်းချာကိုပင် လူကုန်ကူးမှုပြုလုပ်လာ

သဇင်ထွေး

ရန်ကုန်၊ မတ် - ၂၉

လူကုန်ကူးမှုများထဲတွင် ယခု နောက်ပိုင်းသွေးသားရင်းချာများ ကိုယ်တိုင်ရောင်းစားခြင်းများရှိလာကြောင်းသတင်းရရှိသည်။

နယ်စပ်များ၌ ဖြစ်ပေါ် သော လူကုန်ကူးမှုများတွင် မိဘက သားသမီးကိုရောင်းစားခြင်း၊ အစ်မကညီမကိုရောင်းစားခြင်းများ ကိုစစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

“ဒါတွေကိုကြည့်ရင် လူတွေရဲ့တန်ဖိုးထားမှုအပိုင်းကိုတွေ့ရတယ်။ အခုချိန်က ဆွေမျိုးရင်းချာတွေတောင်မယုံကြည်သင့်ဘူး။ ဘာကြောင့်များ သွေးသားရင်းကိုရောင်းစားရက်လဲဆိုတာတော့ မသိဘူး။ မလုပ်သင့်ဘူး။ လူကုန်ကူးမှုတွေကလည်း တော်တော်ကို အံ့သြရတယ်။ ဗဟိုအဖွဲ့ရဲ့တစ်နှစ်တာ သုံးသပ်ချက်ကိုဖတ်လိုက်တော့ အဲဒီလိုအမှုတွေကိုတွေ့ လိုက်ရတယ်။ ဒီလိုလုပ်တာက လူလူချင်း တန်ဖိုးထားမှုနည်းလာတာကို တွေ့ရတယ်”ဟု UNIAPမှတာဝန် ရှိသူက ပြောကြားသည်။

စာ(၁၂)သို့

## CRIME CORNER

### စားသောက်ဆိုင်တွင် အလုပ်ရမည်ဆိုကာ တရုတ်အမျိုးသားထံရောင်းစား

အိဖြူလွင်

ရန်ကုန်၊ မတ် - ၃၀

မြန်မာ-တရုတ်နယ်စပ် တရုတ်နိုင်ငံဘက်ခြမ်းရှိ ရွှေလီမြို့ရှိ ခေါက်ဆွဲဆိုင်၌ အလုပ်ရမည်ဟု လိမ်လည်ခေါ်ဆောင်ပြီး တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ရန် ရောင်းစားခဲ့သူ သုံးဦးအား မူဆယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကာ ရောင်းစားခံရသူအား ကယ် တင်နိုင်ရန် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

မတ်လ ၂၁ ရက်တွင် မိုးမိတ် မြို့နေ ကို . . . သည် ၎င်း၏ ဇနီး မ. . . အား မိုးမိတ်မြို့နယ်၊ ရေမိုးရွာနေ တင်ရွှေဆိုသူက ရွှေလီမြို့ရှိ ခေါက်ဆွဲဆိုင်၌ အလုပ်ရမည်ဟု လိမ်လည်ခေါ်ဆောင်ကာ တရုတ်နိုင်ငံ၊ နောင်ခန်ရွာနေ မအေးပိန်နှင့် မအေးထွေးတို့မှတစ်ဆင့် တရုတ်အမျိုးသားနှင့် လက်ထပ်ရန် ရောင်းစားခဲ့ကြောင်း၊ မူဆယ်လူကုန်ကူးမှုတားဆီးရေးအဖွဲ့သို့ လာရောက်တိုင်တန်းခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

မူဆယ်လူကုန်ကူးမှုတားဆီးရေးအထူးအဖွဲ့သည် တရုတ်နိုင်ငံရွှေလီလူကုန်ကူးမှုတားဆီး ရေးအထူးအဖွဲ့နှင့် ဆက်သွယ်ပူးပေါင်း၍ မအေးပိန်နှင့် မအေးထွေးတို့အား တရုတ်နိုင်ငံ နောင်ခန်ရွာ၌ ယခုလ ၂၂ ရက်တွင် ဖမ်းဆီးခဲ့ပြီး မြန်မာနိုင်ငံဘက်သို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

စစ်ဆေးပေါ်ပေါက်ချက်များ အရ ၂၀၁၀၊ ဇူလိုင်လခန့်က မိုးမိတ်မြို့မှ တင်ရွှေဆိုသူက မ . . အား ရွှေလီမြို့၊ ခေါက်ဆွဲဆိုင်၌ တစ်ရက်လျှင် ယွမ် ၅,၀၀၀ ဖြင့် အလုပ်ရမည်ဟု စည်းရုံးခေါ်ဆောင်ကာ ၎င်းတို့ထံပို့ဆောင်ခဲ့၍ ၎င်းတို့က တရုတ်နိုင်ငံ၊ နောင်တောင်းမြို့ရှိ ပွဲစားဖြစ်သူ မယ်ပထံ ပို့ဆောင်ပေးခဲ့ရာ ယွမ်ငွေ ၁၄,၀၀၀ ရရှိခဲ့ကြောင်းသိရသည်။

ပြစ်မှုကျူးလွန်သူများအား မူဆယ်ရဲစခန်း၌ (ပ)၆၄/၂၀၁၁၊ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး လူကုန်ကူးခြင်းခံရသူအမျိုးသမီးအား ကယ်တင်ရရှိရန်ရွှေလီနယ်စပ်ဆက်ဆံရေးရုံးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

## ကျားကိုက် လူတစ်ဦးဆေးရုံရောက်

အိဖြူမွန်

ရန်ကုန်၊ မတ် - ၃၀

လေးတောင်ခန့်ရှိသော ကျားတစ်ကောင် ကိုက်သောကြောင့် လူတစ်ဦး တောင်ကြီးမြို့စပ်စံထွန်းဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း စပ်စံထွန်း ဆေးရုံမှ သတင်းရရှိသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ဟိုးပုံမြို့နယ် နမ့်ပါစီကျေးရွာအုပ်စု နောင်မွန်ကျေးရွာနေ စိုင်းသောနသည် ရွာ၏ အရှေ့ဘက် လေးမိုင်ဝေးသော စိုက်ခင်းသို့ သွားရောက်ရာတွင် အကိုက်ခံရခြင်းဖြစ်သည်။ ကျားကိုက်ခံရသော်လည်း ပြန်လည်ရင်ဆိုင်တိုက်ခိုက်ခြင်းကြောင့် ဒဏ်ရာပြင်းထန်စွာ မရရှိခဲ့ကြောင်း၊ ယာဘက်ပေါင်နှင့် ယာဘက်လက်ဖျံတို့တွင် ပေါက်ပြဲဒဏ်ရာရရှိခဲ့ခြင်းကြောင့် အရိုးကုသဆောင်တွင် ဆေးကုသမှု ခံယူလျက်ရှိကြောင်း ဒေသခံအချို့က ပြောသည်။ ကျားသည် ကမ္ဘာပေါ်တွင် မျိုးတုန်းပျောက်ကွယ်လုနီးပါး အန္တရာယ်နှင့် ရင်ဆိုင်ရသော စာရင်းတွင် ပါဝင်ပြီး မြန်မာနိုင်ငံတွင်ကျားများနေထိုင်ရာစား ကျက်သည် နေရာဒေသအားဖြင့် အနည်းဆုံး သုံးနေရာဝန်းကျင်သာ ကျန်ရှိသည်။ ဒေသခံတို့က ကျားဟုသတ်မှတ်ထားသော ပညာရှင်တို့၏ လေ့လာမှုအရ အချို့သည် ကျားသစ်၊ အင်းကျားတို့ဖြစ်နေကြောင်းကို တွေ့ရှိရကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလေ့လာနေသူတစ်ဦးက ပြောသည်။




TRI
LIVES BRILLIANTLY


i-MAX
COLLECTION
MYANMAR
HAPPY
NEW YEAR
MY STYLE // MY DREAM
MEN'S AND LADIES' WEARS

7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011




# လူကုန်ကူးခံရသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနေ

**သဇင်ထွေး**

**ရန်ကုန်၊ မတ် – ၂၉**

လူကုန်ကူးခံရသူများအတွက် နိုင်ငံ သားစိစစ်ရေးကတ်များကို ပြန်လည်ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

လူကုန်ကူးခံရသူအများစုသည်အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျောက်ဆုံးခြင်းများရှိသောကြောင့် အထူးစီမံချက်တစ်ခုအဖြစ် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"လူကုန်ကူးခံရသူ တော်တော်များများကမှတ်ပုံတင်မရှိကြဘူး။ဒီမှာကလည်း သက်မှတ်ချက်ရှိတယ်လေ။ နိုင်ငံသားဆိုတာပြနိုင်မှ မှတ်ပုံတင်ထုတ်ပေးတယ်လေ။ဒါပေမဲ့ လူကုန်ကူးခံရတဲ့သူတွေထဲမှာ ကလေးကော၊စိတ်ပုံမှန်မဟုတ်တဲ့ အမျိုးသမီးတွေလည်း ရှိတဲ့အတွက် ကိုယ်နေတဲ့နေရာတို့ မိဘနာမည်တို့တောင် မပြောနိုင်ဘူး။ စိတ်ရှည်ရှည်နဲ့ မေးရတယ်။

သူတို့နေတဲ့နေရာကိုတောင် မပြောနိုင်ကြဘူး။အဲဒါကြောင့် အခုတော့ မြန်မာစကားနည်းနည်းပြောနိုင်ရင် မှတ်ပုံတင်ထုတ်ပေးတယ်" ဟု United Nations Inter-Agency Project on Human Trafficking(UNIAP)မှ တာဝန်ရှိသူကပြောသည်။

ယင်းကဲ့သို့ မှတ်ပုံတင်ပြုလုပ်ပေးရာတွင် သက်ဆိုင်ရာမြို့နယ်များ၌ ပြန်လည်ပြုလုပ်ပေးကြောင်းသိရသည်။

မှတ်ပုံတင် ပြန်လည်ထုတ်ပေးခြင်းကို မြန်မာနိုင်ငံ လူဝန်မှုကြီးကြပ်ရေးနှင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးတို့မှ ပူပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ လူကုန်ကူးခံရသူများအတွက် မှတ်ပုံတင်ပြန်လည်ထုတ်ပေးခြင်းကို ၂၀၁၀ပြည့်နှစ်၊ ဒီဇင်ဘာလတွင် စတင် စီမံချက်ချဆောင်ရွက်ခဲ့ပြီး ၁၃၄ ဦးကို ထုတ် ပေးခဲ့ကြောင်းသိရသည်။

ယခုကဲ့သို့မှတ်ပုံတင်ပြန်လည်ပြုလုပ်ပေးခြင်းမှာမည်သည့်နိုင်ငံမှမဆို လူကုန်ကူး ခံရ၍ပြန်လည်ရောက်ရှိလာသူ အားလုံးကို ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

# ကျပ်ငါးသိန်းတန်စီဒီအမ်အေကြိုတင်ငွေဖြည့်ကတ် သက်တမ်းလျှော့ချ



ဓာတ်ပုံ – အောင်အောင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် – ၂၆**

ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများ၏ ကြိုတင်ငွေဖြည့်ကတ် (Prepaid Card)များမှာလည်း ဂျီအက်စ်အမ်ဖုန်းများကဲ့သို့ပင် ခြောက်လသက်တမ်းထိသာ သုံးစွဲနိုင်တော့မည်ဖြစ်သည်ဟု မြန်မာ့ ဆက်သွယ်ရေးမှသတင်းရရှိသည်။


"ဂျီအက်စ်အမ် ငါးသိန်းတန်ဖုန်းတွေရဲ့ ငွေဖြည့်ကတ်ကလည်း ခြောက်လထိပဲ သုံးလို့ရတယ်ဆိုတော့ ငါးသိန်းတန်စီဒီအမ်အေဖုန်းတွေကိုလည်း လိုက်ညှိလိုက်တာ"ဟု မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စီဒီအမ်အေဖုန်းများ၏ ကြိုတင်ငွေဖြည့်ကတ်များမှာ ယခင်က ငွေဖြည့်သွင်းထားပြီး သုံးစွဲသည်ဖြစ်စေ၊ မသုံးစွဲသည်ဖြစ်စေ ဆယ်နှစ်သက်တမ်းထိ ဖြည့်သွင်းနိုင်သည်။ မတ်လကုန်ပိုင်းမှစ၍ ခြောက်လထိသာ သုံးစွဲနိုင်တော့မည်ဖြစ်သည်။

"စီဒီအမ်အေဖုန်းတွေက အရင်က ငွေဖြည့်ထားရင် မသုံးဘဲထားရင်လည်း ဆယ်နှစ်ထိ သုံးလို့ရတယ်။ အခုက မသုံးဘဲထားမယ်ဆိုရင် ခြောက်လပြည့်သွားရင် ကုန်သွားမယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယခုကဲ့သို့ ပြောင်းလဲလိုက်ခြင်းကြောင့် လက်ကိုင်ဖုန်းအဖြစ်သုံးစွဲသူများအတွက် ပြောင်းလဲမှုမရှိသော်လည်း ရုံးများတွင် အထိုင်ဖုန်းအဖြစ် သုံးစွဲပြီး အဝင်သာ လက်ခံသည့်ဖုန်းများအတွက် အဆင်မပြေတော့ကြောင်း ဖုန်းသုံးစွဲသူတစ်ဦးကပြောသည်။ သို့သော် မိုဘိုင်းအဖြစ်သုံးစွဲသူအများစုမှာလည်း ငွေဖြည့်ကတ်သက်တမ်းပြောင်းခြင်းကို မကြိုက်ကြဟု ဆိုသည်။

စီဒီအမ်အေဖုန်းများအတွက် ကြိုတင်ငွေဖြည့်ကတ်မှာ ၁၀,၀၀၀ ကျပ်နှင့် ၃၀,၀၀၀ ကျပ်တန် နှစ်မျိုးရှိသည်။



7DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

# မြန်မာအပါအဝင် မလေးရှားရောက် ပြည်ပနိုင်ငံသားများ လူကုန်ကူးခံရမှုများလာ

သဇင်ထွေး

ရန်ကုန်၊ မတ် – ၂၉

မလေးရှားနိုင်ငံရောက်ပြည်ပနိုင်ငံသားအချို့ လူကုန်ကူးခံရမှုများပြားလာသည့်အတွက် မလေးရှားနိုင်ငံအား လူကုန်ကူးမှုစီမံချက်တွင်ပါဝင်လာရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

မလေးရှားနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင်လည်း ရောက်ရှိနေသူများရှိသလို ဗီဇာသက်တမ်းလွန်နေထိုင်သူများပါ ရှိသည့်အတွက် လူကုန်ကူးခံရသူများကို စိစစ်မှုပြုလုပ်သွားရန်လည်း ညှိနှိုင်းဆွေးနွေးသွားရမည်ဖြစ်ကြောင်းသိရသည်။

မလေးရှားနိုင်ငံနှင့် အဓိကလူကုန်ကူးခံရသောနိုင်ငံများမှာ ကမ္ဘောဒီးယား၊ထိုင်း၊မြန်မာနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတွေ ပူးပေါင်းလုပ်တဲ့အထဲမှာ တရုတ်နဲ့ထိုင်းနဲ့ကတော့ လက်ရှိဆောင်ရွက်နေတဲ့အတိုင်း ဆက်လုပ်နေတယ်။ ဒီနှစ်မှာထူးခြားတာက မလေးရှားနိုင်ငံနဲ့ဖြစ်တာတွေများလာတာတွေ့ရတယ်။ မလေးနဲ့တော့လုပ်သွားဖို့ကိုတော့ ကြိုးစားနေတယ်။ ထိုင်းကတော့ ဆွေးနွေးမှုတွေလုပ်နေတယ်လို့ သိရတယ်။ကျွန်မတို့လည်း ချက်ချင်းသွားလုပ်လို့မရဘူး။ တဖြည်းဖြည်းနဲ့တော့ သူတို့ကို နားလည်အောင်လုပ်သွားပြီးမှပါဝင်လာရင် MOU ထိုးနိုင်အောင်လုပ်ဆောင်သွားမယ်။ ကြာတာတော့ ကြာဦးမှာပါ"ဟု UNIAP တာဝန်ရှိသူက 7Day News သို့ပြောသည်။ မလေးရှားနိုင်ငံတွင်လူကုန်ကူးခံရသူများကိုမလေးရှားရှိမြန်မာသံရုံးနှင့်ချိတ်ဆက်ကာလူကုန်ကူးမှုဗဟိုအဖွဲ့၊ အိုင်အင်န်ဂျီအို အဖွဲ့များ ပူးပေါင်းကာ လွှဲပြောင်းပေးခြင်း ကယ်တင်ခြင်းများကိုလုပ်ဆောင်နေကြောင်းသိရသည်။

မလေးရှားနိုင်ငံတွင် ဖြစ်ပွားသော လူကုန်ကူးမှုများမှာဗီဇာသက်တမ်းလွန်နေထိုင်ခြင်းနှင့်ထိုင်း နိုင်ငံဘက်ခြမ်းမှ ကူးပြောင်းလာသူများကြောင်းနှင့် အဓမ္မတောင်းစားခံရခြင်းများကြောင်း သိရသည်။

# ပထမအကြိမ် လွှတ်တော်အစည်းအဝေးများ ပြီးဆုံး

အိဖြူလွင်

ရန်ကုန်၊ မတ် – ၃၁

ဇန်နဝါရီလ ၃၁ ရက်တွင်စတင်ကျင်းပခဲ့သော လွှတ်တော်အစည်းအဝေးများ အားလုံးပြီးဆုံးခဲ့ပြီဖြစ်ပြီး နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများကိုပါ ရွေးချယ်တင်မြှောက်ပေးခဲ့သော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများသည်လည်း ၁၈ ရက်ကြာကျင်းပခဲ့ပြီးနောက် ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကို အစည်းအဝေးများခေါ်ယူရန် လိုအပ်သောအချိန်တွင် တစ်နှစ်ထက်မကြာသောကာလ၌ ပြန်လည်ကျင်းပသွားမည်ဖြစ်သည်ဟု ပြည်ထောင်စုလွှတ်တော် နာယကက ပြောကြားသွားခဲ့သည်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးပြီးဆုံးသည့် မတ်လ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်နာယက လွှတ်တော်ကိုယ်စားလှယ်များသို့ နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားခဲ့ပြီး အဆိုပါမိန့်ခွန်းတွင် အစည်းအဝေးများတစ်လျှောက် ဆွေးနွေးခဲ့သော အမေးနှင့်အဆိုများ အားလုံးကို ပြန်လည်၍ခြုံငုံပြောကြားသွားခဲ့ကြောင်းသိရသည်။

အစည်းအဝေးကာလတွင် ကိုယ်စားလှယ်များက ဆွေးနွေးရန်တင်ပြသော မေးခွန်းနှင့် အဆိုအများစုကို ဆွေးနွေးရန်ခွင့်ပြုပေးခဲ့သော်လည်း လွှတ်တော်တွင် ဆွေးနွေးရန် ခွင့်မပြုသေးခင်အချိန်တွင် ပြင်ပမီဒီယာများသို့ ပြောကြားခဲ့သော မေးခွန်းနှင့် အဆိုများကိုမူ လွှတ်တော်စည်းကမ်းများအရ ကန့်သတ်ထားခဲ့ပါကြောင်းပြောကြားသွားခဲ့သည်ဟု သိရသည်။

နောက်တစ်ကြိမ်လွှတ်တော် အစည်းအဝေးများ ပြန်လည်စတင်သည့်အခါတွင် ဥပဒေပြုရေးအာဏာကို ပိုင်ဆိုင်ထားသော လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်ပင် ဥပဒေများကိုလိုက်နာ၍ နိုင်ငံတော်အတွက်လိုအပ်သည်များကို ဆက်လက်တာဝန်ထမ်းဆောင်သွားနိုင်ရန် လိုအပ်ကြောင်းလည်း မိန့်ခွန်းတွင်ထည့်သွင်းပြောကြားသွားသည်။

ယခု ကျင်းပပြီးစီးခဲ့သော ပြည်သူ့လွှတ်တော် အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ခြင်း၊ ဝန်ကြီးများ၊ ဝန်ကြီးဌာန အရေအတွက် သတ်မှတ်ခြင်းများနှင့် ခန့်အပ်အတည်ပြုခြင်းများ၊ မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများ တင်သွင်းခြင်းဥပဒေကြမ်းများ တင်သွင်းခြင်းများကို လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ခဲ့ကြသည်။


# ပြည်တွင်း ဂျာနယ်နှင့် မဂ္ဂဇင်းအချို့ စာပေစိစစ်သို့ တင်စရာမလိုဘဲ ထုတ်ခွင့်ရမည်

ရန်ကုန်၊ မတ် – ၂၇

ပြည်တွင်းတွင် ထုတ်ဝေဖြန့်ချိနေသော မဂ္ဂဇင်းနှင့် စာစောင်အချို့ စာပေစိစစ်ရေးသို့ တင်ပြရန်မလိုဘဲ ထုတ်ဝေခွင့်ပြုတော့မည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်က 7Day News သို့ပြောသည်။

စာပေစိစစ်ရေးသို့တင်ပြရန်မလိုဘဲ ထုတ်ဝေပြီးမှသာတင်ပြသည့်စနစ်စတင်ကျင့်သုံးရာတွင် အကျုံးဝင်မည့် ဂျာနယ် မဂ္ဂဇင်းအမျိုးအစားမှာ ၆ မျိုးဖြစ်ပြီး မြန်မာတိုင်းမ်၊ The Voice, Weekly Eleven နှင့် 7Day News ကဲ့သို့ သတင်းဂျာနယ်များ ပါဝင်မည်မဟုတ်သေးကြောင်း ၎င်းကပြောကြားသည်။

ယခုစာပေစိစစ်တင်ပြစရာမလိုဘဲထုတ်ဝေခွင့်ရရှိမည့် ဂျာနယ်၊ မဂ္ဂဇင်းအမျိုးအစား ၆ မျိုးမှာ အနုပညာဦးစားပေး၊ နည်းပညာဦးစားပေး၊အားကစားဦးစားပေး၊ ကျန်းမာရေးဦးစားပေး၊ ကလေးဖျော်ဖြေရေးဦးစားပေးနှင့် ဂမ္ဘီရဦးစားပေးစာစောင်မဂ္ဂဇင်းအမျိုးအစားများဖြစ်သည်။



"အခုခွင့်ပြုလိုက်တဲ့ဟာတွေအပေါ် ပြည်သူတွေရဲ့ တုံ့ပြန်မှုကို ကြည့်ပြီးတော့မှ နောက်ပိုင်းမှာ သတင်းဂျာနယ်တွေလို ကျန်တာတွေပါလာမှာပေါ့လေ ။အခုလောလောဆယ်သူတို့နဲ့ စကြည့်တဲ့သဘောပါ" ဟု အထက်ပါတာဝန်ရှိသူကဆက်လက် ပြောသည်။

စာပေစိစစ်ရေးသို့ကြိုတင်တင်ပြစရာမလိုဘဲ ထုတ်ဝေခွင့်ရရှိမည့် အမျိုးအစားများတွင် မပါဝင်သည့် အမျိုးအစားများမှာ သတင်းဂျာနယ်များသာမဟုတ်ဘဲ မှုခင်းဦးစားပေး၊ စီးပွားရေးဦးစားပေး၊ နိုင်ငံရေးဦးစားပေး၊ ပညာရေးဦးစားပေးအလုပ်အကိုင်ဦးစားပေးဂျာနယ်၊ စာပေအမျိုးအစားများလည်း ပါဝင်ခြင်းမရှိသေးပေ။




7DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

## ၂၀၁၁ ခုနှစ် ဧပြီ ၇ မှ ၁၃ ရက်ထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ် အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုးအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၂)ရက်မှ (၃)ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နေ့အပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိမည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့ တွင် ၃၀ စင်တီမီတာ (၁-ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်)လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇၅ စင်တီမီတာ (၂-ပေခွဲခန့်) လက်ရှိရေမှတ်များ၏ အောက်ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၅ စင်တီ မီတာ (ပေဝက်ခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ(ပေဝက်ခန့်) လက်ရှိရေမှတ်များ၏ အောက်ကျဆင်းနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# အစိုးရအဖွဲ့သစ်က လစာများအပြည့်အဝခံစားမည် မဟုတ်ဟုဆို

**အိဖြူလွင်**

**ရန်ကုန်၊ ဧပြီ – ၁**

မြန်မာနိုင်ငံသည် ယခင်က ထက်တိုးတက်လာသော်လည်း စားဝတ်နေရေး ပြည့်စုံ ဖူလုံမှုမရှိသူများ လက်လုပ်လက်စားများ၊ အလုပ်အကိုင်မရှိသူများရှိနေဆဲဖြစ်၍ နိုင်ငံ၏ အဆင့်ဆင့်သော အစိုးရအဖွဲ့သည် ခံစားခွင့်ရှိသော လစဉ်ချီးမြှင့်ငွေများကို အပြည့်အဝခံစားခြင်းမပြုဘဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ဗဟို)အဖွဲ့အစည်း အသီးသီးတွင်တာဝန်ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များ၏ ခံစားခွင့်အတိုင်းသာ ခံစားသွားမည်ဖြစ်ကြောင်း နိုင်ငံတော် သမ္မတကြီးက မတ်လ ၃၁ ရက်တွင် ပြောကြားခဲ့သောမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ လစဉ်ချီးမြှင့်ငွေကို နိုင်ငံတော်၏ လက်ရှိအခြေအနေ၊ နိုင်ငံတော်၏ ငွေရေးကြေးရေးအခြေအနေနှင့် နိုင်ငံသားများ၏ အကျိုးကို ရှေးရှုသောအားဖြင့် ခံစားခွင့်ပြုထားသော လစဉ်ချီးမြှင့်ငွေများအတိုင်း အပြည့်အဝခံစားခြင်းမပြုကြောင်း နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကပြောကြားသွားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတအပါအဝင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များကို ခံစားခွင့်ပြုထားသော လစာနှုန်းထားများမှာ နိုင်ငံတော်သမ္မတ လစာငွေကျပ်သိန်း ၅၀၊ ဒုသမ္မတများ လစာငွေ ကျပ်သိန်း ၄၀၊ နိုင်ငံတော်ဝန်ကြီးချုပ် လစာငွေ ၃၅ သိန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ လစာ ငွေ ကျပ်သိန်း ၃၀ တို့ဖြစ်သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်သော သမ္မတကြီးစဝ်ရွှေသိုက် လက်ထက်တွင် နိုင်ငံတော်သမ္မတ၏ လစာငွေ ၅၀၀၀ ကျပ်၊ နိုင်ငံတော် ဝန်ကြီးချုပ်သည် ၂၃၀၀ ကျပ်၊ ဝန်ကြီးများသည် ၁၇၀၀ ကျပ်၊ လွှတ်တော် ဥက္ကဋ္ဌသည် ၃၅၀၀ ကျပ်၊ ပါလီမန်အတွင်းဝန်သည် ၁၀၀၀ ကျပ်၊ နိုင်ငံရှေ့နေချုပ်သည် ၂၅၀၀ ကျပ်၊ နိုင်ငံတော် စာရင်းစစ်ချုပ်သည် လစာငွေ ၁၀၀၀ ကျပ်ဟု ၁၉၄၈ ခုနှစ် ဇန်နဝါရီလထုတ် ဗမာ့ခေတ်သတင်းစာတွင် ဖော်ပြပါရှိသည်။

## ဗြိတိန်ပြည်ဝင်ခွင့် ဖုန်းဖြင့် စုံစမ်းမေးမြန်းနိုင်ချိန် ပြောင်းလဲ

**ရန်ကုန်၊ မတ် – ၃၁**

ရန်ကုန်မြို့ရှိ ဗြိတိသျှ သံရုံးတွင် ပြည်ဝင်ခွင့်ဗီဇာအတွက် တယ်လီဖုန်းဖြင့် စုံစမ်းမေးမြန်းနိုင်သည့် အချိန်ပြောင်းလဲသတ်မှတ်လိုက်သည်။

ယခင်က ပြည်ဝင်ခွင့်အတွက် စုံစမ်းမေးမြန်းလိုပါက နေ့ လယ် ၁၁ နာရီမှ ၁၂နာရီအတွင်း မေးမြန်းနိုင်ပြီး ယခုအခါ ညနေ ၃ နာရီမှ ၄ နာရီအတွင်း စုံစမ်းမေးမြန်းရမည်ဖြစ်သည်။ ဗြိတိန်နိုင်ငံသည် ပြည်ဝင်ခွင့်များအတွက် စည်းမျဉ်းစည်းကမ်းသစ်များ ထုတ်ပြန်လျက်ရှိရာ မကြာမီတွင် အပြောင်းအလဲသစ်များ မြင်တွေ့ရဖွယ်ရှိကြောင်း ပြည်ဝင်ခွင့်ဝန်ဆောင်မှုဆောင်ရွက်နေသူများက ပြောသည်။

ဗြိတိန်ဘော်ဒါအေဂျင်စီမှနေ၍ မြန်မာနိုင်ငံ၌ ပြည်ဝင်ခွင့်ဝန်ဆောင်မှုများအား ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပြီး အလျင်မြန်ဆုံး ပြန်လည်ဝန်ဆောင်မှုပေးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း မတ် ၂၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

## ဂဏန်း ခုနစ်လုံးပါကြိုးဖုန်း လုံခြုံရေးကုတ်နံပါတ် ဝန်ဆောင်မှုအခမဲ့ရမည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ မတ် – ၂၇**

ရန်ကုန်မြို့တွင်း လက်ရှိအသုံးပြုနေသည့် ဂဏန်းခြောက်လုံးပါကြိုးဖုန်းများအား နောက်ထပ်တစ် လုံးတိုး၍ သတ်မှတ်ပေးလိုက်သည့်နောက်တွင် အဆိုပါတယ်လီဖုန်းလိုင်းများ၏ မည်သည့်ပြင်ပခေါ်ဆိုမှုမျိုးကိုမဆို လုံခြုံရေးကုတ်နံပါတ်များဖြင့် ကန့်သတ်အသုံးပြုနိုင်မည့် ဝန်ဆောင်မှုကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အခမဲ့ဝန်ဆောင်မှု ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။


Security Code Numbering ဟုအမည်ပေးထားသည့် စနစ်ဖြင့်ထိန်းချုပ်ဆောင်ရွက်မည့် အဆိုပါဝန်ဆောင်မှုကို အသုံးပြုလိုသည့်သူများအနေဖြင့် ၎င်းတို့စိတ်ကြိုက် လျှို့ဝှက်နံပါတ်များကို သက်ဆိုင်ရာဆက်သွယ်ရေးရုံး များသို့ပေးပို့ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း အဆိုပါဌာန၏တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အဆိုပါကြိုးဖုန်းများကို အခကြေးငွေယူကာစီးပွားရေးလုပ်ကိုင် နေကြသည့်သူများ မထိခိုက်စေရန်အတွက် ရည်ရွယ်ပြီးအခမဲ့ဝန်ဆောင်မှုပေးရခြင်းဖြစ် ကြောင်း မြန်မာ့ဆက်သွယ်ရေးအိတ်ချိန်းရုံးတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခုကဲ့သို့ ဂဏန်းခြောက်လုံးပါ အထိုင်ကြိုးဖုန်းများကို နောက်ထပ် နံပါတ်တစ်ခုတိုးပေးရသည့် အဓိကအကြောင်းရင်းနှင့် ပတ်သက်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အခြားတာဝန်ရှိသူတစ်ဦးက "အခုနံပါတ်တွေကို ထပ်တိုးတယ်ဆိုတာ အရင်ချထားပေးတဲ့ဂဏန်းခြောက်လုံးတွေက နံပါတ်တွေကုန်သွားလို့ ခုနစ်လုံးပါတဲ့နံပါတ်တွေကို အလိုလိုတိုးသွားတဲ့သဘောပါ။ ဖုန်းလိုင်းအားလုံးကို ခုနစ်လုံးအဖြစ် တိုးလိုက်တာမဟုတ်ပါဘူး" ဟုပြောသည်။

အစိုးရ၏ ယခုနှစ်ဆန်းပိုင်းက နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ခဲ့သည့် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့်ဒစ်ဂျစ်တယ်တယ်လီဖုန်းလိုင်းအရေအတွက် ၇၉၄,၂၇၀ ကျော်ကို ချထားပေးပြီဖြစ်ကြောင်းဖော်ပြထားသည်။



Life
7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011


ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

# အရုပ်တွေကိုဖန်တီးနေတဲ့ အင်ဂျင်နီယာကြီး

ဉက္ကာကိုကို

လက်ချောင်းတွေက အနုပညာ လက်ချောင်းဟု ခေါ်ဆိုနိုင်အောင်သွယ်လျသော်လည်း သူ့လက်ထိပ်များမှာ စူပါဂလူး ကော်စားထားသည့်ဒဏ်ဖြင့် ဖွာလန်ကြမ်းရှနေသည်။

သူ့အလုပ်ခုံလေးပေါ်မှာ ရောင်စုံရော်ဘာပြားများ၊ ဒိုင်နမို၊ မော်တာ အသေးလေးများ၊ ဝါယာကြိုးဖြတ်စများ၊ စူပါဂလူးကော်တောင့်များ၊ ဇာဂနာ၊ ကတ်ကြေး၊ ခဲတံချွန်ဓား စသော အသေးစားကိရိယာများက ရှုပ်ပွစွာ နေရာယူထားကြသည်။

အလုပ်ခုံဘေးက ထိုင်ခုံလေးတစ်လုံးပေါ်မှာတော့ သူ၏လုပ်လက်စနှင့် လုပ်ပြီးသားဖြစ်သော အရုပ်တစ်ခုနှစ်ခုကို တင်ထားသည်။

ထိုအရုပ်များမှာ ရော်ဘာပြားဖြင့်ပြုလုပ်ထားသော လေယာဉ်ပျံ၊ မော်တော်ကား၊ သင်္ဘော၊ အိမ် စသော ကလေးကစားစရာပစ္စည်းများပင်ဖြစ်သည်။

ရော်ဘာပြားဖြင့်ပြုလုပ်ထားသော်လည်း သူ၏အရုပ်များမှာ စက်ရုံမှ ထုတ်လုပ်လိုက်သည့် ကော်ရုပ်များအတိုင်း လက်ရာသေသပ် လှပလျက်ရှိသည်ကို တွေ့ရသည်။

ပို၍ ထူးခြားသည်က သူပြုလုပ်လိုက်သော အရုပ်များမှာ အလှကစား စရာများသက်သက် မဟုတ်ဘဲ ဥပမာ- မော်တော်ကားအရုပ်ဆိုလျှင်လည်း ခလုတ်နှိပ်ပြီး မောင်းနှင်လို့ရတာ၊ သင်္ဘောများမှာလည်း ရေထဲတွင် ခုတ်မောင်းလို့ရနေတာကိုတွေ့ရသည်။

ရော်ဘာဖော့အရုပ်များကို ဓာတ်ခဲထည့်ပြီးလှုပ်ရှားလို့ရအောင် သူက လုပ်ဆောင်ထားခြင်းဖြစ်သည်။

အရုပ်များ၏ အားသာချက်တစ်ခုက သာမန်ကာလျှံကာ ပြုလုပ်ထားခြင်းမျိုး မဟုတ်ဘဲ မူရင်းအရာဝတ္ထုနှင့် အနီးစပ်ဆုံးတူညီမှု ရှိနေခြင်းပင်ဖြစ်သည်။

သူ့နာမည်က ရဲလင်းထွေး။ အသက် ၂၅နှစ်အရွယ်သာရှိသေးသောသူက ဒဂုံမြို့နယ် အ. ထ. က (၁)ကျောင်းဝင်းထဲမှ ဝန်ထမ်းမိသားစုဝင်တစ်ဦးဖြစ်သည်။

ပညာရေးမှာ ဆယ်တန်းဖြင့် ရပ်နားထားသောသူက ပြင်ပလေ့လာမှုအပိုင်းမှာ စိတ်အားထက်သန်နေပြန်သည်။

သူလုပ်နေသော အရုပ်များတွင် လက်မှုအနုပညာ၊ သင်္ချာပညာ၊ အီလက်ထရွန်နစ်ပညာရပ်တွေပါဝင်နေသည်။ ထိုအရာများကိုကျွမ်းကျင်ရန်အတွက် ဘာသင်တန်းမှ တက်ရောက်ဖူးခြင်းမရှိခဲ့ပေ။ ဝါသနာအရင်းခံစိတ်ဖြင့် သက်ဆိုင်သော ပညာရပ်များကို စာအုပ်များထဲမှ ဖတ်ရှုလေ့လာလေ့ကျင့်ခဲ့ခြင်းပင်ဖြစ်သည်။

မတ်လ ၂၈ရက်က ဒဂုံမြို့နယ်၊ ဒဂုံအ. ထ. က(၁) ကျောင်းရှေ့တွင် စားပွဲခုံတစ်လုံးနှင့် ထီးအမိုးတစ်ခုသာရှိသော သူ့အလုပ်ခုံလေးပေါ်မှာ နိုင်ငံခြားသင်္ဘောလိုင်းမှ ပင်လယ်ကူးသင်္ဘောကြီးတစ်စင်းပုံတူကို အရှည်သုံးပေအရွယ်အစားဖြင့် ခန့်ညားစွာမြင်တွေ့ခဲ့ရသည်။

ရေကြောင်းသိပ္ပံမှ သင်္ဘောသားများ လာရောက်မှာယူထားခြင်းဖြစ်ကြောင်းလည်း သူက ပြောပြသည်။ ထိုသင်္ဘော၏ တန်ဖိုးကို သူက ကျပ်တစ်သောင်းခွဲနှုန်းဖြင့် လုပ်ပေးတာဟုဆိုသည်။

"မူရင်းသင်္ဘောနဲ့ အနီးစပ်ဆုံးတူအောင်၊ သဘာဝကျအောင် လုပ်ရတယ်။ တချို့ကလည်း အဖြစ်သဘောပဲ မှာကြတယ်။ အဲဒါကျတော့ ငါးထောင်ပဲယူပါတယ်"ဟု သူကပြောသည်။

သူက ဒီလိုအရုပ်တွေလုပ်တာကို ငယ်ငယ်ကတည်းက ဝါသနာပါလာတာမို့ ဒီအလုပ်နဲ့သက်ဆိုင်တဲ့အကြောင်းအရာတွေကို လေ့လာခဲ့သည်။ 'သုတရတနာသိုက်'ဟူသော စာအုပ်များကိုဝယ်ယူဖတ်ရှုခဲ့သည်။ သုတရတနာသိုက်စာအုပ်များက ခေါင်းစဉ်များစွာဖြင့် ထုတ်ဝေထားခြင်းဖြစ်ပြီး စုစုပေါင်း ၁၂အုပ်တွဲဖြစ်သည်။

ထိုအထဲမှာမှ ဝါသနာပါရာ အပန်းဖြေရာစာအုပ်၊ ပို့ဆောင်ရေးယာဉ်များစာအုပ်၊ အီလက်ထရွန်နစ်ကမ္ဘာစာအုပ်များကို ရွေးချယ် လေ့လာခဲ့ရသည်။

"အီလက်ထရွန်နစ်ကမ္ဘာမှာဆိုရင် တီဗီ၊ အောက်စက်အကြောင်းတွေ၊ ဝါယာကြိုးဆင်တာတွေပါတယ်။ ပို့ဆောင်ရေးယာဉ်များထဲမှာ ကားတစ်စီး လုပ်တော့မယ်ဆိုရင် ကားတွေဂျိုင်းဆက် ဘယ်လိုဆက်ထားတယ်ဆိုတာတွေပါတယ်။ အဲဒီဟာတွေထဲက အရုပ်နဲ့သက်ဆိုင်တဲ့ဟာ၊ ကိုယ်လိုတာတွေကို ဆွဲသုံးရတာပေါ့။ နဂိုက အဖြစ်လောက်ပဲလေ့လာတာ။ စာအုပ်ဖတ်လိုက်တော့မှ ပိုစနစ်ကျသွားတယ် "ဟု သူကရှင်းပြသည်။

စာ(၁၁)သို့

# ဒီလိုလေး ချက်ကြရအောင်

▪ဝိုက်ဖိ





## ဝက်သယောင်ဟင်း

ဝက်သယောင်ဟင်းဆိုလို့ ဝက်သားမစားတဲ့လူတွေ ဝိုက်ဖိ့ကို ဒီတစ်ခါ မကျေမနပ်မဖြစ်လိုက်ပါနဲ့။ ဝက်သာယောင်ဟင်းဆိုတာ သက်သတ်လွတ်သမားတွေ အသားတုကို ချက်စားကြသလို အမြင်မှာ ဝက်သားလို့ ထင်ရအောင် ငါးဖယ်ကို အယောင်ဆောင်ပြီး ချက်ထားတာပါ။

ဝက်သယောင်ဟင်းချက်ဖို့ ငါးဖယ် ၁၅ကျပ်သား၊ အုန်းနို့ကတော့ အုန်းသီးတစ်ခြမ်းစာဆိုရင်ရပါပြီ။ ပြီးတော့ ကြက်သွန်နီလေးလုံးလောက်ရယ် ပဲငံပြာရည်ရယ်၊ ဂျင်းအနည်းငယ်ပဲ လိုပါတယ်။

ငါးဖယ်ကိုတော့ ခါတိုင်းချက်သလိုပဲ ထောင်းပြီး ညီညီညာညာလေးတွေပြားပြီး ကျော်ပါမယ်။ သိပ်ပြားကပ်သွားရင် အသားတုံးနဲ့တူမှာ မဟုတ်လို့ ခပ်ထူထူလေးပြားဖို့ လိုပါမယ်။ ငါးဖယ်ကျော်ပြီးပြီဆိုရင် ကတ်ကြေးလေးနဲ့ လေးပိုင်းပိုင်းပြီး ညှပ်လိုက်ပါ။

ခုန ငါးဖယ်ကြော်ထားတဲ့ ဆီထဲကို ကြက်သွန်နီလေး စိပ်ပိုင်းထားတာလေးတွေကို အဖတ်လေးတွေကွာသွားပြီး နွမ်းသွားအောင် မွှေပေးရပါမယ်။ ကြက်သွန်နီနွမ်းသွားရင်တော့ ငရုတ်သီးအရောင်တင်မှုန့်လေး နည်းနည်းထည့်ပါမယ်။ ပြီးရင် ငါးဖယ်ထည့်ပြီး ထပ်မွှေပေးပါ။ ငါးဖယ်နဲ့ ကြည်သွန်နီဖတ်တွေ နှံ့နှံ့စပ်စပ်ဖြစ်သွားပြီဆိုရင်တော့ အုန်းနို့လောင်းထည့်လို့ရပါပြီ။ အုန်းနို့ထည့်ပြီးတဲ့အခါမှာ အနံ့မွှေးလာတဲ့အထိ မွှေပေးရပါမယ်။ မွှေနေတဲ့ အချိန်မှာပဲ ညက်နေအောင်ထောင်းထားတဲ့ ဟင်းတစ်ခါချက်စာချင်းထောင်းလေးကိုယူပြီး အရည်ညှစ်ချလိုက်ပါ။ နည်းနည်းလောက်ထပ်မွှေပေးပြီး ပဲငံပြာရည်အကြည်လေးကို လက်ဖက်ရည်ဇွန်းနှစ်လောက် ထည့်ပေးရပါမယ်။ အရသာအတွက်တော့ ဆားကိုပဲသုံးမှာဖြစ်တဲ့အတွက် အရသာမြည်းစမ်းကြည့်ပြီး လိုသလို ဆားထည့်လို့ရပါတယ်။

စာ(၁၁)သို့





# သကြၤန်လည်မယ့် ကိုကိုမောင်မောင်တို့အတွက် ပစ္စည်းစုံတဲ့နေရာ


အိဖြူလွင်

'တူးပို့တူးပို့'အသံတွေနဲ့ အလွန်နီးကပ်လာပြီဖြစ်တဲ့ ဒီတစ်ပတ်မှာ ကိုကို မောင်မောင်တို့အတွက် ရည် ရွယ်ပြီး ဈေးဝယ်ထွက်မယ်ကကဏ္ဍလေးကနေ လမ်းညွှန်ပေးပါရစေ။

သကြၤန်မှာ ပျော်မယ်ဆိုတဲ့ သူတွေ အားလုံး အဆင်ပြေပြေ ဝတ်လို့ရမယ့် အင်္ကျီနဲ့ အသုံးအဆောင်တွေရှိတဲ့နေရာကို ဈေးဝယ်ထွက်မယ့် နေရာတွေထဲက တစ်နေရာအဖြစ် သွားကြည့်ဖို့ တိုက်တွန်းလိုက်ချင်ပါတယ်။

သကြၤန်တွင်းမှာ ပျော်ပျော်လည်ချင်ပေမယ့် နေလောင်လို့ အသားအရေ ပျက်စီးမှာလည်း စိုးတဲ့သူတွေ၊ နေပူနဲ့ရေပိုက်တွေရဲ့ ဒဏ်ကို အနည်းငယ်ကာကွယ်ပေးနိုင်ဖို့ ချည်သားလက်ရှည်အင်္ကျီလေးတွေကို ဈေးနှုန်းသက်သာစွာနဲ့ ဒီဆိုင်မှာရနိုင်ပါတယ်။


ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)



ကော်လံပုံဆန်းဆန်းလေးနဲ့ အင်္ကျီပုံစံက မရိုးလွန်း၊ မဆန်းလွန်းတဲ့ချည်သားလက်ရှည် အင်္ကျီနဲ့ ရေစိုကွက်နဲ့ ရောင်စုံအကွက်လက်ရှည်အင်္ကျီတွေက နွေရာသီမှာ ဝတ်လို့လည်း သင့်တော်တဲ့အတွက် အကြိုက်တွေ့နိုင်မယ့် အင်္ကျီတွေပါ။ အင်္ကျီတွေရဲ့ ဈေးနှုန်းကတော့ ၁၂၀၀၀ ကျပ်ဝန်း ကျင်ကနေ ၁၄၀၀၀ လောက်ထိ ရှိပါတယ်။

သကြၤန်အပြင် နွေရာသီနဲ့ လည်းသင့်တော်တဲ့ ပစ္စည်းကတော့Branded နေကာမျက်မှန်တွေပါ။ RayBan, Orkley စတဲ့ နာမည်ကြီး တံဆိပ်နေကာ မျက်မှန်ပစ္စည်းအစစ်တွေကို ဒီဆိုင်မှာရနိုင်ပါသေး တယ်။

သကြၤန်မလည်ဘဲ ခရီးထွက်မယ့်သူတွေပါ ဝတ်လို့၊ ဝယ်လို့ အဆင်ပြေနိုင်မယ့် ပစ္စည်းတွေဖြစ် ပြီး နောက်ထပ်ပစ္စည်း အမယ်တစ်မျိုးအနေနဲ့ ထိုင်းနိုင်ငံကတင်သွင်းတဲ့ ဖိနပ်မျိုးစုံကိုပါ ရနိုင်သေးတာပါ။

ဒီဆိုင်က လက်လီရော၊ လက်ကားရော ရောင်းတဲ့ဆိုင်ဖြစ်တဲ့အတွက် ဈေးနှုန်းကိုတော့ စိုးရိမ်စရာလုံးဝမရှိဘဲ ပစ္စည်းများများ ရှိတဲ့အတွက်လည်း စိတ်-တိုင်း ကျ ရွေးချယ်ဝယ်ယူနိုင်မှာသေ ချာပါတယ်။

လူလတ်ပိုင်းရော၊ လူငယ်တွေအတွက်ရော စိတ်တိုင်းကျမယ့် ဒီဇိုင်းတွေရှိတဲ့ နေရာရဲ့ လိပ်စာကတော့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းထဲက Strom Rider ဆိုတဲ့ ဖက်ရှင်ဆိုင်ပဲ ဖြစ်ပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011






ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

# သန့်ရှင်းမှုနှင့် ကုသိုလ်ယူလိုသူ

သူရအောင်ထက်

မနက်ခြောက်နာရီဆို သူ ပုံမှန် အိပ်ရာကထသည်။ တစ်ခါတလေ ဘောလုံးပွဲကြည့်လို့ အိပ်ချိန်နောက်ကျပါက မအိပ်တော့ဘဲ ခြောက်နာရီထိုးအောင်စောင့်သည်။

အိပ်ရာမှ ထပြီးနောက် သူ့အိမ်ရှေ့ရှိ လမ်းအား တံမြက်စည်းလှည်းသည်။ အပင်များအား ရေလောင်းသည်။ ခုနစ်နာရီထိုးသည်နှင့် အမှိုက်ပုံး ၆ လုံးအား လမ်းတစ်လျှောက်ရှိ အုတ်နံရံခတ်ထားသော လှည်းတန်းဈေး ခြံစည်းရိုးပေါ်တွင် ချိတ်လိုက်သည်။

ထိုအလုပ်မှာ အသက် ၆၀ ရှိပြီဖြစ်သော ကမာရွတ်မြို့နယ်၊ ၃ ရက်ကွက်၊ လှည်းတန်း ၂လမ်းနေ အဘဦးဝင်းတင်၏ နေ့စဉ်လုပ်နေကျအလုပ်ဖြစ်သည်။

"သန့်ရှင်းမှုနဲ့ ကုသိုလ်ယူတာ။ အမှိုက်တွေရှင်းနေပြီး သစ်ပင်တွေ စိမ်းလန်းစိုပြည်နေတာတွေ့ရင် စိတ်ချမ်းသာတယ်။ ကိုယ် စိတ်ချမ်းသာသလို အခြားသူတွေလည်း စိတ်ချမ်းသာမှာပဲ။ အပင်တွေကလည်း နောင်တစ်ချိန်မှာ အရိပ်အာဝါသရအောင် စိုက်တာ"ဟု ဦးဝင်းတင်ကဆိုသည်။

သူနေထိုင်သော လှည်းတန်း ၂ လမ်းမှာ လှည်းတန်းဈေးထိပ်တွင် ရှိသဖြင့် လူသွားလူလာများသည်။ ထို့ကြောင့် လမ်းသွားလမ်းလာများအား အမှိုက်မပစ်နှင့်ဟု ပြော၍ရမည်မဟုတ်ပေ။ ထို့ကြောင့် အမှိုက်ပစ်လို့ရစေရန် အမှိုက်ပုံးများအား လမ်းတစ်လျှောက် ချိတ်ပေးထားခြင်းဖြစ်သည်။

"စလုပ်ခါစတုန်းက လိုက်ပြောရတယ်။ အမှိုက်ပုံးထဲကို အမှိုက်ပစ်ဖို့။ ပစ်သွားတဲ့အမှိုက်တွေကို ကိုယ်တိုင်လိုက်ကောက်တယ်။ တစ်ပတ်လောက်ကြာတော့ တော်တော်အဆင်ပြေသွားတယ်။ ပစ်စရာခြင်းရှိတာသိသွားတော့ ခြင်းထဲပဲပစ်ကြတော့တယ်။ ကိုယ်လည်း အမှိုက်သိမ်းရတာ သက်သာသွားတယ်"ဟု ဦးဝင်းတင်က သန့်ရှင်းနေသောလမ်းအား ကျေနပ်စွာ ကြည့်ရင်းပြောသည်။

အဆိုပါအလုပ်များလုပ်၍ ပျော်မွေ့နေသော ဦးဝင်းတင်မှာ စည်ပင်သာယာနှင့် သစ်တောမှ ဝန်ထမ်းတစ်ယောက်မဟုတ်ပေ။ တပ်မတော်ရေ၏ စက်မှုလက်မှုတပ်တွင် အရပ်ဘက်ဝန်ထမ်းအဖြစ် ၁၉၇၅ မှ ၁၉၈၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် အလုပ်မှထွက်ကာ မိသားစုလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် မျက်လုံးမကောင်းတော့သဖြင့် အလုပ်မှ နားခဲ့သည်။

စာ(၁၂)သို့









## စာ-၉၊ ဝက်သယောင်ဟင်း မှ

အားလုံးထည့်ပြီးသွားပြီဆိုရင်တော့ အရသာရှိတဲ့ မွှေးပြီးနူးညံ့နေတဲ့ ဝက်သယောင်ဆီပြန်ဟင်းကို သုံးဆောင်လို့ရပါပြီ။

ရာသီဥတုပူလွန်းပေမယ့် သင်္ကြန်အားလပ်ရက်ရှည်ထဲမှာ တစ်ရက်ရက်တော့ အခုရာသီစာလည်းဖြစ်တဲ့ သရက်သီးသုပ်လိုမျိုးနဲ့ တွဲဖက်ပြီး တော့ပဲဖြစ်ဖြစ်၊ စွန်တန်ဟင်းချိုချဉ်ချဉ်စပ်စပ်လေးနဲ့ပဲဖြစ်ဖြစ် ချက်ပြုတ်မြည်းစမ်းကြည့်ပါလို့ အကြံပြုရင်း ဝိုက်ဖို့ပရိသတ်ကြီးနှစ်သစ်ကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေလို့ ဆုမွန်ခြွေလိုက်ပါတယ်။



## မိတ်ဆွေကောင်းနှင့် ကောင်းမှုပြု. . . .

ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

ယုတ်မာသောအဆွေခင်ပွန်းတို့ကို မဆည်းကပ်ရာ၊ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသော သူတို့ကို-လည်း မဆည်းကပ်မမှီဝဲရာ၊ အဆွေခင်ပွန်းကောင်းနှင့် သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရာ၏။
(ဓမ္မပဒ-၇၈)

ရန်ပြုတတ်သော သူတို့၏ အလယ်၌ရန်မပြုဘဲ ချမ်းသာစွာ ငါတို့နေကုန်၏။ အမုန်းများ၍ ရန်ပွားတတ်သော သူတို့၏အလယ် ၌ မေတ္တာရှေ့ထား ရန်မပွားဘဲ ငါ တို့နေကုန်၏။
(ဓမ္မပဒ ၁၉၇)

ငါ၏အနည်းငယ်မျှသော မကောင်းမှုသည် ငါ့အားအကျိုး မပေးလတ္တံ့ဟု မကောင်းမှုကို မထီမဲ့မြင်မမှတ်ရာ။ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေ သကဲ့သို့ မကောင်းမှုကို အနည်း ငယ်ပြုဖန်များသော် သူမိုက်သည် မကောင်းမှုနှင့် ပြ ပ ည ် ့ ေ လ ၏ ။
(ဓမ္မပဒ ၁၂၁)

ရည်ညွှန်း - ""ဓမ္မပဒ"" ကမ္ဘာ့သာသနာပြု သက်တော်ရှည်ဆရာ တော်ကြီး အရှင်သေဋ္ဌိလ (၁၉၉၆ - ၁၉၉၇)

## စာ - ၉၊ အရုပ်တွေကို ဖန်တီးနေတဲ့ အင်ဂျင်နီယာကြီး မှ

အရုပ်ပြုလုပ်ရန် သူ့အတွက် လိုအပ်သောအရာများမှာ ရောင်စုံရော်ဘာပြားကြီးများ၊ ဖော့ပြားများ၊ စူပါဂလူးကော်တောင့်များ၊ ဒိုင်နမိုအသေးစား၊ မော်တာအသေးစားများ၊ ဝါယာကြိုးငယ်များ ဖြစ်သည်။

ရီမုတ်ဖြင့် မောင်းနှင်ရမည့် အရုပ်များအတွက် ရီမုတ်ကွန်ထရိုးများကိုလည်း တပ်ဆင်ရသည်။ ရီမုတ်အတွက် ခလုတ်များနှင့် တိုလီမိုလီစက်ပစ္စည်းလေးများကို လသာမြို့နယ်အတွင်းရှိ ကျင်ကျင် စတိုးဆိုင်မှဝယ်ယူပြီး စက်ပစ္စည်း အကြီးပိုင်းများကို ထွန်းစတိုးစသောအရောင်းဆိုင်များတွင် သွားရောက်ဝယ်ယူရသည်။

"ဝယ်လို့မရတဲ့ပစ္စည်းတွေကိုတော့ အဟောင်းတန်းတွေမှာ လိုက်ရှာရတယ်။ တီဗီရီမုတ်အဟောင်းတွေလိုပေါ့။ အဲ့ဒီရီမုတ်ကနေခါတ်ခဲထည့်ဖို့နေရာအတွက် အထိုင်ပဲယူတယ်" ဟု သူက ရှင်းပြသည်။

သူ့အတွက်အဓိကအရေးကြီးတာက ကော်နှင့်ရော်ဘာပြားပဲဖြစ်သည်။ ရော်ဘာပြားကို ဗိုလ်ချုပ်ဈေး၊ ဓမ္မာရုံရှေ့က တရုတ်မဆိုင်မှာ ဝယ်ရပြီး အဖြူ အနီ၊ အညိုရောင်များကို အများဆုံး အသုံးပြုရသည်ဟုလည်း သိရသည်။

အရုပ်အားလုံးကို ရော်ဘာပြား ရောင်စုံဖြင့် အပျော့၊အမာခွဲကပ်ပေးတာဖြစ်သည်။

အရုပ်တည်ဆောက်မှုကို စတင်ရာတွင် ခဲတံ၊ ပေတံတို့ဖြင့် ကိုယ်လိုချင်သော အနေအထားဝင်အောင် ပုံကြမ်းချရသေးသည်။

"တချို့က စကေးနဲ့လာမေးကြတယ်။ ကျွန်တော်က စကေးကို နားမလည်ဘူး။ ပေနဲ့ပဲတွက်တယ်။ ပုံကို စင်တီမီတာနဲ့တိုင်းပြီး လက်မ ပြန်ဖွဲ့တာလောက်တော့ရတယ်"ဟုသူကဆိုသည်။

သူလုပ်ပေးရသော အရုပ်များမှာအိမ်များ၊ လေယာဉ်ပျံများ၊ သင်္ဘောများ၊ မော်တော်ကားများ ဖြစ်သည်။

"လေယာဉ်ဆိုရင် ဂလိုက်ဒါလိုမျိုး စက်မဲ့လေယာဉ်တွေ လုပ်ပေးရတယ်။ သင်္ဘောတွေကို ပိုလုပ်ရတယ်။ သင်္ဘောကို ကလေးရော လူကြီးတွေရော အလှထားချင်ကြတယ်"ဟု သူက ပြောသည်။

ယခုနောက်ပိုင်းကာလတွင် လူတွေက ဟန်းမိတ်ပစ္စည်းတွေကို ပိုစိတ်ဝင်စားလာကြပြီး အလွယ်တကူဝယ်ယူရရှိနိုင်သည့်အရာထက် လက်မှုပစ္စည်းများကို ပိုလိုချင်လာကြသည်ဟု သူက ထင်မြင်ထားသည်။

သူ့အလုပ်စားပွဲလေးတွင် လုပ်ပြီးသားအရုပ်များကို နမူနာတင်ထားခြင်းသိပ်မရှိဘဲ ဝယ်သူက လိုချင်သောပုံစံ လာမှာယူမှသာ လုပ်ပေးတာများကြောင်း သိရသည်။ အချို့က သူချိုးထားသော၊ လုပ်ပြီးသားအရုပ်များကို ပုံစံအကြမ်းအဖြစ်ကြည့်ချင်ကြသည်။ အတွင်းမှာပါဝင်သည့် စက်ကိုစိတ်ဝင်စားသူကနည်းပြီး ပစ္စည်းကိုအလှပြုလုပ်ပေးခြင်းကိုသာလိုချင်ကြတာများကြသည်။

လိုချင်သည့်ပုံစံကိုပြောပြီး မှာယူကြသည့်အော်ဒါပစ္စည်းများကိုသူက ငွေကျပ်တစ်ထောင်ပိုယူပြီး အားလပ်သည့်အချိန်မှာ အပိုလုပ်ထားသောအရုပ်များကိုတော့ ပုံမှန်ဈေးသာ ရောင်းချပေးပါသည်။

သူ့အရုပ်လေးများ၏ဈေးနှုန်းမှာ အနည်းဆုံးနှစ်ထောင်ကျပ်မှ အများဆုံး နှစ်သောင်းကျပ်အထိ သတ်မှတ်ထားသည်ကို တွေ့ရသည်။

"ကျွန်တော့်ဈေးက ပစ္စည်းအနေအထားနဲ့ဆိုကိုက်တယ်။ အချိန်နဲ့တွက်ရင်တော့ မကိုက်ဘူး။ အခုက ထည့်ရတဲ့ပစ္စည်းနဲ့ ကုန်ကျတဲ့ပစ္စည်းဖိုးပဲ ယူသေးတယ်။ လက်ခမပါသေးဘူး။ ပညာရှင်ဈေးတော့မဟုတ်ဘူး။ ဈေးသည်ဈေးပဲယူထားတယ်" ဟု သူ့အရုပ်များ၏ဈေးနှုန်းနှင့် ပတ်သက်ပြီး သူကပြောလာသည်။

သူ ငယ်စဉ်သုံးတန်းအရွယ်က ဒဂုံ(၁)ကျောင်းဘောလုံးကွင်းထဲတွင် သဲများဖြင့် အိမ်ဆောက်၊ လမ်းဖောက်ကစားကြရင်း ဒီအလုပ်ကိုစတင်စိတ်ဝင်စားခဲ့တာဖြစ်သည်။

"အဲဒီတုန်းက အခု ကျွန်တော့်ဘေးနားမှာ ကွမ်းယာရောင်းနေတဲ့ အစ်ကိုကြီးတွေနဲ့ကစားကြရင်းအိမ်တွေဆောက်တာကို စစိတ်ဝင်စားခဲ့တာ"ဟု သူကပြောသည်။ တကယ်စလုပ်ဖြစ်တော့ သူခြောက်တန်းအရွယ်မှာဖြစ်သည်။ ရော်ဘာပြားဖြတ်စတွေဝယ်ပြီး အိမ်မှာ အပျော်တမ်း လုပ်ရာကနေ လက်မှန်လာပြီး ရောင်းချနိုင်မည့်အနေအထားထိ ထုတ်လုပ်နိုင်ခဲ့တာဖြစ်သည်။



ပထမဆုံးဖွင့်တဲ့နေရာမှာ ၂၀၁၀ ဇူလိုင်လလောက်က ဒဂုံ(၁)ကျောင်းနောက်ဘက်၊ ကားပါကင်ဝင်ပေါက်ရှေ့မှာဖြစ်သည်။ အဲဒီမတိုင်မီ သူကကိုးရီးယားအကင် ရောင်းခဲ့တာဖြစ်သည်။ ယုဇနဟိုတယ်တွင် ပိုင်အိုးနီးယားကလပ်ဖွင့်ခဲ့စဉ်လည်း ဟိုတယ်ရှေ့မှာ ညပိုင်း လက်ဖက်သုပ်ဆိုင်လေးဖွင့်ခဲ့သေးသည်။

"အရင်က အိမ်မှာပဲ ကလေးတွေကိုလုပ်ပေးတယ်။ ကောင်းတာလေးတွေကို သိမ်းထားတယ်။ များလာတော့ ကျွန်တော့်မိန်းမကနင့်ဟာတွေရှုပ်တယ်။ ရောင်းပစ်လို့ရမလားဆိုပြီးပြောတယ်။ အဲဒါနဲ့စလုပ်ကြည့်တာ။ ကျွန်တော်တို့က ဈေးသည်မျိုးရိုးပါ" ဟုသူက ယခုကဲ့သို့ ဆိုင်ဖွင့်ဖြစ်ပုံကိုပြောပြသည်။

သူ့ဆီကို အရုပ်အော်ဒါအပ်နှံကြသူများမှာ ကလေးများသာမက လူကြီးများပါရှိကြသည်။ ကလေးတွေက ကစားရန်ဝယ်ပြီး လူကြီးတွေက အိမ်မှာအလှထားရန်ဝယ်ယူကြခြင်းဖြစ်သည်။

သူက အိမ်ပုံတွေ ပါသောဈေးကွက်ဂျာနယ်လို ဟာမျိုးတွေက အိမ်ပုံလေးတွေကို ဖြတ်သိမ်းထားသည်။ လက်ကမ်းစာစောင်တွေမှာလည်း အိမ်ပုံတွေ ပါလာလျှင်သိမ်းထားသည်။ ကာတွန်းစာစောင်တွေက ကာတွန်းအိမ်ပုံလေးတွေကိုပါဖြတ်ယူထားသည်။ အော်ဒါလာအပ်လျှင် ထိုပုံလေးများကိုပြပြီး တူအောင်လုပ်ပေးလေ့ရှိသည်။

"ကလေးတွေမှာတာက နှစ်ထပ်အိမ်တွေ။ အဲဒါကိုနံရံကိုဖွင့်ပြီး အထဲမှာ ခုတင်၊ ခုံ၊ ကွန်ပျူတာတင်ဖို့ခုံ၊ အိပ်ခန်း၊ အိမ်သာတွေထည့်ပေးရတယ်။ တချို့ကလေးတွေက စိတ်ကူးယဉ်တယ်။ ကောင်လေးအိပ်ရာ၊ အမေ့အိပ်ရာ၊ ရေချိုးခန်း၊ တဘက်၊ ဘိုထိုင်အိမ်သာစတာတွေ လုပ်ပေးရတယ်။ ကာတွန်းကားထဲက စနိုးဝှိုက်ရဲတိုက်၊ မစ်ကီမောက်စ်စီးတဲ့ သင်္ဘော၊ သိပ္ပံစခန်း၊ သစ်ရွက်အိမ်တို့ လုပ်ပေးရတယ်။ တချို့ ကလေးတွေကျ တော်တော်တိကျတယ်ဗျ။ ညာလို့မရဘူး။ အိမ်သာတပ်ပေးရင် ဘေးမှာ တစ်ရှူးလိပ်ပုံစံပါ ထည့်ခိုင်းတယ်။ ရေမလာ၊ မီးမလာတဲ့အချိန်တွေရှိတယ်ဆိုပြီး"ဟု သူကရယ်ပြီး ပြောသည်။

တချို့ လူကြီးတွေက သူတို့ဆောက်လုပ်ရန်အိမ်ပုံစံအတွက် လိုချင်သည့် ပုံစံကိုပြောပြပြီး သူ့ကို နမူနာလုပ်ခိုင်းခြင်းများပင် ရှိလေသည်။

"အချို့က မြေရှိပြီး ဒီဇိုင်းဆွဲဖို့အတွက်ပိုက်ဆံအကုန်မခံချင်ကြဘူး။ ကျွန်တော့်စာအုပ်လေးထဲက ဖြတ်သိမ်းထားတဲ့ပုံလေးတွေကိုလာကြည့်ကြတယ်။ သူတို့လိုချင်တဲ့အထပ်၊ ကားဂိုဒေါင်စသဖြင့် စဉ်းစားပြီးလုပ်ခိုင်းကြတယ်"ဟု သူကပြန်ပြောပြသည်။

သူ့အားနည်းချက်က ပန်းချီမဆွဲတတ်ခြင်းပင်ဖြစ်သည်ဟု သူကဆိုလာသည်။ ပုံဖြင့်ဆွဲပြပါဆိုလျှင်မဆွဲတတ်ဘဲ ပစ္စည်းဖြစ်အောင်သာ လုပ်တတ်သည်ဟု ပြောသည်။

ကလေးများအတွက်လုပ်ပေးသည့်အရုပ်ပစ္စည်းများအပေါ် သူကစေတနာထားသည်။ကလေးများကစားရန်အတွက် မာကျောသည့်ပစ္စည်းများမသုံးစွဲတာ ပိုကောင်းသည်ဟု သူခံယူထားသည်။ မိဘများကလည်း ကလေးများအတွက်အန္တရာယ်ကင်းသည့်အရာကိုပိုစိတ်ဝင်စားသည်ဟု သူနားလည်ထားသည်။

ထို့ကြောင့်မဖြစ်မနေစက်တပ်ဆင်ရမည့်အရုပ်များမှလွဲ၍ ကျန်အရုပ်များကို တုတ်၊ သံမှအစ၊ သွားကြားထိုးတံအထိမသုံးစွဲဘဲ ဖော့နှင့် ရော်ဘာပြားသက်သက်ဖြင့် လုပ်ပေးခဲ့သည်။

ကလေးတွေက ရှေးဟောင်းကား၊ ရွက်သင်္ဘောစသည်တို့ကို နှစ်ခြိုက်ကြသကဲ့သို့ ရှေးဟောင်းပစ္စည်းရောင်းသည့်ဆိုင်အချို့ကလည်း သူ့လက်ရာကို စိတ်ဝင်စားပြီး လာလုပ်ခိုင်းခြင်းကိုလည်း ကြုံရသည်။ သူကအိမ်ပုံစံကို ပိုကျွမ်းပြီး သင်္ဘောနှင့်လေယာဉ်များကိုတော့ မှန်းဆလုပ်ကိုင်နေရဆဲဖြစ်သည်။

မော်တာနှင့်ပတ်သက်တာတွေက သူ့ဘာသာတီထွင်စမ်းသပ်လုပ်ကြည့်ထားတာဖြစ်သောကြောင့် တချို့အဆင်မပြေသည့်ပစ္စည်းများလည်းရှိပြီး စက်သုံးမရခြင်း၊ သင်္ဘောမလည်ပတ်ခြင်းစသည်တို့ကို သူက လက်ခမယူဘဲ ပြန်လည်ပြုပြင်ပေးရသည်။

ဒီအရုပ်တွေက သူတစ်ယောက်တည်းလုပ်ရတာဖြစ်သည်။ သူ့စိတ်ကူးနှင့်သူ တွက်ချက်ထားသည့်အတိုင်း ပြုလုပ်ရတာဖြစ်သောကြောင့် အကူနှင့်လုပ်လို့မရကြောင်းသူကဆိုသည်။

"အတည့်တွေး၊ ပြောင်းပြန်တွေးရတာတွေရှိတယ်။ ဂရပ်ဖ်နဲ့ ဇယားနိုင်မှလည်းလုပ်လို့ရမယ်ထင်တယ်။ ကော်ပတ်စားတာက အစ သဘောတရားတွေအများကြီးလိုတယ်။ တချို့ကစိတ်ဝင်စားလို့သင်ချင်တယ်။ ကျွန်တော်မသင်တတ်ဘူး"ဟု သူက ပြောသည်။

ဧပြီ၂ရက်နေ့အထိ သူဆောက်လုပ်ပေးခဲ့သောအရုပ်များမှာ အိမ်အလုံး ၁၀၀ခန့်၊ သင်္ဘောအစီး ၅၀၊ ကားအစီး၅၀နှင့် လေယာဉ်၂၅စီး ခန့်ရှိပြီဖြစ်သည်။

ရှေ့ဆက်ပြီးသူက အိမ်တွေလုပ်ပေးခြင်းကိုလျှော့ပြီး သင်္ဘောများကို များများလုပ်ရောင်းသွားမည်ဟုဆိုသည်။

တိုက်အိမ်ပုံစံငယ်ဆောက်သည့်လုပ်ငန်းတွင် အကူလုပ်ကိုင်ရန်ကမ်းလှမ်းမှုတစ်ခုကိုလည်း သူစဉ်းစားနေဆဲဖြစ်သည်။

"အခု ကျွန်တော်က ဒီကျောင်းကိုပဲအားကိုးနေရတာ။ ဒီဇိုင်းကြီးတွေက ကလေးတွေကို မရောင်းရသေးဘူး။ အခုကျောင်းပိတ်ထားတုန်း အားတဲ့အချိန်မှာ သင်္ဘောလေးတွေများများလုပ်ပြီး စုထားမယ်။ ဗိုလ်ချုပ်ဈေးနားက FMI ရှေ့မှာသွားရောင်းဖို့ စဉ်းစားထားတယ်။ အဲဒီမှာကျရင် သပ်သပ်ရပ်ရပ်နဲ့ ပိုကောင်းအောင်လုပ်ရမှာပေါ့"ဟု သူက ဆက်ပြောသည်။

လုပ်ရင်းကိုင်ရင်းနှင့်ပင် သူ့အတွက်တိုးတက်မှုရှိလာသည်။ ယခင်ကလက်ရာများထက် ယခုလက်ရာများက ပိုမိုကောင်းမွန်သေသပ်လာသည်။ သူ့ပစ္စည်းကို ဘယ်လိုကောင်းအောင်လုပ်ရမလဲဆိုတာကို သူအမြဲစဉ်းစားသည်။ လက်ကိုမညှာဘဲလုပ်ပါမှ တိုးတက်မည်ဟု သူယုံကြည်ထားသည်။

"ကျောင်းသားမိဘတွေက နောက်နှစ်ကျောင်းပြန်ဖွင့်တဲ့အချိန်ကျရင် ကျွန်တော့်ဆီက ဒီ့ထက်ပိုကောင်းတဲ့လက်ရာတွေကို မျှော်လင့်ထားကြတယ်"ဟု ရဲလင်းထွေးက ယုံကြည်ချက်အပြည့်ဖြင့် ပြောပါသည်။

7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

## စာ-၃၊ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် အင်တာဗျူး မှ

**ရေလုပ်သားတွေရဲ့ နောက်ဆုံးအခြေအနေလေးသိပါရစေ။**

ရေလုပ်သားစုစုပေါင်းက ၁၆၂၆၈ဦး လေပြင်းဒဏ်ခံစားခဲ့ရပြီး ၁၅၅၈၃ ဦး ကယ်ဆယ်ရရှိခဲ့ပါတယ်။ သုံးဦးသေဆုံးလို့ ၆၈၂ ဦးပျောက်နေပါတယ်။

**ပျောက်နေတဲ့ ရေလုပ်သားတွေရဲ့ အခြေအနေဘယ်လိုရှိပါသလဲ။**

တချို့ကတော့ မြန်မာပိုင်ကျွန်းတွေမှာ ရောက်နေတာနဲ့ ကယ်တင်ခံထားရတာရှိသလို တချို့ကတော့ အိန္ဒိယပိုင် ကျွန်းတွေမှာ တင်နေတာတွေရှိတယ်။ ကျန်တဲ့သူတွေကတော့ သုံးပတ်လောက်ကြာပြီဆိုတော့ ဆုံးပြီပေါ့။ အလောင်းတောင် ပြန်မရနိုင်တော့ပါဘူး။

**ဆုံးရှုံးမှုတန်ဖိုးကရော ဘယ်လောက်ရှိပါသလဲခင်ဗျာ။**

ကျပ်သိန်းပေါင်း ၆၄၄၅၅ သိန်းဆုံး ရှုံးခဲ့ပါတယ်။

**အခုလိုဖြစ်ရပ်မျိုး ဘာကြောင့်ဖြစ်ရပါသလဲ ခင်ဗျာ။**

ပင်လယ်ပြင်မှာ ရုတ်တရက်ပြောင်းလဲလာတဲ့ ရာသီဥတု အခြေအနေကို ကြိုမသိနိုင်ခဲ့လို့ပါ။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲလာလို့ပါ။

**နောင်အခါမှာ ကြိုတင်သိနိုင်ဖို့ကို ရောဘာတွေလိုအပ်ပါသလဲ ခင်ဗျာ။**



မြန်မာ့မိုးလေဝသက အချိန်နဲ့တစ်ပြေးညီ သိနိုင်တဲ့ ကိရိယာတွေ ပြည့်စုံပြီး ရေလုပ်သားတွေကို သတိပေးနိုင်ခဲ့ရင် အခုလိုမျိုး ဖြစ်ရပ်တွေကြုံလာနိုင်မှာ မဟုတ်တော့ဘူး။

**အရင်တုန်းကရော ဒီလိုဖြစ်ရပ်ဆိုးမျိုးကြုံခဲ့ဖူးပါသလား။**

ဒီလောက်ပြင်းထန်ကြီးမားတဲ့ ဖြစ်ရပ်မျိုးအရင်တုန်းက တစ်ခါမှ မကြုံခဲ့ဖူးပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ရေလုပ်သားတွေ အလစ်အငိုက်ခံလိုက်ရတာပေါ့။

**အခုလိုဒုက္ခမျိုး ကြုံတွေ့ခဲ့ရတဲ့ သူတွေကို ဘယ်လိုကူညီထောက်ပံ့မှုတွေ ဆောင်ရွက်ပေးဖို့ စီစဉ်ထားပါသလဲ။**

အခုဧပြီလ ၂ ရက်အထိ အလှူငွေ ၁၀၈,၉၉၉,၂၀၀ ကျပ် (သိန်းပေါင်းတစ်ထောင့်ရှစ်ဆယ့်ကိုးသိန်းကျော်)ကို လက်ခံထားရတယ်။ ဒါကြောင့် ရေလုပ်သားတစ်ဦးကို ကျပ်တစ်သောင်းနှုန်းနဲ့ သွားရောက်လှူဒါန်းမှာပါ။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

# စာနယ်ဇင်းများ၏ အခန်းကဏ္ဍကို လေးစားရန် သမတပြောကြား

**မြတ်စုမွန်**

ရန်ကုန်၊ ဧပြီ-၂

အစိုးရအဖွဲ့သစ်သည် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းများ၏အခန်းကဏ္ဍကို အလေးထားရန်လိုအပ်ကြောင်း နိုင်ငံတော် သမ္မတဦးသိန်းစိန်က မတ် ၃၁ရက်နေ့တွင် ပြောကြားသည်။

မတ် ၃၁က နေပြည်တော်ရှိ သမ္မတအိမ်တော်၌ပြုလုပ်သည့် မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနားတွင် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဝင်များအား မိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် စာနယ်ဇင်းများကတစ်ဆင့် ပြည်သူများသိသင့်သည့်အချက်များကို အသိပေးသွားရန်လိုအပ်ပြီး စာနယ်ဇင်းများ၏ အပြုသဘောဆောင် အကြံပြုချက်များကိုလည်း အလေးထားရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်(Good Governance)နှင့် သန့်ရှင်းသော အစိုးရ (Clean Governement) ပေါ်ပေါက်လာရန် လုပ်ဆောင်ရမည်မှာ အစိုးရအဖွဲ့သစ်၏အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

## မျက်နှာဖုံး-ရန်ကုန်သင်္ကြန်ရေကစားမည့် မိန်းကလေး လျော့နည်းနိုင် မှ

ယခုနှစ်တွင် အကြမ်းဖက်သမားများ၏ အန္တရာယ်ကြောင့် သင်္ကြန်ရေကစားမဏ္ဍပ်များတွင် CCTV ကင်မရာများ ဘက်ပေါင်းစုံမှ တပ်ဆင်ထားရမည်ဟု ညွှန်ကြားချက်ထုတ်ပြန်ထားခဲ့သည်။

ထိုကဲ့သို့ စီစီတီဗွီကင်မရာများ တပ်ဆင်ထားခြင်းသည် လုံခြုံရေးအရစိတ်ချရသော်လည်း မသမာသူအချို့၏ အင်တာနက်ပေါ်တွင် ဗီဒီယိုဖိုင်များတင်မည့် အန္တရာယ်ကိုစိတ်ပူရခြင်းများရှိသည့် အတွက် သင်္ကြန်မဏ္ဍပ်များတွင်ရေကစားမည့်သူလျော့နည်းသွားကြောင်း မဏ္ဍပ်ထောင်သူတစ်ဦးကပြောသည်။

"အရင်တုန်းက စီစီတီဗီတွေ မတပ်တာတောင်မှ မဏ္ဍပ်ပေါ်က မိန်းကလေးတွေပုံတွေကို ခတ်ပုံရိုက်ပြီးတင်တာတွေရှိတော့ ကိုယ့်ဘာသာနေတော့လည်း သူတို့ကို ရိုက်ရင်းနဲ့ ရောပါသွားတာမျိုးအဖြစ်မခံနိုင်ဘူး"ဟု နှစ်စဉ်မဏ္ဍပ်တွင်ရေကစားသူ မိန်းကလေးတစ်ဦးက ယခုနှစ်မကစားဖြစ်သည့်အကြောင်းကို 7Day News သို့ ပြောသည်။

"ဒီနှစ် စီစီတီဗွီတွေတပ်ရမယ်၊ လုံခြုံရေး ဝန်ထမ်းတွေ ပိုခန့်ရမယ်ဆိုတာကြောင့် မဏ္ဍပ်လုပ်တဲ့သူတွေမှာ ကုန်ကျစရိတ်က ပိုကြီးသွားတယ်။ တခြားစရိတ်တွေကလည်း မြင့်လာတယ်။ ဒါပေမဲ့ ကစားမယ့်သူကျတော့ ဗုံးကြောက်တာရောစီစီတီဗွီကြောက်တာရောကြောင့် မနှစ်ကလောက် မများတော့တဲ့အတွက် ဒီဘက်မှ မကိုက်တော့ဘူး။ အဲဒါကြောင့် ကစားမယ့်သူလည်းနည်း မဏ္ဍပ်လည်းနည်းသွားတာဟု နှစ်စဉ်မဏ္ဍပ်ဆောက်ခဲ့သူတစ်ဦးကပြောသည်။

ယခုနှစ်တွင် ဧပြီလဆန်းရောက်ရှိနေသော်လည်း မဏ္ဍပ် ၌ ကြော်ငြာများ ပန်းဖလက်များကို များစွာ မတွေ့ရသေးခြင်းတို့ကြောင့် နှစ်စဉ်နှစ်တိုင်းကဲ့သို့ သင်္ကြန်မဏ္ဍပ်များနှင့်ဆိုင်သောမည်သည့်လှုပ်ရှားမှုများမှ မတွေ့ရသေးဘဲ ဧပြီလဆန်းသည် အလွန်ငြိမ်သက်နေသည်ဟု သင်္ကြန်ကို ရင်ခုန်စွာစောင့်မျှော်နေကြသူလူငယ်များကပြောသည်။

မဏ္ဍပ်များတွင် လုံခြုံရေးကင်မရာများတပ်ဆင်ထားမည်ကို မနှစ်သက်၍ သူငယ်ချင်းအားလုံးကလည်း ယခင်နှစ်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုကိုကြောက်လန့်နေကြသေး၍ ခရီးသွားရန်သာရည်ရွယ်ထားသည်ဟု အသက် ၂၅ နှစ်အရွယ် လူငယ်တစ်ဦးက ပြောကြားခဲ့သည်။

စီစီတီဗွီကင်မရာ ငှား ရမ်းခြင်းလုပ်ငန်းများကို လုံခြုံရေး ဝန်ဆောင်မှု ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရန် သက်ဆိုင်ရာက ညွှန်ကြားချက်ထုတ်ပြန်ထားပြီး ကင်မရာ လေးလုံးတစ်စုံအတွက် အထူးငှားဈေးကျပ် ခြောက်သိန်းခန့်ရှိကြောင်း သိရသည်။

## စာ-၄၊ သွေးသားရင်းချာကိုပင် လူကုန်ကူးမှုပြုလုပ်လာ မှ

ယခုကဲ့သို့ လူကုန်ကူးမှု များမဖြစ်ပေါ်စေရန် ရပ်ရွာအဆင့် လူကုန်ကူးမှုစောင့်ကြည့်ရေး အဖွဲ့များကိုထားရှိသွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းအဖွဲ့များကို ရပ်ရွာမှ လေးစားရသောသူ၊ လူငယ်များနှင့် ရပ်မိရပ်ဖများ နှင့်ဖွဲ့စည်းသွား မည်ဖြစ်ကြောင်း အဆိုပါ အစီအစဉ်ကိုယခုနှစ်လယ်တွင် အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံသားများအား လူကုန်ကူးမှုအများဆုံးပြုလုပ်၍ စေလွှတ်သောနိုင်ငံများမှာ တရုတ်၊ ထိုင်းစသော အိမ်နီးချင်းနိုင်ငံများ ဖြစ်သည်။

ရပ်ရွာကျေးလက်အဆင့် လူကုန်ကူးမှုစောင့်ကြည့်ရေးအဖွဲ့များကို ဖွဲ့စည်းခြင်းမှာနယ်စပ်များတွင်ပိုမိုလူကုန် ကူးမှုများဖြစ်ပေါ်ခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။

## မျက်နှာဖုံး – အားနည်းသော လာနီညာ မေလကုန်အထိ ဆက်ရှိမည် မှ

မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သော နာဂစ်မုန်တိုင်းမှာ ၂၀၀၈ ခုနှစ်မေလအထိ ဖြစ်ပေါ်ခဲ့သော လာနီညာရာသီဥတု၏ အကျိုးဆက်ကြောင့်ဖြစ်ခဲ့သဖြင့် ယခုနှစ်ဖြစ်ပေါ်နေသော လာနီညာရာသီဥတုအား မတ်လကုန်နောက်ပိုင်းအထိ စောင့်ကြည့်နေခဲ့ကြသည်။

သို့သော် ၂၀၁၁ ခုနှစ်မေလအထိ ဆက်လက်တည်ရှိမည်ဖြစ်သော လာနီညာရာသီဥတုမှာ ၂၀၀၈ ခုနှစ်က ဖြစ်ပေါ်ခဲ့သော လာနီညာ အင်အားထက် လျော့နည်းနေကြောင်း ဒေါက်တာထွန်းလွင်ကပြောသည်။ ထို့ပြင် ဧပြီလအလယ်အထိ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများဖြစ်ပေါ်ရန်အခြေအနေများမရှိနိုင်သေးဟု ခန့်မှန်းထားပြီးဧပြီ ၁၀ ရက်နေ့အထိ မိုးရွာသွန်းရန်အခြေအနေ မရှိသေးဟုလည်း ခန့်မှန်းထားသည်။

သို့သော် မိုးတိမ်တောင်များ၏အန္တရာယ်ကိုမူ သတိထားရန်လိုသည်။ လာနီညာကြောင့် လေထုစွတ်စိုချိန်တွင် အပူချိန်ပြင်းပါက မိုးတိမ်တောင် ပိုဖြစ်နိုင်၍ ရာသီဥတုပူပြင်းပါက မိုးတိမ်တောင်နှင့် မုန်တိုင်းကို ပို၍သတိထားရန်လိုသည်။ မိုးတိမ်တောင်များ ဖြစ်ပေါ်ပါက မိုးရွာခြင်း၊ လေပြင်းတိုက်ခတ် ခြင်း၊ စိုက်ဆင်းလေပြင်းနှင့် ဆိုးရွားပါက လေဆင်နှာမောင်းများ ဖြစ်ပေါ်နိုင်သည်။

"လာနီညာဟာ မေလမှာပြီး ဆုံးသွားစေကာမူ ရာသီဥတုဖောက်ပြန်မှုတွေကိုတော့ မေလထက်ကျော်ပြီး နောက်ထပ်တစ်လမှနှစ်လလောက်အထိ ဆက်လက် ကြုံတွေ့နိုင်ပါတယ်"ဟု ဒေါက်တာထွန်းလွင်ကဆိုသည်။ ထို့အပြင်ဧပြီလနောက်ဆုံးပတ်မှ မေလဆန်းအတွင်း မုန်တိုင်းကို သတိပြုရန်လိုကြောင်း မိုးလေဝသပညာရှင်ကပြောသည်။

အစွန်းရောက်ရာသီဥတုများဖြစ်သော အယ်နီညိုနှင့် လာနီညာဥတုများသည် ယခင်က ငါးနှစ်သို့မဟုတ် ခုနစ်နှစ်မှတစ်ကြိမ် ဖြစ်ပေါ်လေ့ရှိသော်လည်း ၂၀၀၆ ခုနှစ်နောက်ပိုင်းမှစ၍ နှစ်နှစ်တစ်ကြိမ်သို့မဟုတ် နှစ်စဉ်ဖြစ်ပေါ် လျက်ရှိသည်။

၂၀၀၈ ခုနှစ်တွင် လာနီညာ ရာသီဥတုဖြစ်ပေါ်ခဲ့ပြီး ၂၀၁၀ နွေရာသီတွင် အယ်နီညိုရာသီဥတုနှင့် ၂၀၁၀ နိုဝင်ဘာမှစ၍ လာနီညာရာသီဥတု ထပ်မံဖြစ်ပေါ်ခဲ့သည်။

သို့သော် ၂၀၁၁ ခုနှစ် ဇွန်လမှစ၍ ကြားနေရာသီဥတုစတင်ဖြစ်ပေါ်နိုင်ပြီး ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်များတွင် မိုးရွာသွန်းမှုမှာ ဖြစ်မြဲထက်ပိုမည်ဖြစ်ပြီး အပူမကဲ မိုးမနည်းသောနှစ်ဟု ဦးထွန်းလွင်ကကြိုတင်ခန့်မှန်းထားသည်။

## စာ – ၁၀၊ သန့်ရှင်းမှုနှင့် ကုသိုလ်ယူလိုသူ မှ

"ဒီအလုပ် စလုပ်ဖြစ်တာ ကဆွမ်းခံကြွတဲ့ ရဟန်းတစ်ပါးရဲ့ ခြေထောက်ကို သွားကြားထိုးတံစူးသွားတာတွေ့တာ စိတ်မကောင်းဖြစ်ပြီး လမ်းသန့်ရှင်းရေးစလုပ်ဖြစ်တာ"ဟုသူကပြောသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကိုးကွယ်သည့်နိုင်ငံဖြစ်သည့်အားလျော်စွာ ရဟန်းသံဃာများမှာ နေ့စဉ် ဆွမ်းခံကြွလေ့ရှိကြသည်။ ထိုသို့ ဆွမ်းခံကြွရာ၌လည်း ဝိနည်းတော်အရ ဖိနပ်စီး၍မရပေ။ ထို့ကြောင့် လမ်းမပေါ်ရှိ အမှိုက်သရိုက်၊ ပုလင်းကွဲနှင့် ဆူးစေတတ်သောအရာများမှာ သာမန်လူများအတွက် အန္တရာယ်မရှိလှသော်လည်း ဆွမ်းခံထွက်သော သံဃာတော်များအတွက်မူ အန္တရာယ်ရှိပါသည်။

"အခုဆို အမှိုက်ခြင်းထဲမှာ အများဆုံးတွေ့ရတာ တစ်ရှူးတွေ၊ ရေသန့်ဘူးခွံတွေ၊ သွားကြားထိုးတံတွေပဲ။ ကလေးတွေကအစ အမှိုက်ချမသွားတော့ဘူး။ လူကြီးတွေလည်း လိုက်လုပ်လာတယ်" ဟု ဦးဝင်းတင်၏ လုပ်ဖော်ကိုင်ဖက်တစ်လမ်းတည်းနေ ကိုတင်နိုင်ကပြောသည်။

သန့်ရှင်းနေသော ထိုလမ်းမနှင့် အုတ်နံရံကြားရှိ တစ်ပေခန့်ရှိသော မြေသားလမ်းပေါ်တွင် အရိပ်ရအပင်များအပြင် ဆေးဖက်ဝင်သောအပင်များပါ လမ်းတစ်လျှောက် စိုက်ထားသည်မှာ စိမ်းလန်းနေလေသည်။

ဝမ်းကို သန့်ရှင်းစေသော ပေါက်ပန်းဖြူပင်၊ နှလုံးသွေးတိုးကောင်းသော ပြည့်စုံပင်၊ ချောင်းဆိုးပျောက်သော ဇီယာပင်၊ ဆီးချိုသွေးချိုကောင်းသော ကျားမြီးဆွဲပင်နှင့် အကိုက်အခဲပျောက်သော တရုတ်ဆေးပင်တို့ဖြစ်သည်။

"ဈေးနဲ့လမ်းကြားမှာ အမှိုက်တွေ၊ မြက်ပင်တွေပဲရှိတော့ ကြွက်တွေကလာတယ်။ အခု မြက်ပင်လည်းမရှိတော့ဘူး။ အမှိုက်လည်းမရှိတော့ ကြွက်လည်းမလာတော့ဘူး။ ဆေးဖက်ဝင်တဲ့အပင်ဆိုတော့ အသုံးတည့်တဲ့သူတွေ ယူလို့ရတယ်"ဟု ဦးဝင်းတင်ကပြောသည်။

ထိုဆေးဖက်ဝင်သောအပင်များအား ယခင်က မိမိအိမ်ရှေ့တွင်သာ စိုက်ပျိုးထားကြသော ထိုလမ်းထဲတွင် နေထိုင်သူများ၏ ကူညီမှုဖြင့် စိုက်ပျိုးထားခြင်းဖြစ်သည်။

အပင်စိုက်ပျိုးခြင်း၊ ရေလောင်းခြင်းနှင့် စနစ်တကျအမှိုက်စွန့်ပစ်ခြင်းအား ဦးဝင်းတင်နှင့်အတူ မိတ်ကပ်ဖန်တီးရှင် အဲလစ်နှင့် လူငယ်လေးများအပါအဝင်လမ်းရှိ လူကြီးအချို့ ပူးပေါင်းပါဝင်လုပ်ကိုင်လာကြသည်။

"ကိုယ်က မျက်စိသိပ်မကောင်းတော့ ည ၇နာရီထိုးလို့ အမှိုက်ပစ်ရင် ကလေးတွေကပစ်ပေးတယ်။ လမ်းမှာ ကားတွေရှုပ်လို့ တိုက်မိမှာစိုးလို့"ဟု ဦးဝင်းတင်ကပြောသည်။

အခုဆိုလျှင် ၃ ရပ်ကွက်အတွင်း လမ်းအချို့ရှိ အိမ်ရှေ့နှင့်မုန့်ဆိုင်များတွင် အမှိုက်ခြင်းများထား လာကြသည်။ ကလေးများပင် အမှိုက်ခြင်းထဲ၌ အမှိုက်စွန့်ပစ်လာကြသည်။ သူတို့စိုက်ပျိုးထားသောသစ်ပင်များပင် တစ်ရပ်ကျော်ရှည်လာခဲ့လေပြီ။

"ကိုယ် သေသွားရင်တော့ ဒီဗာဒံပင်တွေက လမ်းသွားလမ်းလာတွေကို အရိပ်ရနေမှာ။ ဒီလိုပဲ ကုသိုလ်ယူရမှာပေါ့" ဟု ဦးဝင်းတင်ကပြောလေသည်။

Vol.10, No.5 • APRIL 7, 2011


## ဘိုလီးဗီးယားနိုင်ငံတွင် ငှက်ဖျားရောဂါကြောင့် လူ ၂၃ဦးသေဆုံး

လာပတ်ဇ်၊ မတ် – ၂၉

ဘိုလီးဗီးယားနိုင်ငံတွင် ပြီးခဲ့သော ရက်ပိုင်းမှ စတင်၍ နိုင်ငံအဝန်း အပူပိုင်းဒေသ ငှက်ဖျားရောဂါ တစ်မျိုးပျံ့နှံ့မှုကြောင့် လူပေါင်း ၂၃ဦးသေဆုံးပြီး ဝေဒနာခံစားရသူပေါင်း ၄,၀၀၀ခန့်ရှိခဲ့ကြောင်း ဘိုလီးဗီးယား ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားလိုက်သည်။ ရောဂါဖြစ်ပွားမှု အများဆုံးနေရာမှာ နိုင်ငံတွင်းရှိ အမေဇုန်ဒေသအတွင်းဖြစ်ပြီး ဘီနီနှင့် ဆန်တာခရုဇ်ပြည်နယ်များတွင် အများဆုံးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးနီလာဟီရီဒိယာကပြောသည်။ ဆန်တာခရုဇ်ပြည်နယ်တစ်ခုတည်း၌ပင် ၁၁ဦး သေဆုံးပြီး ဝေဒနာရှင်ပေါင်း ၁,၂၀၀ ခန့်ရှိသည်။

ဆန်တာခရုဇ်ရှိ ဗဟိုကလေးဆေးရုံကြီးတွင်လည်း ရောဂါကြောင့် ဆေးရုံတက်ရသည့် လူ နာဦးရေမှာ နေ့စဉ် ၅၀ ခန့်ရှိလာနေကြောင်းဆိုသည်။ ယခုအခါ ဘိုလီးဗီးယားနိုင်ငံတွင် ငှက်ဖျားရောဂါ ပြန့်ပွားမှုကို တပ်လှန့်သတိပေးထားပြီး ရောဂါလက္ခဏာပေါ်ပေါက်လာသူများကိုလည်း အမြန်ဆုံး ဆေးရုံတင်ကုသရန် နှိုးဆော် ထားသည်။ ဘိုလီးဗီးယား၏ အမေဇုန်ဒေသသည် ပူနွေးစိုစွတ်သည့် အပူပိုင်းဒေသ ရာသီဥတုရှိသောကြောင့် ခြင်များပေါက်ဖွားကာ ငှက်ဖျားရောဂါပျံ့နှံ့ရခြင်းဖြစ်ကြောင်း သိရသည်။

—Ref: Xinhua



## သင်္ကြန်မှာ အသားအရေ မပျက်စီးစေဖို့

ဝတ်ရည်

မြန်မာလူမျိုးတို့အတွက် နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်ကူးပြောင်းတော့မည့် အချိန်အခါ ကျရောက်တော့မည်ဖြစ်သည်။

နှစ်ဟောင်းကုန်၍ နှစ်သစ်ကိုနှုတ်ဆက်သည့်အချိန်တွင် ပိတ်ရက်အများဆုံးရရှိသဖြင့် အပန်းဖြေခရီးသွားမည့်သူများ၊ သင်္ကြန်တွင် ပျော်မည့်သူများအားလုံး ကြိုတင်ပြင် ဆင်မှုများဖြင့် စောင့်မျှော်နေကြပြီဖြစ်သည်။

သင်္ကြန်တွင် ပါဝင်ဆင်နွှဲရန်အတွက် ကြိုတင်ပြင်ဆင်ရာတွင် သင်္ကြန်ရက်အတွင်း ရေကစားရင်း အရေပြားများ အလှမပျက်စေရန်အတွက် ပြင်ဆင်ရမည့် အရာများကိုလည်း ချန်လှပ်ထား၍မရနိုင်ပေ။

သင်္ကြန်ရက်အတွင်း ပျော်ကြမည့်သူများသည် ပူပြင်းသောနေရောင်ခြည်ဒဏ်၊အသုံးပြု သောရေများ၊ အသုံးပြုသော အလှကုန်များ၊ ဆံပင်အရောင်အမျိုးမျိုးအတွက် အသုံးပြုသော ဆံပင်ဆိုးဆေးများကြောင့် အရေပြားထိခိုက်မှုများ ဖြစ်ပွားလာနိုင်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးအရေပြားဌာနမှ အရေပြားအထူးကုဆရာဝန်ဒေါက်တာလင်းထက်ကပြောသည်။

"အများဆုံးဖြစ်ကြတာကတော့ နေပူထဲမှာ လေတိုက်တာက ရေနဲ့ပေါင်းပြီး အရေပြားတွေအက်ကွဲပြီး အဖတ်တွေလန်လာကြတယ်"ဟု အဆိုပါ ဆရာဝန်ကပြောသည်။ ရေကြောင့် အရေပြားနူးနေတဲ့အချိန် နေပူကြောင့် အရေပြားများ ခြောက်လာသောအခါ နေရောင်ခြည်ကိုကာကွယ်နိုင်သည့် ခံနိုင်အားနည်းလာရုံသာမက အရေပြားများ ကွာလာသည့်နေရာများမှ ဘက်တီးရီးယားနှင့် မှိုရောဂါပိုးမွှားများ ခန္ဓာကိုယ်အတွင်း ဝင်ရောက်လာနိုင်ကြောင်း သိရသည်။

စာ(၁၄)သို့



## သင်္ကြန်မှာ ယမကာ သတိထားသောက်ပါ

သီဟ

မကြာမီအချိန်ကာလတွင် မြန်မာ့ ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲ တော်ကျရောက်တော့မည်ဖြစ်သည်။ သင်္ကြန်ပွဲတော်တွင် လူအမျိုးမျိုးသည် အစီအစဉ်အမျိုးမျိုးဖြင့် သင်္ကြန်ပွဲတော်ကိုဖြတ်သန်းကုန်ဆုံး ကြမည်သာဖြစ်သည်။

သင်္ကြန်ရေကစားမဏ္ဍပ်များတွင် သူငယ်ချင်းများ၊ ချစ်သူများနှင့် ပျော်ရွှင်စွာကုန်ဆုံးမည့်သူများ၊ ရေပက်ခံကားဖြင့် မိသားစုလိုက်သော်လည်းကောင်း၊ သူငယ်ချင်းများစုဝေး၍သော်လည်းကောင်း ပျော်ရွှင်စွာရေပက်ခံထွက်ကြမည့်သူများလည်းရှိကြသည်။

ထို့အပြင် ရပ်ကွက်အတွင်း၌ပင် ပျော်ရွှင်စွာကုန်ဆုံးကြမည့်သူများ အိမ်တွင်းပုန်း အချိန်ဖြုန်းမည့်သူများလည်းရှိကြသည်။ အလားတူအထက်ပါကဲ့သို့ ကုန်ဆုံးမည့်သူများအပြင် ဘာသာတရား၏ အဆုံးအမကိုခံယူကာ သာသနာ့ဘောင်သို့ ခေတ္တဝင်ရောက်မည့်သူများ၊ တရားစခန်းများတွင် ဝိပဿနာတရား အားထုတ်ကြ မည့်သူများနှင့် နေအိမ်၌ပင် ဥပုသ်သီလဆောက်တည်ကြမည့်သူများ လည်းရှိကြသည်

မည်သို့ပင်ဆိုစေ နှစ်သစ်ကူး အတာသင်္ကြန်သည် မြန်မာတို့၏ ပျော်ရွှင်ဖွယ်ရာ ရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် နေထိုင်သူများသည် တစ်နည်းမဟုတ်တစ်နည်းဖြင့် သင်္ကြန် ကာလကိုဖြတ်သန်းကြရမည်သာ ဖြစ်သည်။

ဘာသာတရားနှင့်နေထိုင် ကုန်ဆုံးမည့်သူများအတွက်မူ မည်သို့မျှဆိုဖွယ်မရှိသော်လည်း ပြင်ပတွင်လည်ပတ်ကြမည့်သူများသည် သင်္ကြန်ကာလတွင် အပျော်လွန်ကာအန္တရာယ်မကျရောက်စေရန် ဂရုပြုနေထိုင်ကြရန် အရေးကြီးပေသည်။

သင်္ကြန်တွင် ပြင်ပ၌ပျော်ရွှင်စွာကုန်ဆုံးကြမည့်သူများအနေဖြင့် မိမိတို့၏ အပျော်များပိုမိုအသက်ဝင်လာစေရန်အတွက် ယမကာအမျိုးမျိုးအား အနည်းနှင့်အများ မှီဝဲကြမည်သာဖြစ်သည်။ သို့သော် ယမကာမှီဝဲမည့်သူများနေဖြင့် သတိပြုရမည့်အချက်မှာ မိမိတို့ ယမကာမှီဝဲမည့်အချိန်သည် နေပြင်းပြင်းပူသည့် နေ့ခင်းနေ့လယ်အချိန်ဟုတ်မဟုတ်ကို သတိပြုရမည့်အပြင် ယမကာများအားလည်း အလွန်အကျွံမမှီဝဲမိစေရန် သတိပြုသင့်ကြောင်း ကျန်းမာရေးဆိုင်ရာ ပညာရှင်များကပြောသည်။

စာ(၁၄)သို့




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

# သစ်ကြားသီးအစေ့များသည် ကျန်းမာရေးအကျိုးကျေးဇူးများစွာရှိ

**ကယ်လီဖိုးနီးယား၊
မတ် - ၂၈**



သစ်ကြားသီးအစေ့များ (Walnuts) သည် ကျန်းမာရေးအကျိုးကျေးဇူးအတွက် အကောင်းဆုံးအစေ့အဆန်ဟု ခေါ်ဆိုနိုင်ကြောင်း ကျန်းမာရေးကို အထောက်အကူပြုပြီး အရည်အသွေးမြင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်ကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။

သစ်ကြားသီးအစေ့များသည်မြေပဲစသော အခြားသော အစေ့အဆန်များထက် ကျန်းမာရေးကိုပို၍ အထောက်အကူပြုကြောင်း ပင်ဆယ်ဗေးနီးယားပြည်နယ် စရမ်တန်တက္ကသိုလ်မှ ပညာရှင်ဂျိုးဗင်ဆန်က ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ သစ်ကြားသီးစေ့ လက်တစ်ဆုပ်ခန့်တွင် အခြားသောနေ့စဉ် စားသုံးနေကျ အစေ့အဆန်များထက် ဓာတ်တိုးပစ္စည်းခြေဖျက်သော အာနိသင်နှစ်ဆပါဝင်ကြောင်း၊ ထို့အတွက်ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာအဖြစ် သစ်ကြားသီးအစေ့ကို ပိုမိုစားသုံးသင့်ကြောင်း ၎င်းပညာရှင်က ဆက်လက်ပြောကြားသည်။

ယေဘုယျအားဖြင့် အစေ့အဆန်များတွင် အာဟာရဖြစ်စေသည့်ဓာတ်များ များစွာပါဝင်ကြောင်း၊ အသားကို အစားထိုးနိုင်သောပရိုတိန်းဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်ကြောင်း ကန်ပညာရှင်က ပြောသည်။ မြေပဲ၊ ထောပတ်၊ မြေပဲ(သို့မဟုတ်)အခြားအစေ့အဆန်များ စားသုံးခြင်းသည်နှလုံးရောဂါ၊ အချို့သောကင်ဆာရောဂါများနှင့် အမျိုးအစား (၂) ဆီးချိုရောဂါများကို ကာကွယ်နိုင်ကြောင်း သိရသည်။

ပညာရှင်များသည် ၎င်းတို့၏တွေ့ရှိချက်များကို(၂၄၁)ကြိမ်မြောက် အမေရိကန်ဓာတုဗေဒပညာရှင်အဖွဲ့အစည်းအဝေးတွင် တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

—Ref: UPI

## စာ - ၁၃၊ သင်္ကြန်မှာ အသားအရေ မပျက်စီးစေဖို့ မှ



သင်္ကြန်ရက်အတွင်း ရေကစားကြမည့် သူများအနေဖြင့် အသားအရေပျက်စီးစေသည့် အခြားအကြောင်းအရာ တစ်ခုမှာ နေရောင်ခြည်ဒဏ်ကြောင့် ဖြစ်ကြောင်း သိရသည်။

နေရောင်ခြည်ဒဏ်ခံနိုင်ရန်အတွက် နေရောင်ကာခရင်များ အသုံးပြုရပြီး ထိုခရင်များတွင် နေရောင်ခြည်ဒဏ်ခံနိုင်ရုံသာမက ရေစိုခံ(Waterproof)ဖြစ်စေမည့် အမျိုးအစားများအား ရွေးချယ်အသုံးပြုသင့်ကြောင်း သိရသည်။

"နေရောင်ဒဏ်ခံနိုင်မယ့် ခရင်တွေကို မဖြစ်မနေ လိမ်းရပါမယ်။ ဒါပေမဲ့ တချို့တွေက အသုံးမပြုတတ်တဲ့အတွက် လိမ်းမှအရေပြားကို ထိခိုက်စေတာမျိုးတွေလည်းရှိတယ်။ ခရင်တွေ လိမ်းတဲ့သူတွေက အရေပြားမှာဂျီး(ကြေး)တွေ၊ ချွေးအဆီတွေဖြစ်လာတဲ့အတွက်ရေပက်ခံထွက်ပြီးနားတဲ့အချိန်အိမ်ပြန်ရောက်ရင်ရေချိုးရမယ်။ မဟုတ်ရင်ကွဲနေတဲ့အရေပြားကတစ်ဆင့် ပိုးဝင်နိုင်တယ်" ဟု ဒေါက်တာလင်းထက်က ပြောသည်။

အဆိုပါ ချွေးများ အဆီများကို မဖယ်ရှားပါက မွေးညင်းပေါက်များပိတ်ပြီး ဝက်ခြံများထွက်ခြင်း၊ မွေးညင်းပေါက်များ ရောင်ရမ်းခြင်းစသည့် ဝေဒနာများ ခံစားကြရလေ့ရှိကြောင်း သိရသည်။

နေရောင်ခြည်အောက်တွင် တစ်ချိန်လုံးရေကစားကြမည်ဖြစ်၍ နေရောင်ကာစေမည့်အဝတ်အစားများ၊ ဦးထုပ်များဆောင်းသင့်ကြောင်း သိရသည်။

"သင်္ကြန်မှာ နေရောင်ဒဏ်ခံနိုင်ဖို့ ဝတ်တဲ့အဝတ်အစားက ရိုးရိုးအချိန်မှာ နေရောင်ခြည်ဒဏ်ခံနိုင်အောင် ဝတ်တဲ့အဝတ်အစားနဲ့ မတူပါဘူး။ ရိုးရိုးအချိန်မှာ နေရောင်ပြန်ထွက်အောင် ပါးတဲ့၊ အရောင်ဖျော့တဲ့ အဝတ်တွေ ဝတ်ဆင်သင့်ပေမယ့် သင်္ကြန်မှာက ရေထိတဲ့အတွက် အဲဒါတွေနဲ့ ဆန့်ကျင်ဘက် အရောင်တောက်တောက်တွေ၊ လက်ရှည်တွေ၊ ဦးထုပ်တွေနဲ့ နေရောင်ကို ကာကွယ်သင့်ပါတယ်" ဟု အဆိုပါ ဆရာဝန်ကပြောသည်။

ထို့အပြင် သင်္ကြန်အတွင်း ပက်သည့် ရေကြောင့် ခန္ဓာကိုယ်တွင် အလာဂျီဟုခေါ်သည့် ဓာတ်မတည့်မှု ဖြစ်ခြင်းကိုလည်း ခံစားကြရကြောင်း သိရသည်။

ရေသေကန်ထဲမှ စုပ်ယူအသုံးပြုသော ရေများတွင် မှိုများပေါက်ဖွားနေသည့်အတွက် အဆိုပါ ရေများနှင့် ထိတွေ့ပါက အရေပြားယားယံမှုများပြီး ထိုသို့ဖြစ်လာပါက သန့်ရှင်းသောရေဖြင့် ဆေးကြောခြင်းများ ပြုလုပ်သင့်ကြောင်း သိရသည်။

"အလာဂျီဖြစ်တဲ့သူရဲ့ အခြေအနေပေါ်မူတည်ပြီး လိုအပ်သလို လိမ်းဆေး၊ သောက်ဆေးတွေနဲ့ ပြန်ကုရတယ်" ဒေါက်တာလင်းထက်ကပြောသည်။

အလာဂျီဖြစ်သည့်သူများတွင် ရေမသန့်ခြင်းကြောင့် ဖြစ်ကြသကဲ့သို့ အသုံးပြုသည့် မိတ်ကပ်များ၊ ဆံပင်ဆိုးဆေးများကြောင့် ဖြစ်ပွားသူများလည်း ရှိကြောင်း သိရသည်။

"တချို့တွေက အလှကုန်တွေကို အရင်ကမသုံးဖူးဘဲသင်္ကြန်ကျမှ တည့်၊မတည့် မသိဘဲ သုံးကြတော့ အဲဒီမှာ ရေတွေ၊ လေတွေ၊ အပူချိန်တွေနဲ့ပေါင်းပြီး အလာဂျီတွေဖြစ်ကြတယ်။ ဒါကြောင့်သုံးမယ့်ပစ္စည်းတွေကို တည့်၊မတည့် အရင်စမ်းသုံးပြီးမှ အသုံးပြုသင့်တယ်"ဟု အဆိုပါဆရာဝန်က ပြောသည်။

သင်္ကြန်တွင်းတွင် နေရောင်ကြောင့် အသားအရေလောင်သွားသူများလည်းရှိပြီး ပြင်းထန်သော အသားအရေလောင်ကျွမ်းမှုများတွင် မြန်မာလူမျိုးများ နည်းပါးပြီး ဆေးခန်းသို့ရောက်လာသူများတွင် နိုင်ငံခြားသားများပြားကြောင်း သိရသည်။

နေရောင်ကြောင့် မီးလောင်သကဲ့သို့ အရေပြားလောင်သွားသူများအား လိမ်းဆေး၊ သောက်ဆေးများဖြင့် ပြန်လည်ကုသရပြီး ကုသရသည့် အချိန်ကြာမြင့်စွာ ကုသရကြောင်းနှင့် ထိုသူများအား အသားအေးစေမည့် သနပ်ခါးများ စသည်ဖြင့် အသုံးပြု၍ ကုသနိုင်ကြောင်း သိရသည်။

ထိုကဲ့သို့ မပြင်းထန်သော်လည်း သင်္ကြန်အပြီးတွင် အသားနေလောင်ပြီး မည်းသွားသူများမှာ ချက်ချင်းအသားပြန်ဖြူစေမည့် ပေါင်းတင်ခြင်း၊ body scrib လုပ်ခြင်းများ မပြုလုပ်သင့်ဘဲ ဦးဆုံး နေရောင်ခြည် ထိတွေ့မှုမရှိစေရန် နေထိုင်ပြီး အသားအရေ ပြန်လည်ကောင်းမွန်လာမှသာ ပေါင်းတင်ခြင်းများ ပြုလုပ်သင့်ကြောင်း သိရသည်။

"အဲလိုအချိန်တွေမှာ အသားအေးအောင်ပဲ လုပ်သင့်တယ်။ ပေါင်းတင်တာတွေက အရေပြားပူစေတဲ့အတွက် ပိုတောင်လောင်သွားနိုင်တယ်" ဟု ဒေါက်တာလင်းထက်ကပြောသည်။

နေ့စဉ် ရေကစားမည့်သူများသည်လည်း ပြန်လာချိန်ညပိုင်းတွင် အရေပြား၌ အညစ်အကြေးများ မပိတ်စေရန် ရေချိုးခြင်း၊ နေလောင်ပါက အရေပြားအေးစေမည့် သနပ်ခါးများ လိမ်းခြင်း၊ နေမလောင်ပါကလည်း အဆီတစ်ခုခု လိမ်းခြင်းဖြင့် သင်္ကြန်တွင်း အရေပြားပျက်စီးမှု မရှိစေရန် သတိပြုနေထိုင်နိုင်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။

## စာ-၁၃၊ သင်္ကြန်မှာယမကာ သတိထားသောက်ပါ မှ

သင်္ကြန်ကာလအတွင်း အလွန်အကျွံမူးယစ်သောက်စားမှုများ ပြုလုပ်ပါက ရာသီဥတုဒဏ်ကပြင်းထန်သဖြင့် အမူးလွန်ကာ အော့အန်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းများဖြစ်ပေါ်ကာရုတ်တရက် ရှော့ခ်ဖြစ်ခြင်းများဖြစ်ပေါ်တတ်ကြောင်း အထွေထွေရောဂါကုဆရာဝန် ဒေါက်တာလှိုင်စိုးဝယ်ကပြောသည်။

ယခင်နှစ်က အပူချိန်လွန်ကဲခဲ့သဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းမန္တလေးဘက်တွင်အရက်ဆိုင်များအား ပိတ်ခိုင်းခဲ့ရသည့် အခြေအနေသို့ပင်ရောက်ရှိခဲ့ရာ ယခုနှစ်တွင်မူ ယခင်နှစ်ကကဲ့သို့ အပူချိန်လွန်ကဲခြင်းမရှိသေးသော်လည်း သင်္ကြန်အတွင်း၌ အရက်အလွန်အကျွံသောက်သုံးခြင်း မပြုလုပ်ကြသင့်ကြောင်းသိရသည်။

သင်္ကြန်အတွင်း အရက်သောက်ကြရာတွင် ပျော်ရွှင်မှုဖြင့် သောက်သုံးကြသောကြောင့် မိမိတို့သောက်နိုင်သည့် ပမာဏထက်ကျော်လွန်ကာ သောက်သုံးမိသွားတတ်ကြပြီး အချို့မှာ မိမိတို့၏ သောက်သုံးမှုပမာဏများသွားမှန်းပင်မသိလိုက်ကြဘဲ လည်ပတ်နေချိန်၌ပင် မမျှော်လင့်သော အန္တရာယ်နှင့် ရင်ဆိုင်ကြရတတ်သည်။

သင်္ကြန်တွင်း နားနေချိန်များတွင်လည်း သောက်စားပျော်ပါးကာ နားနေတတ်ကြရာ မြစ်နား၊ချောင်းနား၊ရေကန်နားတွင် နားနေမိကြပါက မူးလာချိန်တွင် ရေဆင်းကူးတတ်ကြသော အလေ့ အထရှိကြသည်။

ထိုအခါတွင် အမူးလွန်သူများသည် အန္တရာယ်နှင့် ရင်ဆိုင်ကြရသည်များလည်းရှိကြသည်။ ကိုယ်တွင်း၌ အရက်အလွန်အကျွံသောက်ထားသူများသည် ရုတ်တရက်ရေဆင်းကူးမည်ဆိုပါက လည်ပင်းကြွက်သားများနှင့် အစာရေမျိုကြွက်သားများ ရုတ်တရက်ကျုံ့သွားကာ လည်ပင်းညှစ်လိုက်သကဲ့သို့ဖြစ်ပြီး အသက်ဆုံးရှုံးရတတ်ကြောင်း သိရသည်။

ထို့အပြင် အခြားသော အကြောင်းအရာများကြောင့်လည်း ရေဆင်းကူးချိန်တွင် အသက်ဆုံးရှုံးရသည်များလည်းဖြစ်ပေါ်တတ် ကြောင်းသိရသည်။

"ပြီးခဲ့တဲ့ လေးနှစ်လောက်တုန်းကပေါ့၊ ကန်တော်ကြီးထဲမှာ လူငယ်တစ်စုနေ့ခင်းဘက်လာနားကြတာအကုန်လည်းမူးနေကြတယ်။ သူတို့အုပ်စုကလည်း တစ်ယောက်ပြီး တစ်ယောက်ရေဆင်းကူးကြတာ သူတို့အထဲမှာကောင်လေးတစ်ယောက်ကမူးပြီး ရေဆင်းကူးတာ၊ ရေနစ်တာလားဘာဖြစ်တာလဲမသိဘူး သေသွားတယ်"ဟု မျက်မြင်ကြုံတွေ့ခဲ့သူတစ်ဦးက သူ၏အတွေ့အကြုံကို ပြန်လည်ပြောပြသည်။

သင်္ကြန်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်ပြီး အခါကြီး၊ရက်ကြီးဖြစ်၍ အဆိုပါပွဲတော်၌ လူကြီးသူမများက လူငယ်များအားအရက်သောက် သုံးမှုမပြုကြစေလိုပေ။ သို့သော်လည်း ခေတ်ရေစီးကြောင်းအရ အဆိုပါကာလအတွင်းတွင်အမျိုးသားများသာမက အမျိုးသမီးများပါ အရက်သောက်ကာ ပျော်ပါးတတ်ကြသည်။သင်္ကြန်လွန်ချိန်တွင်အရက်ကြောင့်ရရှိသည့် နောက်ဆက်တွဲရောဂါများကြောင့်ဆေးကုသမှုခံယူကြရသူများထဲတွင် အမျိုးသားများသာမက အမျိုးသမီးများလည်း ပါဝင်တတ်ကြကြောင်း ဒေါက်တာလှိုင်စိုးဝယ်ကပြောသည်။

အကယ်၍သင်္ကြန်ကာလတွင် သောက်စားမှုလွန်ကဲခဲ့ပါကလည်း သင်္ကြန်ပြီးချိန်တွင် သောက်စားမှုများရပ်တန့်ကာ ပြန်လည်အား ဖြည့်အနားယူခြင်းများပြုလုပ်သင့်ကြောင်း သိရသည်။

"တချို့က သင်္ကြန်တွင်းမှာ လည်းတော်တော်များများသောက်ကြတယ်။ သင်္ကြန်ပြီးတော့လည်း အရှိန်နဲ့ ဆက်သောက်နေကြတုန်းပဲ၊အဲဒါမျိုးတွေကမလုပ်သင့်ပါဘူး" ဟု ဒေါက်တာလှိုင်စိုးဝယ်က ပြောသည်။

သင်္ကြန်အတွင်း၌ သောက်စားမှု လွန်ကဲခဲ့သူများသည် သ ကြ်န်ပြီးချိန်တွင် အဆီနည်းနည်းနှင့် ချက်ထားသည့် အသားငါးများ စားသုံးခြင်း၊ အရည်ရွှမ်းသော အသီးအနှံများစားသုံးခြင်းတို့ဖြင့် ခန္ဓာကိုယ်တွင်းလိုအပ်သည့် အာဟာရဓာတ်များပြန်လည်ဖြည့်တင်း ကာခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်များ ပုံမှန်ပြန်လည် လည်ပတ်စေရန် ပြု လုပ်သင့်ပါသည်။

အကယ်၍ လိုအပ်ပါကလည်း နားလည်တတ်ကျွမ်းသည့် ဆရာဝန်နှင့် တိုင်ပင်ကာ လိုအပ်သလိုဆေးကုသမှုခံယူကြရန်လိုအပ်ကြောင်း သိရသည်။

Regional
7DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

# မြေဂရန်အတုများ မပေါ်ပေါက်စေရန် ဂရန်ပုံစံသစ် အသုံးပြုမည်ဆို

စိုင်းသာအောင်

**မန္တလေး၊ မတ်- ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြ မြေယာစီမံ ခန့်ခွဲမှုဌာနမှမြို့သစ်ဂရန်အတုများ မထွက်ရေး၊ မြေဂရန် အတုများပြုလုပ်၍ ပေါင်နှံခြင်း၊ ရောင်းချ ခြင်းများ မပြုလုပ်နိုင်ရေးအတွက် လျှို့ဝှက်သင်္ကေတအဆင့် ၄ ဆင့် ပါသော မြေဂရန်အသစ်များကို ၂၀၁၁ ခုနှစ် ဇွန်လခန့်မှ စတင်အသုံးပြုရန် စီစဉ်ဆောင်ရွက်နေကြောင်း မြို့ပြမြေယာစီမံကိန်းခန့်ခွဲမှု ဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ 7Day News မှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာစီမံခန့်ခွဲရေးဌာန၊ ဌာနမှူးနှင့် တွေ့ဆုံမေးမြန်းရာ “မန္တလေးမြို့မြေဈေးက ၂၀၀၀ပြည့်နှစ်နောက်ပိုင်းမှာ ဈေးမြင့်လာပါတယ်။ မြေဈေးမြင့်လာမှုအပေါ် ဘိုးဘွားပိုင်မြေ၊ ဂရန်မြေအရှုပ်အရှင်းတွေပေါ်လာတယ်။ ညီအစ်ကို၊ ညီအစ်မအရင်းတွေကလည်း မြေဈေးတန်လာတဲ့အပေါ် အမွေမှုတွေရှုပ်ထွေးလာတယ်။ မြို့သစ်တွေမှာ အသစ်ချပေးတဲ့ ဂရန်မြေတွေမှာလည်း မြေနေရာချထားမှုမိတ္တူ၊ မြေဂရန်မိတ္တူကော်ပီခေတ်ဖြစ်နေတော့ လိမ်လည်မှုတွေ မကြာခဏ ဖြစ်ပေါ်နေတယ်။ အချို့မြို့သစ် ၁ ရပ်ကွက်ဗိုလ်ချုပ်ရွာက မြေတောင် ဂရန်မိတ္တူ၊ မြေနေရာချထားမှု မိတ္တူတွေအသုံးပြုပြီး လိမ်လည်ပေါင်နှံတာတွေ ရောင်းချတာတွေ ဖြစ်ပေါ်နေပါတယ်” ဟု ၎င်းကပြောသည်။



ဓာတ်ပုံ-အာအမ်

ထို့ကြောင့် လိမ်လည်မှုများ မဖြစ်ပေါ်စေရန်ဆောင်ရွက်နေခြင်းဖြစ်သည်ဟုဆိုသည်။ “မြေကိစ္စနှင့် ပတ်သက်ပြီး ဘိုးဘွားပိုင်မြေပဲဖြစ်ဖြစ် ဂရန်မြေပဲဖြစ်ဖြစ် ဂရန် မူရင်းတောင်းတယ်။ လာရောက်ဆက်သွယ်လုပ်ကိုင်သူရဲ့ မှတ်ပုံတင် မူရင်းတောင်းပြီးစစ်ဆေးတယ်။ အားလုံးစစ်ဆေးပြီးမှန်ကန်မှသာ မြေတိုင်းခွင့်၊ မြေပုံထုတ်ခွင့် ပြုပါတယ်။ အခုနောက်ဆုံးအစီအစဉ် အနေဖြင့် လုံခြုံမှုအဆင့် ၄ ဆင့် သတ်မှတ်ထားတဲ့ ဂရန်ပုံစံသစ် ထုတ်ပေးဖို့ မြို့တော်ဝန်ညွှန်ကြားချက်နဲ့ ဆောင်ရွက်နေပါပြီ။ ဒီလို ဆောင်ရွက်ရတာက မန္တလေးမြို့မှာ ရိုးရိုးသားသားမြေဝယ်မယ့်သူတွေ၊ မြို့သူမြို့သားတွေ အလိမ်မခံရအောင်ပါ။ မြို့တော်စည်ပင်ရဲ့ ၂၀၁၁ ခုနှစ် ဂရန်သစ်ပုံစံက တော့ မြို့နေလူထုအတွက် မြေကိစ္စတွေနဲ့ပတ်သက်ပြီး မရိုးသားတဲ့ပွဲစားတွေ၊ လုပ်စားတဲ့လူတွေ ရိုက်စားသမားတွေရန်ကကင်းဝေးအောင်အကောင်းဆုံး စီမံဆောင်ရွက်ထားတာပါ” ဟု ရှင်းပြသည်။

ထိုဌာနသို့ မြေတိုင်း ခွင့်လျှောက်ထားသူတစ်ဦးက “ကျွန်တော်ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံကွက်သစ်မှာ ၁၉၉၄ ခုနှစ်က ပေ ၄၀× ပေ ၆၀ မြေ တစ်ကွက် ရထားပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်က ကျပ်သိန်း ၁၂၀ ပဲတန်ပါတယ်။ အခုကျပ်သိန်း ၅၀၀အထိ တန်ဖိုးမြင့်လာတော့ အိမ်ဆောက်ဖို့ မြေတိုင်းလျှောက်လွှာတင်ပါတယ်။ ဂရန်မူရင်းတောင်းတယ်။ မှတ်ပုံတင်မူရင်းတောင်းပြီး စစ်တယ်။ အမှားအယွင်းကင်းရေးအတွက် သေသေချာချာစိစစ်ဆောင်ရွက်တာကိုတွေ့ရပါတယ်”ဟုပြောသည်။

# ပွဲစားကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း ဥက္ကဋ္ဌသစ် ဦးသိန်းထွန်းဖြစ်လာ

ညီညီဇော်

**မန္တလေး၊ ဧပြီ- ၁**

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း၏ ဥက္ကဋ္ဌသစ်ကို အဆိုပါအသင်း၏ (၇၇) ကြိမ်မြောက် အစည်းအဝေးတွင် ရွေးချယ်ခဲ့ကြောင်း သတင်းရရှိသည်။

ယခင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပေးခဲ့သူမှာ အရိုးတောင်း လက်ဖက်လုပ်ငန်းပိုင်ရှင် ဦးကျော်သိန်းဖြစ်ပြီး သက်တမ်း ၂၅ နှစ်ကြာတာဝန်ယူခဲ့သည်။

ယခုဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူ ဆောင်ရွက်သွားမည့် ပုဂ္ဂိုလ်မှာ ဆားတောင်ပွဲရုံပိုင်ရှင် ဦးသိန်းထွန်းဖြစ်ပြီး ၎င်းအသင်းကြီးတွင် အမှုဆောင်အဖွဲ့ဝင်အဖြစ် ၂ နှစ်၊ ဆော်သြရေးမှူးအဖြစ် ၅ နှစ်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ၂ နှစ်၊ ဘဏ္ဍာရေးမှူးအဖြစ် ၇ နှစ်၊ ဒုဥက္ကဋ္ဌအဖြစ် ၅ နှစ် စုစုပေါင်း ၂၁ နှစ် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်သည်ဟု သတင်းရရှိသည်။

“ကျွန်တော်ကတော့ ကိုယ့်ထက်အရင်လူကြီးတွေ လုပ်သွားသလိုပဲ အသင်းကြီးတိုးတက်ရာ တိုးတက်ကြောင်းကို အစဉ်အလာမပျက် ဆောင်ရွက်သွားမှာဖြစ် ပါတယ်။ အသင်းသားတွေရဲ့ ဆန္ဒ တွေကိုလည်း အလေးထားပြီး အသင်းကြီးတည်တံ့ခိုင်မြဲအောင် တိုးတက်နေတဲ့ခေတ်ကြီးနဲ့ မျက်ခြည်မပြတ်သွားအောင်လုပ်ဆောင်သွားမှာပါ” ဟု အသင်းဥက္ကဋ္ဌသစ် ဦးသိန်းထွန်းက ပြောသည်။

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းသည် မန္တလေးမြို့စည်ပင်သာယာနယ်နိမိတ်အတွင်းရှိကျောင်းတိုက်များတွင် သီတင်းသုံးတော်မူနေသော သံဃာတော်တို့အား နှစ်စဉ်နှစ်တိုင်း ကထိန်သင်္ကန်းနှင့်တကွ အရန်လှူဖွယ်ပစ္စည်းများကို ခင်းကျင်းလှူဒါန်းရန်နှင့် အသင်းသားအချင်းချင်း သမာသမတ်မျှတစွာ အရောင်းအဝယ်ပြုလုပ်နိုင်စေရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး အသင်းသားပေါင်း (၂၀၄၂)ဦး ကိုယ်စားလှယ်ပေါင်း ၂၈၂၃ ဦးလက်ခံထားသည်ဟု သိရသည်။

# မုံရွာမြို့နယ်အတွင်း ဝက်အချို့သေဆုံးပြန်

ရန်နိုင်ကျော်

**မုံရွာ၊ မတ်- ၂၈**

မုံရွာမြို့နယ်အတွင်း ယခုနှစ် မတ်လကုန်ရက်ပိုင်းတွင် ရာသီဥတုပြောင်းလဲမှုများကြောင့် မွေးမြူရေးလုပ်ငန်းများမှ ဝက်အချို့ ရုတ်တရက် သေဆုံးမှု ကြုံတွေ့ခဲ့ရကြောင်း မုံရွာဒေသခံ ဝက်မွေးမြူရေးလုပ်ကိုင်သူများကပြောသည်။

“မုံရွာမှာ မတ်လကုန်ရက်ပိုင်း အတွင်း ရာသီအပြောင်းအလဲကြောင့်ဝက်တွေရုတ်တရက် သေဆုံးတာတွေကြုံခဲ့ရတယ်။ မတ်လလယ်ရက်ပိုင်းအတွင်းမှာ မန္တလေးတိုင်းအတွင်း ဝက်နားရွက်ပြာရောဂါဖြစ်ပွားတဲ့နောက်ပိုင်း ဝက်တွေရောဂါကူးစက်မှုမရှိအောင် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပိုးသတ်ဆေးတွေဖျန်း၊ဝက်ခြံသန့်ရှင်းရေးတွေဆောင်ရွက်ခဲ့ပါတယ်။ ရာသီအပြောင်းအလဲမှာ ဝက်တွေ ရုတ်တရက် သေဆုံးတော့ အများစုက ဝက်နားရွက်ပြာရောဂါလို့ပဲထင်နေကြတာ။ ဘာရောဂါနဲ့ ဝက်တွေ သေတယ်ဆိုတာသေသေချာချာမသိပါဘူး”ဟု မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ဒေသခံမွေးမြူသူတစ်ဦးကပြောသည်။

မြို့ပေါ်ရှိ ဈေးကြီးများတွင် သားသတ်လုပ်ငန်းများမှရောဂါကင်းစင်သောအသားနှင့်ငါးများကိုသာ ရောင်းချခွင့်ပြုသောကြောင့် ဝက်သားဈေးမှာ ကျပ် ၅,၀၀၀ မှ ၆,၀၀၀ အထိ ဈေးကွက်တည်ငြိမ်စွာရောင်းချလျက်ရှိပြီး ရပ်ကွက်အတွင်း လှည့်လည်ရောင်းချသော ဝက်သားရောင်းချသူများမှာ မတ်လကုန်ရက်ပိုင်းအတွင်း ဝက်သား တစ်ပိဿာကျပ် ၂,၅၀၀ မှ ၅,၀၀၀ အထိဈေးအမျိုးမျိုးဖြင့်ရောင်းချလျက်သည်။

“ဈေးထဲက ဝက်သားကတော့ ဈေးမပြောင်းပေမယ့် အိမ်တိုင်ရာရောက် လာရောင်းတဲ့ဝက်သားရောင်းသူတွေက ဝက်သား တစ်ပိဿာ ကျပ် ၂,၅၀၀ အထိ ဈေးလျှော့ရောင်းတယ်။ အချို့ကလည်းဝက်သေလို့လာရောင်းတဲ့သူတွေရှိသလို တချို့ဝက်သားသတ်လုပ်ငန်းကမဝယ်လို့ ကျေးရွာတွေ မှာကိုယ်တိုင်ဖော်(ကိုယ်တိုင်ဝက်သတ်) ရောင်းသူတွေလည်း ရှိတယ်။

စာ(၄၀) သို့



# Huawei Technology Co., Ltd. မှ အသိပေးကြေငြာခြင်း

ယခုတလော မြန်မာနိုင်ငံ၏ဈေးကွက်အတွင်းသို့ Huawei CDMA 450M handset C210e ၏ပုံစံတု CE210 ကို မြန်မာပြည်တွင် အတုထွက်ရှိနေကြောင်း တရုတ်ပြည် Huawei Technology Co., Ltd. မှ သတင်းရရှိထားပါသည်။ Huawei ကုမ္ပဏီမှ CE210 ဆိုသောအမျိုးအစားကို ထုတ်လုပ်ထားခြင်းမရှိပါ။ CE210 ထုတ်လုပ်သော ကုမ္ပဏီကို သက်ဆိုင်ရာသို့ အရေးယူထားပြီးဖြစ်ပါသည်။ CE210 အမျိုးအစားမှာ ပြဿနာအများအပြားကို ဖြစ်စေ၍ Huawei ၏ ဂုဏ်သတင်းကိုကျဆင်းစေပါသည်။ Huawei ကုမ္ပဏီ၏ ဂုဏ်သိက္ခာကိုကျဆင်းစေသော CE210 ကို မသုံးမိစေရန်နှင့် မရောင်းမိစေရန်အတွက် ပြည်သူများထံသို့ အသိပေးသတင်းပေးအပ်ပါသည်။ မြန်မာပြည်သူများ ခွဲခြား၍မရနိုင်သော ပုံစံတု Huawei ကုမ္ပဏီမှထုတ်သော C210e နှင့် CE210 ပုံစံကို မည်သို့ခွဲခြားအသုံးပြုရမည်ကို အောက်ပါပုံအတိုင်း သိရှိနိုင်ပါသည်။




HUAWEI






# နေပြည်တော်တွင် ဝက်သားစားသုံးမှု လျော့ကျလာ

ထူးသန့်

**နေပြည်တော်၊ ဧပြီ- ၁**

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု မြန်ဆန်လွန်း၍ နောက်ဆက်တွဲ ဖြစ်ပေါ်လာသော တိရစ္ဆာန်ကျန်းမာရေးနှင့်ဆိုင်သည့် သတင်းများအရ နေပြည်တော်မြို့ပြဈေးများအတွင်းမှ ဝက်သားဝယ်ယူစားသုံးသူလျော့ကျလာကြောင်း ဒေသခံများထံမှ စုံစမ်းသိရသည်။

ပြီးခဲ့သည့် မတ်လ တတိယနှင့် နောက်ဆုံးပတ်အတွင်း တစ်ပိုင်တစ်နိုင် မွေးမြူထားကြသော ဒေသဝက်များ သားလျှောခြင်း၊ နာမကျန်းဖြစ်ကာ သေဆုံးခြင်းစသော သတင်းများ ပြည်သူများထံ ပျံ့နှံ့လာပြီးနောက် ဝက်သားစားသုံးခြင်းကိုလည်း ရှောင်ကြဉ်လာခဲ့ကြောင်း နေပြည်တော်ပျဉ်းမနားမြို့ကံဦးရပ်ကွက်နေ အသက် ၃၀ အရွယ်အိမ်ရှင်မတစ်ဦးက ပြောသည်။ "တစ်လောက သူဌေးကုန်းဘက်မှာ ဖြစ်နေတယ်လို့ ကြားတယ်။ အခုလည်း ကျွန်မတို့ဘက်မှာ သားလျှောတာ၊ သေတာတွေ တွေ့မြင်ရတယ်။ အဲဒါကြောင့် ဝက်သားကို ကြိုက်ပါလျက်နဲ့ ဝယ်မစားဖြစ်တော့ဘူး။ ကြက်သားကိုလည်း နောက်နားက ဖြစ်ခဲ့ပြီးတဲ့နောက် မစားချင်တော့ဘူး။ ခုတော့ ငါးကိုပဲ အဓိကစားဖြစ်နေတယ်"ဟု ၎င်း၏စားသုံးမှုအခြေအနေကို ပြောသည်။



ဓာတ်ပုံ - စိုင်းသာအောင်

၎င်းရပ်ကွက်အတွင်းမှ ဆိုက်ကားသမား ကိုဝင်းအောင်ကလည်း ပြီးခဲ့သည့် အပတ်အတွင်း နေမကောင်းသည့် ဝက်ရော သေဆုံးသည့် ဝက်ကိုပါ ဒိုင်များသို့ သယ်ယူရောင်းချပေးခဲ့ ရကြောင်း နေမကောင်းသည့် ဝက်ကို တစ်ပိဿာ ၁,၅၀၀ ကျပ် နှုန်းသေသည့် ဝက် တစ်ပိဿာ ၁,၀၀၀ ကျပ်နှုန်းဖြင့်ဈေးဖြတ် ရောင်းချခဲ့ရကြောင်း ပြောကြားသည်။

တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသူများအနေဖြင့် နီးစပ်ရာ ပုဂ္ဂိုလ်များဖြင့် ကာကွယ်ဆေး/ကုသဆေးများထိုးခဲ့သော်လည်း အကျိုးမရှိခဲ့ကြောင်း ပြောဆိုခဲ့ကြသည်။ ဈေးများနှင့် ရပ် ကွက်အချို့၌ယခုရက်ပိုင်းအတွင်းဝက်သား ရောင်းချမှုများ တွေ့မြင်ခဲ့ရပြီး တစ်ပိဿာလျှင် ၅,၀၀၀၊ ၇,၀၀၀ ကျပ် ရောင်းချခဲ့ကြကြောင်း အိမ်ရှင်မအချို့က ပြောသည်။

# စစ်တွေ-ဘူးသီးတောင် သင်္ဘောပေါ်တွင် လောင်းကစားပြုလုပ်မှုများရှိနေ

မောင်ကံ

**မောင်ကံ၊ မတ်- ၂၈**

အပျော်အပါးအပျင်းပြေကစားရာ မှ လောင်းကြေးကြီးအဖြစ် ကစားလာမှုကြောင့် စစ်တွေ-ဘူးသီး တောင် သင်္ဘောပေါ်တွင် လောင်းကစားမပြုလုပ်ရန် တင်းကျပ်စွာ တားမြစ်ထားသော်လည်း ခရီးသည်အချို့ဆက်လက်လောင်းကစားနေကြောင်း သတင်းရရှိသည်။

"လောင်းကစားဝိုင်းက သိတဲ့အတိုင်းပဲ။ အော်လိုက်၊ ဆူလိုက်နဲ့ ခရီးသည်တွေကို အတော်လည်း အနှောင့်အယှက်ဖြစ်ပါတယ်။ အရင်တုန်းက တစ်နေကုန် တစ်နေခမ်းသွားရတဲ့ ခရီးဖြစ်လို့အပျော်အပါးအပျင်းပြေကစားရာကနေ စီးပွားဖြစ်ကြေးကြီးကစားလာတဲ့အတွက် တားမြစ်ခဲ့တာပါ။ စပြီး တားမြစ်တုန်းကတော့ တစ်ယောက်မှ မကစားကြပါဘူး။ အခုတော့ပြန်ပြီးကစားနေကြပါတယ်" ဟု စစ်တွေနှင့် ဘူးသီးတောင် အမြဲတမ်းသွားနေသူ တစ်ဦးက ပြောသည်။ ထို့နောက် အချို့မှာခရီးသွားရင်းလောင်းကစားပြုလုပ်ကြခြင်းမဟုတ်ဘဲ လောင်းကစားပြုလုပ်ရန် သင်္ဘောပေါ်တွင် နေ့တိုင်းလိုက်ပါနေကြောင်းနှင့် လောင်းကစားမှုကြောင့် သင်္ဘောပေါ်တွင် ပြဿနာဖြစ်ပေါ်မှုများရှိလာကြောင်း သိရသည်။

# မသင်္ကာ၍စစ်ဆေးရာက မူးယစ်ဆေးဝါးရောင်းချနေသူကို ဖမ်းဆီးရမိ

ကျော်ဇေယျ

**နေပြည်တော်၊ မတ်- ၃၀**

နေပြည်တော် ပျဉ်းမနားတွင် ယခုလ ၂၄ ရက် နေ့လယ် ၁၁း၄၀ အချိန်ခန့်က မန္တလေးတောင်ပိုင်း မူးယစ်(အထူး)တပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ စီကောက်ရွာအနီးရှိ ပျဉ်းမနား-တောင်တွင်းကြီး ရထားသံလမ်းဘေးတွင် တွေ့ရှိရသူအောင်ကိုလတ်(ခ) ဖားပျံဆိုသူအား မသင်္ကာ၍ရွာမရယကရုံးသို့ခေါ်ဆောင် စစ်ဆေးခဲ့သည်။ ထိုသူဝတ်ဆင်ထားသော ပုဆိုးခါးကြားဘယ်ဘက်တွင်လိပ်ထားသော ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့်များ (အလေးချိန် ၀ ဒသမ ၂၅ ဂရမ်) ထည့်ထားသည့် ပနယ်စလင်ပုလင်းတစ်လုံးအား တွေ့ရှိခဲ့သည်။

၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှငွေကျပ်ငါးသောင်းကိုလည်းတွေ့ရ၍ စစ်ဆေးမေးမြန်းရာ အဆိုပါ ပစ္စည်းအား စီကောက်ရွာနေကိုထွေး (၃၅)နှစ်ဆိုသူထံမှ ယခုလ ၂၃ ရက်က ငွေကျပ်တစ်သိန်းဖြင့် ဝယ်ယူလာခြင်းဖြစ်ကြောင်း ငါးသောင်းကျပ်ဖြင့် ရောင်းချပြီး ကျန်ရှိသော ပစ္စည်းအား ဆက်လက်ရောင်း ချရန်ပြင်နေချိန်တွင်အဖမ်းခံခဲ့ရခြင်း ဖြစ်ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ရဲတပ်ဖွဲ့မှ ဆက်လက်၍ ကိုထွေးဆိုသူအား လိုက်လံဖမ်း ဆီးရာ ယင်းမှာ ထွက်ပြေးတိမ်းရှောင်သွား၍ ကိုထွေး(၃၅)နှစ်နှင့် အောင်ကိုလတ်(ခ)ဖားပျံဆိုသူအား နေပြည်တော်ပျဉ်းမနား မယ(ပ)၁/၂၀၁၁၊ မူး/စိတ်ဥပဒေပုဒ်မ၁၅/၁၆(ဂ)/၂၀(က)/၂၁ အရအမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။ အမှုတွင် လက်ရဖမ်းမိသူ အောင်ကိုလတ် (ခ)ဖားပျံဆိုသူသည် ၂၀၀၆ ခုနှစ်ခန့်ကလည်း ယာဘာ့ခေါ်စိတ်ကြွရူးသွပ်ဆေးပြားရောင်းချမှုဖြင့် ပြစ်ဒဏ်ကျခဲ့သူဖြစ်ကြောင်း ပြစ်မှုမှတ်တမ်းဟောင်းများအရ သိရသည်။

# မန္တလေးတွင်ပုံမှန်အတိုင်း ဝက်သား ပြန်စားလာ

ညီညီဇော်


**မန္တလေး၊ ဧပြီ- ၂**

မန္တလေးမြို့တွင် ဖေဖော်ဝါရီလပထမပတ်မှစ၍ ဝက်နားရွက်ပြာရောဂါဖြစ်ပွားပြီး ဝက်များသေဆုံးမှုကြောင့် ဝက်သားစားသုံးသူနည်းပါးခဲ့သော်လည်းယခုအချိန်တွင် ဝက်သားကို ပုံမှန်အတိုင်း ပြန်လည်စားသုံးလာကြကြောင်း သတင်းရရှိသည်။

အဆိုပါဝက်နားရွက်ပြာရောဂါဖြစ်ပွား၍ ဝက်များသေဆုံးခဲ့သည့်အချိန်က ဝက်သားစားသူနည်းသွားသည့်အပြင်မြန်မာ့ရိုးရာနတ်ပွဲများ ပြုလုပ်သည့် အချိန်အခါဖြစ်သောကြောင့် ဝက်သားရောင်းအား ကျဆင်းခဲ့ပြီး ယခုအချိန်တွင်မူ ပြန်လည်ရောင်းအားမြင့်တက်လာကြောင်း ဝက်သားရောင်းဝယ်သူများကပြောသည်။

"ဝက်တွေရောဂါရပြီး သေတုန်းက ဝက်သားစားမယ့်သူမရှိလို့ တစ်နေ့ သုံးပိဿာ ချက်ရ မယ့်နေရာမှာ တစ်ပိဿာခွဲပဲချက်ရတယ်။ အခုတော့ ဝက်သားပြန်စားလာလို့ သုံးပိဿာပြန်ချက်နေရပြီ"ဟု မန္တလေးမြို့ ရတနာပုံဈေးအနီးရှိ ထမင်းဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။ မန္တလေးမြို့တွင် ဝက်သားတစ်ပိဿာလျှင်ကျပ် ၆,၀၀၀ မှ ၉,၀၀၀ အတွင်းရှိကြောင်း ဝယ်ယူစားသုံးသူများက ပြောသည်။

# ရခိုင်ပြည်နယ်အတွင်း လမ်းနှင့်တံတားအသုံးပြုခ ကောက်ခံရေးဂိတ် ယခင်နှစ်ထက်ငါးဂိတ်တိုးလာ



ဓာတ်ပုံ - မောင်ကံ

မောင်ကံ

**မောင်တော၊ မတ်- ၂၈**

ရခိုင်ပြည်နယ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လေလံတင်ရောင်းချမည့် လမ်းနှင့်တံတားအသုံးပြုခကောက်ခံရေးဂိတ်များမှာ ယခင်နှစ်လေလံတင်ရောင်းချခဲ့သည့် ဂိတ်ထက်ငါးဂိတ်တိုးလာကြောင်း သိရသည်။

၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်အတွက် လေလံတင်ရောင်းချခဲ့သည့် လမ်းနှင့် တံတားအသုံးပြုခကောက်ခံရေးဂိတ်များမှာ လမ်းဂိတ်များအဖြစ် စစ်တွေဂိတ်(စစ်တွေ-အမ်းလမ်း)နှင့် ဂွဂိတ်(ငါး သိုင်းချောင်း-ဂွလမ်း) တို့ဖြစ်ပြီး တံတားဂိတ်များတွင် ပစ္ဆပနဒီတံတား၊ ရာမောင်တံတား၊ မင်းချောင်းတံတား၊ အမ်းကြိုးတံတား၊ ပုစွန်ဖြေတံတား၊ ကျိန္တလီ-တံတား၊ ကိုင်းရှည်တံတားတို့ပါဝင်ခဲ့ကြောင်း သိရသည်။

၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်အတွက် လေလံတင်ရောင်းချမည့် လမ်းနှင့်တံတားအသုံးပြုခကောက်ခံရေးဂိတ်များအဖြစ် သံတွဲဂိတ် (တောင်ကုတ်-သံတွဲလမ်း)၊ တောင်ကုတ်ဂိတ်(တောင်ကုတ်-သံတွဲ လမ်း)၊ တောင်ကုတ်ဂိတ် (ပန်းတောင်း-တောင်ကုတ်လမ်း)၊ လမ်းဂိတ် (၃)ဂိတ်နှင့် တံတားဂိတ်များအဖြစ် ဒွါရာဝတီမြို့ဦးတံတား (တောင်ကုတ်-သံတွဲလမ်း) နှင့် ရွှေလေ့တံတား(တောင်ကုတ်- သံတွဲလမ်း) တို့တိုးလာကြောင်းသိရသည်။ အဆိုပါလမ်း၊ တံတား အသုံးပြုခကောက်ခံရေးလုပ်ငန်းများကို လေလံတင်ရောင်းချရန် မတ်လ ၂၃ ရက်တွင် စစ်တွေမြို့၊ မြို့နယ်အင်ဂျင်နီယာ၌ရုံးလျှောက်လွှာများတင်သွင်းနိုင်ပြီဖြစ်ကြောင်းသိရသည်။

English, Japanese, Korean, Chinese
ဘာသာစကားများ တတ်ကျွမ်းလိုပါက
Flurent Language Centre ကိုဆက်သွယ်ပါ။

နိုင်မူးဇေ Travels & Tours
Apr 12
Apr 12
Apr 12
Apr 12
Apr 12
ဖုန်း - 01 392345, 09493122262, 095133607

သဇင်
Body Beauty အမျိုးသမီးများအတွက်

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.5 ▪ APRIL 7, 2011

# ပဲအများစု ဈေးကျ

ညီညီဇော်

**မန္တလေး၊ ဧပြီ- ၁**

မန္တလေး ပဲမျိုးစုံဈေးကွက်တွင် ယခုတစ်ပတ်အတွင်း ဆီထွက်သီးနှံမှ လွဲ၍ ကျန်ပဲများ အကျဘက်သို့ ဦးတည်နေသည်။

မတ်လလယ်က ၅၆ ပိဿာ ၂၅ သားပါ ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ၁၀၆,၀၀၀ ဈေးပေါက် ခဲ့ပြီး ယခုတစ်ပတ်တွင် တရုတ်နိုင်ငံဘက်မှ ဝယ်လိုအား နည်းသွားသည့်အတွက် ဈေးကျကာ ၉၅,၀၀၀ မှ ၁၀၀,၀၀၀ အတွင်းသာဈေးရှိတော့သည်။ ပဲစင်းငုံ အနီမှာလည်း အိန္ဒိယဘက်မှ အဝယ်နည်း၍ ဈေးကျနေပြီး ပိဿာ ၆၀ ပါတစ်အိတ်လျှင် ၅၅,၀၀၀ ဈေးပေါက်နေသည်။ ပဲစင်းငုံအဖြူ (ရွှေဘို)မှာ ၄၄,၀၀၀ ဈေးပေါက်နေပြီး အရောင်းအဝယ်အေးနေသည်။

မြေပဲဆန်ဈေးကွက်ပုံမှန်ဖြစ်ပြီး မြင်းမူ တစ်ပိဿာလျှင် ၁,၈၀၀ ကျပ်၊ ကျွန်းဆန် စပယ်ရှယ်ဝမ်း တစ်ပိဿာလျှင် ၁,၇၀၀ ဈေးပေါက်နေသည်။ နှမ်းနက်စမုံ အရောင်းအဝယ်မဖြစ်ဘဲ နှမ်းနက်ရိုးရိုးမှာလည်း ၄၅ ပိဿာပါ တစ်အိတ်လျှင် ၇၅,၀၀၀ ဈေးပေါက်ကာ အရောင်းအဝယ်အေးနေသည်။ နှမ်းဖြူမှာ ၇၄,၀၀၀ ဈေးပေါက်နေပြီး စက်ပိုင်များသာ လိုအပ်မှုဝယ်ကာ တရုတ်လိုင်းသမားများ အဝယ်ရပ်နေသည်။ မတ်ပဲမှာ ပုံမှန်အရောင်းအဝယ် ဖြစ်နေပြီး ၆၅,၀၀၀ ဈေးပေါက်နေသည်။ မတ်လလယ်ပိုင်းက အချိန်ခါမဟုတ် မိုးရွာသွန်းမှုကြောင့် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းမှ မတ်ပဲအချို့နှင့် ပဲတီစိမ်းအချို့ မိုးမိခဲ့ပြီး အဆိုပါ မိုးမိပဲအချို့ မန္တလေးပဲဈေးကွက်သို့ဝင်ရောက်လာသည်။ မိုးမိပဲတီစိမ်းအချို့မှာ ၈၈,၀၀၀ မှ ၉၀,၀၀၀ ကြား အရောင်းအဝယ်ဖြစ်သည်ဟု မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# မြစ်သားမြို့တွင် ကိုယ့်အားကိုယ်ကိုး စရိတ်မျှပေး ဆေးခန်းဖွင့်

ညီညီဇော်

**မန္တလေး၊ ဧပြီ- ၁**

မြစ်သားမြို့တွင် မြလှမြင့်အမည်ရှိ ကိုယ့်အားကိုယ်ကိုး စရိတ်မျှပေးဆေးခန်းတစ်ခုစတင်ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဆေးခန်းကို ကွယ်လွန်သူကျောင်းဆရာမများဖြစ်သော ဒေါ်မြ၊ ဒေါ်လှ၊ ဒေါ်သန်းမြင့်ညီအစ်မသုံးယောက်၏ မတည်လှူဒါန်းပေးသော ငွေကြေးဖြင့် တည်ထောင်ထားခြင်းဖြစ်သည်ဟု သိရသည်။ မြစ်သားမြို့တွင် ပြင်ပဆေးခန်းများ၌ ပြသရန်မတတ်နိုင်သော လူနာအချို့သည် မိမိတို့ သဘောဖြင့် ဆေးစပ်ဝယ်သောက်ခြင်း၊ ဆေးမြီးတိုများဖြင့် ဖြစ်သလို ကုသခြင်းများကို ပြုလုပ်ကြသောကြောင့် မလိုလားအပ်သောပြဿနာများ မဖြစ်ပွားစေရန်အတွက် ဆင်းရဲချမ်းသာမရွေး၊လူမျိုးမရွေးသက်သာသောနှုန်းထားဖြင့် ကုသနိုင်ရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ကြောင်း ယင်းဆေးခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဆေးဝါးအလှူရှင်ရှိတဲ့နေ့ဆို လူနာတစ်ရာကျော်လာတယ်။ ပုံမှန်စရိတ်ပဲပေးရမယ့်နေ့ဆိုရင် လူနာသုံးလေးဆယ်လာတယ်"ဟု ၎င်းဆေးခန်းမှတာဝန်ရှိသူက ပြောသည်။

သံဃာတော်များကို အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးမည်ဖြစ်ပြီးဘဏ္ဍာရေးအခြေအနေ တောင့်တင်းလာသောအခါ မိဘမဲ့ကလေးများနှင့် နွမ်းပါးသူများကိုပါ အခမဲ့ကုသပေးရန် အစီအစဉ်ရှိသည်ဟု သိရသည်။ ထို့ကြောင့် ယင်းဆေးခန်းတွင် ဆေးပဒေသာပင်များ စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

# မနလေးစက်မှုဇုန် (၁)မှ ထုတ်လုပ်သော ဘက်စုံသုံးကား (MPV) များ ပြသရောင်းချ

စိုင်းသာအောင်

**မန္တလေး၊ မတ်- ၃၁**

မန္တလေးမြို့တော်ခန်းမတွင် Lifestyles Motors & Industry 2011 ပြပွဲကိုမတ်လ ၂၈ ရက် မှ ၃၁ ရက်တွင် ပြသခဲ့ရာ အဆိုပါပြပွဲတွင် မန္တလေးစက်မှုဇုန် (၁) နယ်မြေ Manstar Group နှင့် Win Mon Star Group တို့မှ ထုတ်လုပ်သော ဘက်စုံသုံးယာဉ် (MPV) များကို စိတ်ဝင်စားမှုရှိ ကြောင်း သိရသည်။

Manstar Group မော်တော်ယာဉ်ထုတ်လုပ်ရေးဥက္ကဋ္ဌ က "ကျွန်တော်တို့ ဘက်စုံသုံးယာဉ် (MPV) ကားတွေကို မော်ဒယ်(၄)မျိုးထုတ်ထားပါတယ်။ အ နည်းဆုံး ကျပ်သိန်း (၃၂၀)မှ အ များဆုံး ကျပ်သိန်း ၄၃၀ ပါ၊ ၅ ရာခိုင်နှုန်းကိုတော့ ပွဲတော်ရက်အတွင်း လျှော့ရောင်းပါတယ်။ စံချိန်စံညွှန်းမီအောင် ထုတ်ထားပါတယ်"ဟု ပြောသည်။ အဆိုပါပြပွဲသို့ စက်မှုဇုန်များမှ ထုတ်လုပ်သောစားသောက်ကုန်ပစ္စည်း၊ အဝတ်အထည်၊ လျှပ်စစ်ပစ္စည်းရောင်းချသောဆိုင်များအပါအဝင် ဆိုင်ခန်းပေါင်း ၈၀ ကျော်ပါဝင်ရောင်းချသည်ကို တွေ့ရသည်။

# လှိုင်မဟာစည် ဝိပဿနာ နည်းသင်တန်းဖွင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၁ ရပ်ကွက်၊ ယောဂီကျောင်းလမ်း၊ လှိုင်တက္ကသိုလ်အနီးရှိ လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်ကြီးတွင် ရဟန်း၊ ရှင်၊ လူ၊ ယောဂီများအတွက် မဟာသတိပဋ္ဌာန်မိဂဒါဝုန် ဝိပဿနာရှုနည်းမှတ်နည်းကျင့်ပွားနည်းများကို နေ့စဉ်နှစ်ပတ်လည် ပိတ်ရက်မရှိ ဆွမ်း စရိတ်မယူအခမဲ့သင်ကြားပို့ချပေးလျက်ရှိသည်။ ဗုဒ္ဓဘာသာဝင် သူ တော်စင်သူတော်ကောင်းများ ကုသိုလ်ယူလေ့ရှိကြသော သင်္ကြန်အခါကာလ၌လည်း ယောဂီများလက်ခံသင်ကြားပေးမည့်အပြင် နေ့စဉ်နံနက် ၇း၃၀ မှ ညနေ ၅ နာရီအထိ နေ့ယောဂီများကိုလည်းကောင်း၊ ည ၇ နာရီမှ ၉ နာရီအထိ ညယောဂီများကိုလည်းကောင်း ထပ်မံ-လက်ခံ သင် ကြားပေးသွားမည်ဖြစ်ပြီး အချိန်ပြည့်ယောဂီများသည် ဧပြီလ ၁၂ ရက်နေ့ လာရောက်ကြရမည်ဖြစ်သည်။

ကြိုတင်စာရင်းများပေးသွင်းလိုပါက သင်တန်းဖြစ်မြောက်ရေးကော်မတီ ဖုန်း-၀၁-၅၂၆၁၈၂၊ ၅၂၁၁၀၇၊ ၅၁၉၇၅၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# မူလသာသနာဒီပကဝိပ နာအဖွဲ့ချုပ် မဟာသင်္ကြန် တရားစခန်းဖွင့်မည်

**ရန်ကုန်၊ မတ်- ၃၀**

ရန်ကုန်မြို့၊ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ကျေးဇူးရှင်ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်းဆရာကြီး၏ တပည့်များ ဖြစ်ကြသောဓမ္မကထိက ဆရာဦး ခင်မောင်ရီ၊ ဆရာဦးမောင်အုံးနှင့် ဆရာဦးသိန်းဆွေ(ရန်ကုန်)တို့က ဓမ္မနုပဿနာသတိပဋ္ဌာန် တရားတော်များဟောပြောပြသလျက် (၉၃)ကြိမ်မြောက် မဟာသင်္ကြန် (၇) ရက်တရားစခန်းကို ဧပြီ ၁၂ ရက်မှ ၁၈ ရက် (၁၃၇၂ ခု၊ တန် ခူးလဆန်း ၉ ရက်မှ ၁၅ ရက် အထိ) ဗဟန်းမြို့နယ်၊ ရွှေတိ ဂုံစေတီအရှေ့ဘက်မုခ်ကြားတောရလမ်းရှိ သမဝါယမဝန်ကြီးဌာန ဓမ္မာရုံတော်ကြီးတွင် ဖွင့်လှစ်မည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဧပြီလ ၁၁ ရက်ညနေ၅း၃၀ ထက်နောက်မကျဘဲ လာရောက်ရမည်ဖြစ်သည်။ လူဦးရေကန့်သတ်ချက်ရှိပါသဖြင့် စခန်းဝင်လိုသူများ ဥက္ကဋ္ဌ ဦးမြသောင်း ဖုန်း- ၂၉၂၀၅၀၊ ၀၉-၅၁၂၃၄၃၇ သို့ကြိုတင်စာရင်းသွင်းရမည်ဖြစ် သည်။ ဆွမ်းနှင့် ရိပ်သာအဆောက် အအုံအတွက် လှူဒါန်းလိုသူများ သည် ဖုန်း- ၀၉-၅၀၅၂၁၁၅၊ ၀၉-၇၃၀၀၀၃၉၃၊ ၅၁၈၃၆၅၊ ၀၉-၇၃၀၆၅၆၈၅၊ ၀၉-၅၀၆၃၁၈၄၊ ၂၉၂၀၅၀၊ ၅၄၆၈၃၈၊ ၅၀၀၁၂၉၊ ၀၉-၄၉၃၂၆၅၉၃ နှင့် ၅၆၄၇၄၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# ပလတ်စတစ် ကင်းမဲ့မြို့တော် စီမံချက် အောင်မြင်ဟုဆို

စိုင်းသာအောင်

**မန္တလေး၊ ဧပြီ- ၁**

မန္တလေးမြို့တော်အား ကြွပ်ကြွပ်အိတ် (ပလတ်စတစ်) ကင်းမဲ့မြို့တော်ဖြစ်ရေးအတွက် ၂၀၀၉ ခုနှစ်ကတည်းက စည်းရုံးဆောင်ရွက်ခဲ့ရာ စည်းကမ်းလိုက်နာမှုများပြီး၊ မြို့တော်ဧရိယာအတွင်းလမ်းများ၊ ရေစီးမြောင်းများ၊ ရေဆိုးထုတ်မြောင်းများတွင် ကြွပ်ကြွပ်အိတ်(ပလတ်စတစ်အိတ်)များ ကင်းစင်သလောက်ရှိသွားပြီဖြစ်ကြောင်း ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနတာဝန်ရှိသူတစ်ဦးကပြောသည်။

မြို့တော်စည်ပင်သန့်ရှင်းရေးဌာန၊ ဌာနမှူး ဦးတင်ထွန်းကျော်က "ကြွပ်ကြွပ်အိတ်ကင်းစင်မြို့တော်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့တာ အောင်မြင်ခဲ့ပါတယ်။ ဈေးအချို့နဲ့ အိမ်ဆိုင်တွေက စည်းကမ်းချက်မလိုက်နာဘဲ ကြွပ်ကြွပ်အိတ်တွေရောင်းချသည်ကိုတွေ့ရှိရပါတယ်" ဟု ဆိုသည်။

မြို့တော်ဧရိယာအတွင်း ယခုနှစ်မတ်လ ၁၆ ရက်မှ ၂၃ရက်အတွင်း ကြွပ်ကြွပ်အိတ်ရောင်းချသော ဆိုင်များကို ရှောင်တခင်စစ်ဆေးအရေးယူခဲ့ကြောင်း၊ အိတ်ရေအနည်းငယ်တွေ့ရှိသောမိုင်ပေါင်း (၁၅၀) အား နောင်ထပ်မံမရောင်းရန်ဝန်ခံကတိ လက်မှတ်ရေးထိုးခိုင်းပြီး ပိဿာ ၁၀ ကျော်ပိဿာဆိုင်ရှင် ၈ ဦးအား တစ်ဦးလျှင် ဒဏ်ငွေကျပ် တစ်သိန်းစီ ဒဏ်ကြေးပေးဆောင် စေပြီး ဆိုင်ရှင်တစ်ဦးအား မြို့တော်စည်ပင်အက်ဥပဒေပုဒ်မ ၂၆ အရ ထောင်ဒဏ်၁၅ ရက် မြို့တော်စည်ပင်တရားရုံးမှ အရေးယူ အပြစ်ပေးခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်မှ အမှိုက်အဖြစ်သိမ်းဆည်းရမိသော ကြွပ်ကြွပ်အိတ်နှင့် ဝယ်ယူရရှိသော ကြွပ်ကြွပ်အိတ်များကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလမှ ၂၀၁၁ ခုနှစ် မတ်လ အထိ Recycle အဖြစ်အမှိုက်ပုံး ၁၆၈၇ ပုံးထုတ် လုပ်ခဲ့ကြောင်း အသုံးပြု၍မရ သော ကြွပ်ကြွပ်အိတ်များကို အမှိုက်ကျင်းများတွင် မီးရှို့ဖျက်ဆီးခဲ့သည်။

မန္တလေးမြို့ ဈေးချိုနာရီစင်အနီး မြင်ကွင်း။



ဓာတ်ပုံ-ညီညီဇော်

ဝန်ထမ်းအလိုရှိသည်
(3) Post
(3) Post
Contact Person
Phone
E-mail
Subject : Job Application

ဝန်ထမ်းအလိုရှိသည်
Brand တွင်တာဝန်ထမ်းဆောင်ရန်
■ အရောင်းစာရေး (မ) (3) Post
မန္တလေးတွင် တာဝန်ထမ်းဆောင်ရမည်။
လိပ်စာ ။ Hotel Mandalay ၊ အမှတ် (၆၅၂) အခန်းနံပါတ်(၄)
မြို့နယ်၊ မန္တလေးမြို့။ ဖုန်း - 0949210834

ကျေးဇူးတင်လွှာ
၀၂-၃-၂၀၁၁ မှ ၂၆-၃-၂၀၁၁ ခရီးစဉ်

7DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

# ရေနက်ဆိပ်ကမ်း အလုပ်အကိုင်ကိုအကြောင်းပြု၍ ပေါ်ပေါက်လာနိုင်သော လူကုန်ကူးမှုသတိထားရန်လို

သဇင်ထွေး

**ရန်ကုန်၊ မတ်-၂၉**

ရေနက်ဆိပ်ကမ်းနှင့်အတူ အထူးစီးပွားရေးဇုန်များပေါ်ပေါက်လာခြင်းနှင့် အတူလူကုန်ကူးမှုများဖြစ်ပေါ်လာနိုင်သောကြောင့် အထူးသတိထားစောင့်ကြည့်ရန်လိုအပ်ကြောင်း United Nations Inter-Agency Project on Human Trafficing(UNIAP) မှ သတင်းရရှိသည်။

ရေနက်ဆိပ်ကမ်းများ ပေါ်ပေါက်လာပါက အလုပ်သမားလိုအပ်ချက်များ ရှိလာနိုင်သည့်အပေါ် လူပွဲစားများ၏ ကိုယ်ကျိုးစီးပွားရှာ လိမ်လည်မှုများရှိလာနိုင်သည်ဟု ဆိုသည်။

“အလုပ်အကိုင်တွေ ပေါ်ပေါက်လာရင် ရွှေ့ပြောင်းသားလုပ်တွေ့ရှိလာမယ်။အဲဒီအပေါ်မှာ လူပွဲစားတွေကအလုပ်ရမယ်။ ငွေဘယ်လောက်ရမယ်။နေရေးစားရေ းအားလုံးကောင်းမယ်ပေါ့၊ အမျိုးမျိုးပြောမယ်။ အလုပ်လိုချင်တဲ့သူတွေကတော့လိုက်သွားတာပဲ။ ပြီးတော့ ခေါ်သွားတော့ သူတို့ပြောတဲ့နေရာမဟုတ်ဘူး။တခြားကို ရောင်းလိုက်တယ်။ အဲဒီ အလုပ်ကို ဗန်းပြသွားတယ်။ ဒါမျိုးတွေ အများကြီးဖြစ်ခဲ့ဖူးတယ်။ အဲဒါတွေကသတိထားရမဲ့အချက်ပဲ”ဟု UNIAP မှ တာဝန်ရှိသူကပြောသည်။

ယခုကဲ့သို့လုပ်ငန်းများပေါ်ပေါက်လာပါက အဆိုပါအလုပ်ကို ဗန်းပြခေါ်ယူကာ လူကုန်ကူးခံရခြင်းများ၊ လုပ်အားခေါင်းပုံဖြတ်ခံရခြင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် တနင်္သာရီတိုင်းဒေသကြီးရှိလူကုန်ကူးမှုအဖွဲ့များနှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များက စောင့်ကြည့်သွားရန်လိုအပ်ကြောင်း သတင်းရရှိသည်။

“တစ်ခါတလေမှာ အလုပ်လုပ်ပြီးပြန်လာတဲ့ သူတွေကလူ ပြန်ခေါ်ပေးတာတွေလည်းရှိတယ်။ ခေါ်ပေးရင်ဘယ်လောက်ပေးမယ်ဆိုပြောလိုက်တော့ လူတွေကို ပိုပိုသာသာလေးနဲ့ပြောပြီးခေါ်တယ်။ အဲဒါမျိုးတွေကလည်းလူကုန်ကူးမှုမြောက်နေတာကိုမသိတာတွေရှိတယ်။အဲဒီအလုပ်တွေကတကယ်ပဲသူတို့ပြောခေါ်တဲ့ ဝန်ဆောင်မှုတွေပေးနိုင်ရဲ့လားဆိုတာသေချာသိထားသင့်တယ်” ဟု အထက်ပါပုဂ္ဂိုလ်ကဆက်လက် ပြောကြားသည်။ အလုပ်အကိုင်ခွင့်လမ်းများပေါ်ပေါက်မှုအပေါ်လိမ်လည်ခေါ်ဆောင်ခြင်းများရှိသည့်အတွက် အလုပ်သမားခေါ်ယူမှုအပေါ် အလုပ်သမားဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

# စာရင်းကိုင်ဆော့ဖ်ဝဲ အသုံးပြုနိုင်သူများ ငွေစာရင်းကိုင်အလုပ်ရရန် ပိုလွယ်

ဝတ်ရည်


**ရန်ကုန်၊ ဧပြီ- ၂**

ယခုနောက်ပိုင်း ကုမ္ပဏီများ၌ ငွေစာရင်းပိုင်းဆိုင်ရာ ဆော့ဖ်ဝဲ များအသုံးပြုလာသည့်အတွက် ငွေစာရင်းကိုင်ဝန်ထမ်းများခေါ်ဆိုရာတွင် အဆိုပါဆော့ဖ်ဝဲအသုံးပြုနိုင်သူများအားခေါ်ဆိုမှုများပြားလာကြောင်း သိရသည်။

“ကုမ္ပဏီတွေက အခုဆိုအကောင့်ပိုင်းဆိုင်ရာတွေမှာ အင်တာနေရှင်နယ်ဆော့ဖ်ဝဲတွေပြောင်းသုံးလာကြတဲ့အတွက် အဲဒီဆော့ဖ်ဝဲတွေသုံးတတ်တဲ့သူတွေပဲ ခေါ်တာများတယ်”ဟု နွယ်ရိုးပြည်တွင်း အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံရှိ အလုပ်အကိုင် လိုအပ်ချက်အများဆုံးတွင် စာရင်းအင်းပိုင်းဆိုင်ရာ ဝန်ထမ်းများလည်းပါဝင်ပြီး ထိုကဲ့သို့ ကုမ္ပဏီ များ၏ ပြောင်းလဲလာသောလို အပ်ချက်ကြောင့် အလုပ်ရှာဖွေသူများသည်လည်း ရိုးရိုး LCCI Level များ တတ်ကျွမ်းမှုသာမက ထိုဆော့ဖ်ဝဲများပါတတ်ကျွမ်းရန်လိုအပ်လာကြောင်း သိရသည်။

လူအများစုမှာ အဆိုပါ အကောင့်ဆိုင်ရာဆော့ဖ်ဝဲဖြစ်သည့် MYOB သင်တန်းများ ထပ်မံ တက်လေ့ရှိပြီး ထိုသင်တန်းမှာ ဒီပလိုမာပေးသည့်အပြင် LCCI တတ် ကျွမ်းထားသူများ ပိုမိုတက်လေ့ရှိကြောင်း သိရသည်။

“သုံးတဲ့ဆော့ဖ်ဝဲပုံစံတွေက တစ်ခုနဲ့တစ်ခုဆင်တူတဲ့အတွက် တစ်မျိုးတက်ထားရင် နောက်တစ်မျိုးလည်း လွယ်လွယ်သုံးနိုင်ပါ တယ်။ ကျွန်မတို့ ကုမ္ပဏီက အဲလို ဆော့ဖ်ဝဲတွေ သုံးတာသုံးနှစ်လောက်ရှိသွားပြီ”ဟု ငွေစာရင်းကိုင်ဝန်ထမ်းအမျိုးသမီးတစ်ဦးက ပြောကြားသည်။



# မတ်ပဲသီးနှံမဖြစ်ထွန်း၍ နေပြည်တော်ရောက် လယ်ယာလုပ်သားများစောပြန်

ထူးသန့်

**နေပြည်တော်၊ ဧပြီ- ၁**

နေပြည်တော်တောင်သူများ စိုက်ပျိုးထားသည့် မတ်ပဲသီးနှံ မဖြစ်ထွန်း၍ နေပြည်တော်သို့ လာရောက်သော အညာဒေသမှလယ်ယာလုပ်သားများ နေရပ်သို့ စောပြန်သွားကြကြောင်း သတင်း ရရှိသည်။

မြို့ပြဖြစ်ထွန်းမှု မြန်ဆန်သော နေပြည်တော်တွင် လယ်ယာလုပ်သား ရှားပါးလာပြီး သီးနှံအချိန်မီ သိမ်းဆည်းနိုင်ရန်အ တွက်ထိုကဲ့သို့သောအလုပ်သမား များကို အဓိကအားပြုခဲ့ရပြီး ယခုနှစ်တွင်မူ အင်တိုက်အားတိုက်စိုက်ပျိုးခဲ့သော မတ်ပဲသီးနှံများမဖြစ်ထွန်း၍ ၎င်းတို့အဖွဲ့လည်း အိမ်ပြန်စောရကြောင်း လုပ်သားတစ်ဦးက ပြောသည်။

“အရင်နှစ်တွေတုန်းကတော့ အကြာကြီးလုပ်ရတယ်။ အိမ်ကိုလည်း ငွေပြန်သယ်နိုင်ခဲ့တယ်။ ဒီနှစ်တော့တောင်သူတွေကလည်း ပဲမကောင်းဘူး။ အတော်များများ ရှုံးတယ်လို့ပြောတယ်။ မရိတ်ရတဲ့ လူတွေလည်းရှိတယ်။ အဲဒီတော့ ကျွန်တော်တို့လည်း အထုပ်သိပ်မရဘူး။ အချို့တော့ ပြန်ကုန်ကြပြီ။ ကျွန်တော်တို့လည်းပြန်တော့ မှာ” ဟု အသက် ၂၀ ကျော်အရွယ်လုပ်သားတစ်ဦးကပြောသည်။

အထွေထွေစရိတ်ကြီးမြင့်လာသော နေပြည်တော်တွင် လယ်ယာလုပ်အားခလည်း မြင့်မားလာပြီး တစ်ဧကမတ်ပဲစိုက်သိမ်းစရိတ် ကျပ်သုံးသောင်းခွဲထိရှိခဲ့ကြောင်း သာမန်လုပ်သားတစ်ဦးအတွက် နေ့စားခမှာလည်း ၂၅၀၀ ကျပ်မှ ၃၀၀၀ ကျပ်အထိရှိနေကြောင်း မတ်ပဲဈေးမကောင်း သော ယခုနှစ်အတွင်း တောင်သူ များအရှုံးနှင့်ကြုံခဲ့ရကြောင်းလည်း တောင်သူတစ်ဦးကဆိုသည်။

နေပြည်တော်သို့ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်စသည့် ဒေသ များမှ လယ်ယာလုပ်သားများ ထောင်ဂဏန်းခန့်နှစ်စဉ်သီးနှံ ရိတ်သိမ်းချိန်တိုင်း လာရောက်လေ့ရှိကြောင်း ဒေသတွင်း၌ လုပ် သားများအခြားလုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်း ခွင်များသို့ ဝင်ရောက်လုပ်ကိုင်နေသည့်အတွက် သီးနှံစိုက်ပျိုးချိန်

# Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

ဝန်ထမ်းအလိုရှိသည်
(ဓာတ်ပုံနှင့် ဗီနိုင်းဆိုင်တွင်ခန့်ထားရန်) Accountant ကျား/မ (၁) ဦး၊ CPA (or) B.Com (or) L.C.C.I Level (3) အောင်မြင်ပြီးသူ၊ လုပ်ငန်းအတွေ့အကြုံ (၃) နှစ်၊ Marking မ(၄) ဦး။ စိတ်ပါဝင်စားသူများကိုယ်ရေးရာဇဝင် ဓာတ်ပုံ(၁) ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်တို့ဖြင့် အမှတ်(၉၁) အနော်ရထားလမ်း (၃၉လမ်းနှင့်) ဆိပ်ကမ်းသာလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်သို့ နံနက် ၉ နာရီမှာ ညနေ ၇ နာရီအတွင်း လာရောက်လျှောက်ထားနိုင်သည်။

------------------------

၁။ office staff ကျား(၃)၊ ရုံးလုပ်ငန်းများဆောင်ရွက်နိုင်ရမည်။ အသက်(၃၅)နှစ်ထက်မကျော်ရ။ ၂။ ယာဉ်မောင်း ကျား(၃)ဦး၊ အသက် ၄၅ နှစ်ထက် မကျော်ရ။ လိုအပ်သည့် စာရွက်စာတမ်းနှင့်အတူ Optimun Co., Ltd အမှတ်(၈၃-က)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကမ္ဘောဇလမ်းထောင့်၊ (ပုလဲကွန်ဒိုနှင့် မျက်နှာချင်းဆိုင်)၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၅၄၃၇၉၃

------------------------

ဝန်ထမ်းအလိုရှိသည်
ဆံပင်ညှပ်၊ လျှော်ကျွမ်းကျင်မ (၅) ယောက်၊ ခေါင်းလျှော်အလုပ်သင်မ(၁၅)ယောက်၊ လစာ၊ နေရေး၊ စားရေးစီစဉ်ပေးမည်။ ဖုန်း-၀၉-၇၃၀၀၅၆၁၁၊ အမှတ် ၈၆၊ C-2 လေးထောင့်ကန်လမ်းမကြီး၊ သံလမ်းမှတ်တိုင်၊ ရန်ကုန်။ နံနက် ၉ နာရီမှာ ၁၂ နာရီအတွင်းလူကိုယ်တိုင်လျှောက်ထားနိုင်သည်။

------------------------

အလိုရှိသည်
မြန်မာဒီဇိုင်နာ သုံးဦးပူးပေါင်း၍ Myanmar Designer House အမည်ဖြင့် Designer Collection အထည်များကို အရောင်းဆိုင်ဖွင့်လိုသဖြင့် ဆိုင်ခန်းနေရာပူးပေါင်းရင်းနှီးမြှုပ်နှံလိုသူ လူငယ်ဖက်ရှင်ဒီဇိုင်နာတစ်ဦး အလိုရှိသည်။ အသေးစိတ်ဆွေးနွေးလိုပါက ဆက်သွယ်ရန် ချိုချိုမြင့် (Designer) CCM Fashion&Tailoring, ph- 0973077657, Email:cho.designer.multiply.com,http://chodesigner.multiply.com
အေး အေးလှိုင် (designer),
Ph: 09 493 03058

------------------------

21St Contury Entertainment တွင် (၁)မိန်းကလေးဝန်ထမ်း (၁၆) ဦး၊ (၂) ယောကျ်ားလေးဝန်ထမ်း (၅)ဦး၊ အမှတ်စဉ်(၁)နှင့်(၂)အတွက်အသက်၁၈နှစ်မှ ၂၅နှစ်အတွင်း၊ ပညာအရည်အချင်း (၁၀) တန်း(၃)လုံခြုံရေးဝန်ထမ်း ကျား (၆)ဦး၊ ၂၅နှစ်မှ ၄၅နှစ်အတွင်း၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။ အချိန်ပြည့်တာဝန်ထမ်းဆောင်ရမည်။ အမှတ် (၂၈၈/၂၉၀) အနော်ရထာလမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၁၄၆၂၄၊ ၂၂၂၂၈၄

------------------------

ဆေးဆိုင်အရောင်းဝန်ထမ်းအလိုရှိသည်။ ယုဇနပလာဇာအနီးနေသူဦးစားပေးမည်။ လျှောက်ထားရန် ၀၉-၇၃၀၃၃၇၇၆။ အမှတ်-၁၃၅၊ ပထမထပ်၊ တော်ဝင်ပလဇာ။ မင်္ဂလာတောင်ညွန့်မြို့နယ်။

------------------------

Accountant မ (၂) ဦးအလိုရှိသည်။ B.Com, LCCI (3) (8 am-6pm) Duty စာရင်းစစ်အတွေ့အကြုံအနည်းဆုံး (၃) နှစ်ရှိရမည်။ ဆေးခန်းနှင့်နီးစပ်သော မြို့နယ်များမှလျှောက်ထားရန်။ ရွှေပုပ္ပါးအထူးကုဆေးခန်း W1၊ ရန်ကင်းပန်းခြံအိမ်ရာ၊ ရန်ကင်းမြို့နယ်။ ရန်ကုန်မြို့။ ဖုန်း - ၅၅၆၃၁၆

------------------------

- PHP Webdeveloper (9) F, Flash Developer (5), Office Staff (2) F ဖုန်း - ၂၁၈၁၉၅

------------------------

ရုံးဝန်ထမ်း မ (၂) ဦး၊ ရုပ်ရည်အသင့်အတင့်၊ နှုတ်ချိုစိတ်ရှည်သူ၊ ကွန်ပျူတာစာရိုက်ကျွမ်းကျင်သူ၊ Pagemaker, Photoshop, Internet သုံးနိုင်ရမည်။ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လျှောက်ထားရန်။

ဖုန်း - ၅၅၄၄၇၅၊ ၅၄၉၉၂၉

------------------------

(၁) ဖြန့်ချိရေးမန်နေဂျာ (ကျား) ၂ ဦး၊ ဘွဲ့ရလုပ်ငန်းအတွေ့အကြုံရှိသူ၊ ဝန်ထမ်းများအားနိုင်နင်းစွာစီမံအုပ်ချုပ်နိုင်သူ၊ ရန်ကုန်မြို့အတွင်းရှိ မြို့နယ်များအား ကျွမ်းကျင်စွာသွားလာနိုင်သူ (၂) စာရင်းကိုင် (မ) ၁ ဦး၊ ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိပြီးကွန်ပျူတာနှင့်စာရင်းသွင်းနိုင်ရမည်။ Computerized Accounting ကျွမ်းကျင်ရမည်။ ဖုန်း- ၀၁-၂၀၄၀၁၀၊ ၀၉၅၂၁၄၇၇၇

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



အရသာရှိသောဟင်းလျာတိုင်းအတွက်
ခနော
Knorr
ခနော

# Education

7DAY NEWS JOURNAL

Vol.10, No.5 • APRIL 7, 2011


# သင်ယူသူများလာသော စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဘာသာရပ်

နေလင်းထွန်း

ရန်ကုန်၊ ဧပြီ - ၂



ဆယ်စုနှစ်ကြာကာလအတွင်း ပြည်တွင်း၌ ပုဂ္ဂလိကသင်တန်းကျောင်းများ အရေအတွက်မြင့်တက်လာခဲ့ရာ စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဘာသာရပ်သင်တန်းများ ဖွင့်လှစ်တည်ထောင်လာမှုကို ပိုမိုမြင်တွေ့လာရသည်။ စီးပွားရေးသင်တန်းကျောင်းအများစုသည် ပြည်ပမှ ပညာရေးအဖွဲ့အစည်းနှင့် ချိတ်ဆက်၍ သင်ရိုးညွှန်းတမ်းများကို ပြန်လည်သင်ကြားပို့ချသောစနစ်ကို ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဘာသာရပ်များကို နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရ သင်တန်းများအနေဖြင့် ဖွင့်လှစ်လျက်ရှိပြီး ယေဘုယျအားဖြင့် ဒီပလိုမာအဆင့် သင်တန်းများဖြစ်ကြသည်။ အဆိုပါ ဘာသာရပ်များအား စိတ်ဝင်စားသင်ယူလိုသော ကျောင်းသားဦးရေများပြားလာခြင်းသည် သင်တန်းကျောင်းတည်ထောင်သူ တိုးပွားနေခြင်း၏ အချက်တစ်ခုဖြစ်သည်။

"ဒီမှာ တက်နေကြတဲ့ကျောင်းသားတွေက စင်ကာပူရဲ့ အလုပ်အကိုင်လိုအပ်ချက်ကို မူတည်နေပါတယ်။ ကျောင်းသားတွေ ခရီးသွားဝန်ဆောင်မှု တက်ကြတာကလည်း ဟိုဘက်က အလုပ်ခေါ်လို့ပါ။ ဟိုဘက်က အလုပ်အကိုင်စျေးကွက်ကြီးရဲ့ ပြောင်းလဲမှုက မြန်မာကျောင်းသားတွေရဲ့ ဘာသာရပ်ရွေးချယ်မှုကို သက်ရောက်မှုရှိတယ်လို့ ထင်ပါတယ်။ ဒီမှာ လုပ်ငန်းသစ် ထွက်ပေါ်မှုနည်းနေသေးတယ်"ဟု PS စီးပွားရေးသင်တန်းကျောင်းတည်ထောင်ထားသူကို မျိုးမင်းကသူ၏ အမြင်ကိုပြောသည်။

ပြည်တွင်းရှိ ကုမ္ပဏီလုပ်ငန်းအဖွဲ့အစည်းများ၏ အသွင်သဏ္ဌာန်ပြောင်းလဲလာမှုနှင့် ကိုယ်ပိုင်စီးပွားရေး တည်ထောင်လိုသော ကျောင်းသားများ၏ ဆန္ဒသည် စီးပွားရေးသင်တန်းကျောင်းများအား အရှိန်ကောင်းလာစေသည်။

"အဓိက ကျွန်တော်တွေ့တာက ကုမ္ပဏီတွေ စနစ်တကျသွားချင်လာတဲ့ပုံစံဖြစ်လာတယ်။ အရင်တုန်းကတော့ မိရိုးဖလာသွားနေတာပေါ့။ အဲဒီမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ရှိလာတယ်။ မန်နေဂျာဆိုတာလည်း အရင်ကလို အောက်ခြေက တက်တာမဟုတ်ဘဲ အရည်အချင်းနဲ့ ဝင်လုပ်တာတွေ ရှိလာတယ်။ နောက်တစ်ပိုင်းက ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေရဲ့ သားသမီးတွေကလည်း မိဘလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရတော့မယ်ဆိုတဲ့အခါ ဒီထက်ပိုပြီး စနစ်တကျကြည့်ချင်မြင်ချင်လာတယ်" ဟု Strategy First သင်တန်းဖွင့်လှစ်သင်ကြားနေသော ကိုအောင်ချစ်ခင်ကဆိုသည်။

ပုဂ္ဂလိက စီးပွားရေးသင်တန်းကျောင်းများ ဖွံ့ဖြိုးလာသည်ဆိုသော်လည်း အခြားတစ်ဖက်တွင် ကျွမ်းကျင်ဆရာအင်အားနည်းပါးနေခြင်းနှင့် ရန်ကုန်မြို့တွင်သာ ကျောင်းများအဓိကတည်ရှိနေခြင်းစသည့် အခက်အခဲအချို့ရှိနေသည်။

"ဒီမှာ ကျောင်းသားတွေက အဝေးသင်တက္ကသိုလ်တက်ပြီး ပြင်ပကျောင်းတွေ လျှောက်တက်နေကြတယ်။ သင်တန်းတွေကလည်းရန်ကုန်မှာပဲ ပြုံနေတယ်။ မန္တလေးလို တခြားဒေသက ကျောင်းသားတွေကိုလည်း အခွင့်အရေးပေးသင့်တယ်။ မန္တလေးမှာ မိတ္ထီလာနဲ့ မုံရွာတို့က တက္ကသိုလ်ဆရာတွေလည်း ရှိတယ်လေ။ အခုတော့ အဲဒီဘက်ပြောင်းရတဲ့ စီးပွားရေးတက္ကသိုလ်က ဆရာတွေ ထိုင်နေရုံပဲ ရှိတော့တယ်။ အဲဒါလည်း ပြဿနာတစ်ခုဖြစ်လာတယ်။ အဲဒီမှာ ကျောင်းဖွင့်ရင်တော့ကျောင်းသားလည်း ပညာရမယ်၊ ဆရာတွေအနေနဲ့လည်း သူတို့ပညာ မတုံးသွားဘူးပေါ့" ဟု စီးပွားရေးတက္ကသိုလ်၊ ပါမောက္ခ (အငြိမ်းစား)ဒေါ်လှမြင့်ကဆိုသည်။

လက်ရှိ စီးပွားရေးဘာသာရပ်ကို လေ့လာလိုသော ကျောင်းသားအရေအတွက်နှင့် နှိုင်းယှဉ်လျှင် ဆရာအင်အား လုံလောက်မှုမရှိသေးကြောင်း၊ ကျောင်းအရေအတွက် များပြားလာသည်နှင့် ဆရာဦးရေလိုအပ်ချက် မြင့်တက်လာမည်ဖြစ်ကြောင်း ၎င်းနယ်ပယ်မှ ကျွမ်းကျင်သူများက ဆိုသည်။

ခေတ်ရေစီးကြောင်း အခြေအနေအရ ကျောင်းသားလူငယ်များသည် စာသင်ကြားခြင်းဖြစ်အသက်မွေးမှုထက် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန်ကိုသာ ဦးစားပေးလာခြင်းသည် ဆရာအင်အားဖြည့်တင်းရေးအတွက် အဓိကအခက်အခဲတစ်ခုဖြစ်လျက်ရှိသည်။

စာ(၂၂)သို့



## စားသုံးသူများသို့ ပန်ကြားချက်

ရောင်းချသွားပါမည်။

သင်္ကြန်ပြီးလျှင် ဆိုင်ခေတ္တပိတ်ပါမည်။

ဆိုင်ပိတ်ရက်မှာ ၁၇-၄-၂၀၁၁ (နှစ်ဆန်းတစ်ရက်နေ့) မှ ၂၅-၄-၂၀၁၁ ရက်နေ့အထိဖြစ်ပါသည်။


ပညာရေးသတင်းတို

## နိုင်ငံခြားပညာရေးအခွင့်အလမ်းများအကြောင်း ဟောပြောမည်

ရန်ကုန်၊ ဧပြီ - ၂

နိုင်ငံရပ်ခြားပညာသင်ယူရေး အခွင့်အလမ်းသစ်များဟောပြောပွဲကို ဧပြီ ၇ရက်၊ နေ့လယ် ၁နာရီတွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲတွင် နဝရတ်ပညာရေးဝန်ဆောင်မှုမှ ဒေါက်တာနေက ရှင်းလင်းဆွေးနွေးမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည်။

## ထိုင်းနိုင်ငံရှိ တက္ကသိုလ်တစ်ခုတွင် ပညာသင်ဆုလျှောက်ထားနိုင်ရေး ဟောပြောပွဲပြုလုပ်မည်

ရန်ကုန်၊ ဧပြီ - ၁

ထိုင်းနိုင်ငံရှိ Shinawatra University (SIU)တွင် ပညာသင်ဆုလျှောက်ထားနိုင်ရန် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ပညာရေးဟောပြောပွဲပြုလုပ်မည်ဖြစ်သည်။ ရန်ကုန်မြို့ ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် ဧပြီ ၃၀ရက် နံနက် ၁၀ နာရီမှစတင်၍လည်းကောင်း၊ မန္တလေးမြို့ ရွှေဖြူပလာဇာ ဒုတိယထပ်ရှိ MCPAတွင် နေ့လယ် ၁ နာရီမှစတင်၍လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

## စင်ကာပူနိုင်ငံတွင် အလုပ်ရှာနည်း အခမဲ့သင်တန်းပေးမည်

ရန်ကုန်၊ ဧပြီ - ၂

စင်ကာပူနိုင်ငံတွင် သွားရောက် ပညာသင်ယူမည့် ကျောင်းသားများ အလုပ်ရှာနည်းသင်တန်းကို တစ်လအခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း Crown Education မှ သိရသည်။ တက်ရောက်လိုသူများအနေဖြင့် ဖုန်း ၂၁၁၈၈၈ သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်သည်။

## ထိုင်းကျောင်းများတွင် မြန်မာကျောင်းများထက် ရွေးချယ်စရာ ဘာသာရပ်ပိုများ

ရန်ကုန်၊ မတ် - ၂၇



ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ပညာရေး အဓိကကွာခြားချက်မှာ ရွေးချယ်စရာဘာသာရပ်အခွင့်အလမ်း ပိုမိုများပြားခြင်း ဖြစ်ကြောင်း ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသော ထိုင်းပညာရေးပြပွဲမှ ထိုင်းလူမျိုးတာဝန်ရှိသူတစ်ဦးကဆိုသည်။

ထိုင်းနိုင်ငံမှ ပုဂ္ဂလိက ကျောင်း ၁၃ ကျောင်း၏ ဘာသာရပ်ဆိုင်ရာ ရွေးချယ်မှု၊ ကျောင်းဝင်ခွင့်နှင့် သတင်းအချက်များကို မြန်မာကျောင်းသားများအားဆွေးနွေးရှင်း ပြခဲ့သည်။

"မြန်မာနဲ့ အဓိကကွာခြားတာကတော့ ကျွန်တော်တို့ထိုင်း နိုင်ငံက ရွေးချယ်စရာပိုများတာပါပဲ။ လိုချင်တဲ့ ဘာသာရပ်ကို ရွေးချယ်လို့ရပါတယ်။ လေယာဉ်မောင်းတစ်ယောက်ဖြစ်ချင်လို့လည်း ရတယ်။ ဘာသာရပ်နယ်ပယ်တွေ ကလည်း အများကြီးပါပဲ" ဟုအ ထက်ပါပုဂ္ဂိုလ်က ဆိုသည်။ မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံ ၏အဓိကပညာရေးစျေးကွက်တစ်ခုဖြစ်ပြီး လာမည့်နှစ်များတွင် ပညာရေးပြပွဲများ ဆက်လက်ဆောင် ရွက်ရန် ရည်ရွယ်ချက်ရှိကြောင်း ၎င်းကဆက် လက်ပြောသည်။

## ပုဂ္ဂလိက ပညာရေးဝန်ဆောင်မှု ဥပဒေပြဋ္ဌာန်းပြီး စနစ်တကျဆောင်ရွက်မည်

ရန်ကုန်၊ မတ် - ၃၁

ပုဂ္ဂလိကကဏ္ဍ ပညာရေးဝန်ဆောင်မှုများကို သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီး စနစ်တကျဖော်ဆောင်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ပထမဆုံးမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

နိုင်ငံတကာ အဆင့်မီပညာရေးအဆင့်အတန်းကို တက်လှမ်းနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပြည်ပတွင် အဆင့်မြင့်ပညာသင်ယူ လေ့လာနိုင်ရန် ပညာတော်သင်ဆုများ၊ ပြည်တွင်းတွင် ပညာရည်ထူးချွန်သူများအား ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက မိန့်ခွန်းတွင်ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိကျင့်သုံးနေသော အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ပညာရေးဝန်ထမ်းများ၏ အရည်အချင်းမြင့်မားရေးနှင့် လူမှုစီးပွားဘဝမြင့်တင်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဟု ဆိုသည်။

## စီဒီအမ်အေ ၈၀၀ ဖုန်း Proxy နံပါတ်ရိုက်ထည့်ရန်မလိုဘဲ အင်တာနက်သုံးနိုင်ပြီဟုဆို

ယုဇနကိုကို

ရန်ကုန်၊ မတ်-၂၇

ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀မဂ္ဂါဟတ်ဇ်ဖုန်းများအား EVDO စနစ်ဖြင့် အင်တာနက်အသုံးပြုရာ တွင် ယခင်ကကဲ့သို့ Proxy နံပါတ် များကို ခံပြီး အသုံးပြုရန် မလိုတော့ကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှသိရသည်။

ယခုကဲ့သို့ (192.1678.50.16) အစရှိသည့် Proxy နံပါတ်များကိုကျော်ကာ တိုက်ရိုက်အသုံးပြုနိုင်သည့်အတွက် ယခင်ကဖြည့်စွက်ရိုက်နှိပ်ရသည့် အဆိုပါနံပါတ်များနေရာအား အလွတ်ထားခဲ့ကာအသုံးပြုရတော့မည်ဟုသိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၎င်းတို့၏ CDMA 800 MHz EVDO စနစ်များအား ယင်းကဲ့သို့ ပြောင်းလဲပေးလိုက်ခြင်းအတွက် ယခင်က Proxy နံပါတ်များနှင့် အသုံးပြုနေသူများအနေဖြင့် အခက်အခဲများဖြစ်ပေါ်နေသည်ဟုလည်း သုံးစွဲသူအချို့ထံမှ သိရသည်။

ထို့အပြင် အဆိုပါမိုဘိုင်းဖုန်းစနစ်ဖြင့် အင်တာနက်အသုံးပြုရာတွင် Username များအား တစ်ခုနှင့်တစ်ခု မတူညီအောင်သုံးစွဲရမည်ဟုလည်း သိရသည်။

"Username တွေထပ်နေရင် အင်တာနက်ချိတ်ဆက်ပြီး သုံးတဲ့နေရာမှာ အခက်အခဲဖြစ်လိမ့်မယ်။ သုံးလို့ရမှာမဟုတ်ဘူး။ အဲ့ဒီအတွက် EVDO စနစ်နဲ့ အွန်လိုင်းစနစ်အသုံးပြုတဲ့သူတွေ Username မထပ်အောင် ဂရုစိုက်ဖို့အရေးကြီးပါတယ်" ဟု ရန်ကုန်မြို့တွင်းဖွင့်လှစ်ထားသည့် မိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင်တစ်ဆိုင်မှ ကျွမ်းကျင်သူတစ်ဦးကဆိုသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် အဆိုပါစီဒီအမ်အေဖုန်းများအား EVDO စနစ်ဖြင့် အင်တာနက်အသုံးပြုနိုင်သော စနစ်ကိုပြီးခဲ့သည့်နှစ်အောက်တိုဘာလက စတင်ချထားပေးခဲ့ပြီးယင်းဝန်ဆောင်မှုအတွက် ကျပ်သုံးသောင်း ထပ်မံပေးသွင်းရမည်ဖြစ်သည်။

အဆိုပါ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်ဇ်ဖုန်းများ၏ EVDO စနစ်တွင် မြန်နှုန်းများ ဆက်တိုက်ကျဆင်းနေမှုကြောင့်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင်လျှောက်ထားသူများ ကျဆင်းလျက်ရှိကြောင်းသတင်းရရှိသည်။

"အခုရက်ပိုင်း EVDO စနစ်ကို လျှောက်တဲ့သူတွေတော်တော်ကျသွားတယ်။ စချထားပေးတဲ့အချိန်ကထက် တော်တော်လေးနည်းသွားတာ။ အင်တာနက်မြန်နှုန်းက ပမာဏတော်တော်လေးကျသွားတာဆိုတော့ အဲ့ဒီအကျိုးဆက်ကြောင့်ပဲ လျှောက်ထားသူကျသွားတာပါ"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပြီးခဲ့သည့်ဖေဖော်ဝါရီလ နောက်ဆုံးပတ်ကစတင်ပြီးဆက်သွယ်မှုများကျဆင်းခဲ့သည့် CDMA 800 MHz ၏ EVDO စနစ်သည် အမြန်နှုန်းအားဖြင့် 3Mb မှ 128Kbps အထိကျဆင်းခဲ့သည့်အတွက် သုံးစွဲရာတွင်လုပ်ငန်းကြန့်ကြာခြင်းနှင့် အသုံးပြုခများကိုလည်း တစ်မိနစ်လေးကျပ်နှုန်းဖြင့် ပုံမှန်ဖြတ်တောက်မှုများရှိနေခြင်းကြောင့် သုံးစွဲသူများအတွက် အဆင်မပြေခြင်းများနှင့် ကြုံတွေ့နေရကြောင်းသိရသည်။

"ကျွန်တော်တို့ စသုံးတုန်းကတော့ မြန်နှုန်းတအားကောင်းတယ်။ ဘယ်ဝက်ဘ်ဆိုက်ကိုဖွင့်လိုက် ဖွင့်လိုက် ချက်ချင်းဆိုသလိုပွင့်တာ။ ခုတော့တော်တော်လေးကိုနှေးနေတဲ့အပြင် တစ်မိနစ်လေးကျပ်ကလည်း ပုံမှန်ဖြတ်နေတော့ ပိုက်ဆံလည်းကုန်၊ အလုပ်လည်းမဖြစ်ဖြစ်နေတယ်" ဟု ရန်ကုန်မြို့တွင်းရှိ နည်းပညာကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် အသက် ၄၀နှစ်အရွယ်ရှိဝန်ထမ်းတစ်ဦးက ပြောသည်။

ယခုကဲ့သို့ အဆိုပါစီဒီအမ်အေဖုန်းများဖြင့် ချိတ်ဆက်အသုံးပြုရသည့် EVDO စနစ်များဆက် သွယ်မှုအမြန်နှုန်းများကျဆင်းနေရခြင်းအကြောင်းနှင့် ပတ်သက်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများကမူ၎င်းတို့ကိုယ်တိုင်လည်း မည်သည့်အကြောင်းကြောင့် ဖြစ်ပေါ်နေရခြင်းကိုအတိအကျမသိရှိဟုဆိုကြသည်။



## iPad 2 မြန်မာပြည်ရောက်ပြီ

ယုဇနကိုကို၊ သိမ့်သိမ့်စိုး

ရန်ကုန်၊ ဧပြီ- ၂

ကမ္ဘာကျော် Apple နည်းပညာကုမ္ပဏီက မကြာသေးမီရက်သတ္တပတ်အတွင်းကမှ နိုင်ငံတကာသို့ ဖြန့်ဖြူးရောင်းချခဲ့သည့် iPad 2 များ ပြည်တွင်းဈေးကွက်အတွင်း စတင်ဝင်ရောက်လာသည်။

Touch Screen Tablet အမျိုးအစားဖြစ်သည့် အဆိုပါ iPad 2ဝင်ရောက်လာခြင်းကြောင့် ၎င်းအရင် ဈေးကွက်အတွင်းရှိ iPad ဈေးနှုန်းများ ဈေးနှုန်းပြုတ်ကျသွားသည်။

"iPad 2 ထွက်လာတော့ Apple ကုမ္ပဏီကလည်း iPad တွေကို U$499 နဲ့ ရောင်းနေရာကနေ U$ 399 ကို ချပေးလိုက်ပြီး ပြည်တွင်းပစ္စည်းတွေကလည်း အသစ်ဝင်လာတော့ တစ်သိန်းနီးပါးဆီကျသွားတယ်"ဟု SSS Digital Store မှ ဒေါက်တာ စောရန်နိုင်က ပြောသည်။

ဈေးကွက်သို့ ဝင်ရောက်ခါစ iPad2 များမှာ အချို့ဆိုင်များတွင် ရောင်းကောင်းနေပြီး အချို့ဆိုင်များတွင်မူ ဝယ်ယူသူနည်းပါးနေသေးကြောင်း ဈေးကွက်အတွင်းမှ သတင်းရရှိသည်။

အမေရိကန်အပါအဝင် နိုင်ငံတကာဈေးကွက်တွင် WiFi စနစ်နှင့် WiFi+3G ဟူ၍ ရောင်းချနေပြီဖြစ်သော်လည်း ပြည်တွင်းဈေးကွက်တွင်မူ ပထမအမျိုးအစားတစ်မျိုးတည်းကိုသာ အဓိကရောင်းချကြသည်။

ရန်ကုန်ဈေးကွက်အတွင်း ရောင်းချနေသည့်အမျိုးအစားများတွင်လည်း 16GB နှင့် 32GB နှစ်မျိုးရှိသည်ဟု အထက်ပါဆိုင်များကဆိုကြသည်။

"iPad 2 ကို သုံးဖို့က ပြည်တွင်းအတွက် Jailbreak တွေကအစုံသုံးလို့ မရသေးဘူး။ အဲဒါကြောင့် iPad ဝယ်မယ့်သူတွေ အသစ်ထွက်လာတော့ စောင့်ကြည့်နေသလို iPad 2 ကလည်း အစုံသုံးလို့ မရသေးတော့ ဝယ်လိုအားက ထက်ဝက်ကျော်လောက်ကျသွားတယ်"ဟု မမေဖြူသွယ်က ပြောသည်။ သို့သော် အချို့ကွန်ပျူတာပစ္စည်းအရောင်းဆိုင်များတွင် ပစ္စည်းကုန်သည်ထိ ရောင်းကောင်းနေသည်ဟု ဆိုသည်။

iPad ဝယ်လိုအားမှာ ယခင်က တစ်ပတ်လျှင် ၁၀ လုံးနှုန်းကျင်ရှိနေရာမှ ယခုလလယ်ပိုင်း iPad 2 ဝင်လာချိန်မှစ၍ ဈေးကွက်ဝယ်လိုအား တစ်ပတ်လျှင် လေးလုံးဝန်းကျင်သာ ရှိတော့ကြောင်း သိရသည်။

iPad များမှာ ယခင်က 16GB မှာ ၅၄၀,၀၀၀ ကျပ်၊ 32GB မှာ ၆၅၀,၀၀၀ ကျပ်နှင့် 64GB မှာ ၇၅၀,၀၀၀ ကျပ်ရှိခဲ့ပြီး ယခု iPad 2 ဝင်ပြီးနောက်တွင် 16GB မှာ ၄၅၀,၀၀၀ ကျပ်၊ 32GB ၅၅၀,၀၀၀ ကျပ်နှင့် 64 GB မှာ ၆၅၀,၀၀၀ ကျပ်သို့ ဈေးနှုန်းအသီးသီးကျ ဆင်းခဲ့သည်။

လက်ရှိဝင်ရောက်လာသော iPad 2 မှာ ယခင်ဝင်ရောက်ထားသော iPad နှင့်စာလျှင် ကင်မရာပါဝင်လာခြင်းနှင့် Processer နှစ်ဆ မြန်လာခြင်းတို့မှာ အဓိကကွာခြားချက်များဖြစ်ကြောင်း သိရသည်။ iPad 2 တွင်လည်း WiFi စနစ်နှင့် WiFi 8G စနစ် အသုံးပြုနိုင်သည်ဟူ၍ပုံစံနှစ်မျိုးဝင်ရောက်ရာတွင် WiFi 8G မှာ ပြည်တွင်းဈေးကွက် ဝယ်လိုအားပိုရှိနေကြောင်း အဆိုပါ အရောင်းဆိုင်မှ တာဝန်ရှိသူများက ပြောသည်။

WiFi နှင့် 3G နှစ်မျိုးလုံးရရှိသော iPad 2 မှာ 16GB အတွက် ကျပ် ၉၅၀,၀၀၀ ကျပ်၊ 32GB ၁,၀၅၀,၀၀၀ ကျပ်၊ 64GB မှာ ၁,၁၅၀,၀၀၀ ကျပ်ဖြင့် ရောင်းချနေပြီး WiFi တစ်မျိုးတည်းရသောပစ္စည်းများမှာ အမျိုးအစားအလိုက် ကျပ် ၁၀၀,၀၀၀ စီလျော့နည်းကြောင်း သိရသည်။

လက်ရှိကာလတွင် နိုင်ငံပေါင်း သုံးဆယ်နီးပါး၌ ရောင်းချနေပြီဖြစ်သည့် အဆိုပါ iPad2 များကို အမေရိကန်နိုင်ငံတွင် ပြီးခဲ့သည့် မတ်လ ၅ ရက်နေ့က စတင်ဖြန့်ချိခဲ့သည်။

## ဆော့ဖ်ဝဲနည်းပညာ ဆွေးနွေးပွဲ ပထမဆုံးအကြိမ်ကျင်းပမည်

ယုဇနကိုကို

ရန်ကုန်၊ မတ်-၂၇

ပြည်တွင်းဆော့ဖ်ဝဲနယ်ပယ်တွင် လုပ်ကိုင်နေကြသည့် ကျွမ်းကျင်အဆင့်ရှိသူများအတွက် ရည်ရွယ်ပြီး ပထမဆုံးအကြိမ် Developer Conference 2011 ကိုယခုနှစ်အတွင်း စတင်ကျင်းပတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်တွင်းရှိကွန်ပျူတာ ကျွမ်းကျင်အဆင့်ရှိသူများ စုစည်းပြုလုပ်ကြမည့် အဆိုပါနည်းပညာကွန်ဖရင့်တွင်ဆော့ဖ်ဝဲနည်းပညာဖွံ့ ဖြိုးတိုးတက်မှုအခြေအနေများနှင့်ပတ်သက်ပြီး ဆွေးနွေးခြင်း၊ ဖလှယ်ခြင်းများပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း (MCPA)မှ ဦးစီးပြီး ကျင်းပပေးမည့် အဆိုပါနည်းပညာတိုး တက်မှုဆိုင်ရာ စုပေါင်းဆွေးနွေးပွဲတွင် တက်ရောက်၍ ပြည်တွင်းဆော့ဖ်ဝဲထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အသိပညာများဖလှယ်လိုသည့် ကျွမ်းကျင်သူများအနေဖြင့် ၎င်းတို့ဟောပြောလိုသောစာတမ်းများကိုပြုစုပြီး အထက်ပါပညာရှင်အသင်းသို့ကြိုတင်တင် သွင်းထားနိုင်ကြောင်း တာဝန်ရှိသူ တစ်ဦးကပြောသည်။

ယခုနှစ်ဩဂုတ်လ ၂၀နှင့် ၂၁ ရက်များတွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည့် အဆိုပါ Developer Conference တွင် အဓိက ဆွေးနွေးဖလှယ်ကြမည့် အကြောင်းအရာများမှာ ပြည်တွင်းရှိ ဆော့ဖ်ဝဲထုတ်လုပ်မှုအပိုင်း၊ ဖွံ့ဖြိုးမှုအပိုင်းနှင့် အနာဂတ်တိုးတက်မှုအလားအလာများနှင့် ပတ်သက်ပြီးတင်ပြသွားကြမည်ဖြစ်ကြောင်းသိရသည်။

Developer Conference 2011 နှင့်ပတ်သက်သည့် အကြောင်း အရာများကို MCPA နှင့် လူမှုကွန်ရက်ဆိုက်များဖြစ်သည့် ဖေ့စ်ဘွတ်ခ် (Facebook) စာမျက်နှာများတွင် အသေးစိတ်အချက်အလက်များဖြင့် ဆက်လက်ဖော် ပြပေးသွားမည်ဖြစ်ပြီး အဆိုပါ ကွန်ဖရင့်သို့ စာတမ်းတင်သွင်းလိုသူများအနေဖြင့် လာမည့်မေလ ၃၀ ရက်နောက်ဆုံးထားကာ MCPA သို့ ပေးသွင်းရမည်ဖြစ်ကြောင်းသိရသည်။






Liv-up အသည်းအားဆေး
အသည်းအတွက်
မစိုးရိမ်ပါနဲ့
30 Tablets
Liv-up
Complex
LIVER CORRECTIVE
LIVER PROTECTIVE
သဘာဝဆေးဖက်ဝင်အပင်(၈)မျိုးမှရသော အသည်းအားတိုးဆေးများဖြင့်
ဖော်စပ်ထားသောကြောင့် ဘေးထွက်ဆိုးကျိုး လုံးဝမရှိပါ
အခြားဆေးများနှင့်လည်း တွဲဖက်သောက် သုံးနိုင်ပါသည်။
အရက်၊ ဘီယာ၊ ဓါတုဆေးဒဏ်ဆိုးဆေးများ ဆေးဝါးများ
အသည်းရောင်အသားဝါပိုးများနှင့် အဆီဓါတ်လွန်ကဲသော
အစားအစာများကြောင့် အသည်းထိခိုက်ပျက်စီးခြင်းမှ ကာကွယ်ရန်
LIVER CORRECTIVE
LIVER PROTECTIVE
Myan. Regn. R 1204 A 5289

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

# ကန်ပိုင်တီသွား တောလား

ကိုတာ

ဝယန်သွားပြီးတဲ့ နောက်တစ်ရက်မှာ ကျွန်တော်တို့ ကန်ပိုင်တီကို သွားတယ်။

ကျွန်တော်တို့က ပျော်နေကြတယ်။

လွတ်လပ်လို့ ပျော်တာပဲ။ ရောက်ရာ ပေါက်ရာသွားမှာပဲလို့ ဆုံးဖြတ်ထားလို့ ပျော်တာပဲ။ မိုးမအုံ့တအုံ့ နေမပွင့်တပွင့် နေ့တစ်နေ့။ မနက် ၇ နာရီထိုးမှာ ဆွန်ပရာဟိုတယ်လေးက ထွက်ခဲ့ကြတယ်။ နန်ဘောက်က မြစ်ကြီးနား ဆန်ခေါက်ဆွဲ ကောင်းကောင်းကျွေးတယ်။ ကျွန်တော်တို့ ဆန်ခေါက်ဆွဲတစ်ခွက် နှစ်ခွက်စီစားကြတယ်။ ရေနွေးကြမ်းတစ်ခွက် နှစ်ခွက်သောက်ကြတယ်။

ကျွန်တော်ထင်တယ်။ ၈ နာရီထိုးခါနီးတော့ ဝိုင်းမော်ဆီကူးတဲ့ တံတားကြီးပေါ် ရောက်နေပြီ။ ဝိုင်းမော်ဘက် တံတားထိပ် စစ် တဲ့ဂိတ်က စစ်သေးတယ်။ သို့သော် အဆင်ပြေပါတယ်။ မနောပွဲလာ တဲ့ ဧည့်သည်တွေ ကန်ပိုင်တီ သွားလည်မလို့။ အဲ သလောက်ပဲ ပြောရပါတယ်။

ဝိုင်းမော်က ရှမ်းစကားဆိုပဲ။ ဝိန်း=တံတိုင်း၊ မော်ဝ်=အသစ်၊ တံတိုင်းရံထားတဲ့ မြို့အသစ်လို့ ပေါလုက ပြောပြတယ်။ သမိုင်းထဲမှာ တရုတ်တွေဝင်လာလို့ ခုခံရတဲ့ မြို့ပဲ။ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်လက်ထက်မှာ နှစ်ကြိမ် တရုတ်တွေကို ဝိုင်းမော်ကခံတယ်။

ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းလက်ထက် သက္ကရာဇ် ၁၁၂၈ ခုနှစ်တွင် ဖြစ်ပွားသည့် မြန်မာစစ်သည်တို့၏ ဒုတိယအကြိမ် ခုခံရေးစစ်ပွဲကြီးအကြောင်းကို သမိုင်းတွင် -

"မိုးကောင်းကြောင်း ချီလေသော ဝန်ကြီးမဟာစည်သူတို့ တပ်ပေါင်းနှစ်ဆယ့်နှစ်တပ်မှာလည်း မိုးကောင်းမြို့သို့ရောက်လျှင် မြို့ပြကိုပြင်ဆင်စေ၍ အစောင့်အနေ စည်းကြပ်ခန့်ထားခဲ့ပြီးလျှင် စန္ဒားကြောင်းချီလာသည့် တရုတ်တို့ တပ်ကို ဆီးကြိုတိုက်ရမည်ဟု ကတ်ကျိုဝိုင်းမော်က ကူးသည်" ဟုလည်းကောင်း၊

သက္ကရာဇ် ၁၁၃၁ ခုနှစ်တွင် ဖြစ်ပွားသည့် မြန်မာစစ်သည်တို့၏ ခုခံရေးစစ်ပွဲကြီးကို -

"တရုတ်ဗိုလ် ဆင်တာရည်လည်း မြင်းတစ်သောင်း၊ လူ တစ်သိန်းနှင့်ချီလာ၍ မြစ်အ ရှေ့ဘက် ကတ်ကျိုဝိုင်းမော်အထက် မြစ်ကျဉ်းရာနောင်တာ လောကျွန်းတွင် တပ်တည်ချရပ်ပြီးလျှင် မြစ်ကို တံတားခင်းသည်"ဟုလည်းကောင်း ပါရှိသည်။

ဧရာဝတီမြစ်အနောက်ဘက် မကူးနိုင်အောင် ဝိုင်းမော်ကနေ တိုက်ကြတာပဲ။ ကျူးကျော်တဲ့ တရုတ်တွေကို ဧရာဝတီကလည်း ခံတိုက်ခဲ့တာပေါ့။ ဟိုတုန်းကပေါ့လေ။

ဝိုင်းမော်က ကန်ပိုင်တီကို ၄-၅ နာရီပဲ မောင်းရတယ်လို့ ကားဆရာက ပြောတယ်။ လမ်းက ကောင်းတယ်။ တရုတ်တွေ ဖောက်တဲ့လမ်း။ မိုးရွာရင် အနည်းအကျဉ်းမြေပြိုတာပဲ ရှိမယ်တဲ့။ ရေတံခွန်လှလှကြီးတစ်ခုကို ဖြတ်သွားရမယ်။ ဆဒ္ဒုံးခံတပ်ကို ဖြတ်ရမယ်။ ပြီးရင်တော့ လူနေရယ်လို့ ရွာကလေး တစ်ရွာ၊ နှစ်ရွာပဲရှိမယ်။ ငယ်ငယ်တုန်းက ကန်ဗိုက်တီးလို့ ကျွန်တော်တို့ မှတ်မိတဲ့ မြို့ဟာ ခုဆိုင်းဘုတ်မှာ ရေးထားတာ ကန်ပိုင်တီတဲ့။ ကန်ပိုင်တီက နယ်စပ်မြို့။ တောင်စွယ်ကို ဖြတ်ဖောက်ထားတဲ့ ဥမင်ကိုကျော်ရင် တရုတ်ပြည်ကိုရောက်မယ်။



တရုတ်ဘက်က မြို့က ထိန်ကျုံးတဲ့။ လမ်းခုလတ်က ဆဒ္ဒုံးကို စိတ်ဝင်စားပေမယ့် အချိန်ကို မခန့်မှန်းတတ်လို့ ကျွန်တော်တို့ မဝင်ခဲ့ဘူး။ ပေ ၄၀၀၀ မြင့်တဲ့ ဆဒ္ဒုံးဟာ ဝိုင်းမော်ကနေ ၄၉ မိုင်ဝေးတယ်။ ဝိုင်းမော်က တရုတ်နယ်ချဲ့စစ်ကို ကာကွယ်ခဲ့တဲ့နေရာ၊ ဆဒ္ဒုံးက ဗြိတိသျှနယ်ချဲ့စစ်ကိုခံခဲ့တဲ့နေရာ။ ဆရာနတ်ရဲ့"မြန်မာပြည်မြောက်ပိုင်း" ထဲက မိုးကောင်းမြို့ဝန်ဦးဘိုးစောနဲ့ ဆမားဒူဝါတို့ရဲ့ ဆဒ္ဒုံးကို သတိရတာပဲ။ ဆဒ္ဒုံးမှာ အင်္ဂလိပ်စစ်တပ်က ဗိုလ်ဟာရီ ဆင်နဲ့တပ်သားတစ်ရာ ကျော်ကျတယ်။ ဟာရီဆင်ကို အစွဲပြုပြီး ဟာရီဆင်ခံတပ်လို့ အမည်ပေး ပေတဲ့ ဆဒ္ဒုံးခံတပ်လို့ပဲ နာမည်ကျော်တာ။

ညာဘက်ချိုင့်ထဲမှာက ဆဒ္ဒုံး။ လမ်းက တောင်နံဘေးက ကပ်ပြီးသွားတာမို့ အမြင့်မှာ။ နေရောင်က ပွင့်လာပြီ။ သပိတ်လွယ်လေးတွေ လမ်းပေါ်မှာ တွေ့ရတယ်။ "ငှက်ကလေးက စိုးစီ စိုးစီ" ဆိုတဲ့ စိုးစီ စိုးစီလို့ မြည်တဲ့ ငှက်ကလေးက ကျွန်တော့်အမြင်မမှားရင် ကန်ပိုင်တီသွားလမ်းပေါ်၊ အဲဒီဒေသက တောထဲမှာ ကျက်စားသကိုး။

ဆဒ္ဒုံးက ကန်ပိုင်တီသွားလမ်းတစ်ဝက်ကျော်မှာရှိတော့ ဆဒ္ဒုံးဖြတ်ပြီး မကြာခင်မှာ ကန်ပိုင်တီကို ရောက်တာပဲ။ တရုတ်ပြည်ဘက် ထိန်ကျုံးထိသွားရအောင်လို့ ကားဆရာကိုမေးကြည့်တော့ စာရွက်လုပ်ရမယ်။ ဒါမှ သွားလို့ရမှာလို့ ပြောတယ်။ ဥမင်လိုဏ်ခေါင်းကိုဖြတ်ပြီး ဟိုဘက် ခဏတော့ သွားကြည့်ရအောင်ကွာ ရ၊ မရ မေးကြည့်စမ်းပါလို့ ပြောရတယ်။ ကားဆရာက ဂိတ်မှာစုံစမ်းတော့ စာရင်းပေးခဲ့ပါလို့ပဲ ပြောတယ်။ ဒါနဲ့ ကျွန်တော်တို့ ဥမင်ဖြတ်ပြီး ဟိုဘက်မှာ ခြေချခဲ့တယ်။ တရုတ်ရဲနဲ့ တွေ့မှာစိုးလို့ အဝေးကြီးရောက်အောင်တော့ ကားဆရာက မသွားရဲဘူးတဲ့။ ပန်ဝါကိုလည်း ထိန်ကျုံးကသွားရင် ခဏပဲတဲ့။ ဒါလည်းပဲ စာရွက်လုပ်နောက်တစ်ခေါက်ပေါ့ ကွာလို့ ကြိုးဝါးရင်းကပဲ ခတ်ပုံ တစ်ပုံ၊ နှစ်ပုံရိုက်တယ်။ ဥမင်ရဲ့ဒီ ဘက်ပြည်တော်ပြန်ခဲ့ရတယ်။

ကန်ပိုင်တီကိုတော့ တရုတ်ပြည်ဘက်က အပြန်ကျမှပဲ ဝင်လည်တယ်။ ထမင်းလေးတော့လည်း စားဦးမှ ဖြစ်မှာကိုး။ ဈေးတန်းလေးတစ်တန်း၊ ညာဘက်အနိမ့်မှာ ထမင်းဆိုင်တွေနဲ့ စတိုးဆိုင်လေးတွေ၊ ဘယ်ဘက်အမြင့်မှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်နဲ့ ဝင်းကြီးထဲမှာ ကာရာအိုကေခန်းမလို အဆောက်အအုံကြီးကြီးတစ်ခုတွေ့ရတယ်။ ကားပေါ်က ဆင်းပြီး ဆိုင်တန်းဘက်လျှောက်ကြည့်တယ်။ ကျပ်ငွေ မသုံးဘူး။ ယွမ်မှတဲ့။ ကျပ်နဲ့ပေးရင် ယွမ်နဲ့တွက်ပြီးမှ လက်ခံတယ်။ မြစ်ကြီးနားပေါက်တရုတ် ဖြစ်ချင်ဖြစ်မယ်။ အနိမ့်ဆုံးတော့ မြစ်ကြီးနားဘက်ဆီမှာ အနေကြာတဲ့ တရုတ်ဖြစ်မယ်။ စတိုးဆိုင်တရုတ်ကြီးက မြန်မာလို ပြောတတ်တယ်။ တရုတ်ဝိုင်ပုလင်းတွေ တွေ့တော့ ဈေးမေးကြည့်တယ်။ မြည်းစမ်းကြည့်ဦးမလို့ပဲ။ သို့သော် ကောင်းမယ်လို့တော့ဖြင့်လည်း မထင်ဘူး။ ဒါနဲ့ မဝယ်ဖြစ်ဘူး။ အဲ. . ထမင်းဟင်းကတော့ ကောင်းသဗျ။

မိုးဖွဲကလေးက ကျနေပြီ။ ဆောင်းတွင်းကြီးမှာ နည်းနည်းတောင် သည်းလာတယ်။ ထမင်းဆိုင်တစ်ဆိုင်မှာ လက်ညှိုးထိုးပြီး ဟိုဟင်း၊ ဒီဟင်းမှာရတယ်။ ရေနွေးကြမ်းပဲ သောက်တယ်။ လက်ဖက်ခြောက်ကဖြင့် ကောင်းတယ်။ ဒီနားဆီမှာ လက်ဖက်ခင်းတွေရှိပြီး လက်ဖက်ကောင်းကောင်း ထွက်သတဲ့။ ထမင်းဟင်းက စားကောင်းရုံတင်မဟုတ်ဘူး။ ဈေးကလည်း ချိုသား။ မြစ်ကြီးနားမှာထက် တန်တယ်။ ကျွန်တော်တို့ အညာဘက်က ဒီဘက်ထိတက်လာပြီး ဆိုင်ကယ် ကယ်ရီလာလုပ်ကြတဲ့ အညာသားလေးတွေလည်း တွေ့တယ်။ အမှုထမ်းတွေ၊ လဝက၊ အကောက်ခွန်၊ ရဲ စတာတွေလည်း စားရေး၊ သောက်ရေး ခက်ပုံမရဘူး။ ကျွန်တော်တို့ ထမင်းစားတဲ့ဆိုင်မှာ သူတို့လည်း စားကြ၊ သောက်ကြနဲ့ပဲ။

ထိန်ကျုံးဘက်က လာတဲ့ ကားကြီးတွေသိပ်မတွေ့ခဲ့ဘူး။နေ့ခင်းမို့ပဲလားတော့ မသိဘူး။ ကုန်အဝင်၊ အထွက် ဘယ်လောက်များသလဲ မခန့်မှန်းတတ်ဘူး။ စားသောက်ပြီးတော့ လက်ဖက်ရည်ဆိုင်ဘက်ကူးတယ်။ လက်ဖက်ရည်ဆိုင်ကတော့ မြန်မာအမျိုးသမီးတစ်ယောက်ရောင်းတာ။ အဲဒီမှာ ခဏ "နှပ်"တာပေါ့။ ဟိုငေး၊ သည်ငေးပေါ့။

မိုး မစဲပေမယ့် ပြန်ကြစို့ကွာဆိုပြီး ပြန်လာကြတယ်။

ကန်ပိုင်တီကို ဘာလို့ ကျွန်တော်တို့ သွားသလဲ။ ဖတ်ဖူးခဲ့တဲ့ စာတွေကညို့တယ်လို့ ထင်တာပဲ။ "ဆဒ္ဒုံးအမျိုးသမီး" ပုံတွေကို တွေ့ဖူးတော့ အဲသလိုများ ယခုမြင်ရမှာလား၊ မမြင်ရဘူးလား။ ကန်ပိုင်တီဆိုတဲ့ နာမည်ကကို တစ်မျိုးတစ်မည်။ ထိန်ကျုံးဆိုတဲ့ နာမည်ကကို တစ်မျိုးတစ် မည်။ ဆင်ဖြူရှင်ခေတ်က တိုက်ပွဲတွေကျတော့လည်း ကျွန်တော့် ဇာတိရွာ မုံရွေးဟာ စစ်သားတွေထွက်တဲ့ ရွေးရွာကိုး။ တရုတ်တွေနဲ့ တိုက်ခဲ့တဲ့ အဲလိုစစ်ပွဲတွေမှာ ပါခဲ့ကြမှာပေါ့လို့ စိတ်ကူးကွန့်မြူးကြည့်လို့ ထင်တယ်။

ရှေးတုန်းကတော့ တရုတ်တွေက မြန်မာပြည်လေးကို ခဏခဏ တိုက်တာပဲ။ ယခုကော ဘယ်လိုလဲ။ ငြိမ်းချမ်းစွာတူယှဉ်တွဲ တိုးတက်ရေးလို့ ပြောတာပဲ။ Peaceful co-arising တဲ့။

ဧရာမ တရုတ်ပြည်ကြီးဘေးက မြန်မာပြည်ကလေးပါပဲ။ မြန်မာပြည်ကလေးရဲ့ ဟိုတစ်ဖက်မှာ ဧရာမအိန္ဒိယပြည်ကြီး ရှိသေး တယ်။ ယူနန်တက္ကသိုလ်ပါမောက္ခ လီ(Li Chenyang)ရေးတဲ့ စာတမ်းတစ်ခု ဖတ်ဖူးတယ်။ တရုတ်ပြည်ကြီးနဲ့ကုလားပြည်ကြီးက မြန်မာပြည်လေးကို အဘယ့်ကြောင့် လိုအပ်တဲ့အကြောင်း။ တရုတ်တို့ရဲ့ အမြော်အမြင်က အောက်ပါအတိုင်းပဲ။ (စာတမ်းနာမည်က The Policies of China and Indian toward Myanma ပါ။ လက်-စ် ရစ်ဖဲလ်အယ်ဒီတာလုပ်တဲ့ Myanmar/Burma ဆိုတဲ့ စာအုပ်ထဲမှာပါတာပါ။ ရှုကြပါ)

"တရုတ်ပြည်ရဲ့ မြန်မာပြည်ပေါ်လစီဟာ ဒိုင်မင်းရှင်းပေါင်းစုံပါတယ်။ (၁)အိန္ဒိယသမုဒ္ဒရာသို့ ထွက်ပေါက်၊ (၂)နယ်နိမိတ်တစ်လျှောက် တည်ငြိမ်ရေး၊ (၃) စွမ်းအင်၊ (၄)စီးပွားရေး (၅)အခြားနိုင်ငံများနဲ့ ဆက်ဆံရေး အားလုံးပါပဲ။

**(၁) အိန္ဒိယသမုဒ္ဒရာသို့ ထွက်ပေါက်**

တရုတ်ပြည်ကြီးရဲ့ အနောက်ဘက်ပိုင်း ယူနန်ကနေ အိန္ဒိယသမုဒ္ဒရာဘက် ဗျူဟာမြောက်တဲ့ ထွက်ပေါက်လမ်းဟာ မြန်မာပြည်ပဲ။ ထွက်လမ်းဟာ ကားလမ်း၊ ရထားလမ်း၊ လေလမ်းအပြင် ရေနံ၊ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတွေ အစုံအလင်ပါတဲ့ လမ်းကြီး ဖြစ်မယ်။"မြန်မာပြည်မှတစ်ဆင့် အိန္ဒိယသမုဒ္ဒရာသို့ ထွက်ပေါက်သည် တရုတ်ပြည်နှင့် ကမ္ဘာကြီး၏ ပထဝီဆက်သွယ်ရေးအား ဒိုင် မင်းရှင်းအသစ်တစ်ခု ထပ်မံပေါင်းထည့်ခြင်း ပင်ဖြစ်လေသည်" အဲသလို ဆိုလို့ရတယ်။

နယ်စပ်ဒေသများ တည်ငြိမ်ရေး

မြန်မာတရုတ်နယ်စပ်က ကီလိုမီတာ ၂၂၀၄ ရှည်လျားတယ်။ လက်နက်ကိုင် လေးသောင်းလောက်ရှိနေတဲ့ အရပ်ပဲ။ မှောင်ခိုမှု၊ ရာဇဝတ်မှု၊ ခိုးဝင်မှု၊ ပတ်ဝန်းကျင်ပျက်စီးမှုတွေ ပြည့်နေတယ်။ ဒါတွေကို ဖြေရှင်းဖို့လိုတယ်။ ဒီပြဿနာတွေကို ဖြေရှင်းဖို့ ချဉ်းကပ်နည်း နှစ်နည်းရှိတယ်။ နည်း(၁)အနေနဲ့ မြန်မာအစိုးရနဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်တာပဲ။ နည်း(၂)အနေနဲ့ရှိနေတဲ့ လက်နက်ကိုင်အဖွဲ့တွေကို ကြားခံအနေနဲ့ ထားလိုက်တာပဲ။

**စွမ်းအင်ကိစ္စ**

၂၀၀၈ မှာ တရုတ်ဟာ စွမ်းအင် လိုအပ်ချက်ရဲ့ ၅၀ ရာနှုန်းတင်သွင်းရတယ်။ ၂၀၂၀ မှာ ၆၀ ရာနှုန်းတင်သွင်းရလိမ့်မယ်။ တင်သွင်းသမျှ ၈၀ ရာနှုန်းဟာ မလက္ကာရေလက်ကြားကို ဖြတ်ရတယ်။ မလက္ကာရေလက်ကြားကို ဆန့်ကျင်ဘက် အင်အားစုတွေက ထိန်းထားလိုက်ရင် တရုတ်ဘယ်လို လုပ်မလဲ။ အလွယ်ဆုံး ဈေးအသက်သာဆုံး၊ အတိုဆုံးလမ်းဟာ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကတိုက်ထွက် ရေနံတွေကို ပိုက်လိုင်းနဲ့ မြန်မာပြည်ကို ဖြတ်ပြီး သယ်တာပဲ။ မြန်မာရဲ့ သဘာဝဓာတ်ငွေ့သိုက်က ၂ ဒသမ၅ ထရီလျံကုဗမီတာရှိတယ်။ တရုတ်ပြည် တစ်ခုလုံးရဲ့ သဘာဝဓာတ်ငွေ့သိုက်နဲ့ ပမာဏအတူတူပဲ။ ဒါကြောင့် ကျောက်ဖြူမှာ ၂၀၀၉ အောက်တိုဘာ ၃၀ မှာ ပိုက်လိုင်းစဆောက်တာပေါ့။

**စီးပွားရေး**

သဘာဝဓာတ်ငွေ့အပြင် မြန်မာကနေ သဘာဝအရင်းအမြစ်တွေ တရုတ်က ရမှာပဲ။ မြန်မာက ရေအားလျှပ်စစ်၊ သစ်၊ ကျောက်သံပတ္တမြား၊ ကျောက်စိမ်း၊ တွင်းထွက်သတ္တု၊ စိုက်ပျိုးမြေ အင်မတန်ကြွယ်ဝတာကလား။ ဒါတွေကို ရဖို့ပဲ။ မြန်မာက တိုင်းပြည်ဧရိယာအကျယ်အဝန်း ၆၇၀,၀၀၀ စတုရန်းကီလိုမီတာ၊ လူဦးရေသန်းငါးဆယ်ကျော်ပဲ ရှိတယ်။ မြန်မာဟာတရုတ်အနောက်တောင်ပိုင်းဒေသ အတွက် အရှေ့တောင်အာရှ၊ တောင်အာရှ၊ ဥရောပ၊ အာဖရိကကိုသွားမယ့်လမ်းက ကုန်းလမ်းတံတားကြီးပဲ။ မလက္ကာ ရေလက်ကြားက ဖြတ်ရတဲ့လမ်းထက် ကီလိုမီတာ ၃,၀၀၀ တိုတယ်။အချိန်ငါးရက်ကျုံ့တယ်။

**အခြားနိုင်ငံများနှင့် ဆက်ဆံရေး**

မြန်မာတွေက တရုတ်တွေကို ပေါက်ဖော်လို့ ခေါ်တာပဲ။ ပေါက်ဖော်ဆိုတာ ညီအစ်ကိုလို့ ဆိုလိုတာ။ တရုတ်အနေနဲ့က တော့ အခြားနိုင်ငံတွေရဲ့ ပြည်တွင်းရေးမှာ ဝင်မစွက်တဲ့မူကို ကျင့်သုံးတာပဲ။ ဒါကြောင့် မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံတွေက ချမှတ်တဲ့ ပိတ်ဆို့မှုတွေ(Sanctions)ကို ကန့်ကွက်ပါတယ်။ ဒီနည်းအားဖြင့်အခြားဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ တရုတ်ကို ကျိုးကြောင်းဆီလျော် ညီညွတ်တဲ့၊ မျှတတဲ့၊ တရားတဲ့ နိုင်ငံလို့မြင်ဖို့ပါပဲ။

**စာဖတ်ပရိသတ်များခင်ဗျား . . .**

ကျွန်တော့် ကန်ပိုင်တီတောလား ဖတ်ရတာ ပျင်းတောင်ပျင်းကုန်ကြပြီလား။ ကျွန်တော်တို့ ပြည်ကလေးဟာ တရုတ်တွေအဖို့ အဲသလို အရေးကြီးသတဲ့။ ကျွန်တော်တို့အဖို့ကော သူတို့က ဘယ်လိုအရေးကြီးသလဲ။ ထော်လာဂျီတွေ၊ ဆိုင်ကယ်တွေ၊ ဈေးပေါပေါအဝတ်အထည်၊ ကလေးကစားစရာတွေ အရည်အသွေးမှာ မေးခွန်းထုတ်စရာ ပစ္စည်းတွေ။ အဲသလောက်ပဲ ပြည်သူတွေက ရပါတယ်။ သာမန်လမ်းပေါ်က လူတစ်ယောက်ကတော့ ဒီလိုပဲ စဉ်းစားတတ်ပါတယ်။ တရုတ် ကုမ္ပဏီကြီးတွေ ဝင်လာကြပါပြီ။ ဝင်လာလတ္တံ့ပါ။ ယခုထိတော့လည်း သယံဇာတတွေ ထုတ်ယူကြတာပါပဲ။ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ရင် နည်းပညာတွေ အလုပ်အကိုင်တွေရမှာပဲလို့သာ မှန်းတွေးကြည့်ဖူးတယ်။ ကျွန်တော်တို့ ပြည်သူလူထုအလုပ်အကိုင်ရ၊ မရဟာ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားပေါ်မှာ မူတည်ပုံရတယ်။ တရုတ်ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုဟာ ဒေသခံတွေကို အကျိုးရှိစေမှာလား။

လမ်းပေါ်က လူတွေသာဖြစ်တဲ့ ကျွန်တော်တို့ တစ်တွေ ဝိုင်းမော်ရောက်တော့ ညနေ ၆ နာရီခွဲပြီ။ တံတားကိုဖြတ်တော့ ဧရာဝတီမှာ သောင်တွေထွန်းနေတာ တွေ့ရတယ်။ နေလုံးက မြစ်ပေါ် မေးတင်နေတော့ မြစ်တစ်ပြင်လုံး နီရဲနေတာပဲ။ ။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.5 ▪ APRIL 7, 2011

# ခြားနားသော ဘဝများ

လွင်ချမ်းငြိမ်း(နတ်မောက်)

ဘဝတွေက အနိမ့်အမြင့် ကွာခြားလွန်းလှသည်။ အရိုးဆုံး ဥပမာနဲ့ မိုးနဲ့မြေလိုပဲလို့ ပြောရမလား။ ဆန့်ကျင်ဘက်အနေအထား အတိုင်း အလှမ်းကွာနေတဲ့ မြားဦး နှစ်ဖက် လိုဘဝများလို့ပဲဆိုရမလား။ သေချာတာတစ်ခုက ဘယ်လိုမှ နှိုင်းယှဉ်လို့မရတာပင်ဖြစ်သည်။ ဘယ် သောအခါမှ ပြည်စုံနိုင်မည် မဟုတ်သော လိုအပ်ချက်တောင့်တမှုများနောက်သို့ တကောက်ကောက်လိုက်ရင်း ဘဝပုံသဏ္ဌာန် အမျိုးမျိုးကို ကျင်လည်နေကြရသည်။

ဘဝဆိုသည်မှာ ဆာလောင်မွတ်သိပ်မှုဖြင့် စတင်ကာရုန်းကန် ဖွေရှာမောပန်းမှုများဖြင့် ကျော်လွှားဖြတ်သန်းကြရပြီး ဘာမျှမပါ လက်ချည်းဗလာဖြင့် အဆုံးသတ်ကြရသည်။ မဖြစ်မနေ ရင်ဆိုင်ကြရသည့် အခြေခံစားဝတ်နေရေးကိစ္စအတွက် နည်းဗျူဟာ အမျိုးမျိုးသုံးကာ ဖြေရှင်းကြရသည်။

မုံရွာမြို့လယ်ခေါင် အိမ်ခြေစိပ်စိပ် လူနေပြွတ်သိပ်သည့်နေရာမှာ တစ်ပွဲကျပ်တစ်ရာနဲ့ ရောင်းတဲ့ မုန့်ဟင်းခါး ဆိုင်ကလေးတွေရှိသည်။ အဲဒီဆိုင်မှာတစ်ပွဲလောက်စားဖို့အရေး ဦးနှောက်က အိုကေမပြသည့် လူတွေကလည်း အများအပြားရှိသေးသည်။ သူတို့က ဟိုတယ်၊ မိုတယ်တွေ စိတ်မဝင်စား။ ဈေးထဲက ဝက်သားလေးနည်းနည်းဝယ်ပြီး တစ်နပ်လောက်ချက်စားလိုက်ရရင်ပဲ “အားပါးပါး” ဟု အရသာခံကာ ကျေနပ်ချင်သူများဖြစ်သည်။ ဒီလိုအချိန်မှာ ကျပ်သိန်းရာဂဏန်းမှ ထောင်ဂဏန်း နီးနီးကားများကိုစီးကာ ဂေါက်သီးတစ်လုံး ကျပ်နှစ်သောင်းကျော်တန်များဖြင့် ကျန်းမာရေးအတွက် အညောင်းဆန့်နေသူများလည်း ရှိပါ၏။ သူတို့ကလည်း စောစောက လို မုန့်ဟင်းခါးဆိုင်လေးတွေကို စိတ်မဝင်စားမှာ သေချာသည်။

စင်တင်ရှိုးပွဲနှင့် စားသောက်ဆိုင်တွင် တစ်ညတည်းမှာပင် ပန်းကုံးစွပ်ခြင်းအတွက် သိန်းရာချီသုံးသူများလည်း မနည်းမနား။

မူကြို မူလတန်းအရွယ်ကလေးငယ်တစ်ယောက်အတွက် တစ်နှစ်စာ ပညာသင်ကြားရေး စရိတ်ကို ကျပ်သိန်းရာဂဏန်းလောက်အသုံးပြုပြီး အသုံးစရိတ်စာရင်းထဲ ထည့်မမှတ်ဘဲ နေနိုင်သူများလည်း ရှိသည်။ ဆယ့်ငါးနှစ်အရွယ် သားငယ်၊ သမီးငယ် တစ်ဦးကို လူကြီးစာရင်းသွင်းကာ နေ့စားအလုပ်လုပ်ခိုင်းပြီး မိသားစု တစ်နေ့တာ စုစုပေါင်းဝင်ငွေ ထောင်ဂဏန်းလောက်ကို ရှေ့ဆုံးနံပါတ်ကိန်းလုံးလေးလှဖို့ ကြိုးစားကြရသည်။ ရှစ်နှစ်အရွယ် သမီးငယ်တစ်ဦးကို မီးဖိုချောင်မန်နေဂျာအဖြစ် ခန့်ကာ မူကြိုကျောင်းအုပ်အဖြစ် ပူးတွဲတာဝန်ပေး သည်။ ဒီကြားထဲ ဈေးဝယ်၊ အဝတ်လျှော်ကိစ္စတွေကိုလည်း စေတနာ့ဝန်ထမ်းအဖြစ် ထမ်းဆောင် ရသည်။ ဒီလိုမိသားစုတွေကလည်း မနည်းမနောရှိနေသည်။

လမ်းထိပ် ကွမ်းယာဆိုင်မှ စပ်ဆေးများ၊ အိမ်တွင်း ဘိုးစဉ်ဘောင်ဆက်သုံး ဆေးမြီးတိုများဖြင့် လူအဖြစ် အသိအမှတ်ပြုခံရရုံမျှ ရပ်တည်ကြီးပြင်းခဲ့ရသူအဖို့ နှာစေးချောင်းဆိုးကိစ္စလောက်နဲ့ ‘ဖောရိန်း’ ထွက်ပြီး ကုလိုက်ရမှ နေ သာထိုင်သာ ဖြစ်သွားသူများရှိသည်ဟုဆိုလျှင် ယုံမည်မဟုတ်ပေ။ ဆေးစက်ကလေး လွင့်စင်ကျပြီး ရုပ်ငြိမ်ပန်းချီကားလို ဘဝကိုပုံဖော်နေကြသူတွေလည်း ရှိသည်။ ကာယအားကို ရှိသမျှအကုန်ညှစ်သုံး၊ ချွေးတလုံးလုံးနဲ့ လောကခံကို ကျော်နင်းနေကြသည်။ အဖေ့ချွေးစက်၊ အမေ့ချွေးစက်တွေပေါင်းကာ အိမ်ရဲ့ ကွက်လပ်ထဲမှာ ဘက်တီးရီးယား ပိုးမွှားတွေ ပြည့်နှက်သွားသည်။ ဧ၀င်းပိုးမွှားများက သူတို့ရဲ့ မျိုးဆက်ရင်သွေးငယ်တွေအတွက် ဘေးထွက်ဆိုးပြစ်ရောဂါများကို သယ်ဆောင်လာကြသည်။ ဒီလိုနဲ့ သူတို့အတွက် ဘကုန်းနောက်က ဝလုံးသည် သုညအဖြစ် ပြောင်းလဲခဲ့ရသည်။ ထူးမခြားနားဇာတ်ထုပ်ထဲမှာ ဘာမသိ ညာမသိ ဖြတ်လျှောက်ဇာတ်လိုက်များအဖြစ် တစ်ခန်းရပ်ကြရသည်။ သူတို့အဖို့ ငွေဆိုတာ ရှာလေရှားလေ၊ ရှားလေ ရှာလေဖြစ်ကြရ၏။

ဘဝကို ဘောလုံးတစ်လုံးကို မြှောက်ပုတ်ဆော့ကစားရင်း လေ



ချွန်နိုင်သူများလည်း ရှိသည်။ သူတို့ရဲ့ ဘကုန်းနောက်က ဝလုံးမှာ ဝပြီးလုံး၍နေလေသည်။ အင်တာနက်နဲ့ချိတ်ဆက် ကမ္ဘာကို လက်တစ်ဖက်ထဲဖြင့် ဆုပ်ကိုင်နိုင်သူများ အလား ထင်မှတ်မှားရသည်။ ထိုသူများအဖို့ ငွေဆိုတာ များလေပွားလေ၊ ပွားလေများလေပင် ဖြစ်သည်။ မြင်တတ်၊ လုပ်တတ်၊ ယူတတ်သူများ၊ ကျွမ်းကျင်သူများ၊ သတ္တိရှိသူများဟု ဆိုရမည်ထင်ပါသည်။ အကြွေးကျပ်သိန်းရာဂဏန်းလောက်ယူကာ အမြတ်ငွေကျပ်သိန်းထောင်ဂဏန်းရအောင် ကြံဆောင်နိုင်သူများဖြစ်သည်။

နေ့စဉ် ကျပ်ထောင်ဂဏန်းမျှသော ငွေကိုအရင်းပြုကာ ဂဏန်းလေးလုံးထက် မပိုသော အမြတ်ငွေကို ဟပ်ထိုးမတတ် ဖွေရှာလျက် မတ်တပ်စာနဲ့ လုံးပါးပါးနေရသူများလည်း ရှိသည်။

တစ်လောက အသက်ခြောက်ဆယ်အရွယ် ကဗျာဆရာကြီးထံရောက်သွားသည်။ သူ့ရဲ့ အလုပ်တာဝန်နောက်ဆုံးအချိန်ကို အသိအမှတ်ပြုကာ သူ့ဘဝ နောက်ဆုံးလက်ကျန်အချိန်များအတွက် စုပေါင်းလစာအဖြစ် ငွေကျပ်ငါးသိန်းရလိုက်သည်။ ကဗျာဆရာ မျောက်အုန်းသီးရဖြစ်နေသည်။ ဇနီးမယား၊ သမီးသားများက ငွေငါးသိန်းနဲ့ဘာမှ လုပ်မရဟု ဆိုကာ စိတ်ဝင်စားဟန်မပြကြောင်း ပြောပြသည်။ ဈေးချင်၊ ငှားချင်၊ အချိုအချောင်နှိုက်ချင်ကြသည့် မိတ်ဆွေများကတော့ မျက်နှာရွှင်ရွှင် လေသံလွင်လွင် ဖြင့်အိမ်တိုင်ရာရောက် လာပြီးနှုတ်ဆက်ကြတယ်လို့ ဆိုပါသည်။

ကဗျာဆရာ အသက်ခြောက်ဆယ်ကျော်မှ “ဘဝ”ခေါင်းစဉ် ကဗျာအတွက် ကာရန်ရှာမရ၊ ပါဒချမရဘဲ ဖြစ်နေသည်။ ပုံမှန်လစဉ် ကျပ်လေးသောင်းရတုန်းက ဟန် မပျက်လည်ပတ်နိုင်ပြီး အခု သူ့တစ်သက်မကိုင်ခဲ့ဘူးသည့် ကျပ်ငွေငါးသိန်းအထုပ်ရကာမှ သူ့ရှေ့ဆက်ရမယ့် ခရီးသက်တမ်းကို ခန့်မှန်းကာ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား သင်္ချာသင်္ကေတလေးခုဖြင့် ကဗျာရထားကို ရပ်နား ပြုပြင်လျက်ရှိသည်။

ဘုတလင်မြို့နယ် ကြို့ကုန်းရွာက အသက် ၇၂ နှစ်အရွယ် အဘွားအို ဒေါ်သန်းကြည်ကဖြင့် သဲဆပ်ပြာကြမ်းသုံးတင်းကို လှည်းတစ်တန်၊ ကားတစ်တန်ဖြင့် မုံရွာအထိ အရောက်သယ်လာခဲ့သည်။ မြို့ပေါ်ဘုန်းကြီးကျောင်းတစ်ခုမှာစခန်းချပြီး နိုင်သမျှ ပခုံးဖြင့် ထမ်းကာ မုံရွာမြို့တွင်းကို နေ့စဉ်နှစ်ပတ်၊ သုံးပတ်လှည့်လည်ရောင်းချလျက်ရှိသည်။ သူ့အသက် ၄၀ အရွယ်ကတည်းက မုံရွာကို နှစ်စဉ် ပျမ်းမျှတစ်လတစ်ကြိမ် လာရောင်းတယ်လို့ ဆိုပါတယ်။ တစ်ခေါက်ကို တစ်ပတ်လောက်ကြာအောင် မြို့ထဲတခွင် ထမ်းပြီး ရောင်းရတယ်လို့ သိရပါသည်။ သူ စရောင်းတုန်းက ဘယ်ဈေးတုန်း မပြောနိုင်တော့ပေမယ့် အခုလက်ရှိမှာ သဲဆပ်ပြာကြမ်းလေးပြည်ကို ကျပ်ငါးရာနှုန်း(တစ်တင်းကျပ်နှစ်ထောင်)နဲ့ ရောင်းနေပါသည်။ သူသုံးတင်းရောင်း ကုန်ရင် သူ့ရဲ့ရငွေကျပ် ခြောက်ထောင်ဖြစ်မည်။ သူမရဲ့ အရင်းအနှီး လမ်းခရီးစရိတ်က စုစုပေါင်း ကျပ်သုံးထောင်လောက် ကုန်ကျခဲ့ကြောင်းပြောပါသည်။ မုံရွာမှာနေတဲ့ ရက်အတွင်း စားမှုသောက်မှုကိုတော့ ဘုန်းတော်ကြီးက စွန့်ကြဲကုသိုလ်ပြုတယ်လို့ ဆိုပါသည်။ သူနဲ့အတူ ဆပ်ပြာကြမ်းလာရောင်းတာ အသက် ၇၀ ကျော်အရွယ် အဘွားအို နောက်ထပ် နှစ်ဦးပါသေးတယ်လို့ ပြောပြပါသည်။

ရန်ကုန်မှာ အခြေကျနေသူတစ်ဦးက မုံရွာမှာ စီးပွားရေးလာလုပ်ဖို့ စိတ်ဝင်စားကြောင်း သိရပါသည်။ ရန်ကုန်မှာ လုပ်ငန်းတစ်ခုအစတည်ဖို့ ကျပ်သိန်းထောင်ဂဏန်းလိုအပ်ကြောင်း၊ မုံရွာမှာဆိုလျှင် ကျပ်သိန်းငါးရာလောက်ဖြင့် လုပ်ငန်းတစ်ခုစတင်လည်ပတ်နိုင်ကြောင်း ပြောသံ ဆိုသံကြားလိုက်ရပါသည်။ သူတို့ပိုင်ဆိုင်သော ကျပ်သိန်းပေါင်း သိန်းဂဏန်းမက ပမာဏသည် သူတို့အတွက် ပြီးပြည့်စုံနေဦးမည် မဟုတ်ပေ။

ဘဝဆိုတာကို မျဉ်းကြောင်းတစ်ခုအဖြစ် အသိအမှတ်ပြုရင် အဲဒီမျဉ်းကြောင်းမှာဆန့်ကျင်ဘက် မျက်နှာမူနေတဲ့ မြားဦးနှစ်ဖက်ပါနေပါလိမ့်မည်။ ဘယ်မြားဦးဘက်မှာ နေထိုင်ရှင်သန်မလဲဆိုတာကတော့ သင်ကိုယ်တိုင်ရဲ့ ရွေးချယ်ဆုံးဖြတ်ချက်ကြောင့်ပဲလား။ သင့်မိဘဆွေမျိုးတွေကြောင့်ပဲလား။ အတိတ်ကံတွေကြောင့်ပဲလား။ ဘဝပေး ကုသိုလ်အရပဲလား။ ဝီရိယနှင့် ကြိုးစားမှုကွာခြားမှုကြောင့်လား။ တန်ဖိုးထားသည့် စံများမတူခြင်းကြောင့်လား။ ဒါတွေကို မပြီးနိုင်၊ မစီးနိုင်၊ လမ်းဆုံးအဖြေရောက်သည်အထိ ရှင်းမပြနိုင်သည့် ကဗျာဆရာကြီးထံသွား၍ ဆွေးနွေးကြည့်ပါဦးမည်။ ဘဝများစွာ လှပသာယာကြပါစေဟုသာ ဆန္ဒပြုလိုက်ရပါသည်။ ။

---

# ၁၃လ၁နှစ်

အရှင်တေဇောသာရ(ထနောင်းကန်)



“အော် ၁၃ လ ၁ နှစ်တောင် ကုန်တော့မှာပါလား”

လေလေးပင်ပင်နှင့် ခပ်ညည်းညည်းပြောလိုက်သောစကားကို ကြားလိုက်ရသဖြင့် . . .

“အရှင်ဘုရားက ဘယ်နိုင်ငံပြက္ခဒိန်ကိုကြည့်ပြီး ပြောနေတာလဲ”လို့ ပျာပျာသလဲ မေးမိလိုက်ပါတယ်။ မေးပြီးပြီးချင်း မှားမှန်းသိလိုက်တယ်။ ဟုတ်ပါတယ်။ ဒီ၁၃၇၂ ခုနှစ်ထဲမှာ ဒုတိယဝါဆိုလ တစ်လတိုးထားတဲ့အတွက် ဆယ့်သုံးလဖြစ်နေပါတယ်။

“ဟုတ်တယ်၊ ဟုတ်တယ်၊ အရှင်ဘုရားပြောတာမှန်တယ်။ တပည့်တော်အမှတ်တမဲ့ဖြစ်သွားလို့၊ ဒီနှစ် ဝါထပ်ထားတာဆိုတော့ ဆယ့်သုံးလပေါ့”လို့ ကိုယ့်ရဲ့မဆင်မခြင်အလောသုံးဆယ်နိုင်မှုကို ဝန်ခံလိုက်ရတယ်။

ပုံမှန်အားဖြင့် တစ်နှစ်ကို ၁၂ လနဲ့သတ်မှတ်ထားတာပါ။ သုံးနှစ်တစ်ကြိမ်၊ လေးနှစ်တစ်ကြိမ်မှသာ ပညာရှင်များတွက်ချက်ပြီး ဝါထပ်နှစ်အဖြစ် သတ်မှတ်ပေးတာဖြစ်ပါတယ်။ အများကတော့ ပြက္ခဒိန်ထွက်လာမှ ပြက္ခဒိန်ကြည့်ပြီး ဒီနှစ်ဝါထပ်တယ်။ မထပ်ဘူးဆိုတာသိတာပါ။ ဒါကြောင့် တစ်နှစ်ဆိုလျှင် ၁၂ လရှိတယ်ဆိုတာ နားစွဲပြီးသာ စကားဖြစ်နေပါတယ်။ နားမစွဲတဲ့ အထူးသတ်မှတ်နှစ် “ဆယ့်သုံးလတစ်နှစ်”ကို ကြားလိုက်ရတော့ အမှားစကားလို့ ထင်လိုက်မိပါတယ်။

ဒါနဲ့ ဆက်နွယ်ပြီး “မူလသတ်မှတ်ချက်အပေါ် လိုအပ်တဲ့အခါမှာ ဖြည့်စွက်နုတ်ပယ်သတ်မှတ်ချက်တွေကို ပြုလုပ်ကြတယ်” ဆိုတာကို တွေးမိလိုက်ပါတယ်။ အရှင်ဓနိယမထေရ်ရဲ့ မင်း ဘဏ္ဍာသစ်တွေကို ပိုင်ရှင်ကို အသိမပေးဘဲ ယူမိတဲ့ပြစ်မှုကို အကြောင်းပြုပြီး “ရဟန်းတစ်ပါးဟာ ပိုင်ရှင်မပေးတဲ့ ပစ္စည်းကိုယူမယ်ဆိုရင် အပြစ်သင့်ရောက်စေ”လို့ မြတ်စွာဘုရားက ပြစ်မှုနဲ့ ပြစ်ဒဏ်ကို သတ်မှတ်တော်မူပါတယ်။ ဒါကမူရင်း ဥပဒေဖြစ်ပါတယ်။ နောက်ရဟန်း ၆ ပါး အုပ်စုတစ်စုဟာ ရေချိုးဆိပ်တစ်ခုက ခဝါသည်တွေရဲ့ အဝတ်ထုတ်တစ်ထုတ်ကို ခိုးယူပြီးဝေယူကြတယ်။ တခြားရဟန်းတွေသိကြလို့ “မြတ်စွာဘုရား တားမြစ်ထားတာ ဘာ ဖြစ်လို့ လွန်ကျူးကြတာလဲ” ပြောကြတဲ့အခါ “တားမြစ်တာက မြို့ ရွာအတွင်းကို တားမြစ်တာပါ။ အပြင်ဘက် တောထဲတွေမှာ မယူရဘူးလို့ တားမြစ်တာမဟုတ်ပါဘူး” လို့ ဆင်ခြေပေးတဲ့အတွက် “မြို့ ရွာမှာ ဖြစ်ဖြစ်၊ တောမှာဖြစ်ဖြစ်” ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်သတ်မှတ်တော်မူပါတယ်။

ရှင်ဒေဝဒတ်ဟာ လာဘ်လာဘနည်းပါးလာတဲ့အခါ သူ့ပရိသတ်ရဟန်းအချို့နဲ့အတူ အိမ်များကိုသွားရောက်ပြီး “ဆွမ်းလှူကြပါ”လို့ နှုတ်မြွက်အလှူခံစားသောက်ပါတယ်။ ဒါကို အကြောင်းပြုပြီးတော့ “လေးပါးထက်အလွန်ရဟန်းများကို လှူတဲ့ ဂဏဘောဇဉ်ဆိုတာမျိုးကို မစား ရ၊ စားလျှင်အာပတ်သင့်(အပြစ် ဖြစ်)စေ”ဆိုပြီး မူရင်းဥပဒေတစ်ရပ် ထုတ်တော်မူပါတယ်။ နောက်ရဟန်းအချို့ မကျန်း မမာဖြစ်တဲ့အခါ ဒကာတွေက ဆွမ်းပင့်ကပ်ကြတယ်။ တားမြစ်ချက်ရှိထားတဲ့အတွက် လူနာရဟန်းတွေ ဘုဉ်းမပေးကြပါဘူး။ ဒါကိုမြတ်စွာဘုရားသိတော်မူတဲ့အခါ “ကျန်းမာရေးမကောင်းတဲ့အခါကို အပထားပြီး” (ကျန်းမာရေးမကောင်းတဲ့အခါ စားခွင့်ရှိတယ်) ဆိုတဲ့ ခွင့်ပြုချက်ဖြည့်စွက်သတ်မှတ်တော်မူခဲ့ပါတယ်။ နောက်ထပ်လည်း ဖြစ်ပေါ်လာတဲ့ အကြောင်းအရာကို မူတည်ပြီး ခွင့် ပြုချက် (၆)ကြိမ် ထပ်ဆင့်ဖြည့်စွက်တော်မူခဲ့ပါတယ်။ စုစုပေါင်း ၇ ကြိမ်ဖြည့်စွက်တော်မူခဲ့တာ ဖြစ်ပါတယ်။

တားမြစ်ချက်ကို သတ်မှတ်ရာမှာဖြစ်ဖြစ်၊ ခွင့်ပြုချက်ကို သတ်မှတ်ရာမှာဖြစ်ဖြစ်လိုအပ်တဲ့အခါ ဖြည့်စွက်ချက်ဆိုတာထည့်ရတာချည်းဖြစ်ပါတယ်။ တစ်ခုရှိတာက မူလသတ်မှတ်ချက်ကို ပြင်ဆင်ဖြည့်စွက်တဲ့အခါမှာ အကျိုးအကြောင်း ခိုင်လုံဖို့ လိုပါတယ်။ ယုတ္တိရှိဖို့ လိုပါတယ်။ အကျိုးအကြောင်း မခိုင်လုံဘဲ ယုတ္တိမရှိဘဲ ပြင်ဆင်ဖြည့်စွက်မယ်ဆိုရင် တန်ဖိုးလျော့သွားမှာဖြစ်သလို လေးစားမှုလိုက်နာမှုတွေလည်း အားပျော့သွားမှာဖြစ်ပါတယ်။ ကိစ္စတစ်ခုအတွက် နေ့ရက် အချိန်အတိအကျ သတ်မှတ်ပြီး တွေ့ဆုံဖို့ ချိန်းဆိုလိုက်တာ မူလ သတ်မှတ်ဖြစ်ပါတယ်။ အဲဒီမူလ သတ်မှတ်ချက်ကို အရေးပေါ် ကျန်းမာရေးကြောင့်ပဲဖြစ်ဖြစ်၊ လူမှုရေးကြောင့်ပဲဖြစ်ဖြစ် မဖြစ်မနေ ပြင်ဆင်ချင်တယ်ဆိုရင် အကြောင်းပြချက် ခိုင်ခိုင်မာမာတင်ပြပြီးအချိန်မီအကြောင်းကြားဖို့လိုပါတယ်။ အကြောင်းပြချက် မခိုင်လုံလို့ဘဲ ဖြစ်ဖြစ်၊ အချိန်မီ အကြောင်းမကြားလို့ဘဲဖြစ်ဖြစ် အားနည်းချက်ဖြစ်သွားရင် အယုံအကြည်မဲ့သွားမှာ ဖြစ်ပါတယ်။ “ကိုယ်သာရေးလည်း၊ ကိုယ့်ဝိနည်းကို၊ ကိုယ်လည်းမကျင့်နိုင်” ဆိုတာကို ကိုယ်တိုင်ရေးဆွဲထားတဲ့ သတ်မှတ်ချက်ကို ကိုယ်ကိုယ်တိုင် အကြောင်းပြချက် မခိုင်လုံဘဲ မလိုက်နာဘူးဆိုရင် ဒါမှမဟုတ် ပြင်ဆင်လိုက်မယ်၊

စာ(၁၁) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.5 • APRIL 7, 2011

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်ဖြစ်လာ



အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဝင်များ၊ ဓာတ်ပုံ–သတင်းစဉ်

အားမာန်

ရန်ကုန်၊ မတ် – ၃၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရာထူးအား ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ခန့်အပ်တာဝန်ပေးခြင်းခံရကြောင်း သတင်းရရှိသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖြစ်လာသော ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသော ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့မှာ မတ်လ ၃၀ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း မတ် ၃၁ရက်ထုတ်နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြထားသည်။

၂၀၁၀ မတ်လ ၃၀ ရက်အထိ တာဝန်ယူခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီလက်ထက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တာဝန်ယူခဲ့ပြီး ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက တာဝန်ယူခဲ့သည်။ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့များ စတင်ဖွဲ့စည်းစဉ်ကတည်းက နိုင်ငံရေးလေ့လာသူများနှင့် စိတ်ဝင်စားသူများကြားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မည်သူခန့်အပ်တာဝန်ပေးခြင်းခံရမည်ကို စိတ်ဝင်တစားနှင့် စောင့်ကြည့်နေခဲ့ကြသည်။

ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာသောဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်မှာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ရွှေတြိဂံဒေသ စစ်တိုင်းမှူးစသော တာဝန်များ ထမ်းဆောင်ခဲ့သူဖြစ် သည်။ မတ်လ ၃၀ ရက် နံနက် ၁၁ နာရီတွင် ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အသစ်နှင့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်အသစ်တို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ထိုအစည်းအဝေးတွင်နိုင်ငံတော်သမ္မတသစ်ဦးသိန်းစိန်အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘော တူညီထားသောပုဂ္ဂိုလ်များမှာ ပြည်ထောင်စုလွှတ်တော် နာယကကြီးရှေ့မှောက်တွင် ကတိသစ္စာပြုခဲ့ကြသည်။

## အစိုးရသစ်ဖွဲ့စည်းရာတွင် ပြည်ထောင်စုဒုတိယဝန်ကြီး ရာထူးနှစ်နေရာကို အမျိုးသမီးများအားခန့်အပ်

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ မတ် – ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသစ်တွင် ပြည်ထောင်စု ဒုတိယဝန်ကြီးများရာထူး၌ အမျိုးသမီးနှစ်ဦးအား ခန့်အပ်တာဝန်ပေးလိုက်ခြင်းကြောင့် မြန်မာနိုင်ငံတွင် ပြည်ထောင်စုဝန်ကြီးအဆင့် ရထူးရရှိသော ပထမဆုံးသော အမျိုးသမီး များဖြစ်လာမည်ဖြစ်သည်။

ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ် ခံထားရသူများမှာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒေါ်စန္ဒာခင်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဒေါ်မြတ်မြတ် အုန်းခင်တို့ဖြစ်သည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး၏ ယဉ်ကျေးမှုနှင့်သာသနာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဒေါ်စန်းစန်းနွယ်နှင့် ကချင် ပြည်နယ်၏ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးဌာနဝန်ကြီးအဖြစ် ဒေါ်ခင်ပြုံးရည်တို့ကိုလည်း ခန့် အပ်သည်။

"အမျိုးသမီးတွေကို ခုလို ရာထူးအမြင့်မျိုးပေးတာ ဒါပထမဆုံးပါပဲ။ တရားရေးပိုင်းမှာ ပေးတာမျိုးကတော့ အရင်တည်းကရှိပါတယ်။ ပုံမှန်အားဖြင့် ညွှန်ချုပ်အဆင့်က အမြင့်ဆုံးပါပဲ။ ဒါတောင် အမျိုးသမီးညွှန်ချုပ်က တကယ့်ကို အရေအတွက်နည်းပါတယ်" ဟု နိုင်ငံ့ဝန်ထမ်းအငြိမ်းစား အမျိုးသား တစ်ဦးက သုံးသပ်ပြောကြားသည်။

တိုင်းဒေသကြီး လွှတ်တော်အမျိုးသမီးကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါက်တာဒေါ်ညိုညိုသင်းက "အဆုံးသတ်ဆုံးဖြတ်ချက်ပေးနိုင်တဲ့ အဆင့်မှာ အမျိုးသမီးတွေရှိမနေဘူး။ အစိုးရရုံးတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းအားလုံးရဲ့ တစ်ရာခိုင်နှုန်းကျော်ကျော်လောက်လေးပဲ ရာ ထူးကြီးကြီးတွေမှာရတယ်လို့ တွက်ချက်ထားတော့ ကျွန်မထင်တယ်။ နောက် ငါးနှစ်လောက်စောင့်ရင်တော့ အမျိုးသမီးတွေ အခန်းကဏ္ဍလေး ပိုကျယ်လာမယ်ထင်ပါတယ်"ဟု သုံးသပ်ပြောကြားသည်။

ဒေသတွင်း နိုင်ငံများတွင် အမျိုးသမီးများလွှတ်တော်တွင် ပါဝင်သည့် အရေအတွက်မှာ ၁၀ ရာခိုင်နှုန်းအောက်တွင်ရှိနေပြီး လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၌ အမျိုးသမီးများလွှတ်တော်တွင်ပါဝင်နိုင်မှုမှာ အနည်းငယ်မြင့်မားသော်လည်း မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ များတွင် အမျိုးသမီးများကို ရာထူးကြီးနေရာများ၌ ခန့်ထားမှုမှာ အလွန့်အလွန်ကိုနည်းကြောင်း အာဆီယံဆိုင်ရာ ထိုင်းနိုင်ငံကိုယ်စားလှယ် ဒေါက်တာစီရိပါပါး က ပြောကြားသည်။

---

**ပြည်ထောင်စု တရားသူကြီးချုပ်**

၁။ ဦးထွန်းထွန်းဦး

**ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ**

၁။ ဦးသာဌေး
၂။ ဦးမြသိမ်း
၃။ ဦးစိုးညွှန့်
၄။ ဦးမြင့်အောင်
၅။ ဦးအောင်ဇော်သိန်း
၆။ ဦးမြင့်ဟန်

**ပြည်ထောင်စုရာထူးဝန် အဖွဲ့ ဥက္ကဋ္ဌ**

၁။ ဦးကျော်သူ

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

၁။ ဦးကျော်သူ
၂။ ဦးခင်မောင်အေး
၃။ ဒေါက်တာဝင်းမြင့်
၄။ ဒေါက်တာမြင့်အောင်
၅။ ဒေါက်တာကျော်ကျော်ဌေး
၆။ ဦးစိုးဦး

**ပြည်ထောင်စုရွေးကောက်ပွဲဝင် ကော်မရှင်ဥက္ကဋ္ဌ**

ဦးတင်အေး

**ပြည်ထောင်စုရွေးကောက်ပွဲဝင် ကော်မရှင်အဖွဲ့ဝင်များ**

၁။ ဦးမြင့်နိုင်
၂။ ဦးအောင်မြင့်
၃။ ဦးသာဦး
၄။ ဒေါက်တာဒေါ်မြင့်ကြည်
၅။ ဦးဝင်းကြည်
၆။ ဦးညွှန့်တင်
၇။ ဦးဝင်းကို

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ**

ဦးသိန်းစိုး

**ပြည်ထောင်စုရှေ့နေချုပ်**

ဒေါက်တာထွန်းရှင်

**ပြည်ထောင်စု စာရင်းစစ်ချုပ်**

ဦးလွန်းမောင်

**နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ**

ဦးသိန်းညွှန့်

**ကာကွယ်ရေးဦးစီးချုပ်**

ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်

**ဒုတိယကာကွယ်ရေးဦးစီးချုပ်**

ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း

**တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်များ**

၁။ ဦးလဂျွန်ငန်ဆိုင်း (ကချင်ပြည် နယ်)
၂။ ဦးခင်မောင်ဦး ခေါ်ဦးဘူးရယ် (ကယားပြည်နယ်)
၃။ ဗိုလ်မှူးချုပ်ဇော်မင်း (ကရင် ပြည်နယ်)
၄။ ဦးဟုန်းငိုင်း (ချင်းပြည်နယ်)
၅။ ဦးအုန်းမြင့် (မွန်ပြည်နယ်)
၆။ ဦးလှမောင်တင် (ရခိုင်ပြည် နယ်)
၇။ ဦးအောင်မြတ် ခေါ်စဝ် အောင်မြတ် (ရှမ်းပြည်နယ်)
၈။ ဦးသာအေး (စစ်ကိုင်းတိုင်း ဒေသကြီး)
၉။ ဦးဘုန်းမော်ရွှေ (မကွေးတိုင်း ဒေသကြီး)
၁၀။ ဦးရဲမြင့် (မန္တလေးတိုင်းဒေသ ကြီး)
၁၁။ ဦးဉာဏ်ဝင်း (ပဲခူးတိုင်းဒေသ ကြီး)
၁၂။ ဦးခင်ဇော် (တနင်္သာရီတိုင်းဒေသကြီး)
၁၃။ ဦးမြင့်ဆွေ (ရန်ကုန်တိုင်းဒေ သကြီး)
၁၄။ ဦးသိန်းအောင်(ဧရာဝတီတိုင်းဒေသကြီး)

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌများ**

၁။ ဦးရှုစ်ကြူး – နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
၂။ ဦးထူးကိုကို – ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ
၃။ ဦးစံလွင် – ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ
၄။ ဦးမောင်ကျော် (ခ) ဦးထွန်း ကျော် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
၅။ ဦးပယ်စောက်ချိန် (ခ) ဦးဘောဆော်ချိန် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ
၆။ ဦးခွန်ထွန်းထူး (ခ) ဦးထွန်းလူ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

---

**နိုင်ငံတော်သမ္မတ – ဦးသိန်းစိန်**
**ဒုတိယသမ္မတများ – သီဟသူရဦးတင်အောင်မြင့်ဦး**
**– ဦးစိုင်းမောက်ခမ်း(ခ)မောင်အုန်း**

### ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့တာဝန်ယူမည့်ဌာနများ –

| | |
|---|---|
| ၁။ ဗိုလ်ချုပ်လှမင်း | ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး |
| ၂။ ဒုတိယဗိုလ်ချုပ်ကြီး ကိုကို | ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး |
| ၃။ ဗိုလ်ချုပ်သိန်းဌေး | နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး |
| ။ | မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး |
| ၄။ ဦးဝဏ္ဏမောင်လွင် | နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး |
| ၅။ ဦးကျော်ဆန်း | ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး |
| ၆။ ဦးမြင့်လှိုင် | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး |
| ၇။ ဦးဝင်းထွန်း | သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး |
| ၈။ ဦးလှထွန်း | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး |
| ၉။ ဦးခင်မောင်မြင့် | ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး |
| ၁၀။ ဦးတင်နိုင်သိန်း | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး |
| ၁၁။ ဦးဝင်းမြင့် | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး |
| ၁၂။ ဦးသိန်းထွန်း | ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး |
| ၁၃။ ဦးအောင်ကြည် | အလုပ်သမားဝန်ကြီးဌာနနှင့်လူမှုဝန်ထမ်းကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး |
| ၁၄။ ဦးသိန်းထိုက် | သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး |
| ၁၅။ ဦးအုန်းမြင့် | သမဝါယမဝန်ကြီးဌာန ဝန်ကြီး |
| ၁၆။ ဦးဉာဏ်ထွန်းအောင် | ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး |
| ၁၇။ ဦးတင့်ဆန်း | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး |
| ၁၈။ ဦးကျော်စွာခိုင် | အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး |
| ၁၉။ ဦးစိုးသိန်း | အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး |
| ၂၀။ ဦးအောင်မင်း | ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး |
| ၂၁။ ဦးသန်းဌေး | စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး |
| ၂၂။ ဦးဇော်မင်း | အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး |
| ၂၃။ ဦးခင်မောင်စိုး | အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး |
| ၂၄။ ဒေါက်တာမြအေး | ပညာရေးဝန်ကြီးဌာန ဝန်ကြီး |
| ၂၅။ ဒေါက်တာဖေသက်ခင် | ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး |
| ၂၆။ သူရဦးမြင့်မောင် | သာသနာရေးဝန်ကြီးဌာနဝန်ကြီး |
| ၂၇။ ဦးအေးမြင့် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး |
| ၂၈။ ဦးခင်ရီ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး |
| ၂၉။ ဦးသိန်းညွှန့် | သမ္မတရုံးဝန်ကြီးဌာနဝန်ကြီး |
| ၃၀။ ဦးစိုးမောင် | သမ္မတရုံးဝန်ကြီးဌာနဝန်ကြီး |

### ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ၎င်းတို့တာဝန်ယူမည့်ဌာနများ –

| | |
|---|---|
| ၁။ ဗိုလ်ချုပ်ကျော်ညွှန့် | ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၂။ ဗိုလ်မှူးကြီး အောင်သော် | ကာကွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး |
| ၃။ ဗိုလ်မှူးချုပ် ကျော်ဇံမြင့် | ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး |
| ၄။ ဗိုလ်ချုပ်ဇော်ဝင်း | နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၅။ ဦးဟန်စိန်း | မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၆။ ဦးမောင်မြင့် | နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၇။ ဒေါက်တာမျိုးမြင့် | နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၈။ ဦးချန်မောင် | မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၉။ ဦးစိုးဝင်း | ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၁၀။ ဒေါ်စန္ဒာခင် | ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၁၁။ ဦးအုန်းသန်း | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၁၂။ ဦးခင်ဇော် | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၁၃။ ဦးဝင်းသန်း | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၁၄။ ဦးစိုးတင့် | ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၁၅။ ဦးကျော်လွင် | ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၁၆။ ဒေါက်တာကံဇော် | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၁၇။ ဦးခင်မောင်အေး | မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၁၈။ ဒေါက်တာပွင့်ဆန်း | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၁၉။ ဦးတင့်လွင် | ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၂၀။ ဦးမြင့်သိန်း | အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၂၁။ ဦးဘုန်းဆွေ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၂၂။ ဦးသန်းထွန်း | သမဝါယမဝန်ကြီးဌာနဒုတိယဝန်ကြီး |
| ၂၃။ ဦးဝင်းရှိန် | ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၂၄။ ဦးဌေးအောင် | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |
| ၂၅။ ဦးအေးမြင့်ကြူ | အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၂၆။ ဦးသိန်းအောင် | အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၂၇။ ဦးမျိုးအောင် | အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၂၈။ ဦးသူရဦးသောင်းလွင် | ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၂၉။ ဦးသန့်ရှင်း | ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၃၀။ ဦးစိုးအောင် | စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၃၁။ ဦးမြင့်ဇော် | အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၃၂။ ဦးအောင်သန်းဦး | အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဒုတိယဝန်ကြီး |
| ၃၃။ ဦးအေးကြူ | ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၃၄။ ဦးဘရွှေ | ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၃၅။ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် | ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၃၆။ ဒေါက်တာဝင်းမြင့် | ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၃၇။ ဒေါက်တာမောင်မောင်ဌေး | သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၃၈။ ဒေါက်တာကိုကိုဦး | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး |
| ၃၉။ ဦးကျော်ကျော်ဝင်း | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.5 ▪ APRIL 7, 2011

ရွှေကလပ်ပေါ်က ဖွင့်လျက်သား နီညိုရောင်စာအုပ်သုံးအုပ်ပေါ်ကို ဘယ်ညာလက်နှစ်ဖက်စီတင်လျက် နှုတ်ခမ်းကလည်း လှုပ်လှုပ်ရွရွဖြင့် တစ်စုံတစ်ခုကို ရွတ်ဖတ်နေဟန်မြင်ရသည်။ ၎င်းပုဂ္ဂိုလ်၏ လက်ယာဘက်နှင့် လက်ဝဲဘက်က ပုဂ္ဂိုလ်နှစ်ယောက်ကလည်း မျက်နှာချင်းဆိုင်အနေအထားဖြင့် ရွတ်ဖတ်နေကြခြင်းဖြစ်သည်။

ထိုမြင်ကွင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒုတိယသမ္မတများ၏ ကျမ်းသစ္စာကျိန်ဆိုပွဲဖြစ်၏။ မြန်မာနိုင်ငံ၏ ကိုးယောက်မြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခြင်းလည်းဖြစ်သည်။

၂၀၁၁ ခုနှစ် မတ် ၃၀ ရက် နံနက်ပိုင်းတွင်ဖြစ်သည်။ ပုံမှန်လွှတ်တော်အစည်းအဝေးတက်ရောက်ရန် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အဆောက်အအုံရှိ ပြည်ထောင်စုခန်းမသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်တာဝန်ရှိသူများ တက်ရောက်လာခဲ့ကြသည်။ ယခင်ရက်များကဲ့သို့ အခမ်းအနားအစီအစဉ် ကြိုပေးမထားသဖြင့် ကိုယ်စားလှယ်များကတော့ သမ္မတကျမ်းသစ္စာကျိန်ကာ အာဏာလွှဲပြောင်းမည်ကို ကြိုတင်မသိရှိသေးပေ။

# သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ

ငြိမ်းငြိမ်းနိုင်၊ အိဖြူလွင်



သမ္မတနှင့်ဒုတိယသမ္မတနှစ်ဦး ကျမ်းသစ္စာကျိန်ဆိုစဉ်။
ဓာတ်ပုံ–သတင်းစဉ်

ပြည်ထောင်စု လွှတ်တော်သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သစ်၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ်ခန့်အပ်ခံရသည့် ကာကွယ်ရေးဦးစီးချုပ်အသစ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် တက်ရောက်ခဲ့သည်။ ထိုနေ့တွင် လွှတ်တော်ပြင်ပမှ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်အပါအဝင် အစိုးရအဖွဲ့သစ်တွင် တာဝန်ယူမည့် ပုဂ္ဂိုလ်များပါ တက်ရောက်လာကြသည်။

ထိုနေ့နံနက်က နိုင်ငံတော်သမ္မတကလည်း ပုံမှန်လွှတ်တော်အစည်းအဝေးများ တက်စဉ်ကလိုပင် ခေါင်းပေါင်း၊ ရင်စေ့တိုက်ပုံ အဖြူနှင့် ပိုးချိတ်ပုဆိုးပန်းရောင်ကို ဝတ်ဆင်ကာ ခန်းမတွင် ရောက်ရှိနေရာယူနေခြင်းဖြစ်သည်။ ဒုသမ္မတနှစ်ဦးမှာလည်း ထို့အတူပင်။ အဆောင်အယောင် အဆင်အယင်တို့ကို မတွေ့ရ။

မတ် ၃၀ ရက် နံနက် အချိန်တွင် သမ္မတသုံးဦးက ကျမ်းသစ္စာကျိန်ဆိုခဲ့သည့်အချိန်က စက္ကန့် ၆၀ (တစ်မိနစ်)ရှိသည်။ သမ္မကျမ်းသစ္စာကျိန်ဆိုပွဲသို့ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အပါအဝင် အစိုးရသစ်အတွက် ရွေးချယ်တင်မြှောက်ထားခံရသူများ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

"ကျမ်းသစ္စာကျိန်ဆိုတာကို အခု အသက် ငါးဆယ့်ငါးနှစ်မှာ ပထမဆုံးအကြိမ် မြင်တွေ့ရတာပါ။ လွှတ်တော်ဥက္ကဋ္ဌတွေလည်း တစ် ခါမှ မမြင်တွေ့ဖူးသေးဘူးလို့ ပြောကြပါတယ်" ဟု ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

ကျမ်းသစ္စာကျိန်ဆိုခြင်းကို MRTV 4 မှ ထုတ်လွှင့်ပြသခဲ့သော်လည်းတိုက်ရိုက်အသံထုတ်လွှင့်မှုမဟုတ်ဘဲ သတင်းကြေညာသူက ဖတ်ကြားသွားခဲ့ခြင်းဖြစ်သည်။ ပြည်ထောင် စုလွှတ်တော်နာယကက သမ္မတများအနီး မတ်မတ်ရပ်ရင်း လက်ထဲမှစာအုပ်ကိုကြည့်ကာ ရွတ်တိုင်ပေးခြင်းဖြစ်ပြီး သမ္မတများက နောက်မှလိုက်ဆိုကြခြင်းဖြစ်သည်။ သမ္မတကျမ်းသစ္စာကျန်ဆိုပွဲကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်မည်ကို မသိရှိသည့်အတွက် မကြည့်လိုက်ရသူများပြီး ညနေ ၆ နာရီသတင်းတွင် ပြန်လည်ထုတ်လွှင့်မှသာ ကြည့်လိုက်ရကြောင်း မရမ်းကုန်းမြို့နယ်မှ အသက် ၄၅ နှစ်အရွယ် အိမ်ရှင်မတစ်ဦးက ပြောကြားသည်။

"တိုက်တိုက်ဆိုင်ဆိုင်ပဲ ၆ နာရီသတင်းက ဒီရက်နည်းနည်းတိုတော့ ကိုရီးယားကားကြည့်ဖို့ ဖွင့်ထားလိုက်တာ၊ သမ္မတကျမ်းကျိန်တယ်ဆိုပြီးလာတော့ကြည့်လိုက်ရတယ်။ ကလေးတောင် ခေါ်ပြလိုက်တယ်။ မြင်ဖူးအောင်လို့လေ။ ဘာမှတော့ခံစားရပါဘူး။ မြင်ဖူးသွားတာပေ့ါလေ" ဟု ဆိုသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ပေါ်ပေါက်လာသည့် သတ္တမမြောက် ယခုအစိုးရသစ် မတိုင်မီ မြန်မာ့ သမိုင်းတစ်လျှောက် နိုင်ငံ၏ ပထမဆုံးသော သမ္မတ တက်စဉ်ကလည်း ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ယင်းကျမ်းသစ္စာကျိန်ဆိုပွဲကိုမူ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် ၁၉၄၈ ဇန်နဝါရီ ၄ ရက် မြန်မာ့လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံလွှင့်တင်သည့် အခမ်းအနားအပြီးတွင် ပြုလုပ်ခဲ့သည်။

ထိုစဉ်အခါက ကျမ်းသစ္စာကျိန်ဆိုခဲ့သူမှာ သမ္မတကြီး စပ်ရွှေသိုက်ဖြစ်၏။ နံနက် ၄ နာရီ ၄၅ မိနစ်အချိန်တွင်ဖြစ်သည်။ ထိုအချိန်က ယင်းအခမ်းအနားကို ရာထူးလက်ခံသိမ်းပိုက်သည့် အခမ်းအနားဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။

ယင်းသမ္မတရာထူး လက်ခံသိမ်းပိုက်ပွဲအခမ်းအနားကို ယူနီယံဂျက်အလံဖြုတ်ချကာ မြန်မာနိုင်ငံအလံလွှင့်တင်အပြီး ကျင်းပခဲ့ခြင်းဖြစ်ကာ ထိုအခမ်းအနားသို့ တက်ရောက်ရန် လက်မှတ်များ သီးသန့်ထုတ်ပေးထားပြီး လက်မှတ်ရသူအားလုံး တက်ရောက်ခွင့်ရကြသည်။

လွှတ်တော်ခန်းမအတွင်းတွင် ယာယီအစိုးရဝန်ကြီးများ၊ ဟိုက်ကုတ်လွှတ်တော်တရားဝန်ကြီးချုပ် မဟာမင်းကြီးများ၊ နိုင်ငံခြားအထူးသံတမန်များ၊ အစိုးရဌာနဆိုင်ရာ အကြီးအကဲများ၊ ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ ကျော်စောတိက္ကမ ရှိသော အခြားဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ထူးခြားမှုမှာ အထူးဧည့်ခန်းများတွင် ကမ္ဘာအရပ်ရပ်မှ သတင်းစာဆရာများ တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။ ပြည်တွင်းသတင်းထောက်များ သတင်းယူခွင့်ရမရကိုမူ ရေးသားဖော်ပြခြင်းမရှိသော်လည်း ထိုခေတ် မြန်မာ့အလင်းသတင်းစာတွင် "မမြင်ရသောအခမ်းအနားတစ်ရပ်" ဟုအမည်ပေးထားသည့် သတင်းမှတ်တမ်းတွင် သမ္မတစပ်ရွှေသိုက် သမ္မတ အဖြစ်ခံယူသည့် လွတ်လပ်ရေးနေ့ နေ့လယ် ၃ နာရီတွင် သမ္မတအိမ်တော်၌ပြုလုပ်ခဲ့သော မင်းသဘင်တစ်ခုကို သတင်းထောက်များ တက်ရောက်ခွင့်မရခဲ့ဟု ရေးသားဖော်ပြခဲ့သည်ကိုတွေ့ရ သည်။

သမ္မတကြီး စပ်ရွှေသိုက် ကျမ်းသစ္စာကျိန်ဆိုရန် အတွက် နံနက် ၄ နာရီ ၄၅ မိနစ်အချိန်တွင် စင်မြင့်ပေါ်၌ ဝန်ကြီးချုပ်ယာယီပါလီမန်ဥက္ကဋ္ဌတို့ လွှတ်တော်အတွင်း နေရာယူပြီးနိုင်ငံတော်သမ္မတရာထူးကို လက်ခံသိမ်းပိုက်ကြောင်း ကြေညာပြီးနောက် ကျမ်းသစ္စာကျိန်ဆိုခြင်းဖြစ်သည်။ ကျမ်းသစ္စာမကျိန်ဆိုမီ နိုင်ငံတော်သမ္မတက လွတ်လပ်ရေးအတွက် ကြိုးပမ်းရာတွင် နိုင်ငံတော်အတွက် အသက်စွန့်လွှတ်သွားကြကုန်သော သူတို့အား ပရိသတ်နှင့်အတူ နှစ်မိနစ်ကြာ ငြိမ်သက်စွာ အလေးပြုကြသည်။

ထို့နောက် ကျမ်းသစ္စာကျိန်ဆိုရာတွင် "ကျွန်ုပ်စပ်ရွှေသိုက်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို တည်မြဲအောင်ထိန်းသိမ်းရန် ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားဥပဒေများကို စောင့်ရှောက်ပါမည်။ . . . . . . . . . . . ပြည်ထောင်စုမြန်မာနိုင်ငံအကျိုးငှာ ပြည်ထောင်စုမြန်မာနိုင်ငံအား ကျွန်ုပ်၏အသက်နှင့်ကိုယ်ကို အပ်နှင်းသည်ဟု လေးနက်တည်ကြည်စွာကြေညာရန်ကတိသစ္စာပြုပါသည်" ဟူ၍ဖြစ် သည်။

ယင်းကဲ့သို့ ကတိသစ္စာပြုခဲ့သည့် သမ္မတကြီးစပ်ရွှေသိုက်သည် လေးနှစ်ကြာ သမ္မတအဖြစ်တာဝန်ယူခဲ့သည်။

ယခုပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်၏ သမ္မတသစ်ကလည်း ပြည်သူများကို နိုင်ငံဦးသျှောင် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသစ္စာပြုပြီးဖြစ်သည်။

မြန်မာပြည်သူများသို့ သမ္မတသစ်၏ ကျမ်းသစ္စာ-"ကျွန်ုပ်. . . သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ဤနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုထိန်းသိမ်းစောင့်သိလိုက်နာရိုသေပြီး နိုင်ငံတော်၏ဥပဒေများကိုလိုက်နာကျင့်သုံးဆောင်ရွက်ပါမည်။ မိမိ၏ တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့်အစွမ်းကုန်ဆောင်ရွက်ပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

---

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မတ်လ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး၌ သူ၏ ပထမဆုံးမိန့်ခွန်းကို ပြောကြားခဲ့သည်။ သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းကို MRTV-4 မှ ညနေ ၄ နာရီတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူလူထုအနေဖြင့် နှစ်ပေါင်း ၂၀ ဝန်းကျင်အတွင်း ပင်ကိုသံဖြင့်ပြောသော နိုင်ငံတော်အကြီးအကဲ၏ မိန့်ခွန်းကို ပထမဆုံးအကြိမ် နားထောင်ခွင့်ရရှိခဲ့သည်။

သမ္မတသစ်၏မိန့်ခွန်းတွင် အစိုးရအသစ်၏ မူဝါဒသဘောထားလမ်းစဉ်များနှင့် အစိုးရသစ် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

## သမ္မတသ

အားမာန်

ကို ပြောကြားသွားခဲ့သည်ကိုတွေ့ရသည်။ ၃၇ မိနစ်ကြာမြင့်ခဲ့သော သမ္မတ၏မိန့်ခွန်းတွင် နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင် နိုင်ငံတကာအရေး စသည့်ကဏ္ဍပေါင်းစုံကို ခြုံငုံပြောကြားသွားခဲ့သည်။


မတူညီသော သဘောထားအမြင်ရှိသူများအတွက်လည်း တိုင်းပြည်၏ အကျိုးစီးပွားအတွက် တူညီသောကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့် အာဏာကို တရားနည်းလမ်းကျနစွာဖြင့် ရယူမည်ဆိုလျှင် အစိုးရသစ်အနေဖြင့် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်လှမ်းကြိုနေမှာ ဖြစ်ကြောင်း သမ္မတက အသိပေးပြောကြားခဲ့သည်။ စီးပွားရေးတွင် အစိုးရက အတိုင်းအတာတစ်ရပ်အထိ ထိန်းသိမ်းပံ့ပိုး ဆောင်ရွက်ပေးမည့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည်ဟု ပြောကြားခဲ့သည်။

အစိုးရက ဝင်ထိန်းပေးမည်ဖြစ်သော်လည်းဈေးကွက်၏ လွတ်လပ်မှုကို ထိန်းချုပ်မည့်သဘောမဟုတ်ဘဲ အရင်းရှင်၊ ခရှင်ကြီးများ အခွင့်ထူးခံ လက်

7DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011



သမ္မတဦးသိန်းစိန် မိန့်ခွန်းပြောကြားစဉ်။



နှုန်းတာ သတိထားမိတယ်။

မကြာသေးခင်ကအထိ ပေါ်လစီဆောင်းပါးတချို့မှာပါခဲ့တဲ့ အသုံးအနှုန်းမျိုးတွေ သမ္မတရဲ့ မိန့်ခွန်းမှာ မတွေ့ရတာ စိတ်ချမ်းသာတယ်။

ကျွန်တော် အန်ဒါလိုင်းတားထားတာတွေရှိပါတယ်။ ပထမဆုံး ကိုယ်နဲ့ဆိုင်တာပြောရရင်တော့ ဥပဒေပြုရေးအစီအစဉ် ၁၀ ချက်ထဲမှာ နံပါတ် ၈ အချက်ပေါ့။ "စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာများနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်များနှင့်အညီ ခေတ်နဲ့ မလျော်ညီတဲ့ စာပေစာနယ်ဇင်းဆိုင်ရာ ဥပဒေအချို့ကို ပြင်ဆင်ပြဌာန်းခြင်း"ကို ဆောင်ရွက်သွားမယ်လို့ ပြောသွားတယ်။

သမ္မတက ကျွန်တော်တို့ သတင်းမီဒီယာတွေကို စတုတ္ထမဏ္ဍိုင်လို့ အတိအကျသုံးနှုန်းသွားတာကို ကျွန်တော်သတိထားမိလို့ ဝမ်းသာမိပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီးသုံးရပ်ပြီးရင် အဲဒီမဏ္ဍိုင်ကြီးသုံးရပ်စလုံးကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး သူတို့တွေ တိမ်းစောင်းမှုရှိရင် ရှိသလို ထောက်ပြသတိပေးတဲ့ တာဝန်ကို ထမ်းဆောင်ကြရတဲ့ သတင်းမီဒီယာတွေကို စတုတ္ထမဏ္ဍိုင်လို့ အသိအမှတ်ပြုတာ ကောင်းတဲ့လက္ခဏာပဲဗျ။ ခေတ်နဲ့ မလျော်ညီတဲ့ စာပေစာနယ်ဇင်းဆိုင်ရာ ဥပဒေအချို့ကို ပြင်ဆင်ပြဌာန်းမယ်ဆိုတော့ ဒီမိုကရေစီနိုင်ငံရဲ့ စံနှုန်းတွေနဲ့နီးစပ်တဲ့ အနေအထားတစ်ရပ် ပေါ်လာနိုင်တာပေါ့ဗျာ။

နောက်တစ်ခုကတော့ နံပါတ် ၃ အချက်။ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းလစာများကို အခြေအနေ၊ အချိန်အခါအရ ပြင်ဆင်သတ်မှတ်သည့် ဥပဒေကြမ်းပြဌာန်းခြင်းဆိုတာပဲ။ ကျွန်တော်ကိုယ်တိုင်က အငြိမ်းစားဝန်ထမ်းလေ။ ၂၄ နှစ် အစိုးရဝန်ထမ်း၊ အစိုးရသတင်းစာအယ်ဒီတာ လုပ်ခဲ့ပြီး ၁၉၈၈ မှာ အငြိမ်းစားဖြစ်ခဲ့တာ။ ပြန်တမ်းဝင်အရာရှိအဆင့်က ပင်စင်ယူတဲ့ ကျွန်တော့်ပင်စင်လစာက ခြောက်ရာ ရတယ်ဗျ။ ဒီတော့ အခြေအနေ၊ အချိန်အခါအရ ပင်စင်လစာတွေကို ပြင်ဆင်သတ်မှတ်မယ်ဆိုတာကို ကြိုဆိုပါတယ်ဗျာ။

နိုင်ငံရေးပိုင်းမှာ "ကျွန်တော်တို့ အစိုးရအနေနဲ့ ငြိမ်းချမ်းရေးတံခါးကိုဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမှာဖြစ်ကြောင်း အသိပေးပြောကြားအပ်ပါတယ်" လို့ ပြောသွားတာ သတိထားမိတယ်။ တံခါးဖွင့်ထားတယ်ဆိုတာ တံခါးပိတ်လိုက်ပြီးလို့ ပြောတာနဲ့ အများကြီးကွာပါတယ်။

**အချပ်ပို (D) သို့**

# ၏ပထမဆုံးမိန့်ခွန်း

ဝါးကြီးအုပ်ခြယ်လှယ်မှုမျိုး မဖြစ်ရအောင် ထိန်းသိမ်းရန် ရည်ရွယ်သည်ဟုလည်း ပြောကြားခဲ့သည်။ လာဘ်ပေး၊ လာဘ်ယူမှုများမှာ တစ်ဦးချင်းထိခိုက်စေသည်သာမက နိုင်ငံနှင့် လူမျိုးသိက္ခာကိုပါ ထိခိုက်စေသည့်အတွက် ပြည်သူများ၏အကူအညီကိုရယူပြီး ထိရောက်စွာတားဆီးသွားမည်ဟုလည်း ပါဝင်သည်။ ဥပဒေအရာတွင် နိုင်ငံသားအားလုံး တန်းတူခံစားခွင့်ရရှိအောင် အကာအကွယ်ပေးသွားမည်ဖြစ်ပြီး တရားရေးမဏ္ဍိုင်ကို ခိုင်ခံ့သွားအောင် တည်ဆောက်သွားမည်ဟုလည်း ဆိုသည်။

ထို့အပြင် သမ္မတက နိုင်ငံသားများ၏ မူလအခွင့်အရေး (သို့မဟုတ်) လူ့အခွင့်အရေးများကို အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ဆောင်ပေးမည်ဟုလည်း ပြောကြားခဲ့သည်။ စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာများနှင့်ပတ်သက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခေတ်နှင့်လျော်ညီသော စာပေနှင့်စာနယ်ဇင်းဆိုင်ရာဥပဒေအချို့ကို ပြင်ဆင်ပြဋ္ဌာန်းပေးသွားမည်ဟု ပြောကြားခဲ့သည်။ နိုင်ငံတော်အကြီးအကဲက သတင်းမီဒီယာများကို စတုတ္ထမဏ္ဍိုင်ဟု တရားဝင်အသိအမှတ်ပြုပြောကြားခြင်းမှာ အလွန်ရှားပါးကြောင်းလည်း သတင်းစာဆရာများကပြောသည်။

မတ်လ ၃၀ ရက်မှစ၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို စတင်ခဲ့ပြီဖြစ်ကြောင်းလည်း သမ္မတ သစ်က ပြောကြားသွားခဲ့သည်။

## သမ္မတ၏ ပထမဆုံးမိန့်ခွန်းအပေါ် အမြင်များ

**သတင်းစာဆရာမောင်ဝံသ**

နိုင်ငံတော်သမ္မတအသစ်ရဲ့ မိန့်ခွန်းဟာ အစိုးရသစ်ရဲ့ မူဝါဒသဘောထားနဲ့ ရှေ့လုပ်ငန်းစဉ်တွေကို အတော်ပြည့်ပြည့်စုံစုံပြောသွားတာ တွေ့ရတယ်။ ခြုံပြီးပြောရရင် သမ္မတတစ်ယောက်ရဲ့ မိန့်ခွန်းအနေနဲ့ တိုင်းပြည်ကို ပြောသင့်ပြောထိုက်တာတွေကို တင်ပြသွားတယ်လို့ မြင်ပါ တယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံအတွက် ဆောင်ရွက်သွားမယ့်မူဝါဒနဲ့ လုပ်ငန်းစဉ်တွေကို တင်ပြသွားတာပဲ။ ကျွန်တော်သတိထားမိသလောက်ပြောရရင် နိုင်ငံတော်သမ္မတရဲ့ ပထမဆုံးမိန့်ခွန်းထဲမှာ ဒီမိုကရေစီနိုင်ငံတော်၊ ဒီမိုကရေစီကျင့်စဉ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးတံခါးစတဲ့ စကားလုံးတွေကိုတွေ့ရတယ်။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဆိုတာမျိုးကို မသုံး

တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများပိုမိုထွန်းကားရေးအတွက်ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အကျိုးငှာ နိုင်ငံတော်အားမိမိ၏အသက်နှင့်ကိုယ်ကို အပ်နှင်းသည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုသည်"

ကျမ်းသစ္စာကျိန်ဆိုပြီး နိုင်ငံတော်တာဝန်ကိုယူမည့် သမ္မတကြီး ဦးသိန်းစိန်သည် ၎င်း၏သမ္မတသက်တမ်း ၅ နှစ်အတွက်ဤကဲ့သို့ အစိုးရအဖွဲ့အရှေ့မှာကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းပင်ဖြစ်သည်။

**ကိုးကား-**

**(၁၉၄၈၊ ဇန်နဝါရီ ၁၀ရက်ထုတ် မြန်မာ့အလင်း သတင်းစာ)**




CHICKEN SOUP

လူတွေဟာ အခြေခံအားဖြင့်ကို တစ်ယောက်နဲ့တစ်ယောက်ကွဲပြားတယ်။ ဆုတစ်ခုခုရချင်ရင် မီတာတစ်ရာပြေးပါ။ အတွေ့အကြုံတစ်ခုခုရချင်ရင် မာရသွန်ပြေးပါ



# မာရသွန် မေမေ

အိန်ဂျယ်လင်း

အခု ကျွန်မ ကလေးတွေက မျက်စိအောက်ကနေ မိနစ်ပိုင်းလောက်အပျောက်ခံလို့ရတဲ့ အရွယ်ကိုတော့ ရောက်လာကြပြီ။ နာရီပိုင်းလောက်အထိ ပျောက်လို့ရတဲ့ အရွယ်တော့လည်း မရောက်တတ်ကြသေးဘူး။ လောလောလတ်လတ် ကျွန်မလမ်းထိပ်က စတိုးဆိုင်ကိုပြေးစရာအကြောင်းပေါ်လာတယ်။ ကျွန်မအသက်က ၃၄ နှစ်ရှိပြီ။ စတိုးဆိုင်က နှစ်လမ်းထိပ်လောက်သွားရမှာ ဆိုတော့ ကျွန်မမနားဘဲနဲ့ တစ်ခါတည်းပြေးသွားလို့ရမယ်တော့ မထင်တော့ဘူး။ ပြီးတော့ အခုလိုပြေးသွားရမှာကိုလည်း စိတ်ထဲက မရဲဘူးဖြစ်နေတယ်။

ကျွန်မတို့နေတဲ့အိမ်ကအပန်းဖြေပန်းခြံကလေးတစ်ခုနား မှာရှိတယ်။ ကျွန်မ အိမ်ကနေ ပန်းခြံတစ်ပတ်ပတ်ပြီးလျှောက်လမ်းအတိုင်းလမ်းလျှောက် မယ်ဆိုရင် အစအဆုံး တစ်မိုင်ခွဲလောက်ရှိမယ်။ ဒီလမ်းကြောင်းအတိုင်း ကျွန်မနေ့စဉ်နေ့တိုင်းလမ်း လျှောက်လိုက်ပြေးလိုက်လုပ်နေကြပါပဲ။ အဲဒီတုန်းကတော့ ကျွန်မဟာ အပြေးသမားပေါ့။ ဒီလိုနဲ့ပြေးလာလိုက်တာ နောက်တော့ဘာဖြစ်လို့မှန်းမသိဘူး။ ကျွန်မကြွက်သားတွေဟာ ပြေးလို့မရအောင် နာကျင်လာတယ်။ ဒီကိစ္စကို ဘယ်သူ့ကိုတိုင်ပင်ရမှန်းလည်း မသိဘဲ ဒီအတိုင်းပစ်ထားရတယ်။

ကျွန်မအိမ်ကနေကြည့်ရင် တစ်ပတ်ကို နှစ်ရက်လောက် မနက်ပိုင်းပုံမှန်ပြေးလေ့ရှိတဲ့ အပြေးသမားတစ်ယောက်ကို မြင်ရလေ့ရှိတယ်။ သူဟာ ပန်းခြံရဲ့ ဟိုဘက်အစွန်းက အဖြူရောင်အိမ်မှာနေတဲ့လူလို့လည်း ကျွန်မသိထားတယ်။ သူပြေးနေတဲ့ပုံကို ကျွန်မကမြင်ထားတော့ သူဟာ ကျွန်မထက်သာတယ်ဆိုတာတော့ ခန့်မှန်းလို့ရတယ်။ ဒါနဲ့ ကျွန်မဖြစ် တဲ့ပြဿနာကိုသူ့ကိုပြောရရင် ကောင်းမလားလို့စဉ်းစားမိတယ်။ တစ်ရက်တော့မနက်စောစော ကျွန်မသူ့အိမ်ဘက်ကို လမ်းလျှောက်ပြီး သူ့အိမ်တံခါးကို ခေါက်လိုက်တယ်။ ခဏကြာတော့တံခါးလာဖွင့်တာဆိုက်ဆိုက်မြိုက်မြိုက်သူဖြစ်နေတယ်။ ကျွန်မကကိုယ့်ကိုယ်ကိုယ်မိတ်ဆက်လိုက်တယ်။ သူကလည်း ကျွန်မကိုမျက်မှန်းတန်းမိပြီးသားပါလို့ ပြောတယ်။ သူ့နာမည် ကဂျယ်ရီတဲ့။ ကျွန်မက ကျွန်မဖြစ်တဲ့ ကိစ္စကို အတိုကောက်ပြောပြပြီး အပြေးသမားတွေဖြစ်တတ်တဲ့ ထိခိုက်ဒဏ်ရာတွေနဲ့ပတ်သက်လို့ သူ ကျွန်မလိုမျိုးကြုံဖူးသလားလို့ မေးကြည့်တယ်။ သူကကျွန်မကို အကြံတွေအများကြီးပေးလိုက်တယ်။ သူပြောတာတစ်ခုက ကျွန်မအခုလက်ရှိ ပြေးရင်စီးတဲ့ အပေါစားတင်းနစ်ဖိနပ်ကို တကယ့်အပြေးဖိနပ်အကောင်းစားတစ်ရံနဲ့လဲပစ်ဖို့လည်းပါတယ်။

ကျွန်မဖိနပ်ဝယ်တော့ သူပါလိုက်ရွေးပေးတယ်။ အဲဒီအားကစားပစ္စည်းဆိုင်က ကျွန်မတို့နှစ်ယောက်ကို တကယ့်ဗီအိုင်ပီတွေလိုဆက်ဆံနေတော့ ကျွန်မနည်းနည်းအံ့အားသင့်သွားတယ်။ ဒါနဲ့ မနေနိုင်မထိုင်နိုင်ဒီဆိုင်ရဲ့ ဖောက်သည်အပေါ် အလေးပေးမှုကဘာဖြစ်လို့ဒီလောက်တောင်ကောင်းရသလဲလို့ ဆိုင်ကကောင်မလေးတွေကို မနေနိုင်မထိုင်နိုင် မေးကြည့်တော့မှကျွန်မကိုဖိနပ်လိုက်ရွေးပေးတဲ့ ဂျယ်ရီဆိုတာ အိုလံပစ်အပြေးချန်ပီယံဂျယ်ရီဂျော့ဂ်လင်းဖြစ်နေတယ်ဆိုတာကိုသိရတယ်လေ။ ကျွန်မသိသိချင်း မျက်နှာတွေ ထူပူသွားတယ်။ ကျွန်မက ကိုယ့်ကိုယ်ကိုယ် အပြေးသမားလို့ ဟန်တစ်လုံးပန်တစ်လုံးမိတ်ဆက်ထားတာကိုး။ တကယ်တော့ ကျွန်မပြေးတယ်ဆိုတာ သူ့အတွက်တော့ကလေးကစားသလို ဖြစ်နေမှာပေါ့။ ကျွန်မလို ပါချည်ပါချဲ့ တစ်ယောက်က ရေးကြီးခွင်ကျယ်လုပ်တာကို သူကလိုက်လျောပြီး ဖိနပ်တောင် လိုက်ဝယ်ပေးနေတဲ့ အတွက်သူ့ကိုလည်း အားနာသွားရတယ်။

ဒီလိုနဲ့ ကျွန်မပြန်ပြီး အပြေးလေ့ကျင့်ဖြစ်လာတယ်။မနက်တိုင်းငါးမိုင်တိတိ ကျွန်မ ပုံမှန်ပြေးတယ်။ ကျွန်မယောက်ျားနဲ့ ကလေးတွေမနိုးသေးခင်မှာပဲ ငါးမိုင်ခရီးကို ကျွန်မပြေးပြီးပြီ။ မနက်တိုင်းဂျယ်ရီနဲ့ သူ့အဖော်အပြေးသမားတစ်ဦးထွက်ပြီးလေ့ကျင့်ခန်းယူကြတယ်။ သူတို့က ကျွန်မကို တွေ့တိုင်းအားပေးကြပါတယ်။ ကျွန်မက သူတို့နဲ့တွေ့ရင် သူတို့ ခြေလှမ်းအတိုင်း လိုက်လိုက်ပြီး ပြေးကြည့်တယ်လေ။

အဲဒီနှစ်မှာပဲ စီးတီးအော့ဖ်လိပ်ခ်မာရသွန်ပြိုင်ပွဲကို ကျွန်မဝင်ပြိုင်ဖြစ်တယ်။ အနည်းဆုံးလေးနာရီမကျော်ဘဲပန်းဝင်မှအမှတ်တရတီရှပ်ကလေးတစ်ထည်ကိုရမယ်လေ။ အဲဒီတုန်းက ပြိုင်ပွဲတွေကဒီခေတ်လိုခမ်းခမ်းနားနားစည်စည်ကားကားစပွန်ဆာတွေဘာတွေနဲ့မဟုတ်သေးဘူး။ ဒီခေတ်မှာတော့ မာရသွန်ပြိုင်ပွဲတွေဟာ တကယ့်ကိုသတင်းမီဒီယာတွေနဲ့ ကြော်ငြာစပွန်ဆာတွေနဲ့ဆုတံဆိပ်တွေကလည်းပေါင်းစုံနဲ့ပွဲတော်ကြီး တစ်ခုလိုဖြစ်လို့နေတယ်။ ကျွန်မ ဝင်ပြိုင်တုန်းက အချိန်မှတ်ဒိုင်လူကြီး အဖွဲ့ရယ်၊ ရှေ့ဆုံးကပန်းဝင်တဲ့ လူအနည်းငယ်အတွက် ဆုတံဆိပ်ရယ်၊ လေးနာရီအတွင်းပန်းဝင်တဲ့သူတွေအားလုံးအတွက်အမှတ်တရတီရှပ်တစ်ထည်ဒါပဲရှိတယ်။ ကျွန်မဟာ ခက်ခဲကြမ်းတမ်းလွန်းတဲ့ အဲဒီ ၂၆ဒသမ ၂မိုင်ခရီးကိုလေးနာရီမိနစ်နှစ်ဆယ်နဲ့နောက်ဆုံးမှာပန်းဝင်ခဲ့တယ်။ ကျွန်မရဲ့စံချိန်က ဘိတ်ချီးဆုပေးမယ်ဆိုတန်းရနိုင်တဲ့စံချိန်မျိုးပဲ။ ကျွန်မပန်းဝင်တဲ့အချိန် မှာ ပွဲတာဝန်ခံတွေ၊ ဒိုင်တွေ၊ မာရသွန်ပွဲကိုဝင်ရောက်ကူညီတဲ့ စေတန ာ့ဝန်ထမ်းတွေအားလုံးတောင်အိမ်ပြန်သွားပြီ။ ရှားရှားပါးပါး ကျွန်မအတွက်ဝမ်းသာစရာကတော့ နောက်ဆုံးဘယ်သူကျန်မလဲလို့စိတ်ရှည်ရှည်နဲ့စောင့်နေရှာတဲ့ ဘော်လန်တီယာတစ်ယောက်ကျန်နေသေးတာပဲ။ သူကကျွန်မကိုရေတိုက်ပြီးဝမ်းသာဂုဏ်ပြုစကားပြောတယ်။ ကျွန်မအဲဒီနေ့က အိမ်ကိုတောင် ပင ်ပန်းနွမ်းနယ်စွာနဲ့ပြန်ရောက်သွားတယ်။ ကျွန်မဘဝတစ်သက်တာမှာပထမဦးဆုံးအကြိမ်အဖြစ် ၂၆ မိုင်မာရသွန်ခရီးကိုအောင်မြင်စွာပန်းဝင်လိုက်နိုင်ပြီဖြစ်တယ်။ဒါပေမဲ့ကျွန်မမှာ မိသားစုကိုလက်ဆုပ်လက်ကိုင်ပြစရာအထောက်အထားဖြစ်တဲ့ တီရှပ် မရခဲ့တဲ့အတွက် ကျွန်မ အလွန်စိတ်ပျက်မိတယ်။ အိမ်သားတွေအားလုံးက ပန်းဝင်မှတီရှပ်ရမယ်ဆိုတာကို ကောင်းကောင်းသိထားကြတာကိုး။

အိမ်ရောက်တော့ ခင်ပွန်းသည်နဲ့ကလေးတွေက ကျွန်မအတွက် စက္ကူနဲ့လုပ်ထားတဲ့ဆုတံဆိပ်တစ်ခုချီးမြှင့်တယ်။ ကျွန်မက သူတို့အတွက်စိတ်မကောင်းဖြစ်နေတယ်။ အဲဒီအချိန်မှာပဲ တံခါးခေါက်သံကြားလို့ထဖွင့်ကြည့်လိုက်တော့ ပြုံးရွှင်နေတဲ့မျက်နှာနဲ့ အိမ်တံခါးမှာရပ်နေတဲ့ ဂျော့ဂ်လင်းဖြစ်နေတာကို တွေ့ရတယ်။ 'မင်းဟာထိုက်ထိုက်တန်တန်ပန်းဝင်ခဲ့တာပဲ။ ဒါကြောင့်ဒီတီရှပ်ကိုမင်းရသင့်တယ်ဆိုပြီး အမှတ်တရတီရှပ်တစ်ထည် ကျွန်မကိုကမ်းပေးပါတယ်။

၁၉၈၂ အရောက်မှာ စီးတီးအော့ဖ်လိပ်ခ်မာရသွန်အစား စီးတီး မာရသွန်အဖြစ်ပြောင်းပြီး ကျင်းပခဲ့တယ်။ ဒီတစ်ခါပြေးလမ်းကြောင်းကသာယာလှပတဲ့ရေကန်နှ စ်ကန်နဲ့မြစ်ကမ်းခြေတစ်လျှောက် ကခြေသွားလမ်းကလေးတွေအတိုင်းပြေးရတာဖြစ်တယ်။ အဲဒီနောက်ပိုင်းမှာ မာရသွန်ပွဲတွေဟာ အလ ွန်ကိုခေတ်စားလာခဲ့ပါတယ်။ ထောင်နဲ့ချီတဲ့ဘော်လန်တီယာတွေ၊ ထောင်သောင်းချီတဲ့ပွဲကြည့်ပရိတ်သတ်တွေ၊ ပြေးလမ်းတစ်လျှောက် တလူလူလွင့်နေတဲ့အလံတွေ၊ ဆိုင်းဘုတ်တွေနဲ့ အလွန် ခမ်းနားလှတယ်။

ပြိုင်ပွဲဝင်တွေကလည်း ရှစ်ထောင်၊တစ်သောင်းလောက်အထိရှိတယ်။ ဆုတံဆိပ်အမျိုးမျိုး၊ အားဖြည့်အစားအစာတွေ၊ ကံစမ်းမဲတွေ၊ ပန်းမဝင်လည်းရတဲ့ လက်ဆောင်တွေနဲ့ အလွန်တရာစည်ကားပျော်ရွှင်စရာကောင်းတဲ့ပြိုင်ပွဲကြီးတွေဖြစ်လာကြပါတယ်။

အဲဒီ ၁၉၈၀ ပြည့်လွန်နှစ်တွေကနေပြန်ကြည့်ရင် မာရသွန်ပြိုင်ပွဲတွေရဲ့ သက်တမ်းက ၂၅ နှစ်ကျော်လာခဲ့ပြီဖြစ်တယ်။ အဲဒီအချိန်တွေတုန်းက ကျွန်မဟာ မာရသွန်ပြိုင်ပွဲတွေကို သဲကြီးမဲကြီးဝင်ပြိုင်ခဲ့တယ်။ ပြီးတော့ အိုလံပစ်ပြိုင်ပွဲဝင်နာမည်ကျော်အပြေးသမားတစ်ဦးနဲ့ မမျှော်လင့်ဘဲရင်းနှီးကျွမ်းဝင်ခွင့်ရခဲ့တယ်။

အခုဆိုရင်ကျွန်မရဲ့ ပထမဦးဆုံးမာရသွန်ပြိုင်ပွဲမှာ စက္ကူနဲ့ ဆုတံဆိပ်ကလေးကိုချီးပြီး ကျွန်မကိုပေးတဲ့သားနဲ့သမီးကအရွယ်ရောက်ပြီး သူတို့ဘာသူတို့ မာရသွန်ပြိုင်ပွဲကို ဝင်နေကြပါပြီ။ ကျွန်မသားအငယ်ဟာ အထူးသဖြင့်အပြေးမှာထူးချွန်ပြီး ဘော်စတွန်ကနာမည်ကြီးမာရသွန်ပြိုင်ပွဲကိုဝင်ရောက်ဆင်နွှဲခွင့်ရခဲ့တယ်။ 'ဟိုတလောကပဲသားငယ်ကကျွန်မကိုဖုန်းဆက်တယ်။ အမေ အဘွားကြီးဖြစ်ပြီဆိုပြီး အပြေးဖိနပ်ကိုတစ်ခါတည်းသိမ်းထား လိုက်ပြီလား။ အခုသားပြိုင်တဲ့ ဘော်စတွန်မာရသွန်ကိုအမေဝင်ပြိုင်လို့ ရတယ်နော်။ အမေကအသက်ခြောက်ဆယ်ဆိုတော့ ပန်းဝင်အောင်ပြေးနိုင်ရင်ကိုအမေဆု ရမှာဗျ' လို့သားကလှမ်းပြီးပြောတာဖြစ်ပါတယ်။ ပြီးတော့သူနဲ့အတူ လိုက်ပြေးလို့လည်းရမယ်လေလို့ ကျွန်မကိုအတင်းအကျပ်တိုက်တွန်းတဲ့အခါကျွန်မရဲ့ ငယ်မူငယ်သွေးတွေပြန်ဆူပွက်လာပါတော့တယ်။ ကျွန်မအားကစားဖိနပ်ဆိုင်ကို ပြန်သွားတယ်။ ပြီးတော့လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်က ကျွန်မကိုအိုလံပစ် အပြေးသမားဂျော့ဂ်လင်းလက်ဆောင်ပေးခဲ့တဲ့ အမှတ်တရတီရှပ်ကလေးကို သိမ်းထားရာကနေ တယုတယထုတ်ကြည့်မိတယ်။ ။

*Ref: 'Marathon Mom ' by Bonnie West*

## စာ(၂၆) ၁၃ လ ၁ နှစ်မှ

ဖြည့်စွက် လိုက်မယ်ဆိုရင် သိတဲ့လူတွေက "ခုတစ်မျိုး၊ တော်ကြာတစ်မျိုး" လို့ပြောကြမှာ သေချာပါတယ်။ ဘယ်သူမှ မသိဘူးဆိုရင်လည်း ကိုယ်တိုင်တော့ သိမှာပါ။ သိပြီးသွားရင် နောက်ထပ်လည်း ဒီလိုမျိုး မကြာခဏ ပြုလုပ်နေမိမှာဖြစ်ပါတယ်။ ခဏခဏ လုပ်မိလာရင် ဘယ်အရာမဆို လေးလေးနက်နက် သဘောမထားတော့ဘဲ ပေါ့ပေါ့လျော့လျော့ လုပ်တတ်၊ ပြောတတ်တဲ့ သဘောတွေ စွဲသွားတတ်ပါတယ်။ အဲဒီလို စွဲသွားပြီဆိုရင် "အပေါ့လူ(လူပေါ့) အမျိုးအစား"ထဲ ပါသွားပါလိမ့်မည်။

အချို့ရှိပါတယ်။ ဘယ်အချိန် အိပ်ရာက ထမယ်။ ဘယ်အချိန် ဘာလုပ်မယ်ဆိုပြီး သတ်မှတ်တယ်။ ဇယားတွေဆွဲတယ်။ မနက်အိပ်ရာထတဲ့အခါကျတော့မှ "အိပ်မပျော်လို့၊ ခေါင်းမူး လို့" အကြောင်းပြပြီး သတ်မှတ် ချက်ကိုပြင်တယ်။ ဇယားဆွဲ သတ်မှတ်တာ လူမြင်တာပဲ ရှိပါတယ်။ ဇယားဆွဲထားတဲ့ စက္ကူသာ ကြေမွသွားပြီး သတ်မှတ်တဲ့အတိုင်း ဘာမှ မလုပ်ဖြစ်၊ မလုပ်နိုင်တဲ့အခါ "ဇယားကြေသူ" ထဲပါသွားပါလိမ့်မည်။

တကယ်လို့ အကြောင်းအကျိုး ခိုင်ခိုင်လုံလုံ ယုတ္တိယုတ္တာ ရှိရှိနဲ့ ၁၅ လ၊ တစ်နှစ်ဆိုရင်လည်း ကျေကျေနပ်နပ် လက်ခံကြမှာဖြစ်သလို အရှည်သဖြင့်လည်း အကဲ့ရဲ့လွတ်ပါတယ်။ ဒါပေမဲ့ "လူညီရင် ဤကို ကွဲ ဖတ်လို့ရတယ်" ဆိုတာမျိုးကျတော့ လူညီတုန်း ခဏပဲဖတ်လို့ရတာပါ။ ဤက ကွဲဖြစ်သွားတာ မဟုတ်ပါဘူး။ ယုတ္တိ မရှိလို့ ရေရှည်လည်း မတည်ပါဘူး။ ဒါကြောင့် ဤကို ကွဲဖတ်ဖို့အတွက် လူညီအောင် စည်းရုံးလို့ရမှာ မဟုတ်ပါဘူး။ ဤကို ဤလို့သိအောင်၊ ကွဲကိုလည်း ကွဲလို့သိအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဤနဲ့ ကွဲတို့ရဲ့ သတ် မှတ်မှု ခြားနားတာကို နားလည်အောင်ကြိုးစားရမှာဖြစ်ပါတယ်။

လူငယ်တစ်ယောက်က အသက်ကြီးကြီးလူတစ်ယောက်ကို "အဘ ခူဝံကြယ်ဆိုတာ ဘယ်ဟာကို ခေါ်တာလဲ"လို့ မေးပါတယ်။ လူကြီးက "ဟိုး တောင်ဘက်က လက်လက် လက်လက်နဲ့ ကြယ်ဟာ ခူဝံကြယ်ပေါ့ကွယ့်"လို့ လက်ညှိုးထိုးပြပြီး ပြောပါတယ်။ လူငယ်က ထပ်ပြီး "မြောက်မှာ ခူဝံ၊ တောင်မှာ တံငါကွန်"လို့ ကျွန်တော်ကြားဖူးတယ်။ အဘရဲ့" လို့ ပြန်ပြောတဲ့အခါ "ကလေးတိုးတိုးပြော၊ ခူဝံကြယ်တောင်ဘက်ကို ပြောင်းသွားတာ မကြာသေးဘူးကွဲ့။ အဘတစ်ယောက်ပဲ သိသေးတယ်" ပြောပြတာမျိုးဟာ သတ်မှတ်ချက်ကို ကိုယ့်သဘောနဲ့ကိုယ် ပြောင်းလဲလိုက်တာ ဖြစ်ပါတယ်။ အမှန်မဟုတ်ပါဘူး။ ယုတ္တိလည်း မရှိပါဘူး။ တကယ်သိလို့ပြောတာလည်းမဟုတ်ပါဘူး။ "ငါပြောချင်သလိုပြော၊ သူမှတ်ရမှာပဲ"လို့ တစ်ဘက်သားကို အထင်သေးစွာနဲ့ပြောလိုက်တာလည်း ဖြစ်ပါတယ်။

ဒါဟာ သတ်မှတ်ထားချက်ကို သေးသိမ်အောင်လုပ်တာဖြစ်သလိုကိုယ့်ကိုယ်ကိုယ်လည်း သေးသိမ်အောင်လုပ်တာ ဖြစ်သွားပါတယ်။ တကယ်တမ်း သတ်မှတ်ချက်ပြောင်းသွားတာ မဟုတ်ပါဘူး။

"ဝါထပ်တယ်။ တစ်နှစ်မှာ ၁၃ လဖြစ်တယ်"ဆိုတဲ့ သတ်မှတ်ချက်ဟာ တစ်ဦးတစ်ယောက်ထဲရဲ့ သတ်မှတ်ချက်မဟုတ်ပါဘူး။ ကျွမ်းကျင်တဲ့ အဖွဲ့အစည်းရဲ့ သတ်မှတ်ချက်ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်နဲ့သာ အဖွဲ့အစည်း တစ်ခုနဲ့သာ သက်ဆိုင်တဲ့ သတ် မှတ်ချက်မဟုတ်ပါဘူး။ တစ်နိုင်ငံ လုံးနဲ့ သက်ဆိုင်တဲ့ သတ်မှတ်ချက် ဖြစ်ပါတယ်။ စိတ်ထင်သလို ရေး ဆွဲထားတဲ့ သတ်မှတ်ချက်မဟုတ် ပါဘူး။ အထောက်အထားခိုင်လုံ စွာ၊ ယုတ္တိရှိစွာ၊ အစဉ်အဆက်ကို လေးစားစွာ ရေးဆွဲထားတဲ့ သတ်မှတ်ချက်ဖြစ်ပါတယ်။ ဒါကြောင့် ယုံယုံကြည်ကြည် လေးလေးစားစား လိုက်နာမှတ်သားကြပါတယ်။

ဒီလိုပါပဲ၊ သတ်မှတ်ချက်တစ်ခုခုကို ပုဂ္ဂိုလ်ရေးအရလည်း သတ်မှတ်နိုင်ပါတယ်။ အဖွဲ့အစည်းအရလည်း သတ်မှတ်နိုင်ပါတယ်။ နယ်ပယ်အရလည်း သတ်မှတ်နိုင်ပါတယ်။ နိုင်ငံအရလည်း သတ်မှတ်နိုင်ပါတယ်။ သင်လည်း သတ်မှတ်နိုင်ပါတယ်။ သူလည်း သတ်မှတ်နိုင်ပါတယ်။ ကိုယ်လည်း သတ်မှတ်နိုင်ပါတယ်။ သို့သော် ဤကို ကွဲလို့တော့ မသတ်မှတ်မိပါစေနဲ့။ ၁၃ လ တစ်နှစ်ဆိုတာမျိုးလိုဖြစ်အောင်တော့သတ်မှတ်ပေးပါ။တကယ်လည်း ၁၃ လ တစ်နှစ်ရှိခဲ့ပါတယ်။ ရှိနေပါတယ်။ ရှိပါ လိမ့်ဦးမယ်။ ။

7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

# မေတ္တာပြ၍သာ . . .

ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)

အိမ်ရှေ့မှာ မနက်မိုးလင်းချိန်ရောက်တိုင်း ဖြတ်သွားနေကျ ကလေးငယ်နှစ်ဦးကိုတွေ့ရသည်။ အငယ်ကို ရင်ခွင်ပိုက်ချီ၍ အကြီးသုံးနှစ်သားက လမ်းလျှောက်ပေ့။ သူတို့အဖေနဲ့အမေက ရန်ဖြစ်လိုက်၊ ပြန်တည့်လိုက်။ ရန်ဖြစ်ပြီ ဆိုရင်လည်း ဆဲကြ၊ ဆိုကြသည်က မကြားဝံ့မနာသာ။ ကျွန်တော်က ကလေးချစ်တတ်သူပီပီ အရွယ်မရောက်မီက ကြောက်ရွံ့မှု၊ ထိတ်လန့်မှု၊ ဆာလောင်မှုများဖြင့် နေ့စဉ်ဘဝကို ဖြတ်သန်းနေရသည့် (သူတို့သားသမီး) လူမမယ်လေးနှစ်ယောက်ဘဝကို တွေးကာသနားမိပါသည်။

နေ့စဉ် မြင်တွေ့နေကျမို့ ရှုတ်တရက် ကောက်ပြီး နမူနာပေးလိုက်ခြင်းပါ။ ဆင်းရဲသားအများစုနေသော သည်ရပ်ကွက်မှာ သည်ကလေးတွေလို နိမ့်ကျနွမ်းပါးသည့်ဘဝဥပမာတွေက ပေးစရာများလှပါဘိ။

ကျွန်တော်ပြောချင်တာက ဆင်းရဲနွမ်းပါးမှုကိုမဟုတ်။ ဆင်းရဲမှုကိုအခြေခံကာ အဖေနှင့်အမေ တကျက်ကျက်ရန်ဖြစ်သည့်ကြားမှ မဖြစ်မနေ ရှင်သန်ကြီးထွားရသည့် မြေစာပင် ကလေးတို့ဘဝကိုပါ။ သူတို့ ဘယ်လိုစိတ်ထားနှင့် ရှင်သန်ကြီးပြင်းရမည်လဲ။

'သားသမီးမကောင်း၊ မိဘခေါင်း'ဟုဆိုကြသည်။ ထို့အတူ 'သားသမီးဟူသည် မိဘကောင်းမွေ၊ ဆိုးမွေကို ခံရ၊ စံရသည်'ဟုလည်း ဆိုထုံးရှိပြန်သည်။ ထိုဆိုရိုးနှစ်ခုက သားသမီးနှင့်မိဘကြား အပြန်အလှန်ထားရမည့်ဝတ္တရားကို ဖော်ပြနေသည်။

ကျွန်တော်က သားသမီးကောင်းဖို့ မိဘအဓိကဟုမြင်သည်။ တစ်နည်းအားဖြင့် သားသမီး ငရဲမကြီးအောင် မိဘမှာ စောင့်ထိန်းမှုရှိဖို့လိုသည်ဟုဆိုချင်သည်။

ဆင်းရဲသော မိဘက ဆင်းရဲမှုဖြင့် မွန်းကျပ်နေသောဘဝကို ထွက်ပေါက်ရှာသည့်အနေဖြင့် အရက်သောက်သည်။ လောင်းကစားလုပ်သည်။ ထိုအရာများက ဆိုးကျိုးဖြင့်သာ အဆုံးသတ်သမို့ အရှာမှားသောထွက်ပေါက်ကို မိန်းမနှင့်ရန်ဖြစ်ခြင်း၊ သားသမီးတို့ကို ဆဲဆိုရိုက်နှက်ခြင်းတို့ဖြင့် ပေါက်ကွဲပြ၏။ အမှားပေါ် အမှား ဆင့်လိုက်ခြင်းပင်။

ချမ်းသာသောမိဘကလည်း ချမ်းသာမှုကိုအကြောင်းပြု၍ စိတ်အလိုလိုက်ကာ အိမ်ထောင်ရေးဖောက်ပြန်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လောင်းကစားလုပ်ခြင်းတို့ဖြင့် စိတ်ဖျော်ဖြေမှုရှာကြ၏။ တကယ်တမ်းကျ ထိုအရာများက တဒင်္ဂသာယာမှုထက် ကိုယ်စိတ်နှစ်ပါးညှိုးချုံးခြင်းကိုသာ ခံစားရသဖြင့် ကိုယ့်အပြစ်ကာကွယ်ရန်အတွက် ဇနီးနှင့်သားသမီးအပေါ် ရန်လုပ်မိတတ်ကြ၏။

"ငါက အဖေကွ၊ ငါက အမေဟဲ့၊ ပြန်မပြောနဲ့"ဟူသောစကားမျိုးဖြင့် အနိုင်ယူခံရသောသားသမီးတို့၏စိတ်တွင် မည်သို့သောစိတ်ခံစားမှုများ ခံစားရမည်နည်း။ သားသမီးတွေ ငရဲကြီးအောင် မိဘက ပြုလုပ်မိနေကြောင်း ကျွန်တော်တို့တွေ သတိချပ်သင့်ပါသည်။ 'ရဟန်းဝိနည်း၊ ရှာကြီးစည်းရိုး၊ လူမျိုးစည်းကမ်း'ဟု ဆိုရိုးရှိသည်။ ရဟန်းသံဃာတို့၏အသက်သည် ဝိနည်းဖြစ်၏။ ဝိနည်းနှင့်ညီမှ ရဟန်းမည်သည်။ အများပြည်သူကြည်ညိုပူဇော်ကြမည်။ ရဟန်းသံဃာက လူသာမန်တွေလို အိမ်တကာလည်၊ ဆိုင်ကယ်တဝီဝီစီးနေခြင်း၊ ဒကာမများနှင့် ဟိုလိုသည်လိုနေခြင်းသည် ဝိနည်းမညီ၊ အများအမြင်မတင့်တယ်၊ လူကဲ့ရဲ့စရာဖြစ်တတ်၏။

> 'ရဟန်းဝိနည်း၊ ရှာကြီးစည်းရိုး၊ လူမျိုးစည်းကမ်း' ဟု ဆိုရိုးရှိသည်။ ရဟန်းသံဃာတို့၏ အသက်သည် ဝိနည်းဖြစ်၏။ ဝိနည်းနှင့်ညီမှ ရဟန်းမည်သည်။ အများပြည်သူကြည်ညိုပူဇော်ကြမည်။ ရဟန်းသံဃာက လူသာမန်တွေလို အိမ်တကာလည်၊ ဆိုင်ကယ်တဝီဝီစီးနေခြင်း၊ ဒကာမများနှင့် ဟိုလိုသည်လိုနေခြင်းသည် ဝိနည်းမညီ၊ အများအမြင်မတင့်တယ်၊ လူကဲ့ရဲ့စရာ ဖြစ်တတ်၏။

ထိုအခါနောက်ဆက်တွဲအနေဖြင့် ရဟန်းသံဃာအပေါ် အပြစ်မြင်မိသည့်လူပုဂ္ဂိုလ်များမှာ အလကားနေရင်း အပြစ်သင့်ရတော့၏။

လူမျိုး၏အသက်သည် စည်းကမ်းဟူသောစကားကို ဆက်ဆွဲ၍ ကောက်ချက်ချရသော် စည်းကမ်းရှိသော သားသမီးဖြစ်လာရန် မိဘတွင် များစွာတည်မှီသည်။ မိဘတို့သည်လည်း သားသမီးတို့က အမြဲရှိခိုးဦးတင် နေရလောက်သော ထိန်းသိမ်းကျင့်ကြံမှုမျိုးပြုလုပ်မှ မိဘမည်သည်ဟု ဆိုရပေမည်။ မိဘနှင့် ဆရာသမားကိုယ်တိုင်က စည်းကမ်းမဲ့သူများဖြစ်လျှင် သူတို့၏သားသမီး၊ တပည့်များ စည်းကမ်းရှိသူဖြစ်လာရန်မလွယ်။

"မိဘဖြစ်နေလို့ပေါ့ကွာ။ ဟင်း"ဟူသောစကားမျိုးကို ကျွန်တော်တို့ပတ်ဝန်းကျင်မှ ကြားရတတ်သည်။ မိဘကို တစ်ခွန်းမခံ ကက်ကက်လန်ပြန်ရန်တွေ့တတ်သည့်သားသမီးများ ဝန်းကျင်မှာ အတွေ့ရစိပ်လာသည်။ ထိုမြင်ကွင်း၊ ထိုအပြောအဆိုများသည် မိဘကို အနန္တောအနန္တငါးပါးတွင် ဘုရားနှင့် တစ်ဂိုဏ်းတည်းထား၍ ကိုးကွယ်ဆည်းကပ်ကြသည့် မြန်မာ့လူနေမှုဝန်းကျင်နှင့် လုံးဝမအပ်စပ်သည့်အရာများပင်တည်း။

မီဒီယာများမှတစ်ဆင့် ယဉ်ကျေးမှုပေါင်းစုံ ဒီရေတွင် တလိမ့်ကောက်ကွေးမျောပါရင်း အသိဉာဏ်မရင့်သန်မှုကြောင့် ဂါရဝ၊ နိဝါတ တရားတို့ပျက်ယွင်းလာသောခေတ်ကာလသားသမီးတို့ကို လမ်းမှန်ပြ၊ ထိန်းသိမ်းကြပ်မတ်နိုင်အောင် မိဘများကိုယ်တိုင်က မှန်ကန်သော ဦးဆောင်မှု၊ မှန်ကန်သော ကျင့်ကြံပြောဆိုမှုတို့ ပြုရန်အထူးအရေးကြီးလှပါသည်။

"ဘဝဆိုတာ နေတတ်မှ ကျေနပ်မယ်" ဆိုသော စကားအတိုင်း ဆင်းရဲသောဘဝကိုပိုင်ဆိုင်ရစေဦး၊ ရောင့်ရဲသောစိတ်၊ တာဝန်ယူသော စိတ်၊ ရိုးသားသောစိတ်တို့ကို အရင်းခံ၍ သားသမီးအပြစ်မရောက်အောင် မေတ္တာပြဆုံးမတတ်သည့် မိဘကောင်းများဖြစ်ကြစေချင်ပါသည်။ ။

## JOKE

### ဘာပြောခဲ့လဲ

တစ်ခါက ဝင်စတန်ချာချီနှင့် သူ၏ယာဉ်မောင်းသည် အရေးတကြီးကိစ္စဖြင့် လေဆိပ်သို့ကားမောင်းသွားရာ ဥယျာဉ်ခြံမြေတစ်ခုကို ဖြတ်သွားရသည်။ ဥယျာဉ်ခြံထဲမှ ဝက်တစ်ကောင်ရုတ်တရက်ခုန်ထွက်လာရာ ချာချီ၏ယာဉ်မောင်းက ကြိုးစား၍ရှောင်တိမ်းသော်လည်း ဝက်ကိုတိုက်မိသွားသည်။ ယာဉ်မောင်းက ဥယျာဉ်ခြံထဲဝင်ရောက်ပြီး အကျိုးအကြောင်းပြောပြသည်။ ယာဉ်မောင်းပြန်ထွက်လာသောအခါ ဘီယာတစ်လုံး၊ စီးကရက်နှင့် အိတ်ကပ်ထဲတွင်လည်း ပိုက်ဆံအထပ်လိုက်ပါလာသည်ကို တွေ့ရသည်။

"ဟေ့ကောင် မင်းသူတို့ကို ဘာပြောခဲ့လို့လဲ" ဟု ချာချီက ၎င်း၏ ယာဉ်မောင်းအားမေးရာ ယာဉ်မောင်းက ယခုလို ပြန်ပြောသည်။

"ဘာမှ မပြောပါဘူးဆရာ။ ငါဝန်ကြီးချုပ်ချာချီရဲ့ယာဉ်မောင်းပဲ ၊ ကားနဲ့တိုက်မိလို့ မင်းတို့ဝက် သေသွားတယ်လို့ပဲ ပြောခဲ့တာပါ"

### ကျွမ်းထိုးတယ်

စကော့တလန် ဘောလုံးဝါသနာအိုးတစ်ဦးက ၎င်း၏မိတ်ဆွေအား ယခုလိုပြောပြသည်။


"ငါ့ခွေးနဲ့ငါက ဘောလုံးပွဲတွေ အကုန်လုံးအတူတူကြည့်တယ်ကွ။ ငါ့အားပေးတဲ့အသင်းနိုင်ရင် ငါခွေးက ခုန်ပျံနေတာပဲ။ သူက လက်ခုပ်လည်းတီးတယ်။ အဲ. . . ငါ့အသင်းရှုံးရင်တော့ ဒီကောင် ကျွမ်းထိုးတော့တာပဲ"

"ဟုတ်လား။ ဒီကောင် ကျွမ်းဘယ်နှခါလောက်ထိုးလဲကွ"

"အဲဒါကတော့ ငါဘယ်လောက်အားပြင်းပြင်း ကန်လိုက်သလဲဆိုတဲ့အပေါ် မူတည်တာပေါ့ကွာ"

# တို့ . . . အတူတူ . . .

နီဟိန်းမော်



တစ်နေ့စာရေးဆရာ ဗညားလှိုင်ဦး ကဗျာဆရာ Aမွန်တို့နှင့် ၃၈ လမ်းမှာ ဆုံဖြစ်သည်။ သူတို့က ကျွန်တော့်ကိုဖိတ်စာတစ်စောင်ပေးသည်။ လှလှပပ သပ်သပ်ရပ်ရပ် ချစ်စရာအစိမ်းရောင်ဖိတ်စာလေး။ ဖိတ်စာကို ဖတ်ကြည့်မိတော့ရင်ထဲက လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားရသည်။ ဖတ်ဖူးခဲ့သည့် အကြောင်းတစ်ခုကလည်း စိတ်ထဲဖျတ်ခနဲ ပေါ်လာခဲ့သည်။

၁၉ ရာစုနှောင်းပိုင်း နေ့ရက် တွေမှာ ကင်းဝန်မင်းကြီးနှင့် မြန်မာအရာရှိအချို့ မြန်မာ့အပြင် ကမ္ဘာထဲဝင်ကြည့်ပြီးရှော့ခ်(Shock)အမျိုးမျိုးရခဲ့ကြသည်တဲ့။ သူတို့ မြန်မာပြည်ကို ပြန် ရောက်တော့ ယောမင်းကြီး၊ ကနောင်မင်းသားကြီး၊ မက္ခရာမင်းသားကြီးတို့ကိုပါ ထိုရှော့ခ်များက ရိုက်ခတ်သွားတော့သည်။ တိုင်းပြည်၏ အခြေအနေကိုပြောင်းလဲရန်အတွက် ပညာရေးကိုမြှင့်တင်မှုဖြစ်မည်ဟု ထိုပုဂ္ဂိုလ်များ သိမြင်လိုက်ကြချိန်တွင် အရာရာနောက်ကျသွားခဲ့ပြီဖြစ်သည်။ မှတ်မှတ်ရရ စာရေးဆရာ၏ မှတ်ချက်တိုလေးကို သတိရမိသည်။ "သမိုင်းက နောက်ကျသူကို အခွင့်အရေး ပေးဖို့ ထုံးစံမရှိ"တဲ့။

ထိုအကြောင်းအရာကို ဖတ်ခဲ့ဖူးသည်မှာ ဆယ်စုနှစ်တစ်ခုမကတော့။ ရှော့ခ်ဆိုသောစကားလုံးကိုတော့ ရင်ထဲ၌ရှိနေခဲ့သည်။ ထိုအချိန်က Alvin Toffier ၏ Future Shock ဆိုသော စကားလုံးကလည်း ခေတ်စားနေချိန်ဖြစ်သည်။ ကင်းဝန်မင်းကြီးတို့ရခဲ့သည့် ရှော့ခ်က အနာဂတ်ကို တွေးကြောက်သော သွေးလန့်မှုပဲဖြစ်မည်ထင် သည်။ ကိုယ့်နယ်ပယ် ကိုယ့်ဒေသ လေး၏ အပြင်ဘက်တွင်ရှိနေ သော အံ့သြဖွယ်အရာများက ကင်းဝန်မင်းကြီးတို့ကို ခြောက်လှန့်လိုက်ပုံရသည်။ သူတို့တွေးပုံနှင့်တို့တွေးပုံ၊ သူတို့ပညာနှင့် တို့ပညာ၊ သူတို့စနစ်နှင့် တို့စနစ်၊ နောက်ဆုံး သူတို့လက်နက်နှင့် တို့လက်နက် . . . .

သည်ဘက်နှစ်များဆီမှာ စာရေးဆရာများ၊ ပညာကိုတန်ဖိုးထားသောလူ့အဖွဲ့အစည်းများဆီမှ လူတွေ စာမဖတ်ကြတော့ဘူးဆိုသည့် စိတ်ပျက်လက်ပျက်အသံကို အမြဲလိုလို ကြားနေရသည်။ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ စာပေဟောပြောပွဲတွေမှာ လူငယ်တွေစာဖတ်ကြဖို့ ရေးသားနေကြဟောပြောဆော်သြနေကြနှင့် နေရာတကာ စာဖတ်ပါ၊ စာဖတ်ပါ ဆိုသော အသံတွေက ပွက်လော ထနေသည်။ စာမဖတ်သည့် လူငယ်များ၏ အနာဂတ်၊ ထိုလူငယ်များ လက်ထဲတွင်ရှိသည့် နိုင်ငံတော်၏ အနာဂတ်ကို သူတို့စိုးရိမ်ကြသည်။ သူတို့တွေးလန့်ကြသည်။ အနာဂတ်ကိုတွေးကြောက်နေသည့် ရှော့ခ်များ။

တစ်ခါက ဆရာမောင်သာချို ဆရာအော်ပီကျယ်တို့ စာပေဟောပြောရာ ပွဲတစ်ခုကိုလိုက်သွားဖူးသည်။ စာ(၄၁) သို့

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

7Day News Hotline : 73032006

# Business

7DAY NEWS JOURNAL

Vol.10, No.5 • APRIL 7, 2011


## ရာဘာဈေးပြန်တက်

ပြည်သိမ်း

ရန်ကုန်၊ မတ် - ၃၀

ဂျပန်ငလျင်နှင့် ဆူနာမီဂယက်ကြောင့် တစ်ရှိန်ထိုးကျဆင်းသွားခဲ့သော ရာဘာဈေးသည် မတ်လကုန်ပိုင်းတွင် အနည်းငယ်ပြန်လည်ဈေးမြင့်တက်လာကြောင်း မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သတင်းရရှိသည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများမှာ ယခုအခါ အပြောင်းအလဲအနည်းငယ်သာရှိပြီး ထုတ်လုပ်မှုမှာလည်း ကျဆင်းမှုအနည်းငယ်သာရှိခြင်းကြောင့်ရာဘာဈေးပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ အတွင်းရေးမှူးဦးခိုင်မြင့်က ဆိုသည်။

ထို့အပြင် ပြည်တွင်းရာဘာကုန်သည်များသည် ဂျပန်ကားထုတ်လုပ်မှုအခြေအနေကိုစောင့်ကြည့်နေကြကြောင်း၊ ဂျပန်နိုင်ငံမှ ကားထုတ်လုပ်ရေး လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာပါက ရာဘာလိုအပ်ချက် ပြန်လည်မြင့်တက်လာပြီး ဈေးနှုန်းများမှာလည်း မူလအတိုင်း ပြန်လည်ရောက်ရှိနိုင်ကြောင်းအထက်ပါပုဂ္ဂိုလ်ကပြောသည်။

"ဒီနှစ်ဈေးတွေက ခြံသမားရောကုန်သည်ရော လုပ်သာကိုင်သာရှိတယ်။ ကမ္ဘာ့ဈေးတစ်ရှိန်ထိုးကျတာတောင် ပြည်တွင်းမှာ ရာဘာတစ်ပေါင်ဈေးက တစ်ထောင် အောက်ကိုမဆင်းဘူး" ဟု ဘီးလင်းမြို့မှ ရာဘာကုန်သည်တစ်ဦးက ဆိုသည်။ စာ(၃၄)သို့



ပုဂ္ဂလိကစက်သုံးဆီဆိုင်တစ်ဆိုင်တွင် ဆီဝယ်ယူရန် စောင့်ဆိုင်းနေသောကားများကို ဧပြီ ၃ ရက်က တွေ့ရစဉ် ဓာတ်ပုံ - သန်းဌေး

## အောက်တိန်းဆီဈေး တစ်ပီပါ ကျပ်ခြောက်သောင်းခန့် ဈေးတက်

သိမ့်သိမ့်စိုး

ရန်ကုန်၊ မတ်-၃၀

စက်သုံးဆီဈေးကွက်တွင် အောက်တိန်းဝယ်ယူမှုများလာ၍ အောက်တိန်းဈေးနှုန်းများ တစ်ပတ်ကျော်အတွင်း တစ်ပီပါလျှင် ကျပ်ခြောက်သောင်းနီးပါး ဈေးမြင့်တက်လာကြောင်း စက်သုံးဆီဈေးကွက်မှ သတင်းရရှိသည်။

"ဆီစာအုပ်လုပ်လိုက်တော့ ဆီက တန်းစီချိန်ပိုကြာလာတာကြောင့် တန်းစီစရာမလိုတဲ့ အောက်တိန်းကို ပိုဝယ်လာလို့ ဈေးက တက်သွားတာ။ ဈေးကလည်း သိပ်မကွာဘူးဆိုပြီး အဝယ်များလာတဲ့ ဒီရက်ပိုင်းမှာ ပစ္စည်းပြတ်တယ်ဆိုတဲ့ သတင်းကြောင့်လည်း ပိုတက်လာတာထင်တယ်" ဟု စက်သုံးဆီရောင်းချသူတစ်ဦးက ပြောသည်။

အောက်တိန်းဈေးနှုန်းမှာ ယခုလလယ်ပိုင်းတွင် တစ်ဂါလန် ၃၅၀၀ ကျပ်(တစ်ပီပါ- ၇၅၀၀၀ ကျပ်) မှ တစ်ဂါလန် ၄၆၀၀ ကျပ် (တစ်ပီပါ ၂၃၅၀၀၀ ကျပ်) ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ သို့သော် ဧပြီလဆန်းတွင် ၄၁၀၀ကျပ် သို့ ပြန်ကျလာသည်။

ထို့အပြင် ပြင်ပဈေးကွက်တွင် ရောင်းချသော ရိုးရိုးဓာတ်ဆီဈေးမှာ တစ်ဂါလန် ၃,၉၀၀ ကျပ် (တစ်ပီပါ ၁၉၅,၀၀၀ ကျပ်) မှ တစ်ဂါလန် ၅,၂၀၀ ကျပ် (တစ်ပီပါ ၂၆၀,၀၀၀ ကျပ်) ထိ ဈေးနှုန်းများ မြင့်တက်နေကြောင်း စက်သုံးဆီပြင်ပဈေးကွက်တွင် ရောင်းချသူတစ်ဦးကပြောသည်။

သို့သော် ဒီဇယ်ဈေးနှုန်းမှာ တစ်ဂါလန် ၄,၁၀၀ ကျပ်(တစ်ပီပါ ၂၀၅,၀၀၀ ကျပ်) မှ တစ်ဂါလန် ၄,၀၀၀ ကျပ်( တစ်ပီပါ ၂၀၀,၀၀၀ ကျပ်) ထိ ဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

"အောက်တိန်းက အင်ဂျင်သက်သာတယ်။ ဈေးကလည်း သိပ်မကွာဘူးဆိုပြီး ဝယ်ထည့်ကြလို့ ဈေးကပိုတက်လာတာ ထင်တယ်" ဟု စက်သုံးဆီရောင်းချသူတစ်ဦးက ပြောသည်။

လက်ရှိပြည်တွင်းဈေးကွက်တွင် ရောင်းချနေသော အောက်တိန်း ဒီဇယ်မှာ အရောင်နှင့် အနံ့ပေါ်မူတည်၍ ၈၇၊ ၉၀ ၊ ၉၃ ဟူ၍ အဆင့် သုံးဆင့်ရှိကြောင်း သိရ သည်။

"ဆီက အောက်တိန်းဝယ်ရင် တန်းစီရတဲ့ အချိန်နည်းတယ်။ ဈေးကလည်း သိပ်မကွာဘူး။ အင်ဂျင်သက်သာတယ်လို့လည်း ပြောတော့ တန်းစီချိန်မကြာအောင် အောက်တိန်းဝယ်ထည့်တာများတယ်" ဟု စက်သုံးဆီဝယ်ယူသုံးစွဲသူတစ်ဦးက ပြောသည်။

ပုဂ္ဂလိက စက်သုံးဆီဆိုင်များတွင် ဓာတ်ဆီဝယ်ယူမှု ဆီစာအုပ်ဖြင့် ဝယ်ယူရန် မတ်လ ၁၁ ရက်မှ စတင်ပြောင်းလဲသတ်မှတ်ခဲ့သည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၆၆ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၆၃ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၇၀ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၉ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၀ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၉၀၀ | ကျပ် |

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၀၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၀၂၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၄. ၀၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၄၇၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၃၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၆. ၇၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၂၅၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၂၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၃၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၉၁၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၆၃၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၀၃၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၆၂၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၂၈. ၂၆၁၈ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၄၂၂၈. ၉၀ |
| ရေနံစိမ်း | စည် | ၁၁၈. ၇၀ |
| ငွေ | ၁ အောင်စ | ၃၇. ၇၃၂ |
| ကြေးနီ | ပေါင် | ၄၂၅. ၈၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၃၆၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဧပြီလ ၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011




# ကမ္ဘာ့ရွှေဈေးတက်ရိပ်ပြ၍ ရွှေဝယ်လိုအား တက်လာဟုဆို

သိမ့်သိမ့်စိုး

ရန်ကုန်၊ မတ်- ၃၀

ပြည်တွင်းရွှေဈေးကွက်တွင် ကြိုရောင်းကြိုဝယ် (လေပတ်ကား) မပြုလုပ်ရဟု တားမြစ်ထား၍ ငြိမ်နေခဲ့သော ရွှေဈေးကွက်မှာ ကမ္ဘာ့ရွှေဈေးတက်ရိပ်ပြလာသောကြောင့် ရွှေဝယ်လိုအားများ မြင့်တက်လာခဲ့ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။

"ပြီးခဲ့တဲ့ တစ်ပတ်က လေပတ်ကား မလုပ်ရဘူးဆိုတော့ ဈေးကလည်း ကျသွားတယ်။ အခုကမ္ဘာ့ရွှေဈေးကလည်းတက်ရိပ်ပြတဲ့အချိန်ဈေးနှုန်းက ကြိုက်ဈေးတန်းဖြစ်နေတော့ ဝယ်လိုအား ပြန်တက်လာတဲ့သဘောပဲ" ဟု ရွှေအရောင်းအဝယ် ပြုလုပ်သူတစ်ဦးကပြောသည်။

ထို့အပြင် ယခုရက်ပိုင်းမှာ သင်္ကြန်ပိတ်ရက် နီးချိန်ဖြစ်ပြီး ပုံမှန်အားဖြင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း မြင့်တက်လေ့ရှိသဖြင့် ဈေးအတက်ကိုမှန်း၍ ဝယ်ယူသူများကြောင့် ယခုကဲ့သို့ဝယ်လိုအားမြင့်တက်လာခြင်းဖြစ်သည်ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ရွှေဝယ်လိုအားမှာ ပြီးခဲ့သည့်တစ်ပတ်အတွင်းနှင့် နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်းဝန်းကျင် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးနှုန်းမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၆၂,၀၀၀ ကျပ်အောက် ကျဆင်းသွားရာမှ မတ်လ ၃၀ ရက် ညနေတွင် ၆၆၃,၅၀၀ ကျပ်သို့ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရွှေဈေးကွက်မှ စုံစမ်းသိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာလည်း တစ်အောင်စလျှင် ၁,၄၁၇ ဒေါ်လာထိ ကျဆင်းသွားရာမှ ၁၄၂၀ ဒေါ်လာကျော်ထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

၁၅ ပဲရည်ဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင် ၆၂၄,၀၀၀ ကျပ်ဈေးဖြင့် ရောင်းချနေကြောင်း ရွှေဆိုင်လုပ်ငန်းလုပ်ကိုင်နေသူများက ပြောသည်။

ရွှေဈေးနှုန်းမှာ ပုံမှန်အားဖြင့် သင်္ကြန်ရက်နီးချိန်တွင် သာမန်ရက်များထက် တစ်ကျပ်သားလျှင် ၁၀,၀၀၀ ကျပ်ဝန်းကျင်ဈေးနှုန်းမြင့်တက်လေ့ရှိ၍ ယခုကဲ့သို့ ဝယ်လိုအားမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

## စာ(၃၃) - ရာဘာဈေးပြန်တက် မှ

မြန်မာရာဘာဈေးနှုန်းသည် ဂျပန်ဆူနာမီ မဖြစ်မီက Rss(1) တစ်ပေါင်လျှင် ၁,၉၀၀ ကျပ်ထိ ဈေးရှိခဲ့သည်။ ယင်းနောက် Rss (1) အမျိုးအစားပင် တစ်ပေါင်လျှင် ၁,၂၀၀ ကျပ်ထိ ဈေးကျဆင်းလာသည်။ လက်ရှိပြည်တွင်းဈေးတွင် Rss (1) အမျိုးအစားသည် တစ်ပေါင်လျှင် ၁,၇၀၀ ကျပ် ထိဈေး ပြန်မြင့်လာသည်။

ယင်းကဲ့သို့ပင် ကမ္ဘာ့ဈေးကွက်၌လည်း ရာဘာပေါက်ဈေးသည် ဂျပန်ဆူနာမီဖြစ်ပြီးနောက် တစ်တန်လျှင် ကန်ဒေါ်လာ ၄၃၀၀ ထိကျဆင်းခဲ့သော်လည်း လက်ရှိအခြေအနေတွင် တစ်တန် ကန်ဒေါ်လာ ၅,၆၀၀ ထိဈေးမြင့်လာသည်။ ဂျပန်ဆူနာမီမဖြစ်ခင်က ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ရာဘာပေါက်ဈေးသည် တစ်တန်လျှင် ကန်ဒေါ်လာ ၆,၃၀၀ ထိဈေးမြင့်ခဲ့သည်။


မြန်မာနိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ ရာဘာတင်ပို့မှုတွင် ၂၀၀၉- ၂၀၁၀ ခုနှစ်ကတန်ချိန် ၇၀,၀၀၀ ကျော်တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၇၃ သန်းဝန်းကျင်သာ ရခဲ့သည်။ ၂၀၁၀-၂၀၁၁ ခုနှစ် (ဇန်နဝါရီလအထိ)တွင် ရာဘာတင်ပို့မှုသည် တန်ချိန် ၆၀ ကျော် တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၂၀၃ သန်းကျော်ရှိခဲ့သည်။



7DAY BOOK REVIEW

# တစ်ယောက်ပြီးတစ်ယောက် လျှို့ဝှက်သည်းဖို မဂ္ဂဇင်းဝတ္ထုရှည်များ

## (နတ်နွယ်)




**စုံထောက်ဝတ္ထုဟုဆိုလျှင် ဆရာကြီးရွှေဥဒေါင်း၏ မောင်စံရှားနှင့် ဒဂုန်ရွှေမျှား၏ စုံထောက်ဦးထင်ကျော် ဝတ္ထုများကို မြန်မာစာဖတ်ပရိသတ်တို့ အမှတ်တရရှိကြပါလိမ့်မည်။ ထိုဝတ္ထုများသည် တစ်ခေတ်တစ်ခါက အမှိုးဝတ္ထုများဟုဆိုသော်လည်း မြန်မာစာဖတ်ပရိသတ်များ စွဲမက်ခဲ့သော စုံထောက်ဝတ္ထုတိုများ ဖြစ်ခဲ့သည်။**

၁၉၅၀ ပြည့်လွန်နှစ်များက လျှို့ဝှက်သည်းဖို စာဖတ်ပရိသတ်များအတွက် စုံထောက်မဂ္ဂဇင်း ထွက်ရှိလာရာ ယင်းမဂ္ဂဇင်းကို ကွယ်လွန်သူ စာရေးဆရာ မိုးဝေနှင့် နတ်နွယ်တို့ အတူလက်တွဲကြခဲ့ဖူးသည်။ ထိုစုံထောက်မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သောဝတ္ထုများသည် လျှို့ဝှက်သည်းဖိုအကြိုက် မြန်မာ စာဖတ်ပရိသတ်များအတွက် ချဉ်ခြင်းပြေစရာဖြစ်ခဲ့သည်။ ထိုအထဲတွင် နတ်နွယ်၏ ဝတ္ထုများက တစ်မျိုးတစ်ဘာသာ ထူးခြား၍နေသည်။ စုံထောက်နှင့် လျှို့ဝှက်သည်းဖို ဝတ္ထုရေးသူ အနည်းငယ်မျှထဲတွင် နတ်နွယ်၏ စုံထောက်ဝတ္ထုများသည် တစ်ခေတ်တစ်ခါက စာဖတ်သူများအား ဆွဲဆောင်နိုင်ခဲ့သော ဝတ္ထုများဖြစ်ခဲ့သည်။ ယခုစာအုပ်တွင် မြေအောက်ပင်တိုင်သူ၊ ရှုန်းကန်သူ၊ ရာဇဝတ်နှင့် သူရဲကောင်း၊ သံပရာသီးခုနစ်ခြမ်း၊ နောက်မှ တကောက်ကောက်၊ သဲကန္တာရ၏ အတွင်းသဘော၊ တစ်ယောက်သော စာဖတ်သူ၊ ပုလိပ်တို့အတတ်ပညာ၊ ညအချိန်မတော် အိမ်ပြန်ဖော်တစ်ဦး စသည့် ဝတ္ထု ၁၅ ပုဒ်ပါဝင်ပြီး ၁၄ ပုဒ်မှာ ၁၉၅၂ မှ ၁၉၆၄ ခုနှစ်အတွင်း စုံထောက်မဂ္ဂဇင်းတွင် ပုံ နှိပ်ဖော်ပြခဲ့သော ဝတ္ထုများဖြစ်သည်။

ညအချိန်မတော် အိမ်ပြန်ဖော်တစ်ဦးဟူသည့် တစ်ပုဒ်သာလျှင် ၁၉၈၅ ခုနှစ်က ချယ်ရီမဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့သော ဝတ္ထုဖြစ်သည်။ နတ်နွယ်၏ စုံထောက်ဝတ္ထုများသည် သမားရိုးကျ ဇာတ်လမ်း၊ ဇာတ်ကွက်ထဲမှ ခွဲထွက်လာသော ဇာတ်လမ်း၊ ပြကွက်နှင့် စတင်လာပြီး ဇာတ်ကောင်စရိုက်၊ နေရာ၊ အချိန်၊ ဒေသတို့မှနောက်မှ သဲလွန်စများကို ခြေရာကောက်လိုက်ပါရင်း မထင်မှတ်ထားသော၊ မျှော်လင့်မထားသော ဖြစ်ရပ်များနှင့် အဆုံးသတ်ဖတ်ရှုရမည့် ဝတ္ထုများဖြစ်သည်။

ဝတ္ထုအချို့တွင် လျှို့ဝှက်နက်နဲသော ဖြစ်ရပ်နောက် လိုက်ရင်း သည်းထိတ်ရင်ဖိုဖွယ် ရင်ဆိုင်ကြုံတွေ့ရပုံကို တစိမ့်စိမ့်ဖတ် ရှုရမည်ဖြစ်သည်။

ညအချိန်မတော် ဝတ္ထုတွင် စာရေးသူ နတ်နွယ်က စာရေးခြင်းအတွေ့အကြုံ၊ အယ်ဒီတာဘဝ ဖြတ်သန်းမှု၊ စာမရေးတာကြာနေသဖြင့် ရေးရခက်ခဲပုံ၊ ဝတ္ထုတစ်ပုဒ်ရေးရာတွင် ကြိုးပမ်းအားထုတ်ရပုံ၊ တွေးခေါ်ပုံတို့ကို ရှင်းလင်းရေးပြထားသည်မှာ စာပေဝါသနာရှင်များအတွက် စဉ်းစားချင့်ချိန်ဖွယ်ရာ ဖြစ်ပေသည်။ ယခုစာအုပ်သည် စုံထောက်နှင့် လျှို့ဝှက်သည်းဖို ဝတ္ထုများ ဖတ်ချင်သူများအတွက် နတ်နွယ်၏ ငယ်မူလက်ရာများကို သကြၤန်ကာလအတွင်း အေးအေးဆေးဆေး ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

Synergy publications စာအုပ်တိုက်မှ တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ထုတ်ဝေသည်။

# Knowledge ပဟုသုတ

## အလေးဆုံးအရာကို သယ်ပိုးထားရတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်း

လူ့ခန္ဓာကိုယ်တစ်ခုလုံး၏ အလေးချိန်ကိုသယ်ပိုးပြီးထိန်းမတ်ထားသည်မှာ ခြေထောက်များပင်ဖြစ်သည်။ ဖိနပ်ကိုဂရုတစိုက်ဝယ်ယူစီးခြင်းက ခြေထောက်အပေါ်တွင် ဂရုစိုက်မှုမည်မျှရှိသည်ကိုမြင်သာနိုင်သည်။ ခြေထောက်ကျန်းမာရေးသည်လည်း ခန္ဓာကိုယ်တစ်ခုလုံး၏ ကျန်းမာရေးကဲ့သို့ပင်အရေးပါလှပေသည်။ ခြေထောက်ကျန်းမာရေးအတွက် အရင်ဆုံးပြုလုပ်ရမည်မှာ ရာသီဥတု၊ အချိန်အခါနှင့် သင့်လျော်သည့် သက်သောင့်သက်သာဖိနပ်ကို ရွေးချယ်စီးနင်းခြင်းပင်ဖြစ်သည်။ ဆောင်းရာသီတွင် ခြေထောက်များလုံခြုံရန်လိုအပ်ပြီး ပူနွေးစိုစွတ်သည့် ရာသီဥတုဆိုပါလျှင် ခြေထောက်ကိုလေဝင်လေထွက်ကောင်းစေသည့် ဖိနပ်မျိုးရွေးချယ်ရမည်ဖြစ်ကာ ခြေအိတ်များနှင့်ဖိနပ်များသည် ခြေထောက်ကျန်းမာရေးအတွက်အရေးပါလှသည်။

ခြေအိတ်များကို မကြာမကြာလျှော်ဖွတ်ပြီး သန့်အောင်ဂရုစိုက်ရမည်ဖြစ်ကာ ဖိနပ်များကိုလည်း ပုံမှန်သန့်ရှင်းရေးလုပ်ကာ တိုက်ချွတ်ထိန်းသိမ်းရမည်ဖြစ်ပြီး ထိုမှသာအနံ့ဆိုးမထွက်မည်ဖြစ်သည်။ ခန္ဓာကိုယ်ကျန်းမာရေးကို ဂရုစိုက်ရန်လုပ်ဆောင်နေကြသော်လည်း ခြေထောက်ကျန်းမာရေးထိန်းသိမ်းဖို့ရာ မေ့လျော့နေတတ်ကြသည်။ တစ်နေကုန်အလုပ်လုပ်ပြီးပြန်လာပါက ခြေထောက်ကို ရေပူရေအေးစိမ်ပေးခြင်းများ ပုံမှန်ပြုလုပ်ပြီး ခြေသည်းများမှန်မှန်ညှပ်ကာ ခရင်မ်လိမ်းပြီးမကြာခဏညင်သာစွာနှိပ်နယ်ပေးရမည်ဖြစ်သည်။

*—Source: Wisdom Monthly Digest*

# တစ်ပတ်တာကံကြမ္မာ

ဧပြီ ၆ ရက် မှ ၁၂ ရက် အထိ

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အရာရာ အဆင်ပြေမည်။ ငွေကြေးနှင့်ပတ်သက်သော ကံကောင်းမည်။ ငွေကြေးကိစ္စ၊ အလုပ်အကြံအစည်ကိစ္စမှန်သမျှ ထူးထူးခြားခြား အောင်မြင်အဆင်ပြေအောင် ဆောင်ရွက်နိုင်သော ကာလဖြစ်သည်။ အိမ်တွင်လုပ်ငန်းမရှိသူလုပ်ငန်းရမည်။ လုပ်ငန်းရှိသူတိုးတက်မည်။ ခြံ၊ ကား၊ အခန်းအစရှိသည့် တနလ်ာနံပစ္စည်းများ အလဲအလှယ်အပြောင်းအလဲ ဆောင်ရွက်ခြင်းအဆင်ပြေမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ချက်ချင်းဆုံးဖြတ်ပြီး လုပ်ကိုင်လိုက်သောလုပ်ငန်းများမှ တိုးတက်မှုအဆင့်ဆင့်ရမည်။ ဆုံးဖြတ်ချက်နှောင့်နှေးခြင်းများကြောင့် အခွင့်အရေးအချို့ကို လက်လွတ်ဆုံးရှုံးမည်။ နေရာထိုင်ခင်းကိစ္စအသစ်စတင်ရမည်။ ဘဝလမ်းကြောင်းကိစ္စများအတွက် ဆောင်ရွက်အဆင်ပြေမည်။ မူလစီစဉ်ထားသည်မှအစီအစဉ်ရွှေ့နောက်ပြောင်းပြီးတိုးတက်မည်။ ဘာသာရေးနှင့်ပတ်သက်သောကိစ္စကို အချိန်ပေးဆောင်ရွက်ရမည်။

### GEMINI — မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

ခရီးနှင့်ပတ်သက်သော ကံကောင်းမည်။ ပြည်တွင်းခရီးအတွက် ဆောင်ရွက်မှုများအဆင်ပြေမည်။ ပြည်ပခရီးအတွက်သွားရောက်ရန် အခြေအနေကောင်းကြုံမည်။ လူမျိုးကွဲနှင့် လုပ်ငန်းလုပ်သူများလည်း အကျိုးရှိမည်။ ပြည်ပအတတ်ပညာဆောင်ရွက်မှုများသည်လည်း ထူးခြားစွာအောင်မြင်သော အနေအထားရှိမည်။ မိဘအကြီးအကဲများ သက်ရှိထင်ရှားရှိပါက ၎င်းတို့၏ကျန်းမာရေးအတွက် သတိရှိရမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

မိတ်ဆွေကောင်းအထောက်အကူရမည်။ စိတ်ကူးကောင်းများအောင်မြင်မည်။ ယှဉ်ပြိုင်သူများအပေါ် အနိုင်ရမည်။ ကျန်းမာရေးသတိရှိရမည်။ အမျိုးသမီးအကြီးအကဲတစ်ဦးထံမှ ကောင်းသောအကူအညီရမည်။ မိမိအပေါ် အနှောင့်အယှက်များမှ ကင်းလွတ်ဝေးသွားမည်။ မိသားစုတွင် အလှူအတန်းပေးရခြင်းကြုံမည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းအဆင်ပြေမည်။ အလှူမင်္ဂလာကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အလုပ်တိုးတက်မည်။ စီးပွားတက်မည်။ မိတ်ကောင်းဆွေကောင်းများထံမှ အထောက်အကူရမည်။ ဘဝအဆင့်တိုးတက်မည်။ ဝန်ထမ်းများရာထူးအဆင့်တိုးတက်မည်။ လစာတိုးမည်။ နေရာကောင်းသို့ ရွှေ့ပြောင်းရမည်။ ကာလအတန်ကြာ အခြေအနေမှ အကျိုးဆက်ကောင်းရမည်။ ကိုယ်ပိုင်လုပ်ငန်းမှ မြှုပ်နှံထားသောငွေများပြန်ဖော်ရန် အခါသင့်ပြီဖြစ်သည်။ ယခုကာလအတွင်း အမြတ်အစွန်းကောင်းရမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အတိုက်အခံပြုသောသူများနှင့် ဆက်ဆံရမည်။ လူမျိုးကွဲအကျိုးပေးမည်။ ရန်အနှောင့်အယှက်ကြားမှ တက်လမ်းပွင့်မည်။ ကာလအတန်ကြာ ဆုံးရှုံးထားသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ မူလရည်မှန်းထားသည့်ကိစ္စများအပေါ် ပြောင်းလဲလုပ်ကိုင်ခြင်းဖြင့် တိုးတက်မှုအဆင့်ဆင့်ရမည်။ အရပ်ဝေး၊ ခရီးဝေး၊ နိုင်ငံခြားနှင့်ဆက်သွယ်ပြီး လုပ်ကိုင်ခြင်းဖြင့်တိုးတက်မှုများ ရရှိမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ခက်ခက်ခဲခဲကိစ္စများကို အဆင်ပြေအောင် ဆောင်ရွက်နိုင်မည်။ မိတ်ဆွေကောင်းများထံမှ အထောက်အကူကောင်းများရမည်။ စိတ်ကူးသစ်နှင့် ဆောင်ရွက်သော ကိစ္စများအောင်မြင်မည်။ မိတ်ဆွေ၊ အကြီးအကဲများ၏ ယုံကြည်နှစ်လိုမှုရမည်။ ပျိုရွယ်သောသူများ စန်းပွင့်မည်။ အရွယ်ရောက်၊ အရွယ်လွန်လူပျို၊ လူလွတ်များ အောင်သွယ်ကောင်းကြုံပြီးစေ့စပ်၊ မင်္ဂလာကိစ္စများစီစဉ်ဖြစ်မည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

နေရာအပြောင်းအလဲ ရှိမည်။ လူသစ်၊ ဝန်းကျင်သစ်နှင့်ဆက်ဆံရမည်။ ကာလရှည်ကြာဝေးကွာနေသူများနှင့် ပြန်လည်ချိတ်ဆက်မိမည်။ လူမျိုးကွဲအကျိုးပေးမည်။ မွေးရပ်ကိုခွာ၍ လုပ်ကိုင်သောလုပ်ငန်းများ အကျိုးပေးမည်။ ဘာသာစကားနှင့်ပတ်သက်သော လေ့လာမှုပြုသူများ၊ တိုင်းတစ်ပါးအတတ်ပညာဆောင်ရွက်မှုများအတွက် အထူးအောင်မြင်သောကာလဖြစ်သည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ထူးခြားသော အခွင့်အရေးသစ်များပေါ်ထွန်းမည်။ ရုတ်တရက် ဆောင်ရွက်လိုက်သော ကိစ္စများမှ ထူးခြားသော တိုးတက်မှုရမည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စများပြောဆို အောင်မြင်သည်။ မိသားစုတွင် အလုပ်သစ်၊ အကြံသစ်များ ဆောင်ရွက်ရန် အခြေအနေကောင်းကြုံမည်။ အိမ်ပြင်ခြင်း၊ အသစ်တိုးချဲ့ခြင်းများ ဆောင်ရွက်၍အဆင်ပြေမည်။ ပြည်ပခရီးကိစ္စများ ဆောင်ရွက်နိုင်မည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ကိုယ့်ကိစ္စထက် တစ်ပါးသူကိစ္စအတွက်ပါ စိတ်ပင်ပန်းရသော ကာလဖြစ်သည်။ ငွေကုန်များမည်။ အလုပ်ကြန့်ကြာမည်။ အနှောင့်အယှက်များမည်။ တစ်ပါးသူအတွက် ဆောင်ရွက်လုပ်ကိုင်ပေးပါက ထူးခြားစွာအောင်မြင်မည်။ လျှင်မြန်စွာပြီးမြောက်မည်။ ဝင်ငွေမမြဲတတ်။ စုဘူးလက်ဆောင်ရလျှင်ဖြစ်စေ၊ ငွေစုဆောင်းရန် စကားစပ်မိ၍ပြောဆိုလျှင်ဖြစ်စေ ထိုနေ့၊ ထိုအချိန်မှစ၍ ငွေဒလဟောထွက်ကိန်းကြုံမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ကျန်းမာရေးအထူးသတိထားသင့်သည်။ အစားအသောက်၊ အနေအထိုင်အထူးဂရုထားအပ်သည်။ အလုပ်၊ အကြံအစည်ကိစ္စမှန်သမျှသတိနှင့်ဆောင်ရွက်ပါ။ လက်ထဲရောက်ရှိထားပြီးအခွင့်အရေးများကို သူတစ်ပါးက လုယူရန်ကြိုးစားမည်။ မိမိဒုက္ခရောက်အောင် ချောက်ချသော သူများနှင့် တွေ့မည်။ ပြဿနာကို ထိပ်တိုက်မတွေ့ရ။ ရှေ့တိုးရန်ခက်ခဲအောင်ကွယ်ရာမှ လိုက်ခံပိတ်ဆို့တတ်သည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

မျှော်လင့်ထားသည်ထက် ပို၍အဆင်ပြေသော အနေအထားကောင်းများရမည်။ စိတ်ကူးအကြံကောင်းများ ပေါ်ထွန်းမည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူများရရှိမည်။ ငွေဝင်မည်။ အလှူ မင်္ဂလာကိစ္စ၊ ဘာသာရေးကိစ္စတို့နှင့်ပတ်သက်ဆက်နွယ်ဆောင်ရွက်ရသော အနေအထားရှိပါသည်။ အမျိုးသမီးမိတ်ဆွေ၊ အကြီးအကဲတစ်ဦးထံမှ အထောက်အကူရမည်။

7 DAY NEWS JOURNAL
Vol.10, No.5 ▪ APRIL 7, 2011



# နျူကလီးယား ရွေးကောက်ပွဲ

ကြည်နေဝင်းမင်း

ရွေးကောက်ပွဲတစ်ရပ်တွင် နိုင်ငံရေးပါတီတစ်ခု၏ ကျရှုံးခန်းကို အကြောင်းအရာ တစ်ခုတည်း အပေါ်တွင်အပြစ်ပုံချရန် ခက်ခဲပါသည်။ ယင်းသို့ကျရှုံးရခြင်းအကြောင်းအရင်းမှာ မကြာခဏဆိုသလို ဝေဝါးနေပြီး တိတိကျကျ ဖော်ပြရန် ခဲယဥ်းပါသည်။

သို့သော် ဂျာမနီနိုင်ငံ ဘေဒန်ဝတ်တင်ဘာ့ဂ် ပြည်နယ်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော ခရစ်ယာန်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်စတီဗင်မက်မွတ်စ်က ယခုလိုပြောပါသည်။

“ဂျပန်နိုင်ငံက ထိတ်လန့်ဖွယ်ရာပုံရိပ်တွေ၊ ထိတ်လန့်ဖွယ်ရာအဖြစ်အပျက်တွေက လွန်ခဲ့တဲ့ရက်သတ္တပတ်နှစ်ပတ်အတွင်း (ရွေးကောက်ပွဲရဲ့) အဓိကအကြောင်းအရာတွေ ဖြစ်ခဲ့ပါတယ်”

ထို့အပြင် ဂျာမနီနိုင်ငံတွင် လူအဖတ်များသော Bild သတင်းစာကလည်း ယင်းသို့ပင် ကောက်ချက်ချခဲ့ပါသည်။ ရွေးကောက်ပွဲညကုန်ဆုံးပြီး နောက်နေ့ထွက်လာသောသတင်းစာမျက်နှာဖုံးတွင် “အစိမ်းရောင်များ အားရပါးရ ပြုံးနေကြသည်” ဟုဝက်တင်ဘာ့ဂ် ပြည်နယ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော အစိမ်းရောင်ပါတီအားဂုဏ်ပြုရင်း ၎င်းရွေးကောက်ပွဲအား နျူကလီးယားရွေးကောက်ပွဲဟုကင်ပွန်းတပ်ခဲ့ပါသည်။

အခြားဥရောပနိုင်ငံများနှင့်မတူ၊ သို့ဆိုလျှင် ကမ္ဘာပေါ်ရှိအခြားမည်သည့် နိုင်ငံနှင့်မျှမတူ ဂျာမနီနိုင်ငံတွင် အားကောင်းသော နျူကလီးယား ဆန့်ကျင်ရေးလှုပ်ရှားမှုကြီးရှိသည်။ ဂျပန်နိုင်ငံမှ အဖြစ်အပျက်များ မပေါ်ထွက်မီလပေါင်းများစွာ ဝေးကွာသည့်ကာလ၊ ယမန်နှစ် နိုဝင်ဘာလကပင် ကန့်ကွက်ဆန္ဒပြသူ ထောင်ပေါင်းများစွာသည် နျူကလီးယား စွန့်ပစ်ပစ္စည်းများအား သန့်စင်စက်ရုံသို့ သယ်ယူပို့ဆောင်ခြင်းကို ပိတ်ဆို့ရန် ကြိုးပမ်းခဲ့ကြသည်။

နျူကလီးယား စွမ်းအင်နှင့်ပတ်သက်၍ ဂျာမနီနိုင်ငံတွင် ၁၉၇၀ ခုနှစ်နှောင်းပိုင်း ကာလများမှစ၍ ကြီးမားသော ချီတက်ဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့သည်။ အကြောင်းပြချက်များမှာ ရှုပ်ထွေးလှသလို အငြင်းပွားစရာလည်း ကောင်းပါသည်။

ယခင်ဆိုဗီယက်ပြည်ထောင်စုချာနိုဘိုင်း နျူကလီးယားစက်ရုံပေါက်ကွဲစဥ်က ရေဒီယိုသတ္တိကြွဓာတ်များ ဂျာမနီနိုင်ငံသို့ရောက်ရှိခဲ့သည်ဆိုသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ထို့အတူ အနောက်ဥရောပရှိ အခြားနိုင်ငံ အများအပြားတွင်လည်း ညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ဗြိတိန်နိုင်ငံတွင်လည်း သိုးမွေးမြူရေးလုပ်ငန်း ထိခိုက်ခဲ့ရသည်။ သို့သော် ဂျာမနီနိုင်ငံမှာကဲ့သို့ ကြီးမားသော နျူကလီးယား ဆန့်ကျင်ရေးလှုပ်ရှားမှုများ မဖြစ်ပေါ်ခဲ့ပေ။

ဂျာမနီနျူကလီးယား လှုပ်ရှားမှုမှာ ၁၉၆၀ ခုနှစ်များဆီက လွှမ်းမိုးခဲ့သော ခံစားချက်မှားမှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ စစ်ရှုံး၍ နှစ်ခြမ်းအခွဲခံရသော ဂျာမနီတွင် အခြားနိုင်ငံများမှ လူအများနှင့် ခံစားချက်ခြင်း မတူပေ။ ၁၉၆၀ ကျော်နှစ်များတွင် ကြီးပြင်းလာသည့် ဂျာမန်မျိုးဆက်များသည် ၎င်းတို့မိဘများ၏ အပြစ်ဟု၎င်းတို့ထင်သော အခြင်းအရာများအပေါ် ပြင်းပြင်းထန်ထန် တုံ့ပြန်ကြသလို ဗီယက်နမ်အား ကျူးကျော်ခဲ့သော အမေရိကန်များနှင့် အရင်းရှင်ဝါဒ အပေါ်လည်း တုံ့ပြန်မှုများ ရှိခဲ့သည်။

အချိန်အခါ ပြောင်းလဲလာသည်နှင့်အမျှ ယင်းခံစားချက်ဒေါသများသည် နျူကလီးယား ဆန့်ကျင်ရေးလှုပ်ရှားမှုအဖြစ် ပြောင်းလဲသွားခဲ့ပြီး ယခုဆိုလျှင်ယင်းကိစ္စမှာ လူအများအပြားအတွက် ရေးကြီးခွင်ကျယ် ကိစ္စဖြစ်လာခဲ့သည်။ သို့နှင့်ပင် ဂျပန်ကိစ္စပေါ်ထွက်လာသောအချိန် “ဒါမျိုးဖြစ်လာမယ်လို့ငါတို့ ပြောခဲ့သားပဲ” ဟူသော ပြောဆိုမှုများ အမှန်တကယ်ပင် ကျယ်လောင်ခဲ့ပါသည်။

“မဲဆွယ်ပွဲလုပ်တဲ့အချိန်မှာ အခြားအကြောင်းအရာ မရှိဘူး” ဘေဒန်ဝတ်တင်ဘာ့ဂ် ပြည်နယ်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော CDU ပါတီ အကြီးအကဲ စတီဖင်မက်မွတ်စ်က ပြောပါသည်။ ၎င်းကယခုလို ထပ်ပြောခဲ့သည်က စိတ်ဝင်စားစရာ ကောင်းပါသည်။ “ဘာလင်က လာတဲ့လေကြောင်းကလည်း ငါတို့ကိုဆန့်ကျင်တိုက်ခတ်နေတယ်” ဟူ၍ . . .

“ဘာလင်က တိုက်ခတ်လာသောလေ” ဟု၎င်းက ရည်ညွှန်းပြောဆိုသော အခြင်းအရာမှာ အရေးကိစ္စ အများအပြားတွင် CDU ပါတီအကြီးအကဲ ဝန်ကြီးချုပ်အန်ဂျလာမာကယ်လ်၏ ရပ်တည်ချက်များနှင့် ပတ်သက်ပါသည်။ လွန်ခဲ့သော ၆ လက ၎င်းကိုယ်တိုင် အခိုင်အမာ ရပ်တည်ခဲ့သော နျူကလီးယား ကိစ္စတွင် မာကယ်လ်က ရွေးကောက်ပွဲမတိုင်မီ နှစ်ပတ်အလိုတွင် ပြန်လည် သုံးသပ်မည်ဟု ပြောင်းလဲခဲ့သည်။

ယူရိုငွေကိစ္စတွင်လည်း အစပထမ၌ တင်းခံနေခဲ့သော်လည်း နောက်ပိုင်းတွင် အလျှော့ပေးခဲ့ခြင်းအတွက် နိုင်ငံ၏ အချို့အစိတ်အပိုင်းများက မကျေနပ်ခဲ့။ လစ်ဗျားကိစ္စတွင်မူ ဂျာမနီနိုင်ငံပါဝင်ပတ်သက်ခြင်းကို ငြင်းဆန်ခဲ့ရာတွင် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနမှလူများကို ကသိကအောက် ဖြစ်စေခဲ့သည်။

ဂျာမနီနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် နေရာတစ်နေရာရရန် ကြိုးပမ်းနေပြီး အပြန်အလှန်အားဖြင့် နိုင်ငံတကာအရေးကိစ္စများ၌ ပိုမို၍ တာဝန်ယူမည်ဟု ကတိပေးထားသည်။ သို့သော် လစ်ဗျားကိစ္စတွင် လက်ရှောင်နေခဲ့ရာ မာကယ်၏ အစိုးရသည် ရေရှည်ပေါ်လစီများချမှတ် ရပ်တည်ရေးထက် လတ်တလော နိုင်ငံရေးအပြောင်းအလဲများအပေါ်တွင် လိုက်ပါယိမ်းနွဲ့နေသည်ဟု ဝေဖန်ခံရသည်။ တစ်ခုရှိသည်မှာ မစ္စမာကယ်လ်သည် ၂၀၁၃ ခုနှစ်မတိုင်မီ ဖယ်ဒရယ်ရွေးကောက်ပွဲတစ်ရပ်ကျင်းပရန် မလိုပေ။ သို့သော်ရွေးကောက်ပွဲစော၍ခေါ်ယူရမည့် အခြေအနေ ရောက်သွားနိုင်သည်။

ဂျာမနီရွေးကောက်ပွဲမှနေ၍အခြားနိုင်ငံမှ အစိုးရများအတွက်သင်ခန်းစာ ယူစရာများရှိပါသလား။ ဖြစ်နိုင်ခြေရှိသောအချက်မှာ သာမန်ပြည်သူများအကြားတွင် သက်သောင့်သက်သာ ခံစားချက်မရှိခြင်းဖြစ်သည်။ ဘေဒန်ဝတ်တင်ဘာ့ဂ်ပြည်နယ် ရွေးကောက်ပွဲမတိုင်မီကလည်း မဲဆန္ဒရှင်များနှင့် စကားစမြည်ပြောဆိုကြည့်ရာတွင် စီးပွားရေးလုပ်ငန်းကြီးများ၏ အကျိုးစီးပွားအတွက် ၎င်းတို့မှာ ဘေးရောက်နေကြောင်း ပြောပြကြသည်။

မစ္စမာကယ်လ်ကမူ ၁၉၅၃ ခုနှစ်ကတည်းက ၎င်းတို့ပါတီက အုပ်ချုပ်ခဲ့သော ပြည်နယ်အား လက်လွှတ်ဆုံးရှုံးရခြင်းအတွက် နာကျင်စရာ ဖြစ်ကြောင်းအသိအမှတ်ပြုသော်လည်း အမျိုးသားအစိုးရအပေါ်တွင် ၎င်းရွေးကောက်ပွဲ၏ သက်ရောက်မှုကို လျှော့ချပြောဆိုခဲ့ပြီး ၎င်း၏ အစိုးရအဖွဲ့တွင်အပြောင်းအလဲ ပြုလုပ်ရန် အစီအစဥ်မရှိကြောင်း ပြောဆိုပါသည်။ ရွေးကောက်ပွဲ မတိုင်မီက ပေးခဲ့သော ကတိများအတိုင်း ဆက်လက် အကောင်အထည်ဖော်မည်ဟု မစ္စမာကယ်လ်က ထပ်ပြောပါသည်။

သို့သော် ပြည်သူများအကြားတွင်မူ စီးပွားရေးအကျပ်အတည်းအတွက် သက်သောင့်သက်သာမရှိလှ။ ထို့အပြင် ဂျာမနီအခွန်ထမ်းပြည်သူများသည် ယူရိုငွေကြေးနှင့် တုပ်နှောင်ထားသော အခြားဥရောပနိုင်ငံများ၏ အသုံးအဖြုန်းကြီးမှုအတွက် ပါဝင် ပေးဆပ်နေရသည်ဆိုသော ခံစား ချက်ကလည်း ရှိနေသည်။

သို့ဆိုလျှင် ဂျာမနီရွေးကောက်ပွဲကို မည်သို့ကောက်ချက်ချရမည်နည်း။ သုံးသပ်ချက်တစ်ခုမှာဤသို့ဖြစ်နိုင်ပါသည်။ လျစ်လျူရှုခံနေသည်ဟု ပြည်သူများက ခံစားလာရပြီး မျှမျှတတ မရှိဟုလည်း ထင်မြင်လာချိန်တွင် ပုံမှန်နိုင်ငံရေးမှာ အသုံးချ၍ မရတော့ဘဲပြည်သူများကလည်း ၎င်းတို့၏ အစဥ်အလာ ထောက်ခံမှုကို ပြောင်းလဲလိုက်ကြခြင်း ဖြစ်ပါသည်။

—*Ref: BBC, Internet*

## ဂျပန်လျှပ်စစ်ဓာတ်အား မလုံလောက်မှု လပေါင်းများစွာ ကြာမြင့်နိုင်

**တိုကျို၊ မတ် - ၃၀**

ဂျပန်နိုင်ငံတွင် လျှပ်စစ်ဓာတ်အား အပြည့်အဝ ပြန်လည်ရရှိရန် လပေါင်းများစွာ ကြာမြင့်နိုင်ကြောင်း လျှပ်စစ်ဓာတ်အားပေး စနစ်ကျွမ်းကျင်သူများနှင့် စီးပွားရေးပညာရှင်များက ပြောကြားသည်။

လျှပ်စစ်မီးပြတ်တောက်ခြင်း (သို့မဟုတ်)မလုံလောက်ခြင်း ခံစားရသောဒေသများတွင် လျှော်ဒဏ်သင့်ဒေသများသာမက တိုကျိုမြို့အနီး စီးပွားရေးအရ အချက်အချာကျသော ဒေသများလည်း ပါဝင်ကြောင်း သိရသည်။ လျှော်နှင့် နောက်ဆက်တွဲ ဆူနာမီကြောင့် နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်ရုံများပျက်စီးခဲ့၍ ယင်းဒေသများတွင် လျှပ်စစ်ဓာတ် အားခွဲဝေသုံးစွဲနေရသည်။

ဘေးအန္တရာယ်ကျရောက်ခဲ့သောဖူကူရှီးမား ဒိုင်အိချိဓာတ်အားပေးစက်ရုံအပြင် အခြားနျူကလီးယား ဓာတ်အားပေးစက်ရုံသုံးလုံးနှင့် ကျောက်မီးသွေးလောင်စာသုံးဓာတ်အားပေး စက်ရုံ ၁၁ ရုံကိုလည်း စောစောပိုင်းတွင် ရပ်တန့်ထားခဲ့သည်။

တိုင်းတာမှုအချို့အရ ယင်းမှာ တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီ၏ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးနိုင်သည့် ပမာဏ၏ ၂၀ ရာခိုင်နှုန်း(သို့မဟုတ်)ဂျပန်နိုင်ငံ၏ စုစုပေါင်း စွမ်းအင်သုံးစွဲမှု ပမာဏ၏ ၁၁ ရာခိုင်နှုန်း ထိခိုက်ခဲ့ရကြောင်း သိရသည်။

လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုကို အပြည့်အဝအစားမထိုးနိုင်သေးသည်နှင့်အမျှ စက်ရုံများစွမ်းအားပြည့် လည်ပတ်နိုင်မည်မဟုတ်ဘဲ ကုန်ပစ္စည်းထုတ်လုပ်မှုလည်းလျော့ကျကာ စားသုံးသူများကလည်း သုံးစွဲမှုလျှော့ချကြမည်ဖြစ်ရာ ဂျပန်စီးပွားရေးကို အထိနာစေနိုင်ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အား မလုံလောက်မှုကြောင့် လာမည့်ဒုတိယသုံးလပတ်တွင် နိုင်ငံစီးပွားရေးကုန်ထုတ်လုပ်မှု သုံးရာခိုင်နှုန်းကျဆင်းသွားနိုင်ကြောင်း ဂျပန်နိုင်ငံ ပီ၊ဂျေ မော်ဂန် ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီ စီးပွားရေးပညာရှင်ချုပ် မာဆာကီကန်နိုကခန့်မှန်း ပြောကြားသည်။

—*Ref: N.Y Times*

TRADEMARK CAUTION
CONG TY 4 ORANGES CO., LTD a Company incorporated in Vietnam at Duc Hoa Industrial Zone 1, Duc Hoa Dong Village, Duc Hoa Village Hochiminh City, Vietnam is the Owner and Sole Proprietor of the following Trademark:-
Reg: No.4/6672/2004
In respect of : "Int Class 2" paints and varnishes.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mlpadvocate.com
Ph : 371990 7.April 2011

# နှစ်သစ်ဆုတောင်း

7Day News ဂျာနယ်နှင့် လက်တွဲ၍ ကြော်ငြာများ ထည့်သွင်းပေးခဲ့ကြသော ကြော်ငြာရှင်များအား ကျေးဇူးအထူးတင်ရှိပါသည်။
လာမည့်မြန်မာသက္ကရာဇ် ၁၃၇၃ နှစ်သစ်နှင့် နောင်အနာဂတ်တွင် လုပ်ငန်းတိုးချဲ့မှုများ ဆတက်ထမ်းပိုး အောင်မြင်ပြီး
အများအကျိုးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

TRI MEN'S AND LADIES' WEARS
GP Right Movement, Right Time
Oramin-G
Trofish SWISS MADE
W
SMOOTH E
SWEETY HOME BETTER LIVING SIMPLE LIFE
PROCARD
TOSHIBA
vicee
BANG BANG
Hansaplast
revicon
Eve 500
VITA-M
CHIGO
iStock
SHINE Construction Co., Ltd.
NIVEA
D U 2 100% Cotton
CODE 10
MDG MYANMAR DISTRIBUTION GROUP
SOGO
U Myint Lwin Advocate, LL.B, DBL Post Graduate Diploma in Legal Aspects of Marine Affairs (cardiff)
Quality of Life Hisense
Galanz AIR CONDITIONER
MY BOY
SUNSILK CC-CREATIONS
BRAND'S
ALODISE
Ginsetin
NAING Group Construction Co., Ltd.
ရှုပါကော်ဖီမစ်
PWINT OO MODERN FURNITURE
SUPER POWER
Giorenzo
NASA TOTAL LUBRICATING SOLUTIONS
kiddo ALL AROUND Womenswear & Menswear
Member of Shine Group of Companies
SOLO COLLECTION
Monkey
OPPLE
T.Home Ideal for your family...
Product of ERA www.smartmyanmar.com
therapie

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.5 ▪ APRIL 7, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 58,100 |
| Intel P4 Dual Core 2.7 (E 5400) Processor | 53,700 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 121,400 |
| Intel P4 Core i3 3.1 GHz (1155,2400) Processor | 177,800 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 267,500 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 53,700 |
| MSI P43-C51 (775) Motherboard | 69,500 |
| MSI H55M-E32 (1156) Motherboard | 83,600 |
| ASUS P7P55DE-Pro (1156) Motherboard | 176,000 |
| ASUS P7H55-MLX (1156) Motherboard | 79,200 |
| ASUS P5G41C-MLX (775) Motherboard | 55,400 |
| Gigabyte P41-ES3G (775) Motherboard | 66,000 |
| Gigabyte H55M-S2V (1156) Motherboard | 87,100 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 41,400 |
| 1 GB DDR2 (800) Kingston Memory | 19,400 |
| 2 GB DDR3 (1333) Kingston Memory | 22,000 |
| 4 GB DDR3 (1333) Kingston Memory | 40,500 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1 TB Seagate SATA | 54,600 |
| 2 TB Seagate SATA | 92,400 |
| **PCI Express Card** | |
| MSI N220GT-MD 1G OC 1GB PCI Express Card | 73,900 |
| MSI 8400GS 512MB PCI Express Card | 38,700 |
| MSI R5450 1GB DDR3 PCI Express Card | 48,400 |
| ASUS EAH 5750 Formula 1GB PCI Express Card | 130,200 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 48,400 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 53,700 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 75,700 |
| Gigabyte 8400STC 512I 512MB PCI Express Card | 35,200 |
| **Memory Stick** | |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick Toshiba 8 GB | 16,500 |
| Memory Stick pqi 8 GB | 16,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Adata 4 GB | 9,900 |
| Memory Stick Apacer 4GB | 7,000 |
| **UPS** | |
| SVC (600 VA) | 29,000 |
| SVC (1.2 KVA) | 56,300 |
| Power Pro (650 VA) | 34,500 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| EAST (650 VA) | 29,900 |
| EAST (1.2 KVA) | 57,200 |
| LNYX (600 VA) | 31,000 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 26,400 |
| ASUS DVD Writer (SATA) | 27,300 |
| Liteon DVD Writer (SATA) | 23,800 |
| **အိတ်ဆောင်တိပ်ငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဧပြီလ (၂) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6″ | 589,000 |
| Intel Atom 1.50 Ghz 2GB DDR3, 500GB HDD,10.1" | 343,000 |
| **Asus** | |
| Intel Core i5 2.67 Ghz 2GB DDR3, 500GB HDD,14.0″ | 712,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,180,000 |
| **Hp** | |
| Intel Core i3 2.40 Ghz 4GB DDR3,500GB HDD,15.6″ | 651,000 |
| **Sony** | |
| Intel Core i5 2.53 Ghz 4GB DDR3, 500GB HDD,14.0″ | 1,070,000 |
| **Toshiba** | |
| Intel Core i3 2.4 Ghz 2GB DDR3, 320GB HDD,14.0″ | 606,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဧပြီ (၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၄ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၈၀ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၇၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၄၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဧပြီ(၁) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၆,၀၀၀-၆,၅၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၅၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀-၁,၄၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၅၀၀-၃,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဧပြီ (၂) ရက်က ကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၆၀-၂၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၅၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၃၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀-၁,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၃,၆၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၁,၇၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၅၀၀-၁၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၃,၉၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၃,၅၀၀-၅,၅၀၀ |
| ပုစွန်ကြော် | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၂၀၀-၄,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၉,၀၀၀-၁၉,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၂,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

ဧပြီ(၂)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/အ/သ | ၁၅၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀/၂၀ | ၂၀၀ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၉၅ |
| စူဇူကီး R- (2Way) | - | ၁၀/၂၀ | ၁၅၀ ကျော် |
| တိုယိုတာ (လီမိတက်) | ၉၀ | ၄၀ | ၃၄၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂/၉၃ | ၄၀ | ၄၃၈ |
| မတ်ခ်တူး(ဓာတ်ဆီ)ရွှေငါး | ၂၀၀၂ | ၄၀ | ၈၀၀ |
| နှစ်ဆန်းစူပါဆလွန်း | ၈၅ | ၅၀ | ၁၇၀ |
| ပါဂျဲရို | ၉၇ | ၄၀ | ၇၅၀ |

ဧပြီ (၂) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Mar(26) | Mar (27) | Mar (28) | Mar(29) | Mar (30) | Mar (31) | April (1) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |
| Octane ဒီဇယ် | ၄,၁၀၀ | ၄,၃၀၀ | ၄,၆၀၀ | ၄,၆၀၀ | ၄,၆၀၀ | ၄,၆၀၀ | ၄,၆၀၀ |
| Premier ဒီဇယ် | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ |

## စာ - ၃၂၊ တို့ . . . အတူတူ . . . မှ

ညပိုင်း စာပေဟောပြောပွဲပြီးလို့ နံနက်ပိုင်းလက်ဖက်ရည်ဆိုင်ထိုင်ပြီးတော့ မြို့ကမြို့မိ၊ မြို့ဖများ ဆရာတို့ကို လာနှုတ်ဆက်သည်။ အဲဒီထဲကလူအချို့က "ညက ဆရာတို့ဟောသွားတာ အရမ်းကောင်းတာပဲ။ စာအုပ်တွေ အများကြီးထိုင်ဖတ်လိုက်ရသလိုပဲ။ စာကိုဖတ်စရာ မလိုတော့ဘူး" တဲ့။

ကားပေါ်ရောက်တော့ ဆရာမောင်သာချိုက ကျွန်တော့်ကိုပြောသည်။ "ငါတို့က စာဖတ်စေချင်လို့ အပင်ပန်းခံပြီး လာဟောရ၊ ပြောရ သူတို့က စာဖတ်ဖို့ကို မလိုတော့ဘူးတဲ့။ အဲဒါမှ ဒုက္ခဟ" တဲ့။

ဆရာ့ မျက်လုံးတွေထဲမှာ ရှော့ခ်အချို့ကို ကျွန်တော်တွေ့ခဲ့ရသည်။ ယခုလည်း ကိုလှိုင်ဦးနှင့် Aမွန်တို့ မျက်လုံးတွေထဲမှာရှော့ခ်တွေ ရှိုးတိုးရိပ်တိပ်။ သူတို့ဖိတ်စာလေးမှာ ရေးထားသည်က စိတ်ယဉ်ကျေးမှု အလေ့အကျင့်ကောင်းများနှင့် စာဖတ်စွမ်းအားမြင့်မားလာစေရေးအတွက် နွေဦးပျိုးခင်းပညာဒါန ကလေးများ စာဖတ်ဝိုင်းတဲ့။

ဖိတ်စာထဲကအတိုင်း တနင်္ဂနွေနေ့ တစ်နေ့မှာ စာဖတ်ဝိုင်းရှိရာလှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ရာသို့ ရောက်သွားခဲ့သည်။ ဟာ . . သစ်ပင်အောက်က ခုံတန်းလျားတွေပေါ်မှာ ကလေးတွေ၊ စာဖတ်သူကဖတ်၊ ပုံဆွဲသူကဆွဲလို့၊ ကျွန်တော်က အဆောက်အအုံတစ်ခုထဲမှာ လုပ်လိမ့်မည်ဟု ထင်ထားခဲ့သည်။ ခုတော့ အထင်နှင့် အမြင် တက်တက်စင်။

"ပထမနေ့ကတော့ကလေး လေးငါးဆယ်ယောက်ပဲ ရှိတယ်။ ခုတော့ကလေးသုံးဆယ်လောက် ဖြစ်လာတယ်။ စာလာဖတ်တဲ့ ကလေးတွေကို နေ့လယ်ပိုင်းမှာ အအေးနဲ့မုန့် တစ်ခုခုကျွေးတယ်ဗျာ။ ဒီအစီအစဉ်လေးဖြစ်ဖို့ မဂ္ဂဇင်းနဲ့ ကလေးဂျာနယ်တွေ၊ အချို့စာရေးဆရာတွေ၊ လူပုဂ္ဂိုလ်တွေက လိုလိုလားလား လှူပေးကြတယ်။ ကလေးတွေ အဓိကဖတ်တာက ပုံပြင်ပေါ့ဗျာ။ ကာတွန်းနဲ့ ပုံဆွဲစရာလေးတွေလည်း ထားပေးထားတယ်"တဲ့။

ကိုလှိုင်ဦး စကားကိုကြားတော့ ကျွန်တော့်ကို ကျွန်တော် ရှက်သွားမိသည်။ စာဖတ်အသင်းလုပ်ဖို့ စာကြည့်တိုက်ကြီးထောင်ဖို့ ကြီးကြီးကျယ်ကျယ် စိတ်ကူးယဉ်ဖူးသည်။ စာကြည့်တိုက်တစ်ခုဖြစ်ဖို့ လိုအပ်ချက်တွေက တစ်ပုံတပင်။ စာကြည့်အသင်းလုပ်ဖို့ကျတော့လည်း လမ်းထဲက ဆယ်ကျော်သက် လူငယ်လူရွယ်တွေကို ကျွန်တော့်အိမ်မှာ စာလာဖတ်ကြဖို့ တိုက်တွန်းကြည့်သည်။ တစ်ယောက်ဆို တစ်ယောက်မှ ပေါ်မလာ။ ကျွန်တော့်သားကြီး ရှစ်တန်းကျောင်းသား၏ သူငယ်ချင်းများကို စာဖတ်ဖို့မြှူဆွယ်ကြည့်သည်။ စိတ်မဝင်စား၊ သူတို့ စီစဉ်ပုံကိုကြည့်ပြီးမှ ကျွန်တော်မေ့လျော့နေတာကို သတိပြုမိသည်။ ငယ်စဉ်ကလေးဘဝကတည်းက စာဖတ်ကျင့်မရှိသော ကလေးကို ကြီးလာမှ စာဖတ်ခိုင်း၍ မရဆိုတာ ဖြစ်သည်။ ကျွန်တော်တို့ စာဖတ်ဝါသနာပါခဲ့သည်မှာ ငယ်စဉ်က လူကြီးများပြောပြသော ပုံပြင်နှင့် တေဇ၊ ရွှေသွေး၊ မိုးသောက်ပန်း ဂျာနယ်တို့ကြောင့်ဆိုသည်ကို ဘယ်လိုမှ ငြင်း၍မရ၊ ဒီလိုဆိုရင် လူငယ်တွေ စာဖတ်လာစေရန် ငယ်စဉ်ကတည်းက ပုံတွေတောင်ခြစ်၊ မြောက်ခြစ် ခြစ်နိုင်ဖို့၊ ပုံပြင်ပြောပြဖို့၊ ပုံပြင်ဖတ်ခိုင်းဖို့ဆိုသည့် အဆင့်ကိုကျော်လွှား၍မရ။ ကလေးဘဝတွင် တောင်ခြစ် မြောက်ခြစ် ပုံဆွဲခဲ့သည့် ကလေးများ ပုံပြင်ဖတ်ပြခံရသည့် ကလေးများသည် အခြားကလေးများထက် စာဖတ်ဝါသနာရှစ်ဆ ပိုသည်ဟု သုတေသီတို့က ဆိုကြသည်။ သူတို့၏ ငယ်ဘဝကို ပုံပြင်များနှင့် ဖြတ်သန်းခဲ့မှသာလျှင် လူရွယ်ဘဝထိ စာဖတ်ဝါသနာ ပါလာပါလိမ့်မည်။ ထိုအခါမှသာ သုတစာပေ ထုံကူးထားသော ဦးနှောက်၊ ရသစာပေ လွှမ်းခြုံနေသော နှလုံးသားတို့ရှိသော အတ္တစိတ်ပါးပါး ပရဘက်သို့ မျက်နှာမူသည့်လူသားသစ်များ ဖြစ်လာပါလိမ့်မည်။ ထိုလူသားသစ်များကသာ အသိပညာအရ ဂုဏ်သိက္ခာရှိသော၊ အတတ်ပညာအရ ဝင့်ကြွားနိုင်သော မြန်မာကို ထူထောင်နိုင်ပါလိမ့်မည်။

"ကိုယ်ကျင့်တရားမကောင်းတဲ့ မသမာမှု အမျိုးမျိုးကို ပြုလုပ်သူသည် လူဖြစ်ငြားလည်း လူမပီသ၊ လူကျက်သရေ မရှိချေ။ မကောင်းမှုကိုရှောင် ကောင်းမှုကိုပြုသော အကျင့်ကို စိတ်သန္တာန်၌ စွဲနေစေရန် လူမမယ်အရွယ်ကတည်းက ပျိုးထောင်ပြုစုပေးရသည်။ ထိုလုပ်ငန်းသည် လွယ်မယောင်နှင့် ခက်ခဲသိမ်မွေ့လှသည်။ ကလေးသူငယ်များကို စိတ်ဝင်စားပြီးလျှင် သဘောသဘာဝကို နားလည်စေနိုင်မှ သူတို့ကိုယ်သူတို့ တစ်သက်ပတ်လုံး စောင့်ရှောက်နိုင်ပေလိမ့်မည်။ ထို့ကြောင့် လူငယ်များအဖို့ စာရိတ္တပညာလောကနီတိသည် ဘဝခရီးတစ်လျှောက်တွင် အလွန်အရေးပါသည်။ ထိုပညာကို ပေးရာ၌ တရားဟောခြင်းထက်သာစကာ ဥဒါဟရုဏ်များဖြင့် တရားပြခြင်းက ပို၍ထိရောက်လျော်ကန်ပေသည်။ ပုံပြင်တို့သည် ထိုပညာပေးနည်းတွင် အလွန်အသုံးသော ပစ္စည်းများဖြစ်ပေသည်ဟု ဆရာတက်တိုးက ပုံပြင်စာအုပ် တစ်အုပ်တွင် အမှာစာရေးသားခဲ့ပါသည်။ ဆရာနောင်ကျော်ကတော့ Beauty မဂ္ဂဇင်းပါ ဆောင်းပါးတစ်ခုတွင် "ဘာသာရပ်နယ်ပယ်တိုင်းမှာ တိုးတက်မှုတွေ၊ အသစ်ရှာဖွေစမ်းသပ်မှု တီထွင်မှုတွေရဲ့ အခြေခံဟာစိတ်ကူးဉာဏ်ကွန့်မြူးတတ်တဲ့ ညာဉ်ကြောင့် ဖြစ်ပါတယ်။ လူငယ်တွေ စိတ်ထဲ မှာ စိတ်ကူးရွက်လွှင့်ချင်စိတ်၊ အ တွေးကွန့်မြူးချင်စိတ်၊ အားကျစိတ် တွေရှိနေကြဖို့ လိုအပ်ပါတယ်။ ဤလိုအပ်ချက်တွေကို ပုံပြင်တွေက သန္ဓေတည်ပေးနိုင်တယ်ဆိုတာ လက်ခံရင် ကလေးဘဝကနေပြီး လူငယ်ဘဝ အထိအရွယ်ရဲ့ လိုအပ်ချက်အတွက် သင့်တော်မယ့် ပုံပြင်တွေကို စီစဉ်ပေးဖို့လိုပါတယ်။ လူငယ်ဆိုတာ အနာဂတ်မှာ တိုင်းပြည်ခေါင်းဆောင်ဖြစ်လာမယ့် သူတွေဆိုရင် ဘယ်သူမှ ငြင်းကြမယ် မထင်ပါဘူး" ဟု ရေးခဲ့ဖူးသည်။

လှိုင်သာယာမှ အပြန် ကျွန်တော့်အတွေးထဲတွင် ကလေး ဂျာနယ်တွေ ပုံပြင်စာအုပ်တွေ ကလေးကာတွန်းတွေများများဝယ်ဖို့ စိတ်ကူးရသည်။ သူတို့လုပ်နေသည့် အစီအစဉ်လေး ရေရှည်တည်တံ့ပါစေ။ နွေရာသီ ကျောင်းပိတ်ရက်မှာ ဂိမ်းတွေ၊ ကိုရီးယားကားတွေ၊ ကလေးစုံတွဲ သီချင်းဆိုပြိုင်ပွဲတွေကိုကျော်လွှားနိုင်ပါစေဟုလည်း ဆုတောင်းမိသည်။

ကလေးတွေ စာဖတ်စေဖို့၊ လူငယ်လူရွယ်တွေ စာဖတ်လာဖို့ ကျွန်တော်တို့ ပိုကြိုးစားဖို့လိုသည်ဟုလည်း ခံစားရသည်။ စာဖတ်ခြင်းနဲ့ပတ်သက်ပြီး ဆရာဖေမြင့်က ဦးနှောက်တွင်ရင်းနှီးမြှုပ်နှံပါဟူသော အမည်ဖြင့်စာအုပ်တစ်အုပ် ရေးခဲ့သည်။တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်အောင် တိုင်းသူပြည်သား လူကြီးလူငယ်များ၏ ဦးနှောက်တွင် ရင်းနှီးမြှုပ်နှံဖို့လိုအပ်ပါသတဲ့။ ဦးနှောက်တွင် ရင်းနှီးမြှုပ်နှံခြင်းဆိုသည်မှာ စာဖတ်ခြင်း ပညာရှာခြင်းဟု ဆရာက ညွှန်းသည်။ ကျွန်တော်တို့ကရော လူငယ်တွေစာဖတ်အောင် ဘာတွေလုပ်ပေးနိုင်သလဲဟု စဉ်းစားကြည့်မိသည်။

7Day News ဂျာနယ် (၉) နှစ်ပြည့်အခမ်းအနားကို မရည်ရွယ်ဘဲ ဆရာမောင်သာချိုနှင့်အတူ ပါသွားဖြစ်သည်။ အဲဒီပွဲမှာ စင်ကာပူရောက် မြန်မာလူငယ်အဖွဲ့လေးဖွဲ့ပြီး လူမှုရေးလုပ်ငန်းတွေ လုပ်တာလေး ကြားရသည်။ ပရိုဂျက်တာဖြင့်ပြသော သူတို့အစီအစဉ်လေးမှာ ကျွန်တော့်ရင်ထဲ ရောက်သွားသော စာကြောင်းကို သတိရမိသည်။

WE CAN'T SPELL''SUCESS'' WITHOUT''U'' တဲ့။ လှလိုက်သည့်ဝါကျ။ ကျွန်တော်အိမ်ပြန်ရောက်ရောက်ချင်း မိသားစုကို အဲဒီဝါကျ ရွတ်ပြမိသည်။ ခုလည်း ဒီဝါကျလေးကိုပဲ ပြန်ညွှန်းချင်ပါသည်။ သုတ ရသ ထုံမွှမ်းထားသော လူငယ်တွေလက်ထဲမှာ ကျွန်တော်တို့ရဲ့ အနာဂတ် နိုင်ငံတော်ရဲ့ အနာဂတ်ရှိနေစေချင်ပါသလား။ မိတ်ဆွေဝန်းကျင်က ကလေးငယ်တွေကို ပုံပြင်တွေပြောပြဖို့ ပုံပြင်တွေဖတ်ခိုင်းဖို့ စာတွေကိုစိတ်ဝင်စားလာဖို့ တစ်ခုခုဖန်တီးပေးတာက လွဲလို့ . . .။ နောက် စာဖတ်သူမိတ်ဆွေ မပါဘဲ ဘာမှမရနိုင်ဆိုတာကိုပဲ ပြောချင်ပါသည်။

## စာ(၄၁) သမတသစ်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း အလေးထားဆောင်ရွက်မည့်အကြောင်း ပထမဆုံးမိန့်ခွန်းတွင် ပြောကြား မှ

"ကျွန်တော်တို့ဆောင်ရွက်ရမယ့် နောက်ထပ်တာဝန်တစ်ရပ်ကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပဲ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ရင် သစ်တောသစ်ပင် ထိန်းသိမ်းရေးကို အလေးထားမှာ ဖြစ်သလို လေထုညစ်ညမ်းမှုနဲ့ ရေထုညစ်ညမ်းမှုများ လျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြရေး၊သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဘက်စုံထောင့်စုံက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်ကို ဟန်ချက်ညီညီနဲ့ ထိန်းညှိဆောင်ရွက်ပေးမယ့် မူဝါဒတစ်ရပ်ကို ချမှတ်သွားမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများမှာ ပြည်သူများနဲ့ ပရဟိတလူမှုအဖွဲ့အစည်းများ ပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားမှာဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဲ့သို့သော နည်းပညာတွေကို ကုန်ကျစရိတ်သက်သာစွာနဲ့ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ ဥပဒေများကိုလည်း ပြန်လည်သုံးသပ်လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းနိုင်ရန် အလေးထားဆောင်ရွက်ခြင်းတို့ကို အလေးထားလုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်များကို ကျင်းပပြီးသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်နည်းပါးသည်ဟု ပြည်တွင်းရှိ နိုင်ငံရေးလေ့လာစောင့်ကြည့်သူများက ပြောသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအနေနှင့် မရှိသော်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အကျုံးဝင်သော ဥပဒေများကို သက်ဆိုင်ရာဌာနဆိုင်ရာများတွင် ထည့်သွင်းဖော်ပြထားခဲ့သည်။

ဥပမာ-မြစ်ချောင်းနှင့် ပတ်သက်သော ဥပဒေအချို့ကိုရေ အရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတွင် ၂၀၀၆ ခုနှစ်မှ စတင်၍ ဥပဒေအချို့ကို ထည့်သွင်းခဲ့သည်။ တစ်စုတစ်စည်းတည်းရှိသော ဥပဒေပြုမူသီးသန့်မရှိသေးကြောင်း သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းရေး လေ့လာသူအချို့က ဆိုသည်။

"ဥပမာဗျာ စက်ရုံတစ်ခုတည်ထောင်ရင် စက်မှု(၁)ကို တင်ရတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ကိုက်ညီမှုရှိ မရှိကို မြို့နယ်စည်ပင်က စစ်တယ်။ စီမံကိန်းစက်ရုံ၊ Project တွေလုပ် မယ်ဆိုရင် EIA (Environment Imapct Assegement တို့ မဖြစ် မနေ လုပ်ဆောင်ရမယ်ဆိုတဲ့ Law တို့ Reculation တို့ မရှိသေးဘူး" ဟု ပြည်တွင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒဥပဒေတစ်ခုကို ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များနှင့် ဥပဒေရေးရာကျွမ်းကျင်သူများ စုပေါင်း၍ ရွေးကောက်ပွဲမတိုင်မီ ၂၀၁၀ ခုနှစ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့်လွှတ်တော်တို့တင်ပြထားကြောင်းသတင်းရရှိသည်။

## စာ(၁၅) မုံရွာမြို့နယ်အတွင်း ဝက်အချို့သေဆုံးပြန် မှ

ဝက်သားဈေးတွေလျှော့ရောင်းတာရော၊ ဝက်တွေရုတ်တရက်သေတာရောကြောင့် မုံရွာမြို့ပေါ်မှာ ဝက်သားစားသုံးသူသိသိသာသာနည်းလာတယ်"ဟု မုံရွာဒေသခံတစ်ဦးကပြောသည်။ မုံရွာမြို့ပေါ်ရပ်ကွက်များအတွင်း ရုတ်တရက်သေဆုံးသောဝက်များအား မြေမြှုပ်ခဲ့သည်ဟုဆိုသည်။

မုံရွာမြို့နယ်အတွင်း မွေးမြူ ရေးလုပ်ငန်းများတွင် ၂၀၀၆ ခုနှစ် မတ်လအတွင်း ကြက်ငှက်တုပ် ကွေးရောဂါဖြစ်ပွားပြီးနောက်ပိုင်း ကြက်မွေးမြူရေးလုပ်ငန်းများတွင် ကြက်ခြံသန့်ရှင်းရေး၊ ကြက်ခြံပိုး သတ်ဆေးဖျန်းခြင်းစသော ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သော်လည်း နွားမွေးမြူရေးလုပ်ငန်းများနှင့် ဝက်မွေးမြူရေးလုပ်ငန်းများတွင် ခြံသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ပိုးသတ်ဆေးဖျန်း ခြင်း၊ ရောဂါမပြန့်ပွားအောင်ထိန်း ချုပ်ခြင်းစသည့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သူနည်းပါးခဲ့ကြောင်း သိရသည်။ ယခုနှစ်ဖေဖော်ဝါရီလအတွင်း မုံရွာမြို့နယ်အတွင်း လယ်ယာခိုင်းနွားအချို့ ရုတ်တရက်သေဆုံးခဲ့မှုများကြုံတွေ့ခဲ့ရပြီးနောက်ပိုင်း မတ်လကုန်ရက်ပိုင်းတွင် ဝက်များရုတ်တရက်သေဆုံးမှု မုံရွာမြို့အနီးတစ်ဝိုက်ကျေးရွာအချို့ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

## သက်တမ်းငါးနှစ်ကျော် စီအင်န်ဂျီယာဉ်များ၏ဓာတ်ငွေ့အိုးများ ဖိအားစစ်ဆေးမည်

မေဝင်းမွန်

ရန်ကုန်၊

မတ် - ၃၁

စီအင်န်ဂျီအသုံးပြု မော်တော်ယာဉ် များလုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေးအတွက် စီအင်န်ဂျီအသုံးပြုသည့် သက်တမ်းငါးနှစ်ကျော်ယာဉ်များကို ဓာတ်ငွေ့အိုးဖိအားစစ်ဆေးသည့် စက်ရုံတွင်မကြာမီ စစ်ဆေးသွားမည်ဖြစ်ကြောင်း စီအင်န်ဂျီဌာနမှ သတင်းရရှိသည်။

ကိုရီးယားနိုင်ငံလုပ်ဓာတ်ငွေ့အိုးဖိအားစစ်ဆေးသည့်စက်ရုံကို သာကေတကမ်းလွန်အခြေစိုက်စခန်း၊ စီအင်န်ဂျီအလုပ်ရုံအနီးတွင် တည်ဆောက်ထားပြီး စီအင်န်ဂျီအိုးများစစ်ဆေးမှု စတင်တော့မည်ဖြစ်သည်။

စီအင်န်ဂျီမော်တော်ယာဉ်များ၏သက်တမ်းကုန်ဆုံးရက်ကို တစ်နှစ်သတ်မှတ်ထားပြီး စီအင်န်ဂျီမော်တော်ယာဉ်များအား နှစ်စဉ်သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

နှစ်ပတ်လည် စစ်ဆေးရာတွင် ကားသေး/ကားလတ်နှစ်ပတ်လည်စစ်ဆေးခ ၃,၀၀၀ ကျပ်နှင့် စာအုပ်ဖိုး၊ ကတ်ဖိုး၊ စတစ်ကာ အပါအဝင် ၃,၇၈၅ ကျပ်၊ ကားကြီး ဆိုပါက နှစ်ပတ်လည်စစ်ဆေးခ ၃,၀၀၀ ကျပ်နှင့်စာအုပ်၊ ကတ်၊ စတစ်ကာတို့အတွက် ၄,၁၈၅ကျပ် သတ်မှတ်ထားကြောင်း သိရှိရသည်။

ဓာတ်ငွေ့ဝယ်ယူခွင့်စာအုပ်မှာ တစ်နှစ်တစ်ကြိမ် ယာဉ်နှစ်ပတ်လည်စစ်ဆေးကာ ယာဉ်ကြံ့ခိုင်မှု၊ သတ်မှတ်ဓာတ်ငွေ့အိုး၊ အိုးပိတ်ဆင် ထားမှုရှိမရှိ စစ်ဆေးခြင်းပြီးမှ လဲလှယ်ထုတ်ပေးခြင်းဖြစ်သည်။

လက်ရှိတွင်ရန်ကုန်မြို့တွင်း သဘာဝဓာတ်ငွေ့(စီအင်န်ဂျီ) အသုံးပြုယာဉ်စီးရေမှာ မတ်လ ၃၁ ရက်စာရင်းအရအစီးရေ ၂၆,၅၀၀ ကျော်ရှိကြောင်း သိရသည်။

# Environment

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.10, No.5 · APRIL 7, 2011


## မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် တရုတ်အင်န်ဂျီအိုတစ်ခု စိစဥ်နေ

အိဖြူမွန်

**ရန်ကုန်၊ မတ်-၂၈**

တရုတ်နိုင်ငံအခြေစိုက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ (CCICED)သည် မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် ပြည်တွင်းရှိ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသော အသင်းအဖွဲ့များနှင့် လာရောက်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သတင်းရရှိသည်။

ယင်းအဖွဲ့သည် တရုတ်နိုင်ငံသမ္မတအား သဘာဝပတ်ဝန်းကျင် နှ-င့် ပတ်သက်၍ အကြံပေးနေသော အဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မတ် ၃၁ ရက်တွင် စတင်တာဝန်ယူမည့် အစိုးရသစ်အား အကြံပေးနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်၏ အကျိုးသက်ရောက်မှု (EIA-Environment Impact Assegement)၊ အထူးစီမံကန်းများ အကောင်အထည်ဖော်ရာတွင် နစ်နာဆုံးရှုံးသူများကို အစားထိုးပေးသည့် (Pay-ment For Economic Service)ဆိုင်ရာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့သည်။

ယင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတွင်လူမှုရေးလုပ်ငန်းများဆောင်ရွက်နေသော အသင်းအဖွဲ့များ စီးပွားရေးလုပ်ငန်းရှင်များပါဝင် သော အသင်းအဖွဲ့များ စုစုပေါင်း အသင်းအဖွဲ့ ၂၀ နီးပါး တက်ရောက်ခဲ့ကြသည်။

ယင်း CCICED သည် မြန်မာနိုင်ငံမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာမှ ကျွမ်းကျင်ပညာရှင်များကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ လေ့လာရေးအတွက် တရုတ်နိုင်ငံသို့ တစ်နှစ်တစ်ကြိမ်ခေါ်ယူမှုများရှိကြောင်း သိရသည်။

Environment Cartoon




## မြန်မာလူဦးရေ၏ ၁၈ ရာခိုင်နှုန်းမသန့်ရှင်းသောရေကို သောက်သုံးနေ

အိဖြူမွန်

**ရန်ကုန်၊ မတ်-၃၀**



မြန်မာနိုင်ငံတွင် နေထိုင်သော လူဦးရေ၏ ၈၂ ရာခိုင်နှုန်းသည် သန့်ရှင်းသော ရေကိုသောက်သုံးနေရပြီး ကျန် ၁၈ ရာခိုင်နှုန်းသည် မသန့်ရှင်းသော ရေကိုသောက်သုံးနေရကြောင်း လုပ်ငန်းခွင်ကျန်းမာရေး ဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား) ကပြောသည်။

“နေရာဒေသ အတိအကျ ပြောလို့မရဘူး။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ပဲ ပြောလို့ရတယ်။ ဒီစာရင်းက လွန်ခဲ့တဲ့ ၂၀၀၇ ခုနှစ်က ကျန်းမာရေး ဝန်ကြီးဌာနက ကောက်ယူထားတဲ့ စာရင်းပါ။ ဘာခါတ်တွေပါတာကြောင့် မသန့်ရှင်းတာပါလို့ပြောဖို့ကတော့တော်တော်ခက်တယ်” ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

ရေတွင်ပါဝင်သော အာဆင်းနစ်ပမာဏကိုမြန်မာတစ်နိုင်ငံလုံး တိုင်းတာရာ၌ အာဆင်းနစ်ဓာတ်ပါဝင်နှုန်းမြင့်မားမှုကို ဧရာဝတီတိုင်းဒေသ ကြီး၊ ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်းတို့တွင် တွေ့ရှိရကြောင်း ယင်းဌာန၏ သုတေသနပြုချက်အရ သိရသည်။

ယနေ့ ကမ္ဘာပေါ်ရှိ လူငါးဦးလျှင် တစ်ဦးသည်ဘေးကင်းသော သောက်သုံးရေကို မရရှိကြောင်း သိရသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ရေ ချိုပေါများသော နိုင်ငံ ၁၀ နိုင်ငံတွင်ပါဝင်သည်။

သို့သော်ရာသီဥတုပြောင်းလဲမှုကြောင့် သောက်သုံးရေ ရှားပါးလာခြင်းနှင့် မြန်မာနိုင်ငံရှိ ရေချိုထုတ်ယူလျက်ရှိသော မြစ်လေးမြစ်နှင့် မြစ်ခွဲများ၏ ရေဝေရေလဲဒေသရှိ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကြောင့် သောက်သုံးရေမသန့်ရှင်းမှုများ ကြုံတွေ့နေရကြောင်း သတင်းရရှိသည်။

ရေချိုထုတ်ယူလျက်ရှိသော မြစ်ကြီးများ၏ ရေဝေရေလဲဒေသများတွင် စီးပွားဖြစ် ရွှေတူးခြင်းနှင့် သစ်ခုတ်ခြင်းများကို လုပ်ကိုင်နေကြသည်။ ရွှေတူးခြင်းကြောင့် ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကိုလည်း မြစ်အတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းနှင့် ရေသယံဇာတကို ထိန်းညှိပေးသော သစ်တောများ ပြုန်းတီးလာသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံရှိ မြစ်ချောင်းများမှ တစ်နှစ်လျှင် ထုတ်ယူနိုင်သော ရေချိုပမာဏကေပေသန်းပေါင်းမှာ ချင်းတွင်းမြစ်တွင် ၄၆ ဒသမ ၆၆ ၊ ဧရာဝတီမြစ်အထက်ပိုင်းတွင်၇၅ ဒသမ ၀၄၊ ဧရာဝတီမြစ်အောက်ပိုင်းတွင် ၁၂၄ ဒသမ ၀၂၊ စစ်တောင်းမြစ်နှင့် အခြားမြစ်များမှ ၂၃ ဒသမ ၀၂၊ ရခိုင်ပြည်နယ် ရှိ မြစ်များမှ ၃၃ ဒသမ ၈၅၊ သံလွင်မြစ်မှ ၆၀ ဒသမ ၆၀၊ တနင်္သာရီဒေသရှိ မြစ်ချောင်းများမှ ၃၁ ဒသမ ၈၃၊ မဲခေါင်မြစ်မှ ၅ ဒသမ ၇၂ ဧကပေသန်းပေါင်းရှိကြောင်း သိရသည်။

ယခုနှစ် ကမ္ဘာ့ရေသယံဇာတ နေ့ဆိုင်ရာ ကုလသမဂ္ဂထုတ်ပြန်ချက်အရ ကမ္ဘာ့ရေချိုအရင်းအမြစ်သည် ၃၅ သန်း ကုဗကီလိုမီတာရှိကာ ရေသယံဇာတ ထုထည်စုစုပေါင်း၏ ၂ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။

၂၀၂၅ ခုနှစ် တွင် ကမ္ဘာလူဦးရေ၏ သုံးပုံနှစ်ပုံမှာ ရေရှားပါးမှုနှင့် ကြုံတွေ့ရနိုင်ဖွယ်ရှိပြီး ကမ္ဘာ့လူဦးရေ ၃၅၀၀၀၀ ခန့်သည် နေ့စဉ်ရေခပ်ရန်အတွက် ၆ ကီလိုမီတာ ခရီးကို လမ်းလျှောက်ရမည်(အတွဲ-၁၀၊ အမှတ်-၄ 7Day News ဂျာနယ်)ဟု ခန့် မှန်းထားသည်။

## သမတသစ်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း အလေးထားဆောင်ရွက်မည့်အကြောင်း ပထမဆုံးမိန့်ခွန်းတွင် ပြောကြား

အိဖြူမွန်

**ရန်ကုန်၊ မတ်-၃၁**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းခြင်းနှင့် စက်မှုလက်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်ရေး လုပ်ငန်းများနှင့်ပတ်သက်သော ဥပဒေများကို သဘာဝပတ်ဝန်းကျင်နှင့်အညီ ဥပဒေပြဋ္ဌာန်းရန်အတွက် ထိန်းသိမ်းရေးလိုအပ်ချက်များနှင့် ကိုက်ညီအောင် ပြန်လည်ပြင်ဆင်မည်ဟု နိုင်ငံတော် သမ္မတဦးသိန်းစိန်က မတ် ၃၀ ရက်တွင် ကျင်းပသော ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့အ နေဖြင့် ဥပဒေပြုရေးအစီအစဉ်များကို သက်ဆိုင်ရာလွှတ်တော်သို့တင်သွင်းမည့်အချက် ၁၀ ချက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေပြဋ္ဌာန်းခြင်းဆိုသော အချက်လည်းပါဝင်သည်။

*စာ(၄၀) သို့*







Tourism
7 DAY NEWS JOURNAL
Vol.10, No.5 ▪ APRIL 7, 2011


## မြင်းစီးခရီးစဉ်ဝန်ဆောင်မှု ခရီးသွားကုမ္ပဏီတစ်ခု စတင်ပေး

**အောင်သူရ**

**ရန်ကုန်၊ မတ် - ၃၀**

မြန်မာနိုင်ငံ၏ အထင်ကရခရီးသွားဒေသများတွင် မြင်းစီး၍လည်ပတ်နိုင်ရန်မြင်းစီးခရီးစဉ် ဝန်ဆောင်မှုများအားမေလဆန်းမှစ၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အရိန္ဒမာခရီးသွားလုပ်ငန်းကုမ္ပဏီမှ ဒါရိုက်တာဒေါ်အေးသီတာမိုးကပြောသည်။ ရန်ကုန်၊ မန္တလေး၊ ပုပ္ပါးနှင့် မော်ဘီဒေသများရှိမြင်းစီးကလပ်များတွင် မြင်းစီးနိုင်သကဲ့သို့ မန္တလေး-ရန်ကင်းတောင်၊ ကလော- ဟဲဟိုး၊ ကလော-အင်းလေး၊ ဟဲဟိုး-ပင်းတယ၊ ပုဂံ-ပုပ္ပါးတောင်အနီးတစ်ဝိုက်များတွင်လည်း နေ့ချင်းပြန်မြင်းစီးနိုင်မည်ဟုဆိုသည်။

ထိုကဲ့သို့ မြင်းစီးခရီးစဉ်စီစဉ်နိုင်ရန်အတွက် အရိန္ဒမာခရီးသွားကုမ္ပဏီနှင့် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်တို့မတ်လ ၁၆ရက်ကလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါခရီးစဉ်များအတွက် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ မြင်းများအား ငှားရမ်းအသုံးပြုသွားမည်ဟု သိရှိရသည်။



## ချောင်းသာတွင် သင်္ကြန်ကာလအတွင်း ဂီတ ဖျော်ဖြေပွဲ ကျင်းပရန်စီစဉ်

**အောင်သူရ**

**ရန်ကုန်၊ မတ်-၃၀**

ရန်ကုန်မြို့နှင့် အနီးဆုံးတည်ရှိသော အပန်းဖြေကမ်းခြေဖြစ်သည့် ချောင်းသာကမ်းခြေတွင် သင်္ကြန်ရုံးပိတ်ရက်အတွင်း ပထမဆုံးအကြိမ် ဂီတဖျော်ဖြေပွဲ ကျင်းပရန် စီစဉ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

"Lလွှမ်းဝါတို့အဖွဲ့နဲ့ ညီနေပါတယ်။ ဟိုတယ် ACE ရှေ့မှာ လုပ်ဖြစ်မှာပါ"ဟု ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ ရှိုးပွဲအား ညနေပိုင်းတွင် တီးခတ်ရန် စီစဉ်ထားပြီး ဝင်ကြေးကောက်ခံရန်အစီအစဉ် ရှိကြောင်း အဆိုပါ တာဝန်ရှိသူကပြောသည်။

လက်ရှိတွင် သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်အတွက် အခန်းမှာယူမှုမှာ ဟိုတယ်အားလုံးပြည့်လုနီးပါးဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

နှစ်စဉ်ချောင်းသာကမ်းခြေတွင် သင်္ကြန်ရုံးပိတ်ရက်အတွင်း ဟိုတယ်များအပြင် ကျေးရွာတွင်းရှိအိမ်များအပြည့် ဧည့်သည်လာရောက်ကြပြီး ဟိုတယ်များကလည်း စတုဒိသာကျွေးမွေးလေ့ရှိသည်။

## အဲကမောဇလေကြောင်းလိုင်း ပြည်ပခရီးစဉ်များကိုပါ ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ မတ်-၃၁**

နိုင်ငံသားပိုင် လေကြောင်းလိုင်းသစ်တစ်ခုဖြစ်သော အဲကမ္ဘောဇလေကြောင်းလိုင်းက နောင်တွင်ပြည်ပသို့ပါ ဆက်လက်တိုးချဲ့ပျံသန်းသွားမည်ဖြစ်ကြောင်း လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဧပြီ ၁ ရက်မှစတင်၍ ပြည်တွင်းရှိ မြို့ကြီး၊ငါးမြို့သို့ ပျံသန်းပေးနေသော အဆိုပါလေကြောင်းလိုင်း၏ နာယကများမှာ ဦးအောင်ကိုဝင်းနှင့် ဒေါ်နန်းသန်းထွေးတို့ ဖြစ်သည်။ လေကြောင်းလိုင်း၏ဥက္ကဋ္ဌမှာ ၎င်းတို့၏သမီးကြီးဖြစ်သူ ဒေါ်နန်းခမ်းလှိုင်ဖြစ်ပြီး သူမမှာ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။ ထို့ကြောင့် အဲကမ္ဘောဇလေကြောင်းလိုင်းနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းတို့၏ ပိုင်ရှင်မှာ အတူတူပင်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောသည်။

လေကြောင်းလိုင်းသစ်အတွက် ATR-72500 အမျိုးအစား လေယာဉ်သစ်လေးစီး ဝယ်ယူထားပြီး ခရီးစဉ်အားလုံးကို အဆိုပါလေယာဉ်များဖြင့် ပြေးဆွဲမည်ဖြစ်သည်။ လေကြောင်းလိုင်းများအတွက် အရေးကြီးသောပြည်တွင်း၊ ပြည်ပပြေးဆွဲခွင့်လိုင်စင်နှင့် လေယာဉ်ပျံသန်းခွင့်လိုင်စင်(AOC)ရရှိထားပြီဖြစ်ကြောင်းလည်း သတင်းရရှိသည်။








7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011




The Cartoon Logo





















7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011






# ထိုင်းနိုင်ငံတွင် ရေကြီးမှုကြောင့် လူ ၁၁ ဦး သေဆုံးပြီး ထောင်ပေါင်းများစွာ သောင်တင်နေ

ဘန်ကောက်၊ မတ် - ၃၀

ထိုင်းနိုင်ငံတောင်ပိုင်းတစ်လျှောက်ဖြစ်ပေါ်ခဲ့သော ရေကြီးမှုကြောင့် လူ ၁၁ ဦးသေဆုံးပြီး မုန်တိုင်းဖြတ်သန်းသွားသည့် အပန်းဖြေ ကျွန်းများပေါ်တွင် လူထောင်ပေါင်းများစွာ သောင်တင်နေကြောင်းနှင့် ထိုင်းရေတပ်က ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အချိန်အခါမဟုတ် ဖြစ်ပေါ်သည့် မိုးရွာသွန်းမှုကြောင့် နေ အိမ်များရေမြုပ်ခဲ့ပြီး မြေပြိုမှုများလည်း ဖြစ်ပေါ်ခဲ့ရာ လူပေါင်း တစ်သိန်းခန့်ထိခိုက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်း ဒေသအများအပြားတွင် ရေကြီးရေလျှံမိုးမှုများဖြစ်ပေါ်နေ၍ ကားလမ်း၊ ရထားလမ်းနှင့် လေကြောင်းဆက်သွယ်မှုများ ပြတ်တောက်လျက်ရှိသည်။ ရာသီဥတုကြမ်းတမ်း၍ ကူးတို့သင်္ဘောများ မထွက်နိုင်ဘဲရှိရာ ထိုင်းပင်လယ်ကွေ့ရှိ ခိုဆာမူအီနှင့် ခိုတောင်းအပန်းဖြေကျွန်းများတွင် ကမ္ဘာလှည့်ခရီးသည်များ သောင်တင်နေသည်။

ခိုတောင်းကျွန်းပေါ်တွင် သောင်တင်နေသော လူတစ်ထောင်ခန့်အားကယ်ဆယ်ရန်နိုင်ငံ၏တစ်စီးတည်းသော လေယာဉ်တင်သင်္ဘောအား စေလွှတ်ထားကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ် ဆူသက်သောင်ဆူဘန်က ပြောကြားသည်။

ခရိုင်ဒေသအများအပြားမှ လူပေါင်းတစ်သန်းခန့်မှာ ရေဘေးသင့်မှုခံစားခဲ့ရကြောင်း၊ တစ်ရက်၊ နှစ်ရက်သာကြာမြင့်မည်ဟု မျှော်လင့်ခဲ့သော ရေကြီးမှုမှာ တစ်ပတ်ကြာမြင့်လာခဲ့ပြီဖြစ်ကြောင်း ထိုင်းဒုဝန်ကြီးချုပ်က သတင်းထောက်များအား ပြောကြားသည်။ ဆာမူအီကျွန်းပေါ်တွင် လူပေါင်းနှစ်ထောင်ခန့်သောင်တင်နေကြောင်း အများစုမှာ ကမ္ဘာလှည့်ခရီးသည်များဖြစ်ကြောင်း၊ ၎င်းကျွန်းသို့ လေယာဉ်ပျံသန်းမှုကိုလည်း နှစ်ရက်ဆက်တိုက်ဖျက်သိမ်းခဲ့ရကြောင်း ဘန်ကောက်လေကြောင်းလိုင်းက ပြောကြားသည်။ ယခုအခါ ထိုင်းနိုင်ငံတွင် ခရိုင်ဒေသကြီး ၈ ခုအား ဘေးအန္တရာယ် ဇရိယာများအဖြစ် ကြေညာထားကြောင်း သိရသည်။

—*Ref: AFP*



## စာ(၅၂) - မန်စီးတီး-လီဗာပူး ထိပ်တိုက်တွေ့ဆုံမှုနဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၃၂) ပွဲကြိုခန့်မှန်းချက် မှ

**မန်ယူ-ဖူလ်ဟမ်**
**(ည ၈း၃၀ နာရီ)**
**ပကျော့ရလဒ် ၂-၂**

မန်ယူဟာ သမိုင်းအရ ဖူလ်ဟမ်နဲ့တွေ့တိုင်း ခက်ခက်ခဲခဲ ကစားရလေ့ရှိပါတယ်။ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ မန်ယူ နှစ်ကြိမ်၊ ဖူလ်ဟမ်နှစ်ကြိမ်နိုင်ထားပြီး တစ်ကြိမ်သရေကျထားတယ်။ မန်ယူရဲ့ တိုက်စစ်ကို ဖူလ်ဟမ်တို့ ထိန်းချုပ်ကစားသွားနိုင်တာကြောင့် ဒီပွဲမှာ မန်ယူနိုင်ရင်လည်း ဂိုးပြတ်ဖို့မလွယ်ဘူး။ မထင်မှတ်ဘဲ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**ဆန်းဒါးလန်း-ဝက်စ်ဘရွန်း**
**(ည ၈း၃၀ နာရီ)**
**ပကျော့ရလဒ် ၀-၁**

ဒီနှစ်သင်းနောက်ဆုံး တွေ့ဆုံမှုသုံးကြိမ်မှာ ဝက်စ်ဘရွန်းက နှစ်ကြိမ်၊ ဆန်းဒါးလန်းက တစ်ကြိမ်နိုင်ထားတယ်။ အိမ်ရှင်ဆန်းဒါးလန်းတို့ အနိုင်သုံးမှတ်ရဖို့ ရာနှုန်းပြည့် မသေချာပါဘူး။ ဝက်စ်ဘရွန်းနိုင်ခြေ ခြောက်ဆယ်ရာခိုင်နှုန်းရှိနေပြီး ဂိုးနည်းနိုင်ပါတယ်။

**စပါး-စတုတ်စီးတီး**
**(ည ၈း၃၀ နာရီ)**
**ပကျော့ရလဒ် ၂-၁**

ချန်ပီယံလိဂ်မှာ ခြေစွမ်းပြခဲ့တဲ့ လန်ဒန်သားစပါးတို့ ဒီအိမ်ကွင်းပွဲမှာလည်း တိုက်စစ်ဖိကစားနိုင်ပါတယ်။ စတုတ်တို့ ပြီးခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာ သုံးပွဲစလုံးရှုံးထားတာမို့ ဒီပွဲသရေရရင်ပဲ ကျေနပ်ရမှာပါ။ ဒီဖိုး၊ ခရော့ချ်၊ ဗန်ဒါဗတ်တို့ရဲ့ အိမ်ရှင်စပါးကို နှစ်ဂိုးအသာလောက်နဲ့ ရွေးထားချင်ပါတယ်။

__၁၀၊ ဧပြီ၊ တနင်္ဂနွေ__
**ဘလက်ပူး-အာဆင်နယ်**
**(ည ၇း၀၀ နာရီ)**
**ပကျော့ရလဒ်**

အာဆင်နယ်တို့ အဝေးကွင်းနိုင်ပွဲ ရှာရမယ့်ပွဲပါ။ အလယ်တန်းနဲ့ တိုက်စစ်ပိုင်းပိုကောင်းတဲ့ ဧည့်သည်အာဆင်နယ်ကပဲ ပွဲကိုစိုးမိုးသွားမှာပါ။ အိမ်ရှင်ဘလက်ပူးတို့ ဂိုးပြတ်မရှုံးရင်ဘဲ ကျေနပ်ရမှာဖြစ်ပါတယ်။

**ဗီလာ-နယူးကာဆယ်**
**(ည ၉း၃၀ နာရီ)**
**ပကျော့ရလဒ် ၀-၆**

နယူးကာဆယ်တို့ တိုက်စစ်ပိုင်းပါ အားနည်းလာနေပါတယ်။ ပြီးခဲ့တဲ့နောက်ဆုံး အဝေးကွင်းသုံးပွဲမှာငှက်ကျားတို့ဟာ သွင်းဂိုးလုံးဝမရှိခဲ့ပါဘူး။ အိမ်ရှင်ဗီလာကလည်း ပရီးမီးယားလိဂ်ဝါရင့် အသင်းပီပီ ဧည့်သည်ငှက်ကျားတို့ကို ထိန်းချုပ်နိုင်စွမ်း ရှိပါတယ်။ ဗီလာတို့ ပထမအကျော့ရှုံးကြွေးကို ပြန်ဆပ်ပြီး အနည်းဆုံးတစ်ဂိုးအသာနဲ့ ကပ်နိုင်သွားမှာပါ။

__၁၂၊ ဧပြီ၊ အင်္ဂါ__
**(နံနက် ၁း၃၀ နာရီ)**
**လီဗာပူး-မန်စီးတီး**
**ပကျော့ရလဒ် ၀-၃**

လီဗာပူးရဲ့ တိုက်စစ်ပိုင်းဟာ ဒီနောက်ပိုင်း အကောင်းဆုံးအဆင့် ရောက်လို့ နေပါတယ်။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု လေးကြိမ်မှာသုံးကြိမ် သရေပွဲဖြစ်ထားတာလည်း မှတ်သားစရာပါ။ ဧည့်သည်မန်စီးတီးတို့ ခံစစ်ပိုင်း ပြင်ဆင်ထားနိုင်မှ ပေးဂိုးနည်းမယ်။ အကြိုက်ကို ရွေးရရင် အိမ်ရှင်လီဗာပူးဖြစ်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်ဖွယ်ရှိတယ်။

__နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်__
**မန်စီးတီး ၃-၀ လီဗာပူး**
**မန်စီးတီး ၀-၀ လီဗာပူး**
**လီဗာပူး ၂-၂ မန်စီးတီး**
**လီဗာပူး ၁-၁ မန်စီးတီး**
**မန်စီးတီး ၂-၃ လီဗာပူး**

## နောက်ကျောဖုံး - ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက် မှ




သို့သော် ဖယ်ဒရယ်အစိုးရအဖွဲ့တွင်မူ ဒုတိယအဓိပတိနေရာနှင့် နိုင်ငံခြားရေးဝန်ကြီးတာဝန်များ ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ၎င်းဆက်လက်ပြောကြားသည်။

"လစ်ဘရယ်တွေရဲ့အောင်မြင်မှုအတွက်၊ FDP ပါတီရဲ့ အောင်မြင်မှုအတွက် ကျွန်တော် အစွမ်းကုန် ဆက်လက်လုပ်ကိုင်သွားပါမယ်" ဟုမစ္စတာဝက်စတာဝဲလ်က ပါတီခေါင်းဆောင်အဖြစ်မှဆင်းပေးမည်ဖြစ်ကြောင်းကြေညာရင်းသတင်းထောက်များအား ပြောကြားသည်။

အဓိပတိအန်ဂျလာမာကယ်၏ ဗဟိုနှင့်လက်ယာယိမ်းညွန့်ပေါင်းအဖွဲ့တွင် ပူးပေါင်းပါဝင်ထားသော FDP ပါတီသည် ယခင်ရက်သတ္တပတ်က ပြုလုပ်ခဲ့သည့် ဘေဒန်ဝတ်တင်ဘာ့ဂ် ပြည်နယ်ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၅ ဒသမ ၃ ရာခိုင်နှုန်းသာရရှိခဲ့ကြောင်း သိရသည်။

—*Ref: Xinhua*

**Leader's Profile**

# ဂူးဂဲလ် ပူးတွဲတည်ထောင်သူနှင့် စီအီးအို လယ်ရီပေ့ဂ်ျ




ရဲမင်း

လောရင့်လယ်ရီပေ့ဂ်ျသည် အမေရိကန်နိုင်ငံသား ကွန်ပျူတာပညာရှင်နှင့် စက်မှုလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ဆာဂျီဘရိုင်ယန်နှင့် အတူ ဂူးဂဲလ်ကုမ္ပဏီအား ပူးတွဲတည်ထောင်သူအဖြစ် ထင်ရှားကျော်ကြားသူဖြစ်သည်။

ပေ့ဂ်ျအား ၁၉၇၃ ခုနှစ်မတ်လ ၂၆ ရက်တွင် အမေရိကန်နိုင်ငံမီချီဂန်ပြည်နယ်ရှိ အရှေ့လန်စင်းအရပ်တွင် မွေးဖွားခဲ့သည်။ ၎င်း၏ ဖခင် ကားလ်ပေ့ဂ်ျသည် ၁၉၆၅ ခုနှစ်တွင် ကွန်ပျူတာ သိပ္ပံဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့ပြီး ကွန်ပျူတာသိပ္ပံနယ်ပယ်အား ဦးဆောင်ခဲ့သူတစ်ဦးအဖြစ် ရှုမြင်ခံရသည်။ ၎င်း၏ မိခင်မှာလည်း မီချီဂန်ပြည်နယ် တက္ကသိုလ်မှ ကွန်ပျူတာ သိပ္ပံပါမောက္ခတစ်ဦးဖြစ်သည်။

ပေ့ဂ်ျသည် မီချီဂန်မှာပင် မူလတန်းပညာ စတင်သင်ယူခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် အရှေ့လန်စင်းအထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည်။ မီချီဂန်တက္ကသိုလ်မှ ကွန်ပျူတာ အင်ဂျင်နီယာဘွဲ့ရရှိခဲ့ပြီး စတန်းဖို့ဒ် တက္ကသိုလ်မှ ကွန်ပျူတာမဟာသိပ္ပံဘွဲ့ ရရှိခဲ့သည်။

လယ်ရီပေ့ဂ်ျသည် စတန်းဖို့ဒ် တက္ကသိုလ-်မှာပင် ဒေါက်တာဘွဲ့ အတ-ွက်ဆက်လက် သင်ယူခဲ့ သည်။ ထိုအချိန်မှာပင် ပေ့ဂ်ျ သည် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်၏ ဆက်စပ်နေပုံကို သင်္ချာပညာဖြင့် ဖော်ထုတ်တွက်ချက်ရန် လေ့လာနေခဲ့သည်။ ယင်းမှနေ၍ ဝက်ဘ်ကွန်ရက်ပေါ်မှ စာမျက်နှာတစ်ခုသည် အခြားဝက်ဘ်စာမျက်နှာများနှင့် မည်သို့ဆက်စပ်နေသည်ကို အဓိကထားလေ့လာခဲ့သည်။ ပေ့ဂ်ျသည် ပညာရှင်စာအုပ်များ ထုတ်ဝေရာတွင် အညွှန်းများထည့်ပေးတတ်ပုံကို စိတ်ထဲ၌စွဲမှတ်၍ ဝက်ဘ်စာမျက်နှာများ၏ နောက်ကွယ်မှ ချိတ်ဆက်မှုများကို ဖော်ထုတ်နိုင်ရန် ကြိုးပမ်းခဲ့သည်။

"BackRub" ဟုခေါ်သော ၎င်း၏ သုတေသနပရောဂျက်မှာ ကြီးမားကျယ်ပြန့်လွန်း၍ မကြာမီမှာပင် ဆာဂျီဘရိုင်ယန်ဟူသော အခြား စတန်းဖို့ဒ်တက္ကသိုလ် PhD ကျောင်းသားတစ်ဦးလည်း ၎င်း၏ ပရောဂျက်တွင် ပါဝင်လာသည်။ ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ပေါ်တွင်လည်း ခန့်မှန်းခြေ စာရွက်စာတမ်းပေါင်း ဆယ်သန်းခန့်ရှိနေခဲ့ပြီဖြစ်ရာ ၎င်းတို့အချင်းချင်းအပြန်အလှန်ချိတ်ဆက်နေပုံကိုလယ်ရီပေ့ဂ်ျနှင့် ဆာဂျီတို့ပူးပေါင်း၍ ကိုင်တွယ်ရန်ကြိုးစားကြတော့သည်။

ဝက်ဘ်စာမျက်နှာတစ်ခုအတွက်အခြားစာမျက်နှာများ၏ အရေးပါပုံကို အဆင့်ခွဲခြားနိုင်သည့် သင်္ချာပညာကို ပေ့ဂ်ျနှင့် ဆာဂျီတို့က ရှာဖွေတွေ့ရှိခဲ့ချိန်တွင် ၎င်းတို့သည် လက်ရှိ အသုံးပြုနေသည့် ကွန်ရက်ရှာဖွေရေး အင်ဂျင်များထက်သာလွန်ကောင်းမွန်သော ရှာဖွေရေးအင်ဂျင်တစ်ခု တည်ဆောက်နိုင်ကြောင်း သဘောပေါက်လာခဲ့ကြသည်။ ၁၉၉၆ ဩဂုတ်လတွင် ဂူးဂဲလ်၏ ရှေ့ပြေးပုံစံကို စတန်းဖို့ဒ်တက္ကသိုလ် ဝက်ဘ်ဆိုက်ပေါ်တွင် အသုံးပြုနိုင်ပြီဖြစ်သည်။

လယ်ရီပေ့ဂ်ျနှင့် ဆာဂျီဘရိုင်ယန်တို့သည် ၁၉၉၈ ခုနှစ် တွင် ဂူးဂဲလ်ကုမ္ပဏီကို တည်ထောင်လိုက်ကြသည်။ နှစ်ဦးစလုံးသည် ၂၀၀၁ ခုနှစ်အထိ ကုမ္ပဏီ၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ယင်း နောက် အဲရစ်ရှမစ်အား ကုမ္ပဏီ ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ချုပ်အဖြစ် ငှားရမ်းခဲ့ကြသည်။ သို့သော်လာမည့် ဧပြီလတွင် လယ်ရီပေ့ဂ်ျသည် ကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ်အဖြစ် ဂူးဂဲလ်ကုမ္ပဏီ၏ နေ့စဉ်လုပ်ငန်းဆောင်တာများကိုကိုင်တွယ်ဆောင်ရွက်မည်ဖြစ်သည်။

လယ်ရီပေ့ဂ်ျသည် သုတေသနသိပ္ပံပညာရှင် လူစင်ဒါဆောက်ဝေါ့သ်နှင့် အိမ်ထောင်ပြုထားပြီး ဖော့ဘ်စ်မဂ္ဂဇင်း၏ ကမ္ဘာ့ဘီလီယံနာစာရင်း၌ နံပါတ် ၂၄ နေရာတွင်ရှိပြီး ခန့်မှန်းခြေကန်ဒေါ်လာ ၂၀ ဘီလီယံနီးပါး ချမ်းသာသည်။

—*Ref: Wikipedia*

## နောက်ကျောဖုံး - ပြင်သစ်တပ်ဖွဲ့များက အိုင်ဗရီကို့စ်လေဆိပ်အား သိမ်းပိုက် မှ



မြို့တော်တွင် နေထိုင်သူများမှာ နေအိမ်အပြင်ထွက်ရန်ကြောက်ရွံ့နေကြသော်လည်း ရေရရှိရန်အတွက် အိမ်အပြင်ထွက်လာကြရကြောင်း ဂျာနယ်လစ်တစ်ဦးက ပြောသည်။

ထိုအတောအတွင်း နိုင်ငံအနောက်ပိုင်း ဒူကိုးမြို့တွင် လူပေါင်း ၁၀၀၀ ခန့် သေဆုံးခဲ့ရခြင်းအတွက် စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ရွေးကောက်ပွဲတွင် အနိုင်ရသည်ဟု ကုလသမဂ္ဂက အသိအမှတ်ပြုထားသော အလက်ဆန်အိုတာရာကို ဖိအားပေးတိုက်တွန်းခဲ့ကြောင်း သိရသည်။

သို့သော် လူများအစုံလိုက်အပြုံလိုက်သေဆုံးခြင်းအတွက် ၎င်းတပ်ဖွဲ့များတွင် တာဝန်ရှိသည်ဆိုခြင်းကို အိုတာရာက ငြင်းဆိုထားသည်။ သို့သော် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု အို တာရာက ပြောကြောင်း ကုလသမဂ္ဂပြောခွင့်ရပုဂ္ဂိုလ် မာတင်နီဆာကီက ပြောကြားသည်။

အိုတာရာ၏ တပ်ဖွဲ့များသည် သမ္မတဟောင်း ဂါဘို၏ နေအိမ်နှင့် သမ္မတအိမ်တော်ဝင်းတို့အားဆက်လက်ဝိုင်းရံ စီးနင်းထားကြောင်း သိရသည်။ —*Ref: UPI*

## နောက်ကျောဖုံး - တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကျည်ဆန်ရထားများဖြင့် ချိတ်ဆက်မည် မှ

ရထားလမ်းမှာ လာမည့်နိုဝင်ဘာလတွင်ပြီး စီးမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်အ ရောက်တွင် ဒေဂူး၊ ဒေဂျီယွန်လမ်း ပိုင်းနှင့် အိုဆောင်း-ဂွမ်ဂျူးလမ်းပိုင်းများကို ဖွင့်လှစ်သွားရန် မျှော်လင့်ထားကြောင်း သိရသည်။ ၂၀၁၇ ခုနှစ်အရောက်တွင် ဂွမ်ဂျူးမှ မော့ပိုလမ်းပိုင်းကိုလည်း ကျည်ဆန်ရထားဖြင့် သွားလာနိုင်မည်ဖြစ်ရာ မြို့တော်ဆိုးလ်မှ ဂွမ်ဂျူး မြို့ဆီသို့ မိနစ် ၇၀ ခန့် ခရီးတို တောင်းသွားစေမည်ဖြစ်သည်။

ထို့အပြင် တောင်ကိုရီးယားအစိုးရသည် လက်ရှိအသုံးပြုနေသော ပုံမှန်ရထားလမ်းများကိုလည်း အဆင့်မြှင့်တင်သွားမည်ဖြစ်ကာ တစ်နာရီမိုင် ၁၄၀ နှုန်းအထိရထားများ မောင်းနှင်နိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

—*Ref: UPI*

## နောက်ကျောဖုံး - လူပေါင်း ၅၀၀၀ ကျော်အား ဆော်ဒီအာရေး ဗီးယားက အကြမ်းဖက်မှုဖြင့် တရားစွဲဆိုခဲ့ မှ

ဆော်ဒီထောက်လှမ်းရေး ဗျူရိုက ပြောကြားသည်။

စုစုပေါင်း အကြမ်းဖက်မှုဆိုင်ရာပြစ်မှုများဖြင့် ဖမ်းဆီးခဲ့သူပေါင်းမှာ ၁၁,၅၂၇ ဦးရှိပြီး ၎င်းတို့ထဲမှ ထက်ဝက်ခန့်ကို ပြန်လွှတ်ပေးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ ဗိုလ်မှူးချုပ် မန်ဆိုးအယ်လ်တာကီက ဧပြီ ၂ ရက်တွင် ပြောကြားခဲ့သည်။

ထို့အပြင် တရားရုံးက ချမှတ်လိုက်သော ပြစ်ဒဏ်ကာလထက်ပို၍ ဖမ်းဆီးခံထားရသူများအား ဥပဒေနှင့်အညီ အစိုးရက ပြန်လည်လျော်ကြေးပေးခြင်းကိုလည်း ဖော်ဆောင်ခဲ့ကြောင်း ဗိုလ်မှူးချုပ်မန်ဆိုးက ဆက်လက်ပြောကြားသည်။ ထို့အပြင် ထိန်းသိမ်းခံရသူများသည် တရားမျှတစွာ အမှုရင်ဆိုင်ခွင့်ရရှိပြီး ရှေ့နေမငှားရမ်းနိုင်ပါက အစိုးရက ရှေ့နေတစ်ဦး ပံ့ပိုးပေးကြောင်း ၎င်းက ဆက်လက်ပြောသည်။—*Ref: UPI*

7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011



# ဖရန့်စစ်ဖူကူယားမားနှင့် ဂျပန်အကြောင်း စကားစမြည်

ကျော်မျိုး

ဖရန့်စစ်ဖူကူယားမားကို ၎င်းရေးသားခဲ့တဲ့ The End of History ဆိုတဲ့လစ်ဘရယ်ဒီမိုကရေစီစနစ်အပေါ် အမွှမ်းတင်တဲ့ကျမ်းနဲ့ တွဲဖက်လို့ လူသိများလှပါတယ်။ ၎င်းဟာဂျပန်-အမေရိကန်ကပြား သမိုင်းဆရာတစ်ဦးအဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အကြံပေးတစ်ဦးအဖြစ် အမေရိကန်နိုင်ငံသား တစ်ဦးအဖြစ် ရပ်တည်ရှင်သန်နေတာပါ။ ဒါပေမဲ့ ၎င်းကို ဂျပန်သွေးပါတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်နေတာမို့ မကြာမီက ဖြစ်ခဲ့တဲ့ ဂျပန်ငလျင်အကြောင်း၊ ဆူနာမီအကြောင်းနဲ့ နောက်ဆက်တွဲ ဖူကူရှီးမားနျူခတ်အားပေးစက်ရုံအကျပ်အတည်းအကြောင်းတွေကို နယူးစ်ဝိခ်မဂ္ဂဇင်းက မေးမြန်းခဲ့ပါတယ်။ ယခုဖော်ပြလိုက်တာက နယူးစ်ဝိခ်က မေးမြန်းပြီး ဖော်ပြခဲ့သမျှအတိုင်း အပြည့်အစုံပါပဲ။

**တိုကျို(ဂျပန်အစိုးရ)ဟာ အခုအချိန်မှာ ဘာလုပ်ရမှာပါလဲ။**

ထင်ရှားလွန်းမက ထင်ရှားနေတာပါပဲ။ သူတို့ အလုပ်အတူတူလုပ်ကြရပါမယ်။ ဂျပန်နိုင်ငံသားတွေကလည်း အဏုမြူဓာတ်ရောင်ခြည်မြင့်တက်မှု ပမာဏလိုမျိုး လိုအပ်တဲ့သတင်းအချက်အလက်တွေရဖို့ အရေးမှာ အကန့်အသတ်တွေကြောင့် စိတ်ပျက်နေကြရတယ်လေ။

**ဂျပန်အစိုးရဟာလည်း အချင်းချင်း နှစ်ပေါင်းများစွာ ထိုးနှက်တိုက်ခိုက်ရင်းနဲ့ပဲ အားနည်းနေခဲ့ပါတယ်။**

အဲဒါဟာ အဓိကကျတဲ့ အသစ်ပြင်ဆင်မှုလုပ်ဖို့ အခွင့်အရေးဖြစ်နိုင်ပါတယ်။ ဖြစ်လာဖို့လည်း ကျွန်တော်မျှော်လင့်တယ်။ ဘာလို့လဲဆိုတော့ ဂျပန်ဟာ ကျွန်တော်တို့ (အမေရိကန်) လိုပဲ တူညီတဲ့ ပြဿနာတွေဖြစ်တဲ့ ဘဏ္ဍာရေးအကျပ်အတည်း ဖြစ်နေတာတွေ၊ သက်ကြီးရွယ်အို လူဦးရေပိုများလာတာတွေကို ရင်ဆိုင်နေရလို့ပါ။ သူတို့ အခုကြုံနေရတာက တော့ပိုပြီး ပြင်းထန်ပါတယ်။

**ဖူကူရှီးမား နျူစက်ရုံကပ်ဘေးဆိုးဟာကမ္ဘာလုံးဆိုင်ရာ နျူကလီးယားတစ်ခေတ်ဆန်းလာတာ ငြိမ်သက်သွားစေမှာလား။ (နျူကလီးယား တစ်ခေတ်ဆန်းခြင်းဆိုသည်မှာ နျူစွမ်းအင်ကို သုံးစွဲမှုများပြားလာသော ယနေ့ခေတ်ကိုတင်စားခြင်းဖြစ်သည်။)**



အဲဒီလိုတောင်ဖြစ်ပြီးသွားပါပြီ။ ဒါပေမဲ့ ဒါဟာသိပ်ဆိုးလွန်းတယ်။ ဘာကြောင့်လဲဆို အဲဒီလိုအမြင်မျိုးဟာ အရှေ့အလယ်ပိုင်းမှာရှိတဲ့ ရေနံတွေကို အာသာငမ်းငမ်းစွဲလမ်းလွန်းလို့ ၁၀ နှစ်ကို တစ်ခါလောက် ရေနံရဖို့ စစ်ပွဲဆင်နွှဲကြတယ်ဆိုတဲ့ အပြောမျိုးလိုပဲ အန္တရာယ်ကြီးလွန်းလို့ပါ။

**ဆရာ့အမေက ကျိုတိုမှာမွေးတာ။ ဆရာနဲ့ ဆရာ့ဖခင်ကြီးကတော့ အမေရိကန်မှာပဲ မွေးဖွားသူတွေပါ။ ဂျပန်ပြည်နဲ့ ပတ်သက်လို့ ဘယ်လိုဆက်နွှယ်မှုမျိုးကို ခံစားရပါသလဲ။**

ကျွန်တော်ဂျပန်လို မပြောတတ်ပါဘူး။ အဲဒီတိုင်းပြည်ကိုလည်းနိုင်ငံရပ်ခြားဒေသတစ်ခုလိုပဲကျွန်တော်ခံစားမိပါတယ်။

**ဆရာ့မိသားစုအချို့ဟာ ဒုတိယကမ္ဘာစစ်တုန်းက အကျဉ်းစခန်းတွေမှာ ထိန်းသိမ်းခံခဲ့ဖူးတယ်ဆိုတာ အမှန်ပဲလား။**

ဟုတ်ပါတယ်။ ကျွန်တော့်အဘိုးအဘွားတွေနဲ့ ကျွန်တော့်ဘကြီးပါ။ ဘကြီးကတော့ နောက်ပိုင်းစစ်တပ်ထဲဝင်ခဲ့ပြီး တရုတ်-မြန်မာ ပြဇာတ်ရုံတစ်ရုံမှာ အလုပ် လုပ်ခဲ့ဖူးပါတယ်။

**အဒီအချက်တွေက အမေရိကန်ဒီမိုကရေစီအပေါ် အမြင်ကို မှုန်ဝါးသွားစေခဲ့ပါသလား။**

အဲဒီအကျဉ်းချခံရတဲ့ ဖြစ်စဉ်ဟာ မမေ့နိုင်စရာ ဥပဒေမဲ့မှုတစ်ခုပါ။ ယနေ့ခေတ်ရဲ့ အစ္စလာမ်ဝါဒီ အကြောက်လွန်ရောဂါကိုစောင့်ကြည့်နေတဲ့ ဘယ်ဂျပန်-အမေရိကန်ကပြား မဆိုဟာလည်း ထိခိုက်ခံစားလွယ်တတ်ရပါမယ်။

**ဆရာက အခုစတန်းဖို့ဒ်မှာနေတယ်နော်။ ကယ်လီဖိုးနီးယားဟာလည်း ဒီလိုမျိုးငလျင်ကြီးတွေနဲ့ ကင်းတတ်တာ မဟုတ်ပါဘူး။ ဆရာတုန်လှုပ်မိပါသလား။**

ကျွန်တော့်တစ်ဦးချင်းအရတော့လုံးဝကို စိတ်ထဲတွေးပြီး တုန်လှုပ်ချောက်ချားမိပါတယ်။ ကိုယ်လည်းပြင်ဆင်ရတော့မယ်လေ။

**ဝါရှင်တန်ဟာ တိုကျိုထက်ပိုပြီး ပြင်ဆင်ထားပါသလား။**

ဒီမှာ ပိုပြင်ဆင်ထားတာက အကြမ်းဖက်တိုက်ခိုက်မှုတွေကို ရင်ဆိုင်ဖို့အတွက်ပဲ။ ဒါပေမဲ့ ကျွန်တော့်သံသယအမြင်အရတော့ တကယ်လို့ ဝါရှင်တန်မြို့လယ်ခေါင်မှာ ဇီဝလက်နက်တစ်ခုခုနဲ့ အတိုက်ခံရမယ်ဆိုရင်တော့ ကျွန်တော်တို့အဲဒါကို ကောင်းကောင်းဖြေရှင်းနိုင်မှာမဟုတ်ဘူး။

**ဂျပန်မှာ ဆူနာမီဖြစ်တာနဲ့ အရှေ့အလယ်ပိုင်းမှာ အပြောင်းအလဲတွေဖြစ်တာတွေကို ခံစားကြည့်ရတာဟာ "သမိုင်းရဲ့နိဂုံး" ဆိုတာထက် နေ့ရက်တွေရဲ့နိဂုံးဖြစ်နေပုံပေါ်ပါတယ်။**

တကယ်တော့ အဲဒါလုံးဝမဟုတ်ပါဘူး။ ကမ္ဘာ့ရဲ့ အခြားနေရာတွေကို လွှမ်းမိုးပစ်လိုက်တဲ့ ဒီမိုကရက်တစ် ရေစီးကြောင်းတွေဟာအစ္စလာမ်ဘာသာနဲ့လည်း ဆန့်ကျင်ဘက် မဟုတ်ဘူးဆိုတာကို အရှေ့အလယ်ပိုင်းဒေသက သရုပ်ဖော်ပြနေပါတယ်။ အဲဒါသိပ်ပြီး ကျေနပ်ဝမ်းမြောက်စရာပါပဲ။ ဒါပေမဲ့ တကယ်အရေးအကြီးဆုံးက နောက်ပိုင်းဘာဆက်ဖြစ်မလဲဆိုတဲ့ ကိစ္စပါပဲ။

—*Ref: Newsweek*

## နျူကလီးယား အကျပ်အတည်းအား သတိရှိမှု အမြင့်ဆုံးအဆင့်ဖြင့် ဂျပန်စောင့်ကြည့်နေ

**အိုဆာကာ၊ မတ် - ၂၉**

ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံ အကျပ်အတည်းအားသတိရှိမှု အမြင့်ဆုံးအဆင့်ဖြင့် စောင့်ကြည့်ကိုင်တွယ်ဆောင်ရွက်နေကြောင်း ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်က ပြောကြားသည်ဟု ဂျိဂျိသတင်းအေဂျင်စီက ဖော်ပြသည်။

အခြေအနေမှာ ကြိုတင်ခန့်မှန်း၍ မရသော အနေအထားမှာ ပင်ရှိနေသေးပြီး အစိုးရကလည်း အမြင့်ဆုံးနိုးကြားတက်ကြွမှုဖြင့် ပြဿနာကို ကိုင်တွယ်ဖြေရှင်းနေကြောင်း ဂျပန်ဝန်ကြီးချုပ်က အောက်လွှတ်တော် ဘတ်ဂျက်ကော်မတီအစည်းအဝေးတွင် ပြောကြားသည်။

ဓာတ်ရောင်ခြည်ပျံ့နှံ့ခြင်းစိုး ရိမ်မှုများကြောင့် နျူခတ်အားပေးစက်ရုံမှ အအေးခံစနစ်များကို ပြန်လည် လည်ပတ်ရေးအတွက် အပြည့်အဝ မလုပ်ဆောင်နိုင်သေးပေ။

နျူစက်ရုံရှိ မြေကြီးများတွင် ပလူတိုနီယမ်ဓာတ်များ ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့ပြီး စက်ရုံအဆောက်အအုံ တစ်ခုမှလည်း ဓာတ်ရောင်ခြည်သင့်ရေများ စိမ့်ထွက်နေကြောင်း သိရသည်။ စက်ရုံအနီးပင်လယ်ရေများတွင်လည်း ရေဒီယိုသတ္တိကြွမှု အလွန်မြင့်မားသည့်အိုင်အိုဒင်းများ ပါဝင်နေသည်ကို စမ်းသပ်တွေ့ရှိရကြောင်း တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီက ပြောကြားသည်။

ဓာတ်ပေါင်းဖို အမှတ် (၁) အနီးမှ ရေများတွင် ယခင်က စမ်းသပ်တွေ့ရှိမှုထက် မြင့်မားသော ရေဒီယိုသတ္တိကြွ အိုင်အိုဒင်းများကိုတွေ့ရှိခဲ့ရသည်။ ၎င်းရေများတွင် ဥပဒေအရ အကျုံးဝင်သည့် ပမာဏထက် အဆပေါင်း ၃၃၅၅ ဆမြင့်မားနေသော အိုင်အိုဒင်းဓာတ်များကို တွေ့ရှိရကြောင်း ဂျပန်နျူကလီးယားဘေးကင်းလုံခြုံရေး အေဂျင်စီက ပြောကြားသည်။

—*Ref: AFP, BBC*



## ဂျပန်နျူစက်ရုံ ပေါက်ကွဲမှုကြောင့် အာရှတစ်ခွင် ဓာတ်ရောင်ခြည်ပျံ့နှံ့မှု အနည်းငယ်ရှိ

**မနီလာ၊ မတ် - ၃၀**

ဂျပန်နိုင်ငံတွင် ဆူနာမီကြောင့် ပေါက်ကွဲခဲ့သည့် နျူစက်ရုံမှ ယိုစိမ့်ထွက်လာသော ဓာတ်ရောင်ခြည်ပမာဏ အနည်းအကျဉ်း အာရှတစ်ခွင်တွင် ပျံ့နှံ့သွားနိုင်ကြောင်း ဖိလစ်ပိုင်နျူကလီယား သုတေသန အင်စတီကျူဒ်မှ ပညာရှင်များကပြောကြားလိုက်သည်။ ထို့ကြောင့် ဂျပန်နိုင်ငံမှ တင်သွင်းသော အစားအစာများကို စားသုံးရန် စိုးရိမ်မှုမှာလည်း ပိုမိုတိုးပွားလာဖွယ်ရှိသည်။ ယခုအခါ တရုတ်၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်အစိုးရများသည် ၎င်းတို့၏ နယ်စပ်ဒေသများတွင် ဓာတ်ရောင်ခြည်ပျံ့နှံ့မှု အနည်းငယ်ရှိနိုင်သော်လည်း ကျန်းမာရေး ထိခိုက်စေနိုင်သည့် အဆိပ်သင့်မှု အဆင့်သို့မရောက်နိုင်ကြောင်း သတိပေးပြောကြားသည်။


ဖိလစ်ပိုင် နျူသုတေသန အင်စတီကျူဒ်မှ ပြောခွင့်ရ ပုဂ္ဂိုလ်ကလည်း "လူတွေကို မကြောက်လန့်ကြဖို့ သတိပေးချင်ပါတယ်။ လေထုထဲမှာ ပျံ့နှံ့နေတဲ့ ဓာတ်ရောင်ခြည်ပမာဏကလည်း အလွန်နည်းပါးပါတယ်" ဟုပြောသည်။ ဂျပန်နိုင်ငံတွင် နျူစက်ရုံ ပေါက်ကွဲမှုကြောင့် ဖြာထွက်ခဲ့သော ဓာတ်များမှာ အမေရိကန်ပြည်ထောင်စုသို့ပင် ပျံ့နှံ့ခဲ့ပြီး အိုဟိုင်းယိုပြည်နယ်တွင် ရွာသောမိုးများတွင်လည်း ဓာတ်ရောင်ခြည်အဆိပ်သင့်မှု အနည်းငယ်တွေ့ရကြောင်း အာဏာပိုင်များက အတည်ပြုပေးခဲ့သည်။ ယခုအခါ အာရှဒေသတွင်းနိုင်ငံများသည် ဂျပန်မှတင်ပို့သော အစားအစာများတွင် ဓာတ်ရောင်ခြည်အဆိပ်သင့်မှုရှိ၊ မရှိစစ်ဆေးလျက်ရှိသည်။

—*Ref: CNA*

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.5 • APRIL 7, 2011




## ဂျရတ်ပီကေးနဲ့ ဇာတ်လမ်းကို ဝန်ခံလိုက်တဲ့ ရှာကီရာ

ကိုဂိုတာ၊ မတ် - ၃၀

ကိုလံဘီယာ ပေါ့ပ်အဆိုတော် ရှာကီရာသည် စပိန်လက်ရွေးစင်ဘောလုံးသမား ဂျရတ်ပီကေးနှင့် သူမ၏ အချစ်ဇာတ်လမ်းကို Twitter လူမှုကွန်ရက်ဝက်ဘ် ဆိုက်မှ နေ၍ တရားဝင်ဝန်ခံလိုက် ပြီဖြစ်သည်။ အသက် ၃၄ နှစ် အရွယ်ရှိ အဆိုတော်ရှာကီရာ သည် သူမ၏ Twitter စာမျက်နှာ တွင်ပီကေးနှင့် ၎င်းတို့၏ နှစ် ယောက်တွဲပုံကို ဖော်ပြကာဝန်ခံခဲ့ခြင်းဖြစ်သည်။

ရှာကီရာနှင့် အသက် ၂၄နှစ်အရွယ်ရှိ စပိန်နှင့် ဘာစီလိုနာ ဘောလုံးအသင်း နောက်ခံလူ ပီကေးတို့သည် ပြီးခဲ့သည့်လမှစ ၍ မီဒီယာများတွင် စုံတွဲခုတ်နေကြောင်း သတင်းများ ဖော်ပြခံခဲ့ ရပြီး ဘာစီလိုနာမြို့တွင် ၎င်းတို့နှစ် ဦး လက်တွဲလမ်းလျှောက်ပုံ၊ အကြင်နာပေးနေပုံများကိုလည်း စာစောင်များက ဖော်ပြခဲ့သည်။ အဆိုတော် ရှာကီရာသည် ယခုနှစ်ဇန်နဝါရီလမှစတင်၍ ချစ်သူဟောင်း အန်တိုနီယိုဒယ်လာ ရူအာနှင့် ၁၁ နှစ်ကြာဇာတ်လမ်းအား အဆုံးသတ်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ရှာကီရာ၏ “ဝါ ကာ ဝါကာ” သီချင်းသည် ၂၀၁၀ ကမ္ဘာ့ဖလား၏ တရားဝင်ပြိုင်ပွဲ သီချင်းဖြစ်ခဲ့ပြီး ထိုပွဲတွင် ပီကေးပါဝင်သော စပိန်ဘောလုံးအသင်း ဗိုလ်စွဲခဲ့သည်။

—Ref: AFP



ဓာတ်ပုံ – ဇေမောင်မောင်(အမရပူရ)

## ဇာတ်ကောင်စရိုက်ပီပြင်ရန်သာ အာရုံစိုက်ထားခဲ့ဟု ခရစတီးနားပြောကြား

**အေးသူစံ**

ရန်ကုန်၊ မတ် ၃၀

ယခု ရုံတင်ပြသနေသော ‘လာထားအာဘွား’ ရုပ်ရှင်ဇာတ်ကားတွင် သူ့ဌေး၏အတွင်းရေးမှူး၊ ပါးနပ်အကွက်မြင်သော မိန်းကလေးတစ်ဦးအဖြစ် ဇာတ်ကောင်စရိုက်နှင့်တစ်ထပ်တည်း ကျအောင် သရုပ်ဆောင်နိုင်သောကြောင့် ပရိသတ်၏သတိပြုမှုကိုရရှိ နေသော ခရစ္စတီးနားက အဆိုပါ ဇာတ်ကောင်စရိုက်ပီပြင်ရန်အတွက်သာ အဓိကထားသရုပ်ဆောင်ကြောင်း ပြောကြားသည်။

“ဒီကားမှာ ကိုရန်လေး (ရန်အောင်)ရဲ့အတွင်းရေးမှူးနေရာကပေါ့။ ကိုယ့်ကိုအဘိုးကြီးတွေက လာကြောင်တဲ့အခါမှာ နည်းနည်းပါးပါးပြန်အီပြီး လခပိုတိုးတောင်းတာတို့၊ ကိုယ့်ကိုလာကြောင်တာကိုအသုံးချတဲ့သဘောမျိုးလေးတွေ သရုပ်ဆောင်ရပါတယ်” ဟု သူမ၏ဇာတ်ကောင်စရိုက်ကိုရှင်းပြသည်။

မိမိ၏ ဇာတ်ကောင် စရိုက်ကြောင့် ကြည့်ရှုကြသည့် ပရိသတ်၏ အထင်လွဲမှုရှိ၊မရှိစိုးရိမ်မိသလားဟု မေးမြန်းရာ “ကိုယ့်ဇာတ်ကောင်အပေါ်မှာ ကြည့်တဲ့သူတွေအထင်လွဲမှာတော့စိတ်မပူပါဘူး။ ဒီကားက ဟာသကားဆိုတော့ ဒီဟာသလေးဖြစ်လာအောင် ဘေးကနေပံ့ပိုးပေးတဲ့သဘောပါ။

စာ(၄၈)သို့

## talk အောင်လပြောပြတဲ့ Fight Club

**ချမ်းခိုက်ခိုက်**

Fight Club ရုပ်ရှင်ကား ကို ၂၀၀၇ ခုနှစ်တုန်းက ကြည့်ခဲ့တာပါ။ မင်းသားတွေက ကျွန်တော့်အကြိုက် ဘရက်ပစ်နဲ့ အက်ဒ်ဝပ်နော်တန်တို့ နှစ် ယောက်လုံးပါလို့ ကြည့်ဖြစ်ပါတယ်။

လူတစ်ယောက်ရဲ့ မသိစိတ် အလျှဉ်ကို ရိုက်ပြတဲ့ ဒီဇာတ်လမ်းက အရမ်းမိုက်တယ်။ မင်းသားနှစ်ယောက်ပါပေမယ့် အက်ဒ်ဝပ်နော်တန်တစ်ဦးတည်းကနေ သူ့ရဲ့မသိစိတ်ကသာ ဘရက်ပစ်ဖြစ်နေတာကို ရိုက်ပြထားတာပါ။ မသိစိတ်က အရမ်းကို ပွင့်ပွင့်လင်းလင်းနဲ့ နေချင်သလိုနေတယ်။ သိစိတ်ကတော့ ကုမ္ပဏီဝန်ထမ်း။ အလုပ်လုပ်ရတာ သူ့စိတ်ထဲမှာ အရမ်းကျဉ်းကျပ်တယ်။ ညညကျရင် အိပ်မပျော်ဘူး။ အက်ဒ်ဝပ် က သူ့ရဲ့ အိပ်မပျော်တဲ့ ရောဂါကို ကင်ဆာဖြစ်နေတဲ့ သူတွေရဲ့ဟော ပြောပွဲတွေကိုသွားနားထောင်မှ ညဘက်တွေမှာ အိပ်ချင်တတ်လာတယ်။ အိပ်မပျော်တဲ့ရောဂါကိုသွားကုရင်းနဲ့မှ ဘရက်ပစ်နဲ့သွားဆုံတာ။ သူ ဖြစ်ချင်တဲ့အရာတွေအကုန်လုံး၊ သူမတတ်တဲ့အရာတွေအကုန်လုံး ဘရက်ပစ်က ရှိနေ၊တတ်နေတယ်။ သူ့ပတ်ဝန်းကျင်မှာ ထိန်းချုပ်ထားရတာတွေကို သူ့မသိစိတ်တစ်ကိုယ်ဖြစ်တဲ့ ဘရက်ပစ်နဲ့ စကားတွေပြောနေတယ်။

ငယ်ငယ်တည်းက တစ်ယောက်တည်းနေလာခဲ့လို့ အထီးကျန်တယ်မဟုတ်ပေမယ့်လည်း အတွေးနယ်လွန်တတ်တဲ့ အောင်လအတွက် အထီးကျန်ဆန်တဲ့ အက်ဒ်ဝပ်ရဲ့ ဇာတ်ကောင်စရိုက်ကြောင့်လည်း

စာ(၄၈)သို့

လတ်တလော ပါးစပ်ဖျားမှာ စိတ်လိုလက်ရည်းမိကြရတဲ့ “တောင်းပန်ပါတယ်” သီချင်းလေးရဲ့ပိုင်ရှင် အောင်လကို ဒီကဏ္ဍအတွက် ကမ်းလှမ်းတဲ့အခါ ရုပ်ရှင်ကြည့်တာ ဝါသနာကြီးတဲ့အောင်လက ၁၉၉၉ ခုနှစ်က ထွက်ရှိခဲ့တဲ့ အက်ဒ်ဝပ်နော်တန်၊ ဘရက်ပစ်တို့ အဓိက သရုပ်ဆောင်ထားတဲ့ “Fight Club” ရုပ်ရှင်ကားအကြောင်း ပြောမယ်လို့ ဆိုပါတယ်။ ဒီဇာတ်ကားဟာ အက်ရှင်နဲ့ ဒရာမာရောစပ်ဖန်တီးထားပြီး Mystery (လျှို့ဝှက်ဆန်းကြယ်) တဲ့ ဇာတ်ကားတစ်ကားလည်းဖြစ်ပါတယ်။



ဓာတ်ပုံ - ဇေမောင်မောင် (အမရပူရ)



7DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011



# ဖခင်ကြီးကို မန်နေဂျာအဖြစ် ထပ်မံမခန့်တဲ့ ဘီယွန်ဆေး

**နယူးယောက်၊ မတ် – ၃၀**

အမေရိကန် R&B စူပါစတားအဆိုတော် ဘီယွန်ဆေးနိုးလ်သည် ၎င်း၏ ဖခင်အား မန်နေဂျာအဖြစ် ထပ်မံခန့်အပ်ထားတော့မည် မဟုတ်ကြောင်း အတည်ပြုလိုက်သည်ဟု အမေရိကန် People မဂ္ဂဇင်းကြီးက ဖော်ပြလိုက်သည်။ ယင်းမဂ္ဂဇင်းတွင် ဖော်ပြချက်အရ သူမ၏ ဖခင်မတ်သယူးနိုးလ်ကလည်း "အလုပ်ကအလုပ်၊ မိသားစုက မိသားစုပါပဲ။ ကျွန်တော်ဟာ သမီးကို ချစ်သလို၊ သူအောင်မြင်မှုရနေတာကိုလည်း ဂုဏ်ယူမိပါတယ်။ အောင်မြင်မှုတွေ ထပ်ရအောင်လည်း ကျွန်တော်စောင့်ရှောက်ပေးသွားမှာပါ" ဟုပြောသည်။ ရက်ပ်ပါအဆိုတော် ဂျေးဇီနှင့်လက်ထပ်ထားသည့် ဂရမ်မီဆုများရှင် ဘီယွန်ဆေးသည် ဖခင်ကိုသူမ၏ မန်နေဂျာအဖြစ် အနားယူစေခြင်းနှင့်ပတ်သက်၍ သူမက "ကျွန်မဟာ အဖေနဲ့အမေတို့ရဲ့ စီမံခန့်ခွဲမှုနဲ့ ကြီးပြင်းလာရတာပါ။ သူတို့ဟာကြိုးစားတဲ့ စီးပွားရေးသမားတွေဖြစ်ပြီး သူတို့ခြေရာကို နင်းနိုင်ဖို့ ကျွန်မကလည်း ဆက်ကြိုးစားသွားရမှာပါ" ဟု People မဂ္ဂဇင်းသို့ပြောသည်။ ဘီယွန်ဆေးသည် ဖခင်ကို မန်နေဂျာအဖြစ်မှ အနားယူစေခဲ့သော်လည်း ယင်းနေရာတွင် မည်သူ့ကိုအစားထိုးခန့်အပ်မည်ကိုမူ ကြေညာခြင်းမရှိသေးပေ။ ဘီယွန်ဆေးသည် ယမန်နှစ်က ထိပ်တန်းဝင်ငွေအကောင်းဆုံးအဆိုတော်များစာရင်းတွင် ဘရစ်တနေစပီးယား၊ လေဒီဂါဂါ၊ မက်ဒေါနားတို့နှင့်အတူ ရပ်တည်ခဲ့ပြီး ဝင်ငွေကန်ဒေါ်လာ ၈၇ သန်းအထိရရှိခဲ့သည်။ —Ref: AFP




UD GROUP

Yangon : 01-522107
Mandalay : 09-2050000, 09-6504700
Naypyitaw : 09-6504900

TRADEMARK CAUTION
THE PRUDENTIAL ASSURANCE COMPANY LIMITED a company incorporated in United Kingdom at Laurence Pountney Hill, London EC4R 0HH, United Kingdom is the Owner and Sole Proprietor of the following Trademarks:-

PRUDENTIAL
Reg:No.IV/1507/1995
Reg:No.4/5571/2008

PRU
Reg:No.4/1508/1995
Reg:No.4/5572/2008

Reg:No.4/1509/1995
Reg:No.4/5566/2008

In respect of : Class 36Insurance service and financial service.

PRUDENCE
Reg:No.4/2715/2002
Reg:No.4/5567/2008

PRUDENCE
Reg:No.4/2716/2002
Reg:No.4/5568/2008

PRUDENTIAL

PRUDENTIAL
Reg:No.4/4954/2004
Reg:No.4/5569/2008

PRUDENTIAL
Reg:No.4/4953/2004
Reg:No.4/5570/2008

PRU
Reg:No.4/4955/2004
Reg:No.4/5573/2008

PRU
Reg:No.4/4956/2004
Reg:No.4/5574/2008

In respect of : Class 36 Insurance; assurance; financial services; unit trust services, real estate agency services, management, administration and valuation services; financing and procurement of financing; loan advice; loan procurement, capital administration services; property administration and advice; financial administration services; actuarial services; mortgage, banking, investment management, trustee and financial advisory services; nominee services; provision of finance; financing services for securing of funds; pension fund administration; services for the financing of home loans; valuation of chattels; deposit taking services; funds transfer services; brokerage agencies for insurance and credit; lotteries; subscriptions; credit sales; guarantees and sureties; accommodation agencies and agencies for the recovery of debts; agencies for real estate property, movables, landed property and farming; financial reports; deposit, credits and saving societies; management of wealth; financial management consultancy and administration services; information and advisory services relating to the above services.
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate.
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
[illegible]
[illegible]
Ph: 371990 7.April.2011

7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011



# အောင်ရဲလင်းက ထွက်ပေါ်လာတဲ့ သတင်းများကိုငြင်းဆို

**အေးသူစံ**

ရန်ကုန်၊ ဧပြီ-၂

သရုပ်ဆောင် အောင်ရဲလင်းသည် အောင်တိုင်းကျော် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာဝင်းထွန်းထွန်း ရိုက်ကူးသော 'ဝေးလွင့်ခြေရာ' ဗီဒီယိုဇာတ်ကားတွင် မိုးဟေကိုနှင့်တွဲဖက်သရုပ်ဆောင်လျက်ရှိပြီး လတ်တလော ထွက်ပေါ်နေသော ၎င်း၏သတင်းများနှင့် ပတ်သက်၍ ယခုကဲ့သို့ ပြောကြားသည်။

"သတင်းတွေက အမျိုးမျိုးပြောနေကြတာပဲ။ အစ်မပဲစဉ်းစားကြည့်ပါဦး။ တကယ်ပဲ အပြင်က ကြားရတဲ့သတင်းဟာ အမှန်ပါဆိုရင် ကျွန်တော်အခု ကားတောင် ဆက်ရိုက်နေလို့ရမှာ မဟုတ်ဘူးလေ။ ကျွန်တော့် အလုပ်ကို ကျွန်တော် ပုံမှန်လုပ်နေတယ်။ ကျွန်တော့်ရဲ့အချစ်ရေးဆိုတာလည်း အစ်မတို့ကိုယ်တိုင် သိပါတယ်။ ဘာမှထွေထွေထူးထူးလည်း မရှိဘူး။ အေးအေးဆေးဆေးပါပဲ။ ချစ်သူရည်းစားလည်း မရှိပါဘူး။ ဒီသတင်းကို ကျွန်တော့်ဘက်ကဘာမှပြောစရာမရှိပါဘူး" ဟု ဧပြီလ ၂ ရက်က 'ဝေးလွင့်ခြေရာ' ဗီဒီယိုဇာတ်ကား ရိုက်ကွင်းတွင်ရိုက်ကူးနေစဉ် ပြော ကြားသည်။



အောင်ရဲလင်းနှင့်ပတ်သက်သောသတင်းများအပေါ် လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် မဟာထွန်း ထုတ်လုပ်ရေးမှတာဝန်ရှိသူတစ်ဦး က "အောင်ရဲလင်းနဲ့ တောက်လျှောက်အဆက်အသွယ် ရှိပါတယ်။ အခု နောက်ဆုံး မေကဗျာ၊ အေသင်ချိုဆွေတို့နဲ့ ကားရိုက်ပြီးတာတစ်ပတ်လောက်ပဲ ရှိသေးတယ်။ အပြီးသတ်တစ်ခန်းကို သင်္ကြန်ပြီး ၁၈ ရက်နေ့ လောက်ပြန်ရိုက်ရမယ်။ ကောလာဟလကတော့ မျိုးစုံထွက်နေတာပဲ။ သူဘာမှမဖြစ်ပါဘူး"ဟု ဖြေကြားသည်။

အောင်ရဲလင်း၏မိခင်ဖြစ်သူကလည်း "သမီးတို့ကြားရတယ်ဆိုတဲ့သတင်းတွေကို ပေးလာတဲ့လူကို သေချာလေးမှတ်တမ်း တင်ထားနိုင်ရင်ကောင်းမယ်။ အဲဒီသတင်းပေးရဲ့ဓာတ်ပုံတို့၊ မှတ်ပုံတင်နံပါတ်တို့ပါ သိနေရင် ပိုကောင်းတယ်။ ခုလို သတင်းတွေလျှောက်ထွက်နေသမျှ တစ်ခုမှမဟုတ်ပါ ဘူး"ဟု ဖြေကြားသည်။

အောင်ရဲလင်းသည် သင်္ကြန်ကာလကို မြိတ်မြို့တွင်ဖြတ်သန်းမည်ဖြစ်ပြီး ဆေးရုံတင်ရလို့၊ အရိုက်ခံရလို့ စသည့်သတင်းများမှာ လကုန်ပိုင်းက ထွက်ပေါ်ပြီး နောက်ယခုနောက်ဆုံးထွက်ပေါ်လာသော သတင်းမှာမူ အသွင်တစ်မျိုးဖြစ်နေသောကြောင့် အောင်ရဲလင်း၏ပရိသတ်များ စိတ်ပူနေကြကြောင်း ကြားသိရသည်။

## စာ-၄၇၊ အောင်လပြောပြတဲ့ Fight Club မှ

Fight Club ဟာ သူ အကြိုက်ဆုံး ဇာတ်ကားတွေထဲက တစ်ကား ဖြစ်လာခဲ့ပါတယ်။

ဒီကားမှာ အကြိုက်ဆုံး ဇာတ်ဝင်ခန်းက ဘရက်ပစ်က သူရောက်တဲ့နေရာတိုင်းမှာ Fight Club တွေထောင်တယ်။ လူတွေ အရမ်းစိတ်ညစ်လာလို့ရှိရင် အဲဒီမှာ လူနှစ်ယောက် ကြိုက်သလောက်ထိုး။ နောက်နေ့ ရန်ငြိုးမထားရဘူး။ အသေမလုပ် ရဘူး။ စိတ်ထဲမှာ ခံပြင်းတာလေးတွေကို ထိုးရင်းဖြေဖျောက်ကြတာ။ နောက်ဆုံးကျတော့ ဘရက်ပစ်နဲ့ အက်ဒ်ဝပ်နဲ့ ထိုးနေကြတဲ့အခန်း။ ဒါပေမဲ့ တကယ်တမ်းကျတော့ အက်ဒ်ဝပ်နော်တန်က သူ့ကိုယ်သူ ပြန်ထိုးနေတဲ့ဇာတ်ဝင်ခန်းပေါ့။"

သူ့ဘဝမှာလည်း အရမ်းမွန်းကျပ်ပြီးဒေါသထွက်လာတဲ့ အခါ အဲဒီဇာတ်ဝင်ခန်းကို သတိရမိတတ်ပြီး Fight Club တစ်ခုလောက်ကို ဒီမှာ တည်ထောင်ချင်တဲ့အောင်လက ဒီဇာတ်ကားနဲ့ သူ့ဘဝဆက်နွယ်ပတ်သက်မှုကိုလည်း ဆက်ပြောပါတယ်။

"လူတွေက ဘောင်တွေ ဘောင်တွေခတ်ထားပြီးတော့ သူတို့ ခတ်ထားတဲ့ဘောင်တွေထဲ မှာပဲ ကျပ်ညပ်နေကြတာ။ ဥပမာ ကျွန်တော်ဆို သီချင်းဆိုတော့ ကိုယ့်ဘောင်ကိုယ် ပြန်ခတ်လိုက်သလိုဖြစ်ပြီး နေရထိုင်ရတာ ကိုယ့်ဟာကိုယ်ကျဉ်းကျပ်တယ်။ အဲဒါကြောင့် မသိစိတ်ကနေတစ်ဆင့် ဘောင်ထဲကနေရအောင် ထွက်မယ်ဆိုတဲ့မက်ဆေ့ချ်တစ်ခုကို ဒီကားကနေရလိုက်တယ်။ ဒါပေမဲ့ ခုထိတော့ အက်ဒ်ဝပ်နော်တန်လိုမျိုး ကျွန်တော်က ကိုယ့်မသိစိတ်ကိုယ်ပြန်မသိသေးပါဘူး။

စိတ်ညစ်တဲ့အခါမှာ ဒီကားကို ပြန်ကြည့်တဲ့ အောင်လက ပြန်ကြည့်တိုင်းလည်း သူ့အတွက် ခံစားချက်အသစ်တွေဖြစ်စေပြီး တစ်ခွေဝယ်လိုက်၊ ပျောက်သွားလိုက်၊ သူငယ်ချင်းတွေငှားသွားလိုက်၊ ပြန်မပေးလိုက်နဲ့ ပြန်ဝယ်နေရတာ လေးခေါက်လောက်ရှိပါပြီတဲ့။ နီးစပ်ရာသူငယ်ချင်းတွေကိုလည်း ကြည့်ဖို့ ပြန်ညွှန်းတဲ့ ဒီဇာတ်ကားမှာ ကင်မရာ Effect တွေကို တော်တော်လေး အရည် အသွေးကောင်းအောင် ရိုက်ထား ပြီး ရိုက်ချက်ဆန်းဆန်းတွေကြိုက် တဲ့အောင်လက ဇာတ်သိမ်းခန်း လေးကိုလည်း ဆက်ပြောပြပါ တယ်။

တစ်ဇာတ်လုံးကို သူတို့နှစ်ယောက်တည်း သယ်သွားပြီး သူတို့ ထိုးတာကိုကြည့်ရင်း ကြည့်ရင်းနဲ့ Fight Club တွေက တဖြည်းဖြည်းများလာတာ။အက်ဒ်ဝပ်နော်တန်က သိစိတ်မှာ အိပ်ပျော်သွားပေမယ့် မသိစိတ်မှာ ဘရက်ပစ်ကခရီးတွေသွားတယ်။ နောက်ဆုံးခန်းမှာသူ အိပ်ရာကနေနိုးလာတော့ လေယာဉ်လက်မှတ်တွေကိုသွားတွေ့တယ်။ အဲဒီလက်မှတ်တွေကို မသိဘူး။ ဒါပေမဲ့ ဘရက်ပစ် တဖြစ်လဲအက်ဒပ်ဝပ်သွားခဲ့တဲ့နိုင်ငံတွေမှာ Fight Club တွေ ဖြစ်ကုန်တယ်။ အက်ဒ်ဝပ်အဲဒီနိုင်ငံတွေကိုသွားရင် အကုန်လုံးကသူ့ကိုဆရာဆိုပြီး ဝိုင်းပြောကြတယ်။ ဒါသူလုပ်တာ မဟုတ်ဘူး။ ဘရက်ပစ်လုပ်တာလို့ သူ့မသိစိတ်ကို ပြန်သိသွားချိန်မှာ အာခေါင်ထဲကို သေနတ်ထည့်ပြီး ပစ်ထည့်လိုက်တယ်။ သူ့ကိုယ်ထဲကို ဘရက်ပစ်က အမြဲဝင်နေလို့သူက သေနတ်နဲ့ပစ်လိုက်တာ။ သူ့ကိုယ်သူနာမှာကိုမကြောက်ဘူး။ သူဖြစ်ချင်တာကိုဖြစ်အောင်လုပ်လိုက်တဲ့စိတ်ဓာတ်ကိုကြိုက်တယ်။

ဒီကားကြည့်ပြီးစိတ်လွတ်လပ်သလိုဖြစ်မိတဲ့အောင်လက Crush နဲ့ Matrix ကားတွေလည်း သူ့အကြိုက်တွေဖြစ်ပြီး Fight Club နဲ့ အထက်ကဇာတ်ကားနှစ်ကားကို ရေးတဲ့စာရေးဆရာဆိုရင် အဲဒီသုံးကားလည်းရေးပြီးရော အပြင်မှာ တကယ်ရူးသွား တာကလည်း သူကြိုက်မိတဲ့ ဇာတ်ကားသုံးကားအတွက် တိုင်ဆိုင်မှုတစ်ခုရယ်ပါတဲ့။

ဒီကားထဲက မသိစိတ်ရဲ့ အကြောင်းအရာလေးတွေကို ရေးထားတဲ့သီချင်းတွေ ဒုတိယ စီးရီးထဲမှာပါဖို့ရှိတဲ့ အောင်လက ဒီဇာတ်ကားဟာသူ့ဂီတလမ်း ကြောင်းကနေထိုင်မှုပုံစံအပေါ်လည်း အထောက်အကူပြုပါတယ်လို့ ဆက်လက်ပြောပြပါတယ်။

သိပ်ဟန်မဆောင်ပါနဲ့လို့ပဲ ပြောချင်တယ်။ ကျွန်တော်က ဘယ်အရာမဆို စိတ်ထဲရှိတာ ပွင့်ပွင့်လင်းလင်းပြောတော့၊ ဟန် မဆောင်တတ်တော့မာနကြီးတယ်လို့ ပြောကြတယ်။ ကျွန်တော်က စိတ်ထဲရှိတဲ့အတိုင်းလေးနေချင်တာ။ နေရာတိုင်းနေလို့မရပေမယ့် အက်ဒ်ဝပ်လိုမျိုး မသိစိတ်ကို ပျောက်သွားစေချင်လို့ ကိုယ်နာမှာတောင်မကြောက်တော့တဲ့ အာခေါင်ကို သေနတ်ထည့်ပစ်လိုက်တာမျိုး ဘောင်မခတ်ထားတဲ့ စိတ်ဓာတ်မျိုးနဲ့ပဲ နေချင်တာ။ ကိုယ်က မဟုတ်တာလုပ်နေတာလည်း မဟုတ်တော့ စိတ်ထဲမှာ ဝှက်ထားတာမရှိဘူး။ အကုန်လုံးကိုဖွင့်ချ ဖြစ်တယ်လို့ အောင်လက ဆိုပါ တယ်။

## စာ-၄၇၊ ဇာတ်ကောင်စရိုက် ပီပြင်ရန်သာ အာရုံစိုက်ထားခဲ့ဟု ခရစ္စတီးနားပြောကြား မှ

ကြည့်တဲ့ပရိသတ်က ရယ်နေပျော်နေမှာပဲဆိုတော့ တခြားဟာတွေ စဉ်းစားမိမယ်လို့ မထင်ပါဘူး။ ဒါရိုက်တာက ကိုဇော်ဆိုတော့ ထွေထွေထူးထူး ညှိနှိုင်းစရာလည်း မရှိပါဘူး" ဟု သူမ၏ ဇာတ်ကောင်အပေါ် ပရိသတ်တုံ့ပြန်မှုကို ခန့်မှန်း ပြောကြားခဲ့သည်။ ခရစ္စတီးနားသည် ယခုနှစ်သင်္ကြန်ကို မော်လမြိုင်တွင် သွားရောက်ဖျော်ဖြေမည်ဖြစ်ပြီး မော်လမြိုင်သင်္ကြန်မှာ နေ့လယ် တစ်နာရီ မှ ည ၁၀နာရီအထိ စည်ကားလေ့ရှိသောကြောင့် ဖျော်ဖြေရေး စင်မြင့်ထက်သို့ နှစ်ကြိမ်ခန့် တက်ရောက်ဖျော်ဖြေမည်ဟု သိရသည်။ နံနက်ပိုင်းတွင် မြန်မာ ဝတ်စုံဖြင့် သင်္ကြန်အက ကမည်ဖြစ်ပြီးညပိုင်းတွင် သီချင်းသီဆိုမည့် ဖျော်ဖြေရေး အစီအစဉ်များကိုလည်း ပြောကြားသွားသည်။ လတ်တလော ရုပ်ရှင်ဇာတ်ကား ရိုက်ကူးမှု မရှိသေးသော်လည်း ရိုက်ပြီး ရုံမတင်ရသေးသည့် ဇာတ်ကားများ ကျန်ရှိနေပြီး ဗီဒီယိုနှင့် ဒီဗီဒီဇာတ်ကားများကို ပုံမှန်ရိုက်ကူးဖြစ်နေသည်ဟု ဆိုသည်။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Diary of a Wimpy Kid 2: Rodrick Rules | 20th Century Fox | ၂၃,၇၅၁,၅၀၂ | ၁ |
| ၂။ | Sucker Punch | Warner Bros. Pictures | ၁၉,၀၅၈,၁၉၉ | ၁ |
| ၃။ | Limitless | Relativity Media | ၄၁,၁၁၁,၂၃၁ | ၂ |
| ၄။ | The LincoIn Lawyer | Lionsgate | ၂၈,၇၁၇,၅၄၈ | ၂ |
| ၅။ | Rango | Paramount Pictures | ၁၀၆,၃၃၅,၉၈၇ | ၄ |
| ၆။ | Paul | Universal Pictures | ၂၄,၉၆၀,၉၇၀ | ၂ |
| ၇။ | Battle: Los Angeles | Sony Pictures | ၇၂,၅၆၂,၁၁၀ | ၃ |
| ၈။ | Red Riding Hood | Warner Bros Pictures | ၃၂,၄၂၄,၇၆၉ | ၃ |
| ၉။ | The Adjustment Bureau | Universal Pictures | ၅၄,၉၁၆,၈၆၅ | ၄ |
| ၁၀။ | Mars Needs Moms | Walt Disney Studios | ၁၉,၂၂၄,၆၄၁ | ၃ |

## Movie Review

### The Last Godfather




၁၉၅၁ ခုနှစ်။ ကာရီနီမိသားစုကြီးနှင့် ဘွန်ဖန်တီမိသားစုကြီးနှစ်ခုကြားတွင် အုပ်စုလိုက်စစ်ပွဲဖြစ်ပေါ်နေခဲ့သည်။ ဒွန်ကာရီနီမှာ ဩဇာအာဏာအကြီးမားဆုံး ဂေါ့ဒ်ဖားသားလည်း ဖြစ်သည်။ သို့သော် ဒွန်သည် အာရှသို့လာရောက်စဉ်တွင် အာရှအမျိုးသမီးတစ်ယောက်နှင့် ချစ်ကျွမ်းဝင်ခဲ့သည်။ အချိန်တန်၍ ၎င်း၏နေရာအား လွှဲပြောင်းပေးအပ်ရမည့် အချိန်တွင် ဒွန်က ၎င်း၏အရွယ်ရောက်နေသော အာရှမှသားဖြစ်သူ ယောင်ဂူအားအဖွဲ့၏ အကြီးအကဲအဖြစ် ခန့်အပ်ရန် သဘောတူညီလိုက်သောအခါ ဘွန်ဖန်တီတို့က ကာရီနီမိသားစုကြီး၏ ကျဆုံးခန်းကို ဖန်တီးကြရာ . . . .။

ဒါရိုက်တာ Hyung-Rae Shim ရိုက်ကူးထားသော ဟာသဇာတ်ကားတွင် Harvey Keital, Jason Mewes Hyung-Rae Shim တို့ဦးဆောင်ပါဝင်ထားသည်။ ဧပြီ ၁ရက်တွင် Road-side Attractions က ဖြန့်ချိမည်ဖြစ်သည်။

# Sports

7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

## မီလန်ဇီဗာဒီနိုဗစ် ကမ္ဘာ့ဖလားခြေစစ်ပွဲဝင် မြန်မာအသင်းကို ကိုယ်တွယ်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဧပြီ- ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)သည် မြန်မာအသင်းကို နိုင်ပွဲရလဒ်ရရှိအောင် မစွမ်းဆောင်နိုင်သေးသော နည်းပြချုပ် မီလန်ဇီဗာဒီနိုဗစ်အား ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းအတွက် ဆက်လက်ကိုင်တွယ်စေမည် ဖြစ်ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် နှစ်လခန့်မှစတင်၍ (MFF)နှင့် ၂ နှစ်သက်တမ်း စာချုပ်ချုပ်ထားသည့် အဆိုပါ နည်းပြဆရာသည် ၎င်းလက်ထက်တွင် မြန်မာဘောလုံးအသင်းအား နိုင်ငံတကာငါးပွဲယှဉ်ပြိုင်ခဲ့ရာတွင် ၃ ပွဲရှုံး၊ ၂ ပွဲသရေကျကာ နိုင်ပွဲ တစ်ပွဲမျှ မရရှိခဲ့သေးပေ။

ဆားဘီးယားနည်းပြ မီလန်ဇီဗာဒီနိုဗစ် စတင်တာဝန်ယူခဲ့သည့် လန်ဒန်အိုလံပစ် ခြေစစ်ပွဲဝင် မြန်မာအိုလံပစ်အသင်းအနေဖြင့် အိန္ဒိယအသင်းအား တစ်ပွဲရှုံး၊ တစ်ပွဲသရေ ရလဒ်ဖြင့် ပထမအဆင့်မှပင် ထွက်ခဲ့ရပြီး ၎င်းဆက်လက်ကိုင်တွယ်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းသည်လည်း အိမ်ကွင်းတွင် AFC Challenge Cup အုပ်စုအဆင့်မှာပင် ပါလက်စတိုင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းများအား ရှုံးနိမ့်ကာ ဖိလစ်ပိုင်အသင်းအား သရေကျခဲ့ပြီး အောက်ဆုံးအဆင့်ဖြင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။



သို့သော် MFF က ဇီဗာဒီနိုဗစ်၏ လက်ထောက်နည်းပြနှစ်ဦးဖြစ်သည့် နီကိုလပ်စ်နှင့် ဂိုရန်တို့ နှစ်ဦးအား စာချုပ်များဖျက်သိမ်းခဲ့သည်။

"မီလန်ဇီဗာဒီနိုဗစ်ကို နောက်ဆုံးအခွင့်အရေးပေးလိုက် တာပါ။ သူနဲ့စာချုပ်သက်တမ်းက ၂ နှစ်သက်တမ်းဆိုပေမယ့် ပထမ ခြောက်လအတွင်းမှာ ကျေနပ်လက်ခံလောက်တဲ့ ရလဒ်မျိုးရအောင် မစွမ်းဆောင်နိုင်ရင် စာချုပ်ဖျက်သိမ်းနိုင်တယ်ဆိုတဲ့ အချက် ထည့်သွင်းချုပ်ဆိုထားပါတယ်"ဟု MFF မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၁၄ ကမ္ဘာ့ဖလား ပထမအဆင့်ခြေစစ်ပွဲအဖြစ် မြန်မာအသင်းသည် မွန်ဂိုလီးယားအသင်းနှင့် လာမည့်ဇွန် ၁၉ ရက်တွင် အဝေးကွင်းနှင့် ဇူလိုင်လ ၃ ရက်၌ အိမ်ကွင်းအဖြစ်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲ၊ အာရှယူ- ၁၆ နှင့် ယူ- ၁၉ ခြေစစ်ပွဲ ပွဲစဉ်များရေးဆွဲမှုကို မတ်လ ၃၀ ရက်က အာရှဘောလုံးအဖွဲ့ချုပ် ရုံးစိုက်ရာ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာဘောလုံးအသင်းမှာ ခြေစစ်ပွဲ ပထမအဆင့်တွင် ကမ္ဘာ့အဆင့် ၁၈၃ ၌ ရပ်တည်နေသည့် မွန်ဂိုလီးယားအသင်းအား အနိုင်ယူကျော်ဖြတ်နိုင်မည်ဆိုပါက ဒုတိယအဆင့်တွင် အိုမန်အသင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

၂၀၁၂ အာရှ ယူ-၁၆ ပြိုင်ပွဲ ခြေစစ်ပွဲတွင် မြန်မာယူ-၁၆ အသင်းသည် အုပ်စု(ဆ)တွင် ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဟောင်ကောင်၊ ဂူအမ်အသင်းများနှင့် ကျရောက်လျက်ရှိကြောင်း သိရသည်။

ယူ-၁၉ ပြိုင်ပွဲခြေစစ်ပွဲတွင်မူ မြန်မာယူ- ၁၉ အသင်းသည် အုပ်စု(စ)တွင် မြောက်ကိုရီးယား၊ ဗီယက်နမ်၊ မလေးရှား၊ လာအိုအသင်းများနှင့် ကျရောက်လျက်ရှိသည်။

အာရှယူ-၁၆ နှင့် ယူ-၁၉ ပြိုင်ပွဲခြေစစ်ပွဲစဉ်များကိုအနောက်ဇုန်အုပ်စု (၄)ခုနှင့် အရှေ့ဇုန် အုပ်စု(၃)ခု စီရေးဆွဲထားပြီး အုပ်စုတစ်ခုစီမှာ ပထမ၊ ဒုတိယရ နှစ်သင်းစီနှင့်အရှေ့ဇုန်၊ အနောက်ဇုန်များမှ အကောင်းဆုံးအုပ်စုတတိယ တစ်သင်းစီခြေစစ်ပွဲအောင်မြင်မည်ဖြစ်ကြောင်း သိရသည်။

## ဖူဆယ်အသင်းတစ်သင်းလျှင် နိုင်ငံခြားကစားသမားနှစ်ဦး စာရင်းပေးနိုင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဧပြီ- ၂**

လာမည့် ဇွန်လအတွင်း ကျင်းပမည့် ဖူဆယ်လိဂ်(အမှတ်ပေး)ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ကလပ်အသင်းတစ်သင်းလျှင် နိုင်ငံခြားသားကစားသမား နှစ်ဦး စာရင်းပေးခွင့်ရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ဖူဆယ်ကော်မတီမှ သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပပြုလုပ်မည့် ဖူဆယ်လိဂ်(အမှတ်ပေး)ပြိုင်ပွဲတွင် အနည်းဆုံးအသင်းပေါင်း ၁၂ သင်းဖြင့်ကျင်းပသွားရန် စီစဉ်ထားကြောင်း (MFF) ဖူဆယ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ပြိုင်ပွဲဝင်ဖို့ စာရင်းပေးကြမယ့် ကလပ်အသင်းတွေထဲက အကောင်းဆုံး ၁၂ သင်းကို စိစစ်ရွေးချယ်သွားမှာပါ။ ပြိုင်ပွဲဝင်ဖို့ ပြည့်စုံတဲ့အသင်းတွေ ထပ်ရှိလာမယ်ဆိုရင်လည်း ၁၆ သင်းအထိ စိစစ်လက်ခံသွားဖို့ စီစဉ်ထားပါတယ်။ တစ်သင်းကို နိုင်ငံခြားသားကစားသမား နှစ်ဦးအပါအဝင် ကစားသမား ၁၆ ဦးစာရင်းပေးခွင့်ရှိပါတယ်"ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲကို အမှတ်ပေးပြိုင်ပွဲ League ပုံစံဖြင့် နှစ်ကျော့ယှဉ်ပြိုင်ကစားမည့် စနစ်ကျင့်သုံးရန် စီစဉ်ထားပြီး ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၂) မိုးလုံလေလုံဖူဆယ်အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဗိုလ်စွဲသည့် အသင်းအား ဆုဖလား၊ ဆုတံဆိပ်နှင့် ဆုငွေကျပ် သိန်း ၆၀၊ ဒုတိယအသင်းကို ကျပ်သိန်း ၃၀၊ တတိယ ကျပ်သိန်း ၂၀ ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်လိုသည့် ကလပ်အသင်းများသည် မေလ ၂ ရက်နောက်ဆုံးထား၍ MFF သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ ပြိုင်ပွဲဝင်အသင်းများအတွက် စည်းမျဉ်းများကိုလည်း (MFF) တွင် ထုတ်ပြန်ထားကြောင်းသိရသည်။

## အာရှမြို့တော်များ အသင်းလိုက်စစ်တုရင်ပြိုင်ပွဲ မြန်မာယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၃၀**

ပထမဆုကန်ဒေါ်လာ တစ်သောင်းချီးမြှင့်မည့် အာရှမြို့တော်များအသင်းလိုက် စစ်တုရင်ပြိုင်ပွဲ(Asian Cities Chess Team Championship) သို့ မြန်မာစစ်တုရင်အဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ဧပြီ

စာ(၅၁)သို့



7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

# အာရှဘိလိယက်ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မတ်-၃၀**

ကမ္ဘာ့ချန်ပီယံဟောင်းများ ပါဝင်ယှဉ်ပြိုင်မည့် ၁၀ ကြိမ်မြောက် အာရှဘိလိယက်ချန်ပီယံရှစ်ပြိုင်ပွဲ (10th Asian Billiards Championship)သို့ မြန်မာနိုင်ငံမှ အားကစားသမားနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို ဧပြီ ၉ ရက်မှ ၁၅ ရက်အထိ အီရန်နိုင်ငံ၊ Kishisland တွင်ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ကျော်ဦးနှင့် နေသွေးဦးတို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

နှစ်စဉ်ကျင်းပသည့် ၎င်းပြိုင်ပွဲသို့ လက်ရှိချန်ပီယံနှင့် ကမ္ဘာ့ချန်ပီယံခုနစ်ကြိမ် ဖြစ်ဖူးသူ အိန္ဒိယနိုင်ငံမှ အက်ဘာနီနှင့် ကမ္ဘာ့ချန်ပီယံရှစ်ကြိမ်ဖြစ်ဖူးသူ Geet Sethi၊ စင်ကာပူနိုင်ငံမှ ကမ္ဘာ့ကြေးစားချန်ပီယံနှစ်ကြိမ်ဖြစ်ဖူးသူ ပီတာ၊ ကမ္ဘာ့ချန်ပီယံတစ်ကြိမ်ဖြစ်ဖူးသူ ထိုင်းနိုင်ငံမှ ပရာပွတ် စသည့်နာမည်ကြီးကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် အာရှအားကစားပြိုင်ပွဲတွင် နေသွေးဦးသည် Geet Sethi အား ကွာတားဖိုင်နယ်အဆင့်တွင် အနိုင်ယူခဲ့ပြီး ဆီမီးဖိုင်နယ်တွင် စင်ကာပူမှ ပီတာကို ထပ်မံအနိုင်ယူကာ ဗိုလ်လုပွဲတွင် အက်ဘာနီကို ရှုံးနိမ့်ခဲ့ပြီး ငွေတံဆိပ်ရရှိခဲ့သည်။ ထို့အတူ ကျော်ဦးသည်လည်း ၎င်းပြိုင်ပွဲချန်ပီယံဖြစ်ခဲ့သည့် အက်ဘာနီအား ဆီမီးဖိုင်နယ်တွင် ရှုံးနိမ့်ကာ တတိယရရှိခဲ့ကြောင်း သိရသည်။

"ဒီပြိုင်ပွဲမှာ အနည်းဆုံးအကြိုဗိုလ်လုပွဲအဆင့်ထိ မျှော်မှန်းထားပါတယ်။ ကမ္ဘာ့အဆင့်ကစားသမားတွေနဲ့ မြန်မာကစားသမားတွေဟာလည်း လက်ရည်မကွာကြပါဘူး။ မြန်မာကစားသမားတွေရဲ့ လေ့ကျင့်ရေးလက်ရည်တွေလည်း တိုးတက်လာပါတယ်။ ဒါပေမဲ့ လက်ရည်တူတွေ ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတစ်ခုမှာ ကံကြမ္မာရဲ့ ဖေးမမှုကလည်း လိုအပ်ပါတယ်' ဟု မြန်မာဘိလိယက်အသင်းနည်းပြ ဒေါက်တာမင်းနိုင်က ပြောသည်။

## စာ(၅၀) - အာရှမြို့တော်များ အသင်းလိုက်စစ်တုရင်ပြိုင်ပွဲ မြန်မာယှဉ်ပြိုင်မည် မှ

စာ(၅၀) - အာရှမြို့တော်များ အသင်းလိုက်စစ်တုရင်ပြိုင်ပွဲ မြန်မာယှဉ်ပြိုင်မည် မှ

၂၁ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာစစ်တုရင်အဖွဲ့သည် ရန်ကုန်မြို့တော်အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် စစ်တုရင်ကစားသမားများဖြစ်သည့် ညီညီလွင်၊ စည်သူ၊ အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်း၊ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် မာစတာများဖြစ်ကြသည့် ဇော်ဦး၊ ကျော်လင်းနိုင်တို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု သိရသည်။

"ဒီပြိုင်ပွဲမှာ ပထမဆုကို ကန်ဒေါ်လာတစ်သောင်းချီးမြှင့်မှာဖြစ်ပြီး ပဥ္စမဆုအထိ ဆုငွေချီးမြှင့်မယ်လို့လည်း သိရပါတယ်။ အာဆီယံနိုင်ငံတွေက လက်ရွေးစင်ကစားသမားတွေလည်း လာရောက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ဆီးဂိမ်းပြိုင်ပွဲအကြို လက်ရည်စမ်းခွင့်ရရှိမှာ ဖြစ်ပါတယ်"ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောသည်။






7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011






## မန်စီးတီး-လီဗာပူး ထိပ်တိုက်တွေ့ဆုံမှုနဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၃၂) ပွဲကြိုခန့်မှန်းချက်

**ကိုထိုက်**

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ် ၃၂ မှာတော့ချယ်လ်ဆီး၊ မန်ယူတို့ အိမ်ကွင်းပွဲတွေ ကစားရမှာဖြစ်ပြီး အာဆင်နယ်၊ မန်စီးတီးတို့ကတော့ အဝေးကွင်းပွဲတွေ ယှဉ်ပြိုင်ရမှာပါ။ ဒီတစ်ပတ်ရဲ့ အကြိတ်အနယ်အရှိဆုံး ဖြစ်လာနိုင်တဲ့ ပွဲကတော့ အင်္ဂါနေ့နံနက်မှာ ကစားမယ့် လီဗာပူး-မန်စီးတီးပွဲဖြစ်ပါတယ်။

<u>၉၊ ဧပြီ၊ စနေ</u>

**ဝုလ်-အဲဗာတန်**

**(ညနေ ၆း၁၅ နာရီ)**

**ပကျော့ရလဒ် ၁-၁**

ပထမအကျော့မှာ သရေကျခဲ့တဲ့ နှစ်သင်းတွေ့ဆုံမှု ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနောက်ပိုင်း အိမ်ကွင်းတိုက်စစ်အားကောင်းပြီး ဂိုးများနေတဲ့ ဝုလ်တို့ အဲဗာတန်ကို ခြိမ်းခြောက်နိုင်မှာပါ။ အဲဗာတန်တို့ ဒီအဝေးကွင်းပွဲမှာ တန်ပြန်တိုက်စစ်ကို အဓိကဦးစားပေးရဖွယ်ရှိပြီး ဝုလ်တို့ပဲ ကပ်နိုင်မယ်ထင်ပါတယ်။

**ဘလက်ဘန်း-ဘာမင်ဂမ်**

**(ည ၈း၃၀ နာရီ)**

**ပကျော့ရလဒ် ၁-၂**

ဘလက်ဘန်းဟာ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ ဘလက်ပူး၊ နယူးကာဆယ်တို့နဲ့ သရေ၊ စပါးကို ကပ်ရှုံးခဲ့ပါတယ်။ ဘာမင်ဂမ်ကတော့ အဝေးကွင်းခြေစွမ်းအသင့်အတင့်ရှိဆဲဖြစ်ပြီး အိမ်ရှင်ကို ထိန်းကစားနိုင်ခြေရှိတယ်။ ခြေစွမ်းချင်းမကွာတဲ့ နှစ်သင်းတွေ့ဆုံမှုဖြစ်ပြီး အကြိုက်ကို ရွေးရရင် ညှိသည်ဘာမင်ဂမ်ပါ။ နှစ်သင်းပေါင်းသွင်းဂိုးနည်းနိုင်တဲ့ ပွဲပါ။

**ဘော်လ်တန်-ဝက်စ်ဟမ်း**

**(ည ၈း၃၀ နာရီ)**

**ပကျော့ရလဒ် ၃-၁**

ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲစလုံးမှာ ဘော်လ်တန်တို့ အနိုင်ရထားပြီး အိမ်ကွင်းခြေစွမ်း အမြင့်ဆုံးရောက်နေပါတယ်။ ညှိသည် ဝက်စ်ဟမ်းကတော့ အဝေးကွင်းသုံးပွဲမှာ နှစ်ပွဲသရေ၊ တစ်ပွဲနိုင်ထားတယ်။ ပထမအကျော့ရလဒ်အရရော လက်ရှိခြေစွမ်းအရပါ အိမ်ရှင်ဘော်လ်တန်က နှစ်ဂိုးအသာလောက်ရသွားနိုင်တဲ့ပွဲပါ။

**ချယ်လ်ဆီး-ဝီဂန်**

**(ည ၈း၃၀ နာရီ)**

**ပကျော့ရလဒ် ၆-၀**

ပထမအကျော့တုန်းက ညှိသည်ချယ်လ်ဆီးတို့ ဝီဂန်ကို ခြေစွမ်းပြကာ ဂိုးပြတ်နိုင်ခဲ့ပါတယ်။ ချယ်လ်ဆီးဟာ လက်ရှိခြေစွမ်းအရလည်း ထိပ်သီးအဆင့်ဖြစ်တာနဲ့အညီ အိမ်ကွင်းစတန်းဖို့ဒ်ဘရစ်ချ်မှာ ဖိကစားဦးမှာပါ။ ချယ်လ်ဆီးဘက်က အနည်းဆုံး နှစ်ဂိုးအသာလောက်နဲ့ နေသင့်တဲ့ပွဲဖြစ်ပါတယ်။

စာ(၄၅)သို့



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

## ဖုန်းများ၊ အိုင်ပေါ့များကို ခန္ဓာကိုယ်လှုပ်ရှားမှုဖြင့် အားသွင်းနိုင်မည့် ချစ်ပ်တစ်မျိုးတီထွင်

**လန်ဒန်၊ မတ် - ၂၉**


အမေရိကန်နိုင်ငံရှိ ဂျော်ဂျီယာ နည်းပညာအင်စတီကျုဒ်မှ သိပ္ပံပညာရှင်များသည် လက်ကိုင်အသုံးအဆောင်ပစ္စည်းများ ဖြစ်သည့် အိုင်ပေါ့များ၊ မိုဘိုင်းဖုန်းများကို ခန္ဓာကိုယ်လှုပ်ရှားမှုဖြင့်ပင် အားသွင်းပေးနိုင်မည့် လျှပ်စစ်ဓာတ်အားထုတ်နိုင်သော ချစ်ပ်တစ်မျိုးကိုတီထွင်ခဲ့ကြောင်း သိရသည်။ ပညာရှင်များသည် အဆိုပါအလွန်သေးငယ်သော ချစ်ပ်တွင် ခန္ဓာကိုယ်လှုပ်ရှားမှုမှတစ်ဆင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သည့် ဇင့်အောက်ဆိုက်နာနိုဝိုင်ယာကြိုးများ သုံးထားသည်။

ယင်းချစ်ပ်မှ စွမ်းအင်ကိုရေ ဒီယိုလှိုင်းဖြင့် ထုတ်လွှတ်ကာ အိုင်ပေါ့နှင့် မိုဘိုင်းဖုန်းကဲ့သို့သော အသေးစား လူသုံးအီလက်ထရွန်နစ်ပစ္စည်းများကို ဓာတ်အားပေးနိုင်မည် ဖြစ်သည်။ အဖွဲ့ကို ဦးဆောင်သည့် သုတေသီ ဒေါက်တာကျန်လင်းဝမ်ကလည်း "ဒီတိုးတက်မှုဟာ ဘက်ထရီသုံးစရာ၊ လျှပ်စစ်ဓာတ်အားဖြည့် စရာမလိုဘဲခန္ဓာကိုယ် လှုပ်ရှားမှုနဲ့အားသွင်းယူနိုင်တဲ့ အိတ်ဆောင်အီလက်ထရွန်နစ် ပစ္စည်းတွေ ထုတ်လုပ်ရေးမှာ မှတ်တိုင်တစ်ခုပါပဲ" ဟုပြောသည်။

၎င်းက ခန္ဓာကိုယ်လှုပ်ရှားမှုမှလျှပ်စစ်ဓာတ်အား ထုတ်ယူသည့်ချစ်ပ်များကို နာနိုဂျင်နရေတာများဟု ခေါ်ဝေါ်ထားသည်။ ယင်းနာနိုဂျင်နရေတာများတွင် လူ့ဆံခြည်မျှင်တစ်ချောင်းထက် အဆ ၅၀၀ ခန့်ပိုမိုသေးငယ်သော နာနိုဝိုင်ယာကြိုးပေါင်းသန်းချီ၍ အသုံးပြုထားသည်။ ပညာရှင်များသည်ယခုအခါ အေအေဓာတ်ခဲနှစ်လုံး၏ စွမ်းအင်နှင့် ညီမျှသော နာနိုဂျင်နရေတာ ငါးခုကို စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

*—Ref: Dailymail*

## ဂူးဂဲလ်စမတ်ဖုန်း Android OS ၂၀၁၅ အထိဈေးကွက်ကို ဦးဆောင်မည်



**ဆန်ဖရန်စစ္စကို၊ မတ် - ၂၉**

ဂူးဂဲလ်မှ ထုတ်လုပ်သော စမတ်ဖုန်း operating system (OS) ဖြစ်သည့် Android သည် ယခုနှစ် ၂၀၁၁ မှစ၍ ဈေးကွက်ကို လွှမ်းမိုးလာနိုင်ခဲ့ပြီး အနည်းဆုံး လာမည့် ၂၀၁၅ ခုနှစ်အထိပင် ဈေးကွက်ကို ဦးဆောင်နေမည်ဖြစ်ကြောင်း ဈေးကွက်သုတေသနကုမ္ပဏီ IDC ကခန့်မှန်းလိုက်သည်။ IDC က Android သည် ၂၀၁၁ တွင်စမတ်ဖုန်း OS ဈေးကွက်၏ ၃၉ ဒသမ ၅ ရာခိုင်နှုန်းကိုရရှိသွားမည်ဖြစ်ကြောင်း၊ နိုကီယာမှာ ဈေးကွက်ဝေစု ၂၀ ဒသမ ၉ ရာခိုင်နှုန်း ရရှိသွားမည်ဖြစ်ကြောင်းဆိုသည်။

IDC ၏အကြီးတန်းသုတေသနမှူး ရာမွန်လမ်းမတ်စ်က "Android ဆော့ဖ်ဝဲဟာ ၂၀၁၀ ထဲမှာ နံပါတ်နှစ်နေရာ ရှိလာခဲ့ရာက ၂၀၁၁ ထဲမှာတော့ ဈေး ကွက်ဦးဆောင်နိုင်တဲ့ စမတ်ဖုန်း OS ဖြစ်လာခဲ့ပါတယ်" ဟုပြော သည်။ IDC ကပင် ၂၀၁၅ ခုနှစ်တွင် မကြာမီက မိုက်ကရိုဆော့ဖ်မှ ထုတ်လုပ်သည့် Windows Phone 7 OS သည် Android ၏နောက်တွင် ဒုတိယနေရာရရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

*—Ref: AP*






7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

# သိပ္ပံပညာတွင် တရုတ်က အမေရိကန်အား ၂ နှစ်အတွင်း ကျော်တက်သွားနိုင်

**လန်ဒန်၊ မတ် - ၃၁**

တရုတ်နိုင်ငံသည် သိပ္ပံပညာနယ်ပယ်တွင် အမေရိကန်နိုင်ငံအား ၂ နှစ်အတွင်း ကျော်တက်သွားရန် အလားအလာကောင်းနေကြောင်း ယင်းမှာ ယခင်က မျှော်လင့်ထားသည်ထက် ပိုစောနေကြောင်း ဗြိတိန်နိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီ၏ သုတေသနစာတမ်းသစ်က ဖော်ပြသည်။

သံလိုက်အိမ်မြှောင်၊ ယမ်းမှုန့်၊ စက္ကူနှင့် ပုံနှိပ်အတတ်ပညာများတီထွင်ခဲ့သောနိုင်ငံသည် ကမ္ဘာ့သိပ္ပံပညာနယ်ပယ်တွင်ပြန်လည်အရေးပါလာတော့မည်ဖြစ်သည်။

ပုံနှိပ်ထုတ်ဝေသည့် သုတေသနစာတမ်းများကို နှိုင်းယှဉ်လေ့လာခဲ့ရာတွင် တရုတ်နိုင်ငံက သုတေသနစာတမ်း ပုံနှိပ်ထုတ်ဝေမှုမှာ အံ့ဩစရာကောင်းအောင် တိုးတက်လာကြောင်း တွေ့ရှိခဲ့ရသည်။ နိုင်ငံတကာ အသိအမှတ်ပြုဂျာနယ်များတွင် ပုံနှိပ်ထုတ်ဝေခဲ့သောစာတမ်းများကို အခြေခံ၍ လေ့လာခဲ့ခြင်းဖြစ်သည်။

နှိုင်းယှဉ်လေ့လာမှုများ အစပြုခဲ့သည့် ပထမဆုံးနှစ် ၁၉၉၆ ခုနှစ်တွင် အမေရိကန်နိုင်ငံက သိပ္ပံပညာစာတမ်းပေါင်း ၂၉၂,၅၁၃ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ထိုအချိန်တွင် တရုတ်နိုင်ငံက စာတမ်းပေါင်း ၂၅,၄၇၄ သာပုံနှိပ်ထုတ်ဝေခဲ့သည်။ ၂၀၀၈ ခုနှစ်သို့ ရောက်သောအခါ အမေရိကန်၏ စာတမ်းထုတ်ဝေမှုမှာ ၃၁၆,၃၁၇ သို့ ရောက်ရှိလာခဲ့သော်လည်း တရုတ် နိုင်ငံ၏ ထုတ်ဝေမှုမှာ ၇ ဆခန့် တက်လာပြီး ၁၈၄,၀၈၀ သို့ ရောက်ရှိလာခဲ့သည်။

ထို့အပြင် တရုတ်နိုင်ငံ၏ သုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမှာ ၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ် ၂၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ယခုအခါ ကန်ဒေါ်လာ ၁၀၀ ဘီလီယံသို့ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ဤနှုန်းအတိုင်းဆိုလျှင် တရုတ်နိုင်ငံသည် ၂၀၁၃ ခုနှစ်အရောက်တွင် သုတေသနစာတမ်းထုတ်ဝေမှုတွင် အမေရိကန်နိုင်ငံအားကျော်တက်သွားနိုင်ကြောင်း ဗြိတိန်တော်ဝင် ပညာရှင်များအဖွဲ့၏ လေ့လာချက်က ဖော်ပြထားသည်။

*—Ref: BBC*






7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

# လစ်ဗျားသူပုန်များအား လျှို့ဝှက်အကူအညီပေးရန် အိုဘားမား အတည်ပြုပေးခဲ့ဟုဆို



**ဝါရှင်တန်၊ မတ် - ၃၁**
လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီအား ဖြုတ်ချရန် ကြိုးစားနေသောသူပုန်များအား အမေရိကန်အစိုးရက သိုသိုသိပ်သိပ် ထောက်ပံ့ရန် လျှို့ဝှက်အမိန့်စာကို သမ္မတအိုဘားမားက လက်မှတ်ထိုးခဲ့ကြောင်းအစိုးရ အရာရှိများက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

သမ္မတ၏ တွေ့ရှိချက်ဟူသော အမိန့်ကြေညာစာအား လွန်ခဲ့သည့် နှစ်ပတ်၊ သုံးပတ်အတွင်းအိုဘားမားက လက်မှတ်ထိုးခဲ့ကြောင်း ယင်းကိစ္စနှင့် အကျွမ်းတဝင်ရှိသော အစိုးရရင်းမြစ်များကပြောကြားသည်။

ယင်းသို့သော တွေ့ရှိချက်များမှာ ဗဟိုထောက်လှမ်းရေးအေဂျင်စီ၏ လျှို့ဝှက်စစ်ဆင်ရေးများကို အတည်ပြုရန် သမ္မတက အသုံးပြုလေ့ရှိသည့် ညွှန်ကြားလွှာများဖြစ်ကြောင်း သိရသည်။ သို့သော်ယင်းမှာ အရေးယူမှုပြုလုပ်ရန် ဥပဒေအရ လိုအပ်သည့် အဆင့်ဖြစ်သော်လည်း အရေးယူမှုဖြစ်ပေါ်လာမည်ဟု အဓိပ္ပာယ်မသက်ရောက်ပေ။

ယင်းကိစ္စနှင့်ပတ်သက်၍ အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ပီဂျေခရိုလီကလည်း “ထောက်လှမ်းရေးကိစ္စများကို မှတ်ချက်ပေးမည်မဟုတ်” ဟု ထုတ်ပြန်ကြေညာခဲ့သည်။

လစ်ဗျားနိုင်ငံရှိ အတိုက်အခံ (သို့မဟုတ်)မည်သည့်အုပ်စုကိုမဆို လက်နက်ထောက်ပံ့ရန် ဆုံးဖြတ်ချက် မချရသေးကြောင်း သမ္မတက ပြောကြားခဲ့သည်ကို ထပ်မံအတည်ပြုပြောကြားလိုကြောင်း အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

စီအိုင်အေကလည်း အိုဘားမားက ယင်းကိစ္စကိုအတည်ပြုပေးလိုက်သည်ဆိုခြင်းကို မှတ်ချက်ပေးရန် ငြင်းဆိုခဲ့သည်။ သို့သော် စီအိုင်အေသည် လေကြောင်းတိုက်ခိုက်မှုများအတွက် ထောက်လှမ်းရေးသတင်းစုဆောင်းရန် အုပ်စုငယ်များ ထည့်သွင်းထားကြောင်း အမည်မဖော်သော အမေရိကန်အရာရှိများကို ကိုးကား၍ နယူးယောက်တိုင်းမ်သတင်းက ဖော်ပြသည်။

စီအိုင်အေသတင်းပေးများအပြင် ဗြိတိသျှအထူးတပ်ဖွဲ့နှင့် အမ်အိုင်(၆)ထောက်လှမ်းရေး အရာရှိများလည်း လစ်ဗျားနိုင်ငံတွင် အလုပ်လုပ်နေကြောင်း နယူးယောက်တိုင်းမ်က ဆက်လက်ဖော်ပြသည်။

*—Ref: Reuters*

# လစ်ဗျားနိုင်ငံခြားရေးဝန်ကြီး ဘက်ပြောင်းပြီး ဗြိတိန်သို့ ရောက်ရှိ


**လန်ဒန်၊ မတ် - ၃၁**
အရပ်သားများအပေါ် ကဒါဖီတပ်ဖွဲ့များက တိုက်ခိုက်နေခြင်းကို ကန့်ကွက်သောအားဖြင့် လစ်ဗျားနိုင်ငံခြားရေးဝန်ကြီးသည် လစ်ဗျားအစိုးရအဖွဲ့မှ နုတ်ထွက်၍ ဗြိတိန်နိုင်ငံသို့ လေယာဉ်ဖြင့်ထွက်ခွာသွားကြောင်း ၎င်း၏မိတ်ဆွေတစ်ဦးက ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီး မေဘ်ဆာကော်ဆာသည် ကဒါဖီအစိုးရအဖွဲ့မှ နုတ်ထွက်ခြင်းမှာ ကြီးမားသော ထိုးနှက်ချက်ဖြစ်ကြောင်း ဗြိတိသျှအစိုးရ သတင်းရင်းမြစ်တစ်ဦးက ပြောကြားသည်။

ကဒါဖီ၏ ၄၁ နှစ်ကြာအုပ်ချုပ်မှုအပေါ် ပုန်ကန်မှုများ ပြီးခဲ့သည့်လက စတင်ဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်း ၎င်းအား ပုန်ကန်ထကြွသူများအား လေယာဉ်များ၊ တင့်ကားများ၊ လက်နက်ကြီးများဖြင့် ကဒါဖီက ဖြိုခွင်းခဲ့ရာ အနောက်နိုင်ငံများက ဦးဆောင်သည့် ဗုံးကြဲတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ကော်ဆာသည် ကဒါဖီအစိုးရ၏ သက်တမ်းအရင့်ဆုံး အရာရှိတစ်ဦးဖြစ်ကြောင်း ၎င်း၏အခန်းကဏ္ဍမှာ ကဒါဖီအစိုးရအား နိုင်ငံတကာတွင် ကိုယ်စားပြုရေးဖြစ်သော်လည်း ယခုအခါ ယင်းသို့ကိုယ်စားပြုရေးကို စိတ်အားမထက်သန်တော့ကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

မစ္စတာကော်ဆာသည် တူနီးရှားနိုင်ငံ နယ်စပ်သို့ ဖြတ်ကျော်ဝင်ရောက်၍ အင်္ဂလန်အ



ရှေ့တောင်ပိုင်းရှိ ဖန်ဘိုရိုးလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရသည်။ ၎င်း၏ ကိုယ်ပိုင်လွတ်လပ်သော သဘောထားဖြင့် လာရောက်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ ရာထူးမှနုတ်ထွက်တော့မည်ဟု မစ္စတာကော်ဆာက ပြောကြားခဲ့ကြောင်း ဗြိတိန်ပြောခွင့်ရပုဂ္ဂိုလ်က ထုတ်ပြန်ကြေညာသည်။

*—Ref: Reuters*

# နျူကလီးယား ဘေးကင်းလုံခြုံရေး ထိပ်သီး ဆွေးနွေးပွဲ ပြုလုပ်ရန် အိုင်အေအီးအေ ပြောကြား

**ဗီယင်နာ၊ မတ် - ၂၉**
ဂျပန်နိုင်ငံတွင် ဆက်လက်ဖြစ်ပေါ်နေသော နျူကလီးယားအကျပ်အတည်းမှ သင်ခန်းစာများကိုလေ့လာနိုင်ရန် လာမည့်လများတွင် အဆင့်မြင့် ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ရန် နိုင်ငံတကာအနုမြူစွမ်းအင် အေဂျင်စီ (IAEA)က တိုက်တွန်းပြောကြားသည်။

နျူကလီးယား ဘေးကင်းလုံခြုံရေးဆိုင်ရာ အဆင့်မြင့် အိုင်အေအီးအေနီးနှောဖလှယ်ပွဲတစ်ရပ်ကို ဇွန်လခန့်တွင် ဗီယင်နာမြို့၌ ခေါ်ယူကျင်းပသွားဖွယ် ရှိကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)၏ ညွှန်ကြားရေးမှူးချုပ် ယူကီယာအာမာနိုက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အနာဂတ်တွင် နျူကလီးယားမတော်တဆမှု မဖြစ်ပေါ်ရေး၊ သင်ယူလေ့လာသင့်သည့် သင်ခန်းစာများ၊ နျူကလီးယား စက်ရုံများတွင် ဘေးကင်းလုံခြုံရေးတိုးမြှင့်ရေးနည်းလမ်းများ၊ နျူမတော်တဆမှုများနှင့် အရေးပေါ်အခြေအနေများအား တုံ့ပြန်မှု ပိုမိုတိုးတက်ရေးနည်းလမ်းများ စသည့်အကြောင်းအရာများကို ယင်းနှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးသင့်ကြောင်း မစ္စအာမာနိုက ပြောသည်။

ယခုအဖြစ်အပျက်များအား ဆက်လက်လေ့လာရန်မှာ အိုင်အေအီးအေသည် အကောင်းဆုံးအနေအထားတွင် ရှိကြောင်း၊ အကြောင်းမှာ အိုင်အေအီးအေတွင် လိုအပ်သော ကျွမ်းကျင်မှုအဖွဲ့ဝင်အများအပြားရှိကာ မြင်သာထင်သာရှိမှုနှင့် ပွင့်ပွင့်လင်းလင်းရှိရေးကိုလည်း အာမခံနိုင်၍ဖြစ်ကြောင်း အိုင်အေအီးအေအကြီးအကဲက ဆက်လက်ပြောကြားသည်။

*—Ref: AFP*

# ဩစတြေးလျဝန်ကြီးချုပ်၏ ကွန်ပျူတာ ဟက်ကာ ဖောက်ထွင်းခံရ

**ဆစ်ဒနီ၊ မတ် - ၂၉**
ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂင်းလာ့ဒ်၏ ပါလီမန်ကွန်ပျူတာနှင့် နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးများ၏ ကွန်ပျူတာများဖောက်ထွင်းခံရသည်ဟု မသင်္ကာဖြစ်နေကြောင်းနှင့် ယင်းအတွက် တရုတ်နိုင်ငံအား သံသယရှိကြောင်း သတင်းတစ်ရပ်က ဖော်ပြသည်။

အနည်းဆုံးဝန်ကြီး ၁၀ ဦး၏ ကွန်ပျူတာများမှ ထောင်ပေါင်းများစွာသော အီးမေးလ်များကို ဝင်ရောက်ကြည့်ရှုမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဆစ်ဒနီမြို့ ဒေးလီတယ်လီဂရပ်နှင့် အမေရိကန်ထောက်လှမ်းရေးအရာရှိများက ဩစတြေးလျအစိုးရအား သတင်းပေးခဲ့သည်။

ယင်းသို့ သူလျှိုလုပ်ခြင်းမှာ ဖေဖော်ဝါရီလကပင် စတင်ခဲ့ကြောင်း ဆစ်ဒနီသတင်းစာက ဖော်ပြသည်။


သံသယရှိသော နိုင်ငံခြားဟက်ကာများ၏ စာရင်းတွင် တရုတ်ထောက်လှမ်းရေးအေဂျင်စီများလည်း ပါဝင်ကြောင်း အစိုးရသတင်းရင်းမြစ်လေးဦးက အတည်ပြုပြောကြားခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

ဩစတြေးလျရှေ့နေချုပ် ရောဘတ်မက်ကလီလန်းကမူ ယင်းအဖြစ်အပျက်အား အတည်ပြုရန် (သို့မဟုတ်)ငြင်းဆိုရန် ငြင်း ဆန်ခဲ့သည်။ လုံခြုံရေးနှင့် ထောက်လှမ်းရေးအေဂျင်စီများ၏လုပ်ငန်းများနှင့် ပတ်သက်လျှင် ဩစတြေးလျအစိုးရအစဉ်အဆက်ကမှတ်ချက်ပေးလေ့မရှိကြောင်းရှေ့နေချုပ်က ပြောသည်။

သို့သော် ဩစတြေးလျ လုံခြုံရေးနှင့် ထောက်လှမ်းရေးအေဂျင်စီများသည် ဆိုက်ဘာလုံခြုံရေး အတွက် အခြားနိုင်ငံတကာသ တင်းအေဂျင်စီများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ရှေ့နေချုပ်က ပြောကြားသည်။

*—Ref: AFP*

# ကမ္ဘာ့အမြင့်ဆုံးဟိုတယ် ဟောင်ကောင်တွင် ဖွင့်လှစ်



**ဟောင်ကောင်၊ မတ် - ၂၉**
ကမ္ဘာ့အမြင့်ဆုံးဟိုတယ်ဟု သတ်မှတ်နိုင်သည့် ရစ်ဇ်ကာလ်တန်ဟိုတယ်ကို ဟောင်ကောင်တွင် မတ်လ ၂၈ ရက်က ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ အမြင့်မီတာ ၄၉၀ (ပေ ၁,၆၀၀)ရှိသော ယင်းဟိုတယ်အဆောက်အအုံသည် ဟောင်ကောင်မှ ကမ္ဘာကျော် ဗစ်တိုရီးယားဆိပ်ကမ်းကို စီးမြင်နေရသည့် ရှုခင်းတွင်တည်ရှိပြီး ၂၀၀၈ ခုနှစ်တွင် ယာယီပိတ်ထားရာမှ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဟိုတယ်ဖွင့်ပွဲအခမ်းအနားတွင် ဧည့်သည်များသည် အဆောက်အအုံ၏ ၁၁၈ ထပ်တွင်တည်ရှိသော နိုင်ငံတကာကုန်သွယ်ရေးစင်တာနှင့် ဟိုတယ်တည်ရှိရာအထပ်ကို တက်ရောက်ခဲ့ကြပြီး တောင်တရုတ်ပင်လယ်ရှုခင်းကို ကမ္ဘာ့အမြင့်ဆုံးဟိုတယ်ပေါ်မှ ကြည့်ရှုခံစားခဲ့ရသည်။

သို့သော် သတင်းဖော်ပြချက်အရ ရစ်ဇ်ကာလ်တန်ဟိုတယ်သည် ကမ္ဘာ့အမြင့်ဆုံးဟိုတယ်အဖြစ် ၂၀၁၄ ခုနှစ်အထိသာ တည်ရှိနိုင်ပြီး ထိုနှစ်တွင်ပြီးစီးမည့် အမြင့်မီတာ ၆၀၀ ရှိရှန်ဟိုင်းတာဝါတွင်ဂျေဟိုတယ်ကို ဖွင့်လှစ်လိုက်ပါက ယင်းဟိုတယ်အား ကမ္ဘာ့အမြင့်ဆုံးဟိုတယ်အဖြစ် သတ်မှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ရစ်ကာလ်တန်ဟောင်ကောင်ဟိုတယ်သည် ဟောင်ကောင်မြို့တော်တွင် ဈေးအကြီးဆုံးဟိုတယ် များ၌ အပါအဝင်ဖြစ်ပြီး Deluxe အဆင့်အခန်းတစ်ခန်းကို တစ်ညတည်းခိုခ ဟောင်ကောင်ဒေါ်လာ ၆,၀၀၀ (ကန်ဒေါ်လာ ၇၇၀) ကျသင့်ကြောင်း သိရသည်။

*—Ref: AFP*

7 DAY NEWS JOURNAL

# International

Vol.10, No.5 • APRIL 7, 2011

**Interview** စာမျက်နှာ(၄၆)သို့



ဖရန့်စစ်ဖူကူယားမားနှင့် ဂျပန်အကြောင်း စကားစမြည်

**News Analysis** စာမျက်နှာ(၃၆)သို့



ချူကာလီးယား ရွေးကောက်ပွဲ

# တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကျည်ဆန်ရထားများဖြင့် ချိတ်ဆက်မည်



ဆိုးလ်၊ ဧပြီ - ၄

တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံတစ်ဝန်း အဓိကမြို့ကြီးများအား မြန်နှုန်းမြင့် ကျည်ဆန်ရထားများဖြင့်ချိတ်ဆက်ရန် ရထားကွန်ရက်ကိုတိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

၂၀၂၀ ပြည့်နှစ်အရောက်တွင် အဓိကမြို့ကြီးများအားလုံးကို ချိတ် ဆက်သွားမည်ဖြစ်ရာ နိုင်ငံ၏ မည်သည့်နေရာသို့မဆို မိနစ် ၉၀အတွင်း ရောက်ရှိသွားနိုင်ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီကဖော်ပြသည်။

နိုင်ငံတောင်ပိုင်းမှ မြို့ကြီးနှစ်မြို့ဖြစ်သော ဘူဆန်နှင့် ဒေဂူးသို့ချိတ်ဆက်ထားသော

စာမျက်နှာ(၄၅)သို့




## ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်

ဘာလင်၊ ဧပြီ - ၄

မကြာသေးမီက ပြုလုပ်ခဲ့သော ပြည်နယ်ရွေးကောက်ပွဲများတွင် ၎င်း၏ပါတီဆိုးဆိုးရွားရွားရှုံးနိမ့်ခဲ့ခြင်းအတွက် ဖိအားပေးခံနေရသော ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဂိုင်ဒိုဝက်စတာဝဲလ်က လွတ်လပ်သောဒီမိုကရက်များပါတီ၏ အကြီးအကဲအဖြစ်မှ လာမည့်လတွင် နုတ်ထွက်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

"ပါတီခေါင်းဆောင်အနေနဲ့ ဆယ်စုနှစ်လုပ်ကိုင်ပြီးချိန်မှာ မေလမှာပြုလုပ်မယ့် ပါတီညီလာခံမှာ ကျွန်တော်ဝင်ပြီး အရွေးခံမှာမဟုတ်တော့ပါဘူး" ဟု ဝက်စတာဝဲလ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

တရုတ်နှင့် ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်ပြီးနောက် ယခုကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း ဝက်စတာဝဲလ်က ပြောကြားသည်။ စာမျက်နှာ(၄၅)သို့



## လူပေါင်း ၅၀၀၀ ကျော်အား ဆော်ဒီအာရေး ဗီးယားက အကြမ်းဖက်မှုဖြင့် တရားစွဲဆို

ရီးယာ့ဒ်၊ ဧပြီ - ၃

ဆော်ဒီအာရေးဗီးယားနိုင်ငံသည် လူပေါင်း ၅၀၀၀ ကျော်အား အကြမ်းဖက်မှုဖြစ်မှုများဖြင့် တရားစွဲဆိုခဲ့ကြောင်း ဆော်ဒီအာရေးဗီးယားအစိုးရက ဧပြီလ ၃ ရက်တွင် ပြောကြားသည်။

အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုများဖြင့် စုစုပေါင်း ဖမ်းဆီးစစ်ဆေးခဲ့သော လူပေါင်း ၅၀၈၀ ဦးရှိကြောင်းနှင့် ၎င်းတို့ထဲမှ ၂၂၁၅ ဦးအား တရားရုံးများသို့ လွှဲပြောင်းပေးခဲ့ပြီး ၁၆၁၂ ဦးအား ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်ကာ ၆၀၃ ဦးကိုမူ ရုံးတင်စစ်ဆေးနေဆဲဖြစ်ကြောင်း ဆော်ဒီအာရေးဗီးယားနိုင်ငံ စုံစမ်းစစ်ဆေးရေးနှင့် တရားစီရင်ရေးဗျူရိုက ပင်လယ်ကွေ့သတင်းဌာနအား ပြော ကြားသည်။ ထို့အပြင် မသင်္ကာသူ ၉၃၄ ဦးအား ရုံးတင်စစ်ဆေး ရန်ပြင်ဆင်နေပြီး နောက်ထပ်လူပေါင်း ၁၉၃၁ ဦးကို စုံစမ်း စစ်ဆေးနေဆဲဖြစ်ကြောင်း စာမျက်နှာ(၄၅)သို့



## ပြင်သစ်တပ်ဖွဲ့များ အိုင်ဗရီကို့စ်လေဆိပ်အား သိမ်းပိုက်

အဘီဂျန်၊ ဧပြီ - ၄

အိုင်ဗရီကို့စ်နိုင်ငံ ပြည်တွင်းစစ်တွင် မည်သူအောင်ပွဲခံမလဲဟု စောင့်ကြည့်နေစဉ်အတွင်း မြို့တော်အဘီဂျန်လေဆိပ်အား ပြင်သစ်ငြိမ်းချမ်းရေးတပ်ဖွဲ့များက သိမ်းပိုက်လိုက်ကြောင်း ပြင်သစ်နိုင်ငံက ပြောကြားသည်။

ပြင်သစ်တပ်ဖွဲ့ဝင် ၃၀၀ သည် ကုလသမဂ္ဂတပ်ဖွဲ့ဝင် ၇၅၀၀ နှင့်ပူးပေါင်း၍ လေဆိပ်အားသိမ်းပိုက်လိုက်ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်ဟု စီအင်န်အင်န်သတင်းတွင် ဖော်ပြသည်။

မြို့တော်အဘီဂျန်တွင် ကုလသမဂ္ဂရဟတ်ယာဉ်များက စောင့်ကြည့်ကင်းလှည့်နေကြောင်းနှင့် ယခင်ရက်များက တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပြီးနောက် လမ်းများမှာ လူသူကင်းမဲ့ခဲ့သည်။

စာမျက်နှာ(၄၅)သို့



7 DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011





# ဆရာစံလမ်းတွင် ရေကစားမဏ္ဍပ်ဆောက်လုပ်ခွင့်ပြန်ပြု

ကျော်သီဟ

ရန်ကုန်၊ မတ် - ၃၀

ဆရာစံလမ်းတွင် သင်္ကြန်ရေကစားမဏ္ဍပ်ဆောက်လုပ်ခြင်းအား ၇နှစ်ကြာ ခွင့်မပြုခဲ့ရာမှ ယခု ၂၀၁၁သင်္ကြန်၌ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်က ယာယီပိတ်ထားခဲ့သော တက္ကသိုလ် ရိပ်သာလမ်းတွင်လည်း ရေကစားမဏ္ဍပ်များ ပြန်လည်ဆောက်လုပ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဗဟန်းမြို့နယ် ဆရာစံလမ်းတွင် နေရာသုံးနေရာ၌ မဏ္ဍပ်ဆောက် လုပ်ခွင့်ပြုမည်ဖြစ်သည်။ မစ္စတာ ဂစ်တာရှေ့၊ ကုက္ကိုင်းရေကူးကန်လမ်းအနီး၊ ပြည်ထဲရေးဝန်ကြီးရုံးဟောင်းရှေ့တို့တွင် ရေကစားမဏ္ဍပ်များချထားပေးမည်ဖြစ်ပြီး ယင်းဆရာစံလမ်းမှာ ၂၀၀၃ ခုနှစ် နောက်ပိုင်းမှစ၍ ရေရရှိရေး အ ခက်အခဲကြောင့် သင်္ကြန်မဏ္ဍပ်တည်ဆောက်ခွင့်မပြုခဲ့ကြောင်း တာဝန်ရှိသူများကပြောသည်။ ယခုနှစ်တွင် ထိုနေရာများ၌ အဝီစိတွင်းရေကို အသုံးပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ စုံစမ်း သိရှိရသည်။ ထို့အပြင် မဏ္ဍပ်ဆောက် လုပ်ခွင့် ပိတ်ထားခဲ့သော တက္ကသိုလ်ရိပ်သာလမ်းတွင်လည်း မဏ္ဍပ်ဆောက်လုပ်ခွင့်ပြုမည်ဖြစ်သည်။ ကမ္ဘာအေးဘုရားလမ်းတွင် မဏ္ဍပ်တည်ဆောက်ရန် နေရာ ၅ ခုကို ခွင့်ပြုထားပြီး မရမ်းကုန်း မြို့နယ်၊ မြကျွန်းသာ ပန်းခြံရှေ့ တွင် ၁ နေရာ၊မရီနာ ဟိုတယ်အ နီး၂နေရာ၊တက္ကသိုလ်ရိပ်သာလမ်း နှင့် စက်မှု ၁ လမ်းဆုံမီးပွိုင့်အ တွင်း ၂ နေရာတို့ဖြစ်သည်။ ထို မဏ္ဍပ်များ တွင် အင်းလျားကန်မှ ရေကိုအသုံးချသွားမည်ဖြစ်သည်။

ရန်ကုန်တစ်မြို့လုံးတွင် နေရာ၃၃နေရာ၌ ရေကစားမဏ္ဍပ်ဆောက်လုပ်ခွင့်ပြုမည်ဖြစ်သည်။ ယခင်နှစ်က ဖုံးပေါက်ကွဲခဲ့သော မင်္ဂလာတောင်ညွန့် မြို့နယ်ကန်ပတ်လမ်းတွင် ၇နေရာ၊ ပြည်လမ်းမတွင် ၅နေရာ၊ ပါရမီလမ်းတွင် ၂ နေရာ၊ ကမ္ဘာအေးဘုရားလမ်းတွင် ၅ နေရာ၊ တက္ကသိုလ် ရိပ် သာလမ်းတွင် (၂)နေရာ စက်မှု(၁) လမ်းတွင် ၁ နေရာ၊ ဝေဇယန္တာ လမ်းတွင် ၁ နေရာ၊ ဘုရင့်နောင် လမ်းတွင် ၃နေရာ၊ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် ၁ နေရာ၊ ဆရာစံ လမ်းတွင် ၃ နေရာ၊ ဒဂုံမြို့နယ် အလုံလမ်းပိုင်းတွင် ၂ နေရာ၊ ကမ်းနားလမ်းတွင် ၁ နေရာတို့ ဖြစ်သည်။ သင်္ကြန်ရေကစားမဏ္ဍပ်ဆောက်လုပ်ခွင့်ကို ဧပြီ ၂ ရက် နောက်ဆုံးထားလျှောက်ထားရန် သတ်မှတ်ထားသည်။

## သင်္ကြန်ကာလအတွင်း လေကြောင်းလိုင်းနှစ်ခု စင်းလုံးငှား ခရီးစဉ်များ ပြေးဆွဲမည်

သိမ့်သိမ့်စိုး၊ အောင်သူရ

ရန်ကုန်၊ ဧပြီ - ၁

သင်္ကြန်တွင်းကာလ၌ ငပလီကမ်းခြေသွားရောက်လိုသူများအတွက် Air Mandalay နှင့် Asia Wings လေကြောင်းလိုင်းများမှ Charter Flight များကို တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းများမှ သိရသည်။

"သင်္ကြန်တွင်းမှာ ငပလီဘက်ကို အပန်းဖြေသွားတဲ့သူတွေများတဲ့အတွက် ပုံမှန်လေကြောင်းလိုင်းတွေအပြင် အေးဂျင်တွေနဲ့ ဆက်စပ်ပြီး စီးလုံး ငှားယာဉ်တွေပါ ထပ်တိုးပြေးဆွဲပေးသွားမှာ" ဟု အဲမန္တလေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဲမန္တလေးလေကြောင်းမှ ရန်ကုန်-စစ်တွေ၊ သံတွဲ-ငပလီ ခရီးစဉ်ကို သင်္ကြန်ပိတ်ရက်ကာလတွင် ဧပြီ ၉ ရက်မှ စတင်ကာ ဧပြီ ၂၀ ရက်ထိ Charter Flight များ နေ့စဉ်ပျံသန်းပေးရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် အဲမန္တလေးလေကြောင်းလိုင်းမှ ရန်ကုန်-ငပလီ နေ့စဉ် ပျံသန်းပေးနေသော ခရီးစဉ်များကိုလည်း နေ့လယ် ၁၁ နာရီ၌ပင် ပုံမှန်ပျံသန်းပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပုံမှန်ပျံသန်ပေးနေသော ခရီးစဉ်အတွက် လေယာဉ်လက်မှတ်ခမှာ တစ်ဦးလျှင် ၆၅၀၀၀ ကျပ်ဖြစ်ကြောင်း ၎င်းက ပြော သည်။

Asia Wings လေကြောင်းလိုင်းမှ သင်္ကြန်တွင်း ကာလအတွက် ရန်ကုန်-သံတွဲ ခရီးစဉ်ကို နေ့စဉ် ပျံသန်းပေးခြင်း မရှိသော်လည်း ဧပြီ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၇ ရက်များတွင် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ၎င်းလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ဧပြီ ၁၂ ရက်တွင် ရန်ကုန်-သံတွဲ တိုက်ရိုက်ခရီးစဉ်တစ်ခုတည်းသာ ပြေးဆွဲပေးမည်ဖြစ်သော်လည်း ဧပြီ ၁၃ ရက်တွင် ရန်ကုန်-သံတွဲ-ရန်ကုန် ခရီးစဉ်အပြင် ရန်ကုန်-မန္တလေး-သံတွဲ-ရန်ကုန် ခရီးနှစ်ခေါက်ပါ ပြေးဆွဲ ပေးမည်ဖြစ်သည်။

ဧပြီ ၁၇ ရက်တွင်လည်း ရန်ကုန်-မန္တလေး-သံတွဲ-ရန်ကုန် ခရီးစဉ် နှစ်ခေါက်ကိုပါ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## ရေကစားမဏ္ဍပ်များလုံခြုံရေး အထူးဂရုပြုဆောင်ရွက်နေ

အိဖြူလွင်၊ သိမ့်သိမ့်စိုး

ရန်ကုန်၊ ဧပြီ - ၄

သင်္ကြန်ပွဲတော်အတွက် ရေကစားမဏ္ဍပ်တည်ဆောက်သူများ အနေဖြင့် မဏ္ဍပ်ဆောက်ခွင့်၊ လုံခြုံရေး၊ ရေရရှိရေး၊ လက်မှတ်ရောင်းနိုင်ရေး စသည်တို့ကို စတင်ပြင်ဆင်နေကြပြီဖြစ်ရာ ယခုနှစ်သည် ယခင်နှစ်များထက် လုံခြုံရေးကို အထူးဂရုပြု၍ စီစဉ်သော နှစ်ဖြစ်ကြောင်း သတင်းရရှိသည်။

သင်္ကြန်ရေကစားမဏ္ဍပ်များ တွင်စီစီတီဗီ လုံခြုံရေး ကင်မရာများ တပ်ဆင်ရန်နှင့် လုံခြုံရေးဝန်ထမ်း ၁၀ ယောက်ထားရှိရန် ရန်ကုန်တိုင်းရဲတပ်ဖွဲ့ရုံးမှ ညွှန်ကြားထုတ်ပြန်ထားခဲ့ပြီး လုံခြုံရေးဝန်ဆောင်မှုအတွက် ကုမ္ပဏီလေးခုကို ပူးပေါင်းဆောင်ရွက်ရန် သတ်မှတ်ထားကြောင်း သိရသည်။

နည်းပညာအတွက် ဝန်ဆောင်မှုပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည့် ကုမ္ပဏီလေးခုမှာ FISCA, Hightech Princess, နောင်ရိုးနှင့် Friend Electronics တို့ဖြစ်သည်ဟု သိရသည်။

ကုမ္ပဏီများက လုံခြုံရေး ကင်မရာတပ်ဆင်ပေးရမည့် မဏ္ဍပ်အရေအတွက်ကိုမူ ယခုထိ အတိအကျ မသိရသေးသော်လည်း ဈေးနှုန်းကြောင့် အခြား ပြင်ပကုမ္ပဏီများပါ ပါဝင်လာနိုင်သည်ဟု Hightech Princess မှ ကိုဇေယျဖုန်းမြင့်ကပြောသည်။

မဏ္ဍပ်များတွင် တပ်ဆင်မည့် ကင်မရာများမှာ ၉၀× ပေ ၁၀၀ အကွာအဝေးထိ ရုပ်ပုံကြည် လင်ပြတ်သားစွာ ကြည့်ရှုနိုင်မည့် 30 Meter IR ကင်မရာအမျိုးအ စားများ ဖြစ်သည်ဟု သိရသည်။

သင်္ကြန်ကာလ လေးရက်အတွက် 30 Meter IR လေးလုံးနှင့် ရီးကောဒင်းအတွက် 4CH DVR (mith HD 500 GBz) တစ်စုံလျှင် ကျပ် ၆သိန်းရှိသည်ဟု သိရသည်။

ကင်မရာလေးလုံးအထက် တပ်ဆင်ရန် လိုအပ်သောမဏ္ဍပ်များအတွက် ထပ်တိုးကင်မရာ ငှားရမ်းခ ပိုမိုပေးရမည်ဖြစ်ပြီး နည်းပညာပိုင်းကို အဆိုပါ ကုမ္ပဏီများမှ အင်ဂျင်နီယာများက ဆောင်ရွက်ပေးမည်ဖြစ်သည်ဟု သိရသည်။

သင်္ကြန်မဏ္ဍပ်တည်ဆောက်သူများအတွက် ပြင်ဆင်မှုများတွင် ရေစုပ်စက်မှာလည်း မပါမဖြစ်ဖြစ်၍ ပြင်ဆင်မှုများ ပြုလုပ်နေကြပြီ ဖြစ်ကြောင်း သိရသည်။

မဏ္ဍပ်တည်ဆောက်သူများမှာ ရေစုပ်စက်များကို ဝယ်ယူခြင်းထက် ငှားရမ်းသည့်ဈေးကွက်ကိုသာ အားကိုးနေကြကြောင်း မဏ္ဍပ်ဆောက်လုပ်သူအချို့ ပြောသည်။

"ရေစုပ်စက်က ဝယ်တာနည်းတယ်။ သင်္ကြန်မှာ အငှားဈေးကွက်လုပ်တဲ့သူပဲ များတယ်။ အခုဆိုင်မှာတော့ ငှားဖို့လာပြောထားတာ ၃-၄ ဦးရှိနေပြီ" ဟု ဖေညွန့်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရေစုပ်စက်အငှားဈေးကွက်တွင် မော်တာတစ်ကောင်ရေစုပ်စက်မှာ တစ်ရက်လျှင် ကျပ် ၃၀၀၀ နှင့် တစ်ကောင်ခွဲဆိုလျှင် ကျပ် ၅၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

သင်္ကြန်ရေကစားရန် အတွက် အဓိကအရေးကြီးသော သင်္ကြန်မဏ္ဍပ်တည်ဆောက်ခွင့်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ မျက်နှာဖွင့် အကျယ် ပေ ၅၀ မှ ပေ ၁၀၀ အထိ အကျယ်ရှိ မဏ္ဍပ်အတွက် စပေါ်ငွေကျပ်သိန်း ၃၀ ပေးသွင်းရကြောင်းသိရသည်။

## နှစ်သစ်ကူး ရုံးပိတ်ရက်တွင် အထူးရထား ပြေးဆွဲမည်

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဧပြီ - ၃

နှစ်သစ်ကူးရုံးပိတ် ရက်များအတွင်း ရန်ကုန်-နေပြည်တော်လမ်းပိုင်းနှင့် ရန်ကုန်- မန္တလေးလမ်းပိုင်းများတွင် သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ပြီးကာလများ၌ အထူးရထားများ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

သင်္ကြန်မတိုင်မီ ဧပြီ ၇ ရက်၊ ၈ ရက်၊ ၉ရက်များနှင့်သင်္ကြန်အပြီး ဧပြီ ၁၇၊၁၈၊၁၉ရက်များတွင် ရန်ကုန်ဘူတာနှင့် မန္တလေးဘူတာတို့မှ နေ့စဉ်အထူးရထား တစ်စီးစီ ပြေးဆွဲပေးသွားမည်ဖြစ်သည်။ ထို့ပြင်ဧပြီ ၁၁ ရက်နှင့် ၁၂ရက်များနှင့် သင်္ကြန်အပြီး ဧပြီ၂၀၊ ၂၁ရက်များတွင် နေပြည်တော်-ရန်ကုန်ခရီးစဉ်ကို လက်ရှိပြေးဆွဲနေသော ရထားများအပြင် အထူးရထားများပါ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

## သင်္ကြန်ကာလ ဈေးဝယ်စင်တာများ၏ပိတ်ရက်များ

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဧပြီ - ၂

သင်္ကြန်ပိတ်ရက်ကာလများတွင် ဈေးဝယ်စင်တာ အများစုမှာ သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်မှစ၍ ဧပြီ ၁၇ ရက် နှစ်ဆန်း ၁ ရက်ထိ ပိတ်ထားမည်ဖြစ်ကြောင်း ဈေးဝယ်စင်တာများမှ စုံစမ်းသိရသည်။

ယုဇနပလာဇာမှာလည်း သင်္ကြန်ကာလတွင် ငါးရက်ပိတ်မည်ဖြစ်၍ ဧပြီလတွင် တနင်္လာနေ့များဖြစ်သော ဧပြီ ၁၁ ရက်နှင့် ၁၈ ရက်များတွင်လည်း ဖွင့်လှစ်ရောင်းချပေးသွားမည် ဖြစ်သည်။ ပုံမှန်အားဖြင့် ယုဇနပလာဇာမှာ တနင်္လာနေ့တွင် ပိတ်သည်။



ထိုအပြင် Orange Super Centre မှာ သင်္ကြန်ကျရောက်သော ဧပြီ ၁၄ ရက်မှ ၁၆ ရက်များတွင်သာ ပိတ်မည်ဖြစ်ပြီး သင်္ကြန်အကြိုနှင့် နှစ်ဆန်း ၁ ရက်များ၌ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

| ဈေးဝယ်စင်တာအမည် | ပိတ်ရက်များ (ဧပြီ) |
|---|---|
| လပြည့်ဝန်း | ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ |
| ဒဂုံစင်တာ | ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ |
| စိန်ဂေဟာ | ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ |
| ယုဇနပလာဇာ | ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ |
| လပြည့်ဝန်း | ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ |
| တော်ဝင်စင်တာ | ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ |
| Orange | ၁၄၊ ၁၅၊ ၁၆ |

7DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011

# သင်္ကြန်ကာလ ရန်ကုန်-မုံရွာယာဉ်လိုင်းများ ယာဉ်စီးခတက်မည်မဟုတ်ဟုဆို

မျိုးမင်းဦး

မုံရွာ၊ မတ် – ၃၀

သင်္ကြန်ကာလ အစိုးရရုံးပိတ်ရက်များတွင် မုံရွာဒေသ မွေးရပ်မြေသို့ ပြန်လည်နေထိုင်လိုသူများ၊လာရောက်လည်ပတ်လိုသူများဖြင့် နှစ်စဉ်ခရီးသည်များပြားလျက်ရှိရာ ယခုနှစ်သင်္ကြန်ကာလ မတိုင်မီ ရက်ပိုင်းအတွင်းနှင့် သင်္ကြန်ရေ ကစားရက်များအပြီးရက်များအတွင်း ခရီးသည်လိုအပ်ချက်အပေါ်မူတည်ပြီး ယာဉ်အစီးရေ တိုးချဲ့ ပြေးဆွဲပေးသွားမည်ဖြစ်သော်လည်း ယာဉ်စီးခနှုန်းထားများမှာ သတ်မှတ်နှုန်းထားအတိုင်းပြောင်းလဲမည် မဟုတ်ကြောင်း မုံရွာ-ရန်ကုန် ခရီးသည်တင်ယာဉ်လိုင်းများမှ တာဝန်ရှိသူများက ပြောသည်။

"ခရီးသည်တွေ သွားလာရေးလွယ်ကူချောမွေ့စေရေးအတွက် နေ့စဉ်ယာဉ်ငါးစီးနဲ့ ပြေးဆွဲပေးနေပါတယ်။ ခရီးသည်အပေါ်မူတည်ပြီး ယာဉ်အစီးရေတွေတိုးချဲ့ ပြေးဆွဲပေးတာတွေလည်းရှိတယ်။ လမ်းအသုံးပြုခတွေ၊ မြို့ဝင်ကြေးတွေ၊ စက်သုံးဆီဈေးတွေတက်သွားပေမယ့်ခရီးသည်တွေအတွက် သတ်မှတ်ထားတဲ့ ဈေးနှုန်းအပြောင်းအလဲမရှိပြေးဆွဲပေးပါတယ်။ အရင်နှစ်တွေတုန်းက သင်္ကြန်ရာသီမှာ ရန်ကုန်-မုံရွာခရီးသည်ယာဉ်အချို့ ကားခတွေ ထက်ဝက်ခုန် တက်သွားပေမယ့် ဒီနှစ်ခရီးသည် တွေပေါ်မူတည်ပြီး သတ်မှတ်ဈေးနဲ့ ယာဉ်အစီးရေတိုးချဲ့ပြေးဆွဲပေး သွားဖို့စီစဉ်ထားပါတယ်"ဟု မုံရွာ- ရန်ကုန်ခရီးသည်တင်ယာဉ်လိုင်း ဖြစ်သော ရွှေစင်စကြာအဆင့်မြင့် ခရီးသည်တင်ယာဉ်လိုင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

မုံရွာ-ရန်ကုန်ခရီးသည်တင် ယာဉ်လိုင်းများအဖြစ်ရွှေစင်စကြာ ရွှေသလ္လာ၊ နယူးမန္တလာထွန်း၊ အောင်ကျော်မိုး၊ မိုးကောင်းကင်၊ အာကာသ၊ စိန်ငွေးလှိုင်၊ ရွှေမန်းသူကုန်းလမ်းပို့ဆောင်ရေး စသည့် ယာဉ်လိုင်းများမှ နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်းသိရှိရသည်။ အဆိုပါ ယာဉ်လိုင်းများသည် သတ်မှတ်ယာဉ်စီးခအဖြစ် မုံရွာ-ရန်ကုန် (၁၁,၅၀၀) ကျပ်နှုန်းဖြင့် ပြေးဆွဲလျက်ရှိပြီး ရန်ကုန်-မုံရွာ (ခရီးမိုင် ၅၂၀)လေအိတ်ကားအား (၁၂,၅၀၀)ကျပ်သို့ပြင်ဆင်ခဲ့ကြောင်း သိရသည်။



# သင်္ကြန်ကာလ အနောက်ပိုင်းခ ိုင် ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲမည်ဟုဆို

သိမ့်သိမ့်စိုး

ရန်ကုန်၊ မတ် – ၃၀

သင်္ကြန်ကာလအတွင်း အနောက်ပိုင်းခရိုင်ယာဉ်လိုင်းမှ လက်ရှိပြေးဆွဲနေသော ယာဉ်လိုင်းအားလုံး ရပ်နားခြင်းမရှိဘဲ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ် သင်္ကြန်ရက်များ၌ အနောက်ပိုင်းခရိုင်ယာဉ်လိုင်း အ နေဖြင့် ရိုးရိုးယာဉ်လိုင်းများသာမကဘဲ အထူးယာဉ်လိုင်းများလည်း ရပ်နားခြင်းမရှိဘဲ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ကားတွေက သင်္ကြန်တွင်း မနားဘူး။ လိုင်းအားလုံးထွက်မယ်။ လိုင်းအနေနဲ့ နားတာတော့မရှိဘူး။ ယာဉ်ကြွခိုင်မှုအတွက် ပြင်နေတဲ့ ကားတွေကတော့ အဲဒီရက်မှာ နားတာတွေရှိတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

သင်္ကြန်ကာလအတွင်း ပြေးဆွဲသောယာဉ်လိုင်းအားလုံး၏ ယာဉ်စီးခများမှာလည်း လက်ရှိသတ်မှတ်ကောက်ခံနေသော ခရီးစဉ်ပိုင်းဖြတ်မှုအလိုက် နှုန်းများသာဖြစ်ပြီး သင်္ကြန်ရက်များအတွက် ပြင်ဆင်သတ်မှတ်သည့် ဈေးနှုန်းမရှိကြောင်း သိရသည်။

အနောက်ပိုင်းခရိုင်ယာဉ်လိုင်းတွင် အထူးယာဉ်လိုင်း ၃ လိုင်း အပါအဝင် ယာဉ်လိုင်းပေါင်း ၆၀ကျော်မှ ယာဉ်အစီးရေ ၁,၃၀၀ ကျော်ရှိသည့်အနက် လက်ရှိ ကာလတွင် အစီးရေ ၉၀၀ ကျော်ပုံမှန် ပြေးဆွဲပေးနေကြောင်း သိရသည်။

# သင်္ကြန်သီချင်းခွေများထင်သလောက် အရောင်းမသွက်

အေးသူစံ

ရန်ကုန်၊ ဧပြီ – ၂

၂၀၁၁ ခုနှစ် သင်္ကြန်ကာလ အတွက် သင်္ကြန်စီးရီးများ မတ်လဆန်းပိုင်းခန့်မှ စတင်ထွက်ရှိလာခဲ့ပြီး ယခုနှစ်တွင်သင်္ကြန်ခွေ ထွက်ရှိမှုများပြားခဲ့သော်လည်း ထင်သလောက်အရောင်းမသွက်ခဲ့ကြောင်း တေးထုတ်လုပ်ဖြန့်ချိရေးလုပ်ကိုင်သူများထံမှ သိရသည်။



ကြော်ငြာဘုတ်ထောင်ကာ အရောင်းမြှင့်တင်နေသည့် သင်္ကြန်သီချင်းခွေတစ်ခုအား တွေ့ရစဉ်။ ဓာတ်ပုံ–ဗိုလ်ဗိုလ်ဝင်း

"ဒီနှစ်က သင်္ကြန်ခွေတွေ အထွက်များတဲ့နှစ်။ ခေ့ အ စ ိ တ ် သ ံ ု း ဆယ်လောက်တော့ ထွက်တယ်။ မနှစ်ကထက်တော့တစ်ဆခွဲနှစ်ဆလောက် အထွက်များတယ်။ ၂၀၀၅၊ ၂၀၀၆ နဲ့ ၂၀၀၇တုန်းက စီးရီးထွက်အားကိုတော့ မမီဘူး။ ရောင်းအားကျတော့လည်း ထွက်သမျှသိပ်အရောင်း မသွက်ဘူး။ ပရိသတ်လက်ခံတဲ့သီချင်းက နည်းလာတဲ့သဘောပေါ့။ လောလောဆယ် ရောင်းကောင်းတဲ့သင်္ကြန်ခွေဆိုရင် April Queen 4 ကလေးတွေခွေနဲ့ နေရဲမာန်သင်္ကြန် ၂၀၁၁ ခွေတွေက အရောင်းရဆုံးဖြစ်နေပါတယ်"ဟု သင်္ကြန်တေးစီးရီးများကို အများဆုံးဖြန့်ချိပေးရသည့် တေးထုတ်လုပ်ဖြန့်ချိရေးတစ်ခုမှ တာဝန် ရှိသူတစ်ဦးကပြောသည်။

"သင်္ကြန်သီချင်းခေါင်းစဉ်တပ်ပြီးထွက်လာသမျှသင်္ကြန်ခွေတွေထဲက စာသားတော်တော်များများဟာ အဓိပ္ပာယ်နှစ်ခွထွက်စေတဲ့ စကားလုံးအသုံးအနှုန်းတွေ၊ ဗန်းစကားတွေနဲ့ တီးလုံးသံဒုန်းဒုန်းဒိုင်းဒိုင်းထည့်ထားတိုင်း ပရိသတ်လက်ခံမယ်ထင်ရင် မှားပါလိမ့်မယ်။ သီချင်းတွေမှာ အနှစ်သာရလည်းမရှိတဲ့အပြင် မြန်မာ့ရိုးရာသင်္ကြန်အငွေ့အသက် မပါသလောက်စီးရီးတွေကို တွေ့လာရတဲ့ကောင်းတဲ့လက္ခဏာတစ်ခုတော့မဟုတ်ပါဘူး" ဟု ဂီတရပ်ဝန်းမှ ပညာရှင်တစ်ဦးက သုံးသပ်ပြသည်။

ယခုနှစ်သည် သင်္ကြန်စီးရီးထွက်ရှိမှုများပြားခဲ့သော်လည်း စံချိန်တင်များပြားခဲ့ခြင်းမဟုတ်ဘဲ ယခင်နှစ်ကနှင့်နှိုင်းယှဉ်လျှင်သာ များပြားခဲ့ခြင်းဖြစ်သည်။ သင်္ကြန်ကာလရောက်တိုင်း အရောအမွှေတစ်ခွေမဟုတ်တစ်ခွေ ဖန်တီးထွက်ရှိနေကျ သားစိုး၏ သင်္ကြန်ခွေလည်း ယခုနှစ်တွင် ထွက်ရှိလာနိုင်ခြင်းမရှိခဲ့ပေ။

# သင်္ကြန်တွင်း လေ့ခွင်းတောင် ဖွင့်လှစ်ထားမည်

ထူးသန့်

နေပြည်တော်၊ ဧပြီ – ၁

နေပြည်တော်ရှိ လူစည်ကားရာ အထင်ကရနေရာတစ်ခုဖြစ်သော ဇေယျာသီရိမြို့နယ်အတွင်းပါဝင် သည့် လေ့ခွင်းတောင်တွင် ယခုနှစ်သင်္ကြန်ကာလအတွင်း လွတ်လွတ်လပ်လပ်ရေကစားခွင့်ပြုသွားမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် ဒေသဆိုင်ရာအစည်းအဝေးသို့ တက်ရောက်ခဲ့သူတစ်ဦးကပြောသည်။

"အစည်းအဝေးမှာ ထူးတာကတော့ အဲဒါပဲ။ ဒီနှစ် လေ့ခွင်းတောင်ကို ဖွင့်ပေးမယ်တဲ့။ အဲဒီမှာ လွတ်လွတ်လပ်လပ် ရေကစားလို့ရမယ်ပေ့ါဗျာ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။ လေ့ခွင်းတောင်သည့် ပေါင်းလောင်းမြစ် အနောက်ဘက်ကမ်းတွင်ရှိသော နတ်တောင်ဟု ဒေသခံများ ရှေးယခင်ကတည်းက ယုံကြည်ခဲ့သည့် တောင်တစ်လုံးဖြစ်ကာ အဆိုပါတောင်ခြေရှိ ရေဆိပ်တွင် အမြဲတမ်းလူစည်ကားလျက်ရှိ ကြောင်းလည်း ဒေသခံကိုအိကျော်ကပြောသည်။

"လေ့ခွင်းတောင်မှာ ဝါဆိုလပြည့်နေ့တိုင်း သင်္ကြန်တိုင်းမှာ လူစည်ကားတယ်။ ဒါက ယခင်ကတည်းကပဲ။ ဒီဘက်နှစ်တွေမှာတော့ တနင်္ဂနွေနေ့တိုင်းမှာပါ။ အမျိုးသား၊ အမျိုးသမီးတွေ ရေလာကစားတယ်"ဟု ယင်းနေရာဝန်းကျင်တွင် နေထိုင်သည့် ၎င်းကပင် ဆက်လက်ပြောကြားခဲ့သည်။ ပေါင်းလောင်းမြစ်၏ ဝဲ/ယာဘက်တွင် တည်ရှိနေကြသည့် လေ့ခွင်းတောင်နှင့် ဆင်ဖြူတောင် ဆိပ်ကမ်းများ၌ နှစ်စဉ်ရေကစားသူများဖြင့် စည်ကားခဲ့ပြီး ရေနစ်သေဆုံးမှုအချို့လည်းဖြစ်ပွားလေ့ရှိသည်။

# ကလေးများ၏ သင်္ကြန်အက၊ အလှပြိုင်ပွဲ ကျင်းပမည်

ဝတ်ရည်

ရန်ကုန်၊ မတ် – ၂၆

ကလေးများနှင့်ပတ်သက်သည့် ပြိုင်ပွဲများ ကျင်းပမှုများပြားနေသည့်အချိန်တွင် North Point နှင့် East Point Shopping စင်တာတို့တွင်လည်း ကလေးများအတွက် ကလေးများအတွက် သင်္ကြန်အက၊ အလှပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ဧပြီ ၈ရက်တွင် East Point Shopping စင်တာတွင် ကျင်းပမည်ဖြစ်ပြီး၊ ၉ရက်တွင် North Point Shopping စင်တာတွင်ကျင်းပမည်ဖြစ်ကာ အသက် ၄ နှစ်မှ ၁၂ နှစ်အတွင်း ကလေးတိုင်း ကျား/မ မရွေးယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။

ထိုပြိုင်ပွဲတွင် နှစ်သက်ရာ သင်္ကြန်သီချင်းနှင့် အကကိုရွေးချယ်၍ အကတစ်ဖွဲ့လျှင် သီချင်းတစ်ပုဒ်ဖြင့်ယှဉ်ပြိုင်ရန် သတ်မှတ်ထားပြီး အသက်အုပ်စုများလည်း ခွဲခြားထားကြောင်းသိရသည်။

၄ နှစ်မှ ၆ နှစ်အရွယ်တွင် အကတစ်ဖွဲ့လျှင် ပြိုင်ပွဲဝင်တစ်ဦးမှ ငါးဦးအထိ၊ ၇ နှစ်မှ ၁၂ နှစ်အတွက် အကတစ်ဖွဲ့လျှင် ပြိုင်ပွဲဝင်တစ်ဦးမှ သုံးဦးဟု သတ်မှတ်ထားပြီး၊ ၇ နှစ်မှ ၁၂ နှစ်အတွင်းရှိ ကလေးများသည် ဧပြီ ၉ရက် နေ့လယ် ၃ နာရီတွင် East Point Shopping စင်တာတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၇ နှစ်မှ ၁၂ နှစ်အတွင်းရှိ ကလေးများသည် ဧပြီ ၉ ရက် နေ့လယ် ၃နာရီတွင် North Point Shopping စင်တာ၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အသက်အုပ်စု တစ်အုပ်စုစီတွင် အနိုင်ရသောကလေးများအတွက် ပထမဆု ကျပ်တစ်သိန်းတန်ဖိုးရှိ Ocean Gift Voucher၊ ဒုတိယဆု ကျပ်ခုနစ်သောင်းခွဲတန်ဖိုးရှိ Ocean Gift Voucher၊ တတိယဆု ကျပ်ငါးသောင်းတန်ဖိုးရှိ Ocean Gift Voucher၊ များအား ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ရုပ်သံအစီအစဉ်များတွင် ယခုနောက်ပိုင်း ကလေးငယ်များ ပြုလုပ်သည့်ပြိုင်ပွဲများနှင့်ပတ်သက် ၍ ရန်ကုန်မြို့ရှိ လူငယ်အမျိုးသမီးတစ်ဦးက "ကလေးတွေနဲ့ ပတ်သက်တဲ့ပြိုင်ပွဲတွေလုပ်တာ ကောင်းပါတယ်။ မြန်မာနိုင်ငံက ကလေးတွေက အကြောက်ကြီး၊ အရှက်ကြီးကြတော့ ဒီလိုပြိုင်ပွဲတွေလုပ်တဲ့အခါ သူတို့ကိုယ်သူတို့လည်း ယုံကြည်မှုလေးတွေရှိလာတယ်။ ရဲလည်းရဲလာကြတယ်။ ဒါပေမဲ့ ကလေးရှိုးလေးလုပ်တဲ့ပုံစံကိုတော့ သတိထားသင့်တယ်လို့ထင်တယ်။ ဥပမာ-အခု ရုပ်သံက လာနေတဲ့ရှိုးတစ်ခုဆို ကလေးတွေကို Presentation လုပ်ပြီး ပြိုင်ခိုင်းတာလည်း ပြိုင်ပေ့ါ။ ဒါပေမဲ့ သရုပ်ဆောင်တဲ့အခါ အချစ်၊ အလွမ်းတွေနဲ့ပတ်သက်တဲ့ စကားလုံးတွေ၊ သရုပ်ဆောင်တာတွေကို လူကြီးတွေနဲ့ လုပ်ခိုင်းတာကတော့ ကလေးအရွယ်အတွက် အဆင်မပြေဘူး။ မလုပ်သင့်ဘူးလို့ထင်တယ်။ ကလေးတွေရဲ့စွမ်းရည်ကို တခြားနည်းနဲ့ ပြနိုင်တာလေးတွေ လုပ်သင့်တယ်လို့ထင်တယ်"ဟု အဆိုပါအမျိုးသမီးက သူ၏အမြင် ကိုပြောသည်။

7DAY NEWS JOURNAL
Vol.10, No.5 • APRIL 7, 2011



# သင်္ကြန်မတိုင်မီ နယ်ပြန်သူများ  အဝေးပြေးယာဉ်လိုင်းအချို့ ယာဉ်အစီးရေတိုးချဲ့ပြေးဆွဲမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် - ၃၀**

အဝေးပြေး ခရီးသည်တင်ယာဉ်များတွင် သင်္ကြန်ပိတ်ရက်အတွက် လက်မှတ်ဝယ်ယူမှုများခြင်းကြောင့် ကားဂိတ်အချို့ ယာဉ်အစီးရေတိုးချဲ့ပြေးဆွဲရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

လက်ရှိ ပုံမှန်ထွက်ရှိမည့် ကားများအတွက် ယာဉ်လက်မှတ်များမှာ ပြည့်နေပြီဖြစ်ပြီး ထပ်တိုးပြေးဆွဲမည့် ကားများအတွက် လက်မှတ်ဝယ်ယူသူများမှာလည်း ကြိုတင်အမှာဖြင့် ဝယ်ယူ၍ မရနိုင်ဘဲ ကိုယ်တိုင်လာရောက်ဝယ်ယူမှသာ လက်မှတ်ရနိုင်မည်ဖြစ်ကြောင်း လက်မှတ်အရောင်းဌာနမှ အမျိုးသမီးဝန်ထမ်းတစ်ဦး ကပြောသည်။

ယာဉ်လက်မှတ်များကို ယခင်နှစ်များက ဧပြီလဆန်းမှသာ ရောင်းလေ့ရှိသော်လည်း ယခုနှစ်တွင် တစ်ပတ်ကြို၍ ရောင်းချပေးနေခြင်းဖြစ်သည်။



"လက်မှတ်ကို ကြိုတင်မပေးတော့ဘူး။ သွားချင်ရင်တော့ စောစောလာကြိုဝယ်မှ ရတော့မယ်။ ကားအသစ်ထပ်ဆွဲဖြစ်ရင်တော့ရမယ်" ဟု ရခိုင်ပြည်နယ်နှင့် ပြေးဆွဲနေသော အောင်သစ္စာကားဂိတ်မှ လက်မှတ်အရောင်းတာဝန်ခံတစ်ဦးကပြောသည်။

ယခုနှစ် သင်္ကြန်မတိုင်မီ လက်မှတ်ဝယ်ယူရာတွင် သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်သော်လည်း လက်မှတ်ရရန် အခက်အခဲများရှိနေကြောင်း လက်မှတ်ဝယ်ယူသူအချို့ကပြောသည်။

"အရင်နှစ်က လက်မှတ်ဝယ်လိုရတယ်။ ဈေးနှစ်ဆပေးရတာတို့ ဘာတို့ပဲရှိတာ။ ဒီနှစ်က အဲဒီလို ဖြစ်မှာစိုးလို့ ကြိုဝယ်တာကို လက်မှတ်က မရတော့ဘူး"ဟု ယာဉ်လက်မှတ်ဝယ်ယူသူတစ်ဦးက ပြောသည်။

# သင်္ကြန်ကာလတွင် စီအင်န်ဂျီအရောင်းဆိုင်များ ပုံမှန်ရောင်းချမည်

**မေဝင်းမွန်**

**ရန်ကုန်၊ မတ် - ၃၁**

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ ထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှသဘာဝဓာတ်ငွေ့အရောင်းဆိုင်များ ကို ပုံမှန်ရက်များအတိုင်းပင် ပိတ်ရက်မရှိ ၂၄ နာရီ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်း ဒေသကြီးတွင် သဘာဝဓာတ်ငွေ့(စီအင်န်ဂျီ)ကို နှစ်ဆိုင်တွဲဆိုင်များ အပါအဝင်အရောင်းဆိုင် ၄၀ဖွင့်လှစ်ရောင်းချလျက်ရှိပြီး လျှပ်စစ်မီးအခက်အခဲ မရှိစေရန် ဆိုင်တိုင်းမီးစက်တပ်ဆင်မည်ဖြစ်ကာ လက်ရှိတွင်မီးစက် ၃၉လုံးတပ်ဆင်ပြီးဖြစ်ကာ ဆိုင်အချို့တွင် စမ်းသပ်သုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။

စီအင်န်ဂျီကို ခရီးသည်တင်ယာဉ်နှင့်တက္ကစီယာဉ်များ အများဆုံးအသုံးပြုကြပြီး ဓာတ်ငွေ့အရောင်းဆိုင် ၄၀မှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၁၈သန်းမှ သန်း ၂၀ခန့်ရောင်းချပေးရကြောင်းသိရသည်။

# သင်္ကြန်အားလပ်ရက်အတွက် ကမ်းခြေဟိုတယ် အခန်းကုန်သလောက်ရောင်းပြီး

**ဒဲနစ်**

**ရန်ကုန်၊ မတ် - ၂၆**

သင်္ကြန်ကာလအတွင်း ကမ်းခြေဟိုတယ်များ ဈေးတင်ရောင်းချကြသော်လည်း ယခုလဆန်းပိုင်းတွင်ပင် ကြိုတင်မှာယူမှုများ အခန်းပြည့်နီးပါးရရှိခဲ့ရာ သင်္ကြန်အတွင်း ကမ်းခြေခရီးသွားရန် အနီးကပ်စီစဉ်သူများ အခက်တွေ့လျက်ရှိကြောင်း သတင်းရရှိသည်။

သင်္ကြန်ကာလတွင် ဟိုတယ် အခန်းခနှုန်းထားများအား သာမန်အချိန်ထက် နှစ်ဆတင်ရောင်းချသော်လည်းသင်္ကြန်သတ်မှတ်ဈေးနှုန်းများစတင်ဖွင့်လှစ်သည်နှင့် ရက်ပိုင်းအတွင်း အခန်းများ ကြိုတင်မှာယူမှုများနှင့် ပြည့်သွားခဲ့ကြောင်း အဆိုပါဟိုတယ်များထံမှ သိရသည်။

'အခန်းတွေက တစ်ခန်းနှစ်ခန်းလောက်ပဲကျန်တော့တယ်။ သင်္ကြန်အတွင်းက အကုန်ပြည့်သွားပါပြီ။ ကျန်တဲ့အခန်းတွေကိုလည်း အရင်လာသူကိုပဲရောင်းမှာပါ"ဟု ချောင်းသာကမ်းခြေရှိ ဟိုတယ်မက်စ်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

"ဟိုတယ်အတော်များများကို မေးပြီးပြီ။ ငွေဆောင်ရော၊ ချောင်းသာရောအခန်းမရှိကြတော့ဘူးပဲ ပြောကြတယ်။ တချို့ရှိတဲ့ဟိုတယ်က အခန်းတွေကျတော့လည်း ကိုယ်မကြိုက်တာရယ်၊ ဈေးအရမ်း ကြီးနေတာရယ် အဆင်မပြေတော့ပါဘူး။ သာမန်အချိန်တောင် တချို့ ဟိုတယ်တွေကဈေးအရမ်းမြင့်တာ။ အခုသင်္ကြန်မှာ နှစ်ဆတင် လိုက်တော့ ဘယ်လိုမှ လိုက်မမီတော့ဘူး"ဟု သင်္ကြန်တွင်း အပန်းဖြေခရီးသွားရန်စီစဉ်နေသူတစ်ဦးကပြောသည်။

ချောင်းသာမှ Hotel Max နည်းတူ အခြားနာမည်ရဟိုတယ်များဖြစ်သော See Sein Hotel, Belle Resort, စသည့်ဟိုတယ်များအပြင် အခြားဟိုတယ်များတွင်လည်းအခန်းများမရှိသလောက် ကုန်သွားပြီဟုသိရသည်။

"သင်္ကြန်တွင်းဆိုရင်တော့ ကမ်းခြေဟိုတယ်အများစုမှာ အခန်းပြည့်တာက နှစ်တိုင်းပါ။ အနားကပ်မှလာလုပ်တဲ့သူတွေကတော့ အဆင်ပြေမှာမဟုတ်ပါဘူး။ ဖြစ်သလိုနေနိုင်တယ်ဆိုရင်တော့ ရွာထဲတွေမှာတဲလို့ရပါတယ်။ ဒါတောင်အထူးသဖြင့် ချောင်းသာနားဆို ပွဲစားတွေက ဈေးတင်တောင်းတာ။ ငပလီမှာတော့ အိမ်ကိုလုံးချင်းငှားပြီးနေကြတယ်။ အိမ်တစ်လုံးကို တစ်ရက် ငါးသောင်းကနေ တစ်သိန်းအထိပေါက်တယ်"ဟု ဝါရင့်ဧည့်လမ်းညွှန်တစ်ဦးက 7Day Newsသို့ပြောသည်။

# ရခိုင်သင်္ကြန်ယခင်ထက်ပိုစည်ကားရန် စီစဉ်ထားဟုဆို

**မြတ်စုမွန်**

**ရန်ကုန်၊ ဧပြီ - ၂**

ယခုနှစ်သိမ်ဖြူကွင်းတွင်ပြုလုပ်မည့် ဇကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်တွင် လာရောက်ဆင်နွှဲမည့် အများပြည်သူလုံခြုံ ရေးအတွက် CCTV ကင်မရာများ တပ်ဆင်ထားမည်ဖြစ်ကြောင်း ပွဲဖြစ်မြောက် ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျွန်တော်တို့ Eagle Securityဆိုတဲ့ လုံခြုံရေးကုမ္ပဏီကိုငှားမယ်။ CCTV ကင်မရာတွေ တပ်မယ်။ ဒီကိစ္စက အရေးကြီးတယ်။ မနှစ်ကလို မဖြစ်ရအောင် ကြိုတင်စီစဉ်ရမယ်"ဟု ဦးသန်းမောင်ကပြောသည်။

ယခုနှစ်တွင် ကျင်းပပြုလုပ်သွားမည့်ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်တွင် ရိုးရာယဉ်ကျေးမှုစရိုက် ပိုမိုပေါ်လွင်စေရန် ပြုလုပ်သွားမည်ဖြစ်ပြီး ယခင်နှစ်များကထက် ပိုမိုစည်ကားနိုင်ကြောင်း သိရသည်။

"နှစ်သစ်မှာ လူသစ်စိတ်သစ်နဲ့ အစိုးရသစ်ကိုလည်း ကြိုဆိုတဲ့အနေနဲ့ စည်စည်ကားကားဖြစ်အောင်လုပ်သွားမယ်။ ရခိုင်လူမျိုးထဲက ရန်ကုန်တိုင်းမှာလည်း ဝန်ကြီး တစ်နေရာစာရတယ်ဆိုတော့ အကူအညီတွေလည်းရမယ်လို့ ထင်တယ်"ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၂ ရက်ညနေတွင် နံ့သာသွေးပြိုင်ပွဲပြုလုပ်ခြင်း၊ ၁၃ ရက်တွင် မဟာမြတ်မုနိဘုရား သုံးဆူကို ရေသပ္ပာယ်ခြင်းနှင့် ကျန်ရက်များ တွင် ရခိုင်ရိုးရာ လောင်းလှေများဖြင့် ရေပက်ကစားခြင်းများနှင့် ပြုလုပ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်္ကြန်ပွဲတော်တွင် ရခိုင်ရိုးရာယိမ်းအကများ တစ်ဦးချင်းအကများပါဝင်မည်ဖြစ်ပြီး ဖျော်ဖြေရေးစင်မြင့်တစ်ခုထားရှိကာ လေးဝတီတီးဝိုင်းဖြင့် ဖျော်ဖြေသွားရန်စီစဉ်ထားကြောင်း သိရ သည်။

"ရခိုင်အဆိုတော်တွေလည်း ဖိတ်ထားတယ်။ ရေပက်မဏ္ဍပ်ကတော့ ၁၀ ခုဝန်းကျင်ရှိမယ်" ဟု ဦးသန်းမောင်ကပြောသည်။

၂၀၁၀ သင်္ကြန်ပွဲတော် အကြတ်နေ့တွင် ကန်တော်ကြီး ပတ်လမ်းရှိ $X_2O$ ရေကစားမဏ္ဍပ်၌ ဗုံးပေါက်ကွဲမှုကြောင့် လူသေဆုံးမှုများဖြစ်ပေါ်ခဲ့ပြီး ယခုနှစ်တွင် သက်ဆိုင်ရာက ရေကစားမဏ္ဍပ်များ၌ ကြိုတင်ပြင်ဆင်ရမည့် လုံခြုံရေးစည်းကမ်းများထုတ်ပြန်ခဲ့သည်။

# မန္တလေး ကန်တော်ကြီးတွင် ရေကစားမဏ္ဍပ်ဆောက်လုပ်သူ နည်းပါး



**မင်းဒင်**

**မန္တလေး၊ ဧပြီ - ၂**

မန္တလေးကန်တော်ကြီး ပြန်လည်တူးဖော်ရန် ရေများလျှော့ချထား ရာ ရေအခက်အခဲကြောင့် သင်္ကြန်ရေကစားမဏ္ဍပ်တည်ဆောက်ရန် လျှောက်ထားသူမရှိကြောင်းစုံစမ်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးရာသီအတွင်း ရေကြီးမှုဖြစ်စဉ်များကြောင့် ကန်တော်ကြီး ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများအား ပြုလုပ်လျက်ရှိရာ ယခုနှစ်တွင် သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ရေကစားခြင်းအား ရပ်နားမည်ဖြစ်ကြောင်း ကန်တော်ကြီးလမ်းမဘေးတွင် နှစ်စဉ်မဏ္ဍပ်တည်ဆောက်ခဲ့သူ တစ်ဦးကပြောသည်။

ကန်တော်ကြီးဝန်းကျင်တွင် နှစ်စဉ်ရေကစားမဏ္ဍပ်များ ရှစ်ခုခန့်ရှိခဲ့ကြောင်းယခုနှစ်တွင် မဏ္ဍပ်များတည်ဆောက်မှု မရှိသော်လည်း ကန်တော်ကြီးသို့ လာရောက်အပန်းဖြေမှုများရှိနိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရေကစားလည်ပတ်သူများအနေဖြင့် မန္တလေးကျုံးပတ်လည် ကန်တော်ကြီး၊ တောင်သမန်အင်း စသည့်နေရာများတွင် ရေကစားအပန်းဖြေမှုများ ပြုလုပ်ကြသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.5 ▪ APRIL 7, 2011

စာ(၂၉) – သမ္မတ၏ ပထမဆုံးမိန့်ခွန်းအပေါ် အမြင်များ မှ

နောက်တစ်ခုက "အထူးသဖြင့် မြန်မာနိုင်ငံရေးမှာ အစဉ်အလာလိုဖြစ်နေတဲ့ အစိုးရနဲ့အတိုက်အခံဆိုတဲ့ ပဋိပက္ခအသွင်ဆောင်တဲ့ အမြင်သဘောထားများကို ကိုင်စွဲခြင်းမပြုဘဲ အမျိုးသားအကျိုးစီးပွား အပေါ်အခြေခံပြီး လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထားလက်တွဲ ဆောင်ရွက်သွားကြဖို့" တိုက်တွန်းသွားတာ တွေ့ရတယ်။

နိုင်ငံရေးမှာ ထာဝရရန်သူ ထာဝရမိတ်ဆွေမရှိဘူးဆိုတဲ့ အဆိုအမိန့် ကိုကိုင်ပြီးပြောရင် တိုင်းပြည်ကောင်းကျိုးအတွက် အမျိုးသားအင်အားစု တွေ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အနေအထားတွေ တစ်နေ့တစ်ချိန်မှာ ပေါ်လာနိုင်မယ်လို့ ယူဆပါတယ်။

ကျွန်တော်တို့မျှော်လင့်ခဲ့တဲ့ နိုင်ငံရေးအရ ဖမ်းဆီးအကျဉ်းချခံနေရသူတွေ လွတ်မြောက်ရေးနဲ့ပတ်သက်လို့တော့ သမ္မတမိန့်ခွန်းမှာ မတွေ့ရပေမယ့် အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးဆိုတဲ့ စကားလုံးကို ထည့်ပြောသွားတာတွေ့ရတယ်။ အဲဒါထူးခြားတယ်လို့ ထင်ပါတယ်။

စီးပွားရေးပိုင်းမှာလည်း အစိုးရက အတိုင်းအတာတစ်ရပ်အထိ ထိန်းသိမ်းပံ့ပိုးဆောင်ရွက်ပေးတဲ့ ဈေးကွက်စီးပွားရေးစနစ်မျိုးကို ရည်မှန်းတယ်။ "ဝင်ထိန်းပေးမယ်ဆိုတာလည်း ဈေးကွက်ရဲ့လွတ်လပ်မှုကို ထိန်းချုပ်လိုတဲ့ သဘောမျိုးမဟုတ်ဘဲ အရင်းရှင်၊ ခရုရှင်ကြီးများ၊ အခွင့်ထူးခံများက လက်ဝါးကြီးအုပ်ခြယ်လှယ်တာမျိုးမဖြစ်ရအောင် ထိန်းကျောင်းတည့်မတ်ပေးတာမျိုးကို ရည်ရွယ်ပါတယ်" ဟု ပြောသွားတာ သဘောကျတယ်ဗျာ။

ခရိုနီ(Cronies)လို့ခေါ်တဲ့ အာဏာရှိသူတွေနဲ့ ပေါင်းစားနေသူတွေ၊ အခွင့်ထူးခံတွေက စီးပွားရေးလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ခြယ်လှယ်နေတာတွေ နိုင်ငံအတော်များများမှာရှိတယ်။ ကျွန်တော်တို့ဆီမှာလည်း အဲသလိုလူတွေ ရှိနေတယ်ဆိုရင် အခုသမ္မတရဲ့ မိန့်ခွန်းအရ အဲဒီအနေအထားတွေကို ဖယ်ရှားတော့မယ်သဘောလို့ တွေ့ရတယ်။ ဘယ်လိုအကောင်အထည်ဖော်သွားမယ်ဆိုတာ စောင့်ကြည့်ရမှာပေါ့ဗျာ။ ကျွန်တော်တို့က စတုတ္ထမဏ္ဍိုင်အနေနဲ့ စောင့်ကြည့်ဖို့ တာဝန်ရှိတယ်လေ။

## စာရေးဆရာ ကျော်ဝင်း

စပြောရရင်တော့ ဒီမိုကရက်တစ်နိုင်ငံတွေပေါ့။ အထူးသဖြင့်
ထင်သာမြင်တာရှိတဲ့ US ပေါ့။ ခေါင်းဆောင်အပြောင်းအလဲပေါ့။
အထူး
သဖြင့် Election အပြောင်းအလဲပေါ့။ Elected
ခေါင်းဆောင်တစ်ယောက် စစချင်း ပေါ်လစီမိန့်ခွန်းတိုင်းပြည်ပြော
တာရှိတယ်။ အဲဒါမျိုးက ကျွန်
တော်တို့ဆီမှာ အလေ့အထသိပ်မရှိခဲ့ဘူး။ ဒါကလည်း Election တွေ ပျောက်နေတာလည်းကြာပြီ။ အခု Election ပြီးသွားတယ်။ Elected Person ပေါ့။ အနိုင်ရပါတီရဲ့ဥက္ကဋ္ဌက သမ္မတတာဝန်ယူပြီး မိန့်ခွန်းပြောတယ်။ ပေါ်လစီမိန့်ခွန်းလို့လည်းပြောနိုင်တာပေါ့။
ပေါ်လစီမိန့်ခွန်း ပီပီသသလို့လည်း ပြောနိုင်မယ်ထင်တယ်။

ဒါကလည်း နှစ် ၅၀ ကျော်လောက်ပျောက်နေတယ်။ ဒီမိုကရေစီအလေ့အထတစ်ခုပြန်ပေါ်လာတာကို ကျွန်တော်တို့အနေနဲ့ ကြိုဆိုရမယ်လို့ထင်တယ်။ ဒါတစ်ချက်၊ နောက် သူ့ပေါ်လစီမိန့်ခွန်းကို ပြန်ကြည့်ရင်း တော်တော်ဘက်စုံတယ်လို့ပြောနိုင်တယ်။ သွားမယ့်မဟာဗျူဟာလမ်းကြောင်းကို အတိုင်းအတာတစ်ခုလုံးကို ခြုံမိငုံမိတယ်လို့ထင်တယ်။ ဒါလည်း ဘာပဲပြောပြော ကျေနပ်စရာတစ်ချက်ပေါ့။

ကျွန်တော်တစ်ဦးတည်းအနေနဲ့သဘောကျတာနှစ်ခုလောက် ပြောချင်တယ်။ တစ်ချက်ကတော့ မတူတဲ့အယူအဆတွေရှိတဲ့ အုပ်စုနှစ်စုသဘောထား။ ကျွန်တော်မှတ်မိသလောက်ပြန်ပြောရရင်ပေါ့ဗျာ။ ဒီ Road Map နဲ့ ရွေးကောက်ပွဲကို မဝင်ကျတဲ့အင်အားစုတွေရှိနိုင်ပါတယ်။ ဒီအင်အားစုတွေကလည်း ကျွန်တော်တို့ တကယ်လုပ်နေတယ်ဆိုတာကို သဘောပေါက်လာအောင် ကျွန်တော်တို့ဘက်ကလည်း ပြပေးဖို့ လိုပါသေးတယ်ဆိုတာ အဲဒါတစ်ချက်သဘောကျတယ်။

သူနဲ့တစ်ဆက်တည်းပဲဗျ။ Sanction နဲ့ပတ်သက်လို့ တကယ် ဒီမိုကရေစီအတွက်လုပ်နေတာကို မယုံကြည်တဲ့နိုင်ငံခြားတိုင်းပြည်တချို့လည်းရှိတယ်ပေါ့ဗျာ။ အဲဒါတွေကိုလည်း ကျွန်တော်တို့လုပ်ပြပေးဖို့ လိုပါသေးတယ်ဆိုတဲ့သဘော။အဲဒီအချက်ကိုကြိုက်တယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်ပွင့်ပွင့်လင်းလင်းပြောရင် ရွေးကောက်ပွဲပြီးခါစ ကျွန်တော် စိုးရိမ်တာတစ်ခုရှိတယ်။

ပြီးခဲ့တဲ့ရွေးကောက်ပွဲမှာ ပါတီကြီးတစ်ခုက အပြတ်အသတ်နိုင်သွားတယ်။ ဒီမိုကရေစီကိုယ်တိုင်ကိုက အားနည်းချက်တချို့ရှိတယ်။ ရွေးကောက်ပွဲတစ်ခုမှာ ပါတီတွေပြန့်ပြီးတော့ ဟိုကနည်းနည်း၊ ဒီကနည်းနည်းနိုင်ရင် သူက စည်းလုံးညီညွတ်မှုပိုင်းအားမကောင်းဘူး။ ဘယ်လိုဖြစ်နိုင်လဲဆိုတော့တစ်ဦးချင်းထင်ရာစိုင်းတာတွေ ပေါ်နိုင်တယ်။ ပြောင်းပြန်ဘက်တစ်ခုခုက အပြတ်အသတ်နိုင်သွားတယ်ဆိုရင် အများသူငါ ထင်ဟပ်လုပ်တာမျိုးလည်းဖြစ်နိုင်တယ်။ မြန်မာပြည်မှာ ကြံ့ခိုင်ရေးပါတီတစ်ခုတည်းက အပြတ်အသတ်နိုင်သွားတော့ အဲလိုများဖြစ်မလား။ စိုးရိမ်မိတယ်။

ဒါပေမဲ့ ခုနပြောတဲ့အချက်လေးပေါ့။ မတူတဲ့ အယူအဆရှိတဲ့သူတွေအပေါ် သဘောထားပျော့ပျော့ပြောင်းပြောင်းထားတာတွေ့ရတော့ စောစောက စိုးရိမ်မှုနဲ့ ပတ်သက်ရင်တော့ နည်းနည်းစိတ်အေးသွားတယ်။

ဒုတိယသဘောကျတဲ့အချက်က စီးပွားရေးပေါ်လစီမှာ တကယ်ကတော့ဗျာ ကျွန်တော်တို့တိုင်းပြည်မှာ Free Market ဘယ်လောက်ပဲဖြစ်ချင်ဖြစ်ချင် လက်တွေ့အကောင်အထည်ဖော်ဖို့ မဖြစ်နိုင်သေးပါဘူး။ ဘာလို့လဲဆိုတော့ Middle Class အားမကောင်းသေးလို့၊ အဲဒီတော့ အဲဒီအချိန်မှာ အစိုးရက တစ်စုံတစ်ရာတာဝန်ယူရတာပေါ့ဗျာ။ ပြောချင်တာက Manage Market ။

သို့သော် ပြဿနာက Government တာဝန်ယူရပြီဆိုတာနဲ့ တစ်ပြိုင်နက် Government ဗျူရိုကရေစီက ကြီးလာနိုင်တယ်။ ဒါဆိုရင် အစိုးရရဲ့ လုပ်ငန်းတွေက Dynamic ဖြစ်ဖို့ အခက်အခဲရှိ တယ်။ အဲဒီတော့ ကျွန်တော်တို့က သွားရမယ့် ကျွန်တော့်အမြင်ပေါ့လေ။ သွားမယ့်လမ်း ကြောင်း ကိန်းနဲ့သွားရမှာမှန်ပေမယ့် သိပ်ပြီးတော့ အစိုးရကဏ္ဍကို အများကြီးထားလို့မဖြစ်ဘူး။ Free Market မျက်ခြည်မပြတ်ဖို့လိုတယ်။ အဲဒီသဘော။ Free Market နဲ့ပဲသွားမယ်။ အစိုးရကတစ်စုံတစ်ရာ တာဝန်ယူမယ်။ သို့သော် လက်ဝါးကြီးအုပ်တစ်စုကခြယ်လှယ်တာမျိုးမ ဖြစ်အောင် ဝင်ထိန်းပေးမယ်။ ဒါကလည်း Minimum ဖြစ်အောင် အနိမ့်ဆုံးဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ သဘောတစ်ခုပါ။ အဲဒါပဲကျွန်တော်တို့ စဉ်းစားချက်နဲ့ ကိုက်တော့သဘောကျတယ်။ တစ်ဆက်တည်းပဲပြောလိုက်မယ်။ ကျွန်တော်ခုနကပြောသလိုပဲ ၃၀ ရက်မိန့်ခွန်းက မဟာဗျူဟာလမ်းကြောင်းခင်းပြတာနားလည်နိုင်တယ်။ အဲဒါကို ဘာပုံစံနဲ့သွားမလဲဆိုတာကို နည်းဗျူဟာလမ်းကြောင်းခင်းတာက ၃၁ ရက် မိန့် ခွန်းပဲ။

အဲဒီမှာကျွန်တော် မှတ်မိသလောက်ပြောရင် ဘာလဲဆိုတော့ သုံးချက်ပေါ့။ နံပါတ်တစ်က Good Governance၊ Clean Government Democratic Practice ဒါတွေနဲ့သွားမှာဆိုတာ ဘဝင်ကျစရာပါ။ သို့သော် Democratic Government ဆိုတာလေးကို နည်းနည်းဖြည့်ပြောချင်စရာတွေရှိတယ်။ ဖတ်ရမှတ်ရသလောက်ပေါ့။

ဘာကြောင့်လဲဆိုတော့ သိပ်ကောင်းတယ်ဗျ။ Good Governance ဖြစ်ဖို့လဲလိုတယ်။ Clean Government ဖြစ်ဖို့ပဲလိုတယ်။ ဒါပေမဲ့ အဲဒါတွေသွားဖို့ဆိုရင် မလွဲသာမရှောင်သာ လိုအပ်ချက် တစ်ခုက Transparency အဲဒီတော့ Transparency က တကယ်ပြောတော့ သမ္မတကြီးပြောတဲ့ Democratic Practice ထဲမှာ အကျုံးဝင်တယ်။

သို့သော် အဲဒါကတော့ ထိန်းထိန်းသိမ်းသိမ်းသွားဖို့လိုလိမ့်မယ်လို့ သူတို့ကလည်း စဉ်းစားရင်စဉ်းစားမှာပေါ့။ တာဝန်ရှိတဲ့ သူတွေဘက်ကလည်း ဘာဖြစ်လို့လဲဆိုတော့ ခုနကပြောသလို ကျွန်တော်တို့ဆီမှာသိပ်ပြီးတော့ ရင့်ကျက်တဲ့ ဒီမိုကရေစီမရှိသေးဘူး။ အခုမှစတာ။ သို့သော် ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် Transparency ရှိကိုရှိရမယ်။ သို့သော် Transparency အားကောင်းဖို့လိုတယ်။ အဲဒီအလေ့အထလေးတွေ တတ်နိုင်သလောက်အချိန်မှာ မွေးမြူပေးဖို့လိုတယ်။ အဲဒါမှလည်း ခုနပြောတဲ့ Good Governance တို့ Clean Government တို့ သပ်သပ်ရပ်ရပ်သွားနိုင်မယ်။

အကုန်လုံးခြုံလိုက်ရင် သွားမယ့်မဟာဗျူဟာရော နည်းဗျူဟာရော သိခွင့်ရလိုက်တယ်။ သဘောကျတာတွေက များတယ်ဆိုတော့ အစကောင်းပြီလို့ ပြောနိုင်မယ်ထင်တယ်။ ဒါပေမဲ့ ကိုယ့်တိုင်းပြည်အတွေ့အကြုံအရရော နိုင်ငံတကာအတွေ့အကြုံအရရော ပြောရမယ်ဆိုရင် အစကောင်းတိုင်းလည်း အနှောင်းသေချာချင်မှ သေချာတာဒါတွေက ဖြစ်တတ်တဲ့သဘောဝတွေပေါ့။ အစကောင်းတာကို အနှောင်းသေချာဖို့ဆိုရင်တော့ ဆက်ပြီး ကြိုးပမ်းရဦးမယ်ထင်တယ်။ အထူးသဖြင့် ကိုယ်ရွေးချယ်ထားတဲ့ လမ်းကြောင်းတစ်ခုကို ခြေမြဲလက်မြဲနဲ့ ရှေ့တိုးဖို့ လိုလိမ့် မယ်ထင်တယ်။ အခက်အခဲတွေကတော့ ရှိနိုင်သေးတာပေါ့။

## ဦးလှမောင်ရွှေ

**ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် (UMFCCI) နှင့် အကြီးတန်းဒုတိယဥက္ကဋ္ဌ (မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)**

နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံကိုဦးဆောင်မယ့်သူတစ်ဦးရဲ့ သူ့ရဲ့ပင်ကိုယ်အသံနဲ့ တိုက်ရိုက်ကတိစကား၊ လမ်းစဉ်ကိုပြည်သူလူထု အားလုံးနဲ့အတူ နှစ်ပေါင်းအတန်ကြာကာလအတွင်း နားထောင်ခွင့်ရတဲ့အတွက် စိတ်လှုပ်ရှားပါတယ်။ ၃၅မိနစ်လောက်ကြာတဲ့ သမ္မတရဲ့ မိန့် ခွန်းအစအဆုံးကိုနှစ်ကြိမ်ပြန်ပြီးနားထောင်တယ်။ သမ္မတရဲ့မိန့်ခွန်းမှာ ကျွန်တော်သတိထားမိတာကတော့ နိုင်ငံသားတစ်ဦးချင်းစီရဲ့ အခွင့်အရေးသို့မဟုတ် လူ့အခွင့်အရေး များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးသွားမယ်ဆိုတာရယ်၊ ဒီကနေ့ကစပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်စတင်ခဲ့ပြီးဖြစ်ပါတယ်လို့ပြောတာတွေကို သဘောကျတယ်။ ဒီမိုကရေစီနိုင်ငံဖြစ်ပြီလို့ပြောတာ မဟုတ်ဘူး။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို အစိုးရအပါအဝင် လူထု အနေနဲ့အခုမှစပြီလို့ပြောတာ။ နိုင်ငံသားတစ်ဦးချင်းစီရဲ့ အခွင့်အရေးကိုလည်းရအောင် အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးမယ်လို့ပြောတဲ့ အပေါ်မှာလည်း သဘောကျတယ်။ Good Governance, Clean Government ဖြစ်အောင်လုပ်မယ်လို့ ကတိပေးတာကိုလဲ တွေ့ပါတယ်။ စီးပွားရေးနဲ့ပတ်သက်ပြီးတော့လည်း အစိုးရက အတိုင်းအတာတစ်ရပ်အထိ ဝင်ထိန်းပေးမယ်ဆိုပေမယ့် ဈေးကွက်ရဲ့လွတ်လပ်မှုကို သိပ်မထိန်းချုပ်ရင်ကောင်းမယ်။ အရင်းရှင်၊ ခရုရှင်ကြီးများ အခွင့်ထူးခံကြီးများက လက်ဝါးကြီးအုပ်တာမျိုးမဖြစ်ရအောင် ထိန်းကျောင်းတည့်မတ်ပေးမယ်လို့ပြောတဲ့အချက်ကိုလည်း သဘောကျတယ်။ ဒါပေမဲ့ ဒီမိုကရေစီနိုင်ငံတွေမှာ အစိုးရသစ်တက်လာပြီးရင် သူတို့ပြောတာတွေ ဘယ်လောက်အကောင်အထည်ဖော်တယ်ဆိုတာ ရက် ၁၀၀ စောင့် ကြည့်ကြတယ်။ အဲဒီကာလပြီးမှ အစိုးရအပေါ် မှာ မှတ်ချက်ပေးတယ်။ နောက်တစ်နှစ်ပြည့်ရင် တစ်ခါ Review လုပ်ကြတယ်။ ဒီမှာလည်း စောင့်ကြည့်ရမှာပါ။ နောက်ပြီးတော့ သမ္မတရဲ့ မိန့်ခွန်းက အတော်ပြည့်စုံတယ်ပြောရမယ်။ နိုင်ငံရေးအကျဉ်းသားကိစ္စလည်း ဆက်လက်ဆောင်ရွက်မယ်ထင်ပါတယ်။ သမ္မတအပါအဝင် အစိုးရအဖွဲ့နဲ့ အနေနဲ့ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ တိုင်းပြည်ကို ပိုကောင်းအောင်လုပ်ပေးမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့တွေ မျှော်လင့် ချက် ဘယ်လောက်ပြည့်မလဲဆိုတာ အချိန်တစ်ခုကို ဖြတ်ပြီးရင် တွေ့ရမှာပါ။

# အနုပညာရှင်တွေ အစိုးရသစ်ဆီက ဘာတွေ မျှော်လင့်သလဲ

**အေးသူစံ**

**နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း ပထမဆုံးအကြိမ်လွှတ်တော်ခေါ်ပြီးနောက်ပိုင်း မတ်လ ၃၀ ရက်၌ နိုင်ငံတော်သမ္မတက ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုဖွဲ့စည်းလိုက်ပြီး မတ်လ ၃၁ ရက်မှစ၍ အသက်ဝင်လာမည့်အစိုးရသစ်အား ပြည်သူအများစုက စိတ်လှုပ်ရှားစွာစောင့် ကြည့်နေသည်။ အစိုးရသစ်လက်ထက်တွင် မည်ကဲ့သို့အပြောင်းအလဲမျိုးတွေ မျှော်လင့်မိသလဲဆိုသည့် မေးခွန်းများအား စာပေ၊ ဂီတ၊ ရုပ်ရှင်လောကမှ အနုပညာရှင်အချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင်. . .**

**ဝေဠုကျော်**

အနုပညာနဲ့ပတ်သက်လို့ ကတော့ ဒီထက်ပိုပြီး ဒီမိုကရေ စီဖြစ်လာတဲ့ အခါမှာ ပိုပြီး လွတ်လပ်ခွင့်လေးတွေရလာရင် ဖျော် ဖြေရေးကို ဖျော်ဖြေရေးလို မြင်ပြီး ဆင်ဆာလေးတွေပိုလွှတ်ပေးခဲ့ရင်၊ ကမ္ဘာမှာ ရှိတဲ့ဒီမိုကရေစီနိုင်ငံတွေမှာကျင့်သုံးနေတဲ့ဆင်ဆာဥပဒေတွေ၊ တချို့နိုင်ငံတွေဆိုဆင်ဆာတောင်မရှိပါဘူး။ အဲဒီလိုဥပဒေနဲ့အညီ လွတ်လပ်ခွင့်လေးတွေပေးပြီး ကိုယ်ဖန်တီးချင်တဲ့ ဇာတ်လမ်းလေးတွေကို ဖန်တီးခွင့်ရမယ်ဆိုရင်အများကြီးဝမ်းသာမှာပါ။

ဒီမိုကရေစီစနစ်ဖြစ်လာတဲ့ အခါ အရာရာတိုင်း သာတူညီမျှဖြစ်စေချင်ပါတယ်။ ကွဲ ပြားနေသောအလွှာများ၊ ပုံစံများ အားလုံးကိုတစ်ပြေးညီအဖြစ်နဲ့ အားလုံးဟာ ဥပဒေအောက်မှာ ရှိမယ်ဆိုရင် ဒီမိုကရေစီစနစ်လည်း ကောင်းပါတယ်။ ဆိုရှယ်လစ်လည်းကောင်းပါတယ်။ ကွန်မြူနစ်လည်းကောင်းပါတယ်။ အားလုံး သည်ဥပဒေရဲ့အောက်မှာသာ ရှိရပါမယ်။ အုပ်ချုပ်သူလူတန်းစားမို့လို့ ဥပဒေရဲ့အပေါ်ကိုရောက် သွားတဲ့ ဘယ်စနစ်ကိုမဆို ကျွန် တော်မနှစ်သက်ပါဘူး။

**အရိုး**

အပြောင်းအလဲကတော့ ရှိမှာပဲဗျ။ အစိုးရအသစ်ဖွဲ့စည်းတဲ့အချိန်မှာကျွန်တော်တို့က အန်တာတိန်းမန့်ဆိုတော့ အရေးကြီးတဲ့ အခန်းကဏ္ဍတော့မဟုတ်ဘူးဗျ။ ကျွန်တော့်အမြင်အရဆို ကျန်တဲ့အရေးကြီး တဲ့ကဏ္ဍတွေကို အရင်ပြောင်းလဲပြီးတော့မှ ဒီဘက်မှာ အပြောင်းအလဲရှိလာနိုင်မယ်လို့ ယူဆတယ်။ အန်တာတိန်းမန့်ထဲမှာအရေးကြီးတဲ့အပိုင်းဆိုရင် ပုံနှိပ်မီဒီယာပေါ့။ အဲဒီမီဒီယာကို အရင်ဆုံး အပြောင်းအလဲလုပ်မယ်။ သတင်းစာတွေ အများကြီးထွက်လာမယ်လို့ကျွန်တော်ထင်တယ်။ ဂီတနဲ့ပတ်သက်လို့တော့ လောလောဆယ် သိပ်အပြောင်းအလဲရှိမှာ မဟုတ်ဘူး။ ကျွန်တော်တို့အတွက်ကတော့ အပြောင်းအလဲ သိပ်လိုလှတယ်လည်း မဟုတ်ဘူးလေ။ ဒီတိုင်းလည်း လုပ်ကိုင်နေလို့ရတာပဲ။

**မင်းခိုက်စိုးစန်**

အပြောင်းအလဲဆိုတာမျှော်လင့်ရတာမဟုတ်ပါဘူး။ ကိုယ်တိုင်ပြောင်းလဲယူရတာပါ။

**ကဗျာဆရာစောဝေ**

ရွေးကောက်ခံထားရတဲ့အစိုးရပဲဖြစ်ဖြစ်၊ ဘယ်အစိုးရမဆို ကိုယ့်အကျိုးပဲကြည့်နေရင် မြန်မာပြည်ကဘယ်လိုမှမပြောင်းလဲနိုင်ဘူးလို့ ထင်ပါတယ်။ ဒီမိုကရေစီဆိုတဲ့ နေရာမှာ စည်းကမ်းပြည့်ဝသည်ဖြစ်စေ၊ စည်းကမ်းမပြည့်ဝသည်ဖြစ်စေ ဒီမိုကရေစီဆိုတဲ့စကားလုံးလေးပါလာရင် လွတ်လပ်စွာရေးသားခွင့်ရှိရမှာပါ။ အဲဒီလွတ်လပ်စွာရေးသားခွင့်ကိုမထူထောင်နိုင်ရင်ဒီမိုကရေစီကိုမဖော်ဆောင်နိုင်ပါဘူး။ ဒီမိုကရေစီနိုင်ငံလို့ပြောလိုက်တာနဲ့ လွတ်လပ်စွာရေးသားခွင့်ဟာအရေးကြီးတဲ့အသက်သွေးကြောပါပဲ။ အဲဒါ ရကိုရရပါမယ်။လွတ်လပ်စွာရေးသားခွင့်မှာ ယှဉ်ပြိုင်ပြီးပေးရမယ်။ အစိုးရကို အကောင်းမြင်ရေးတဲ့ သူတွေကိုလည်း အကောင်းမြင်ရေးခွင့်ရှိသလို အစိုးရရဲ့ပျော့ကွက်တွေကိုလည်း ထောက်ပြပြီး အမှန်တရားဘက်ကို ရေးသားတဲ့ရေးသားမှုတွေကိုလည်း ယှဉ်တွဲဖော်ပြခွင့်ရှိရမယ်။ လွတ်လပ်စွာကွဲလွဲခွင့်ကို ယှဉ်တွဲဖော်ပြခွင့်ပြုမှသာ ပွင့်လင်းတဲ့သတ္တိကိုရမှာပါ။

စာ(၃၀)သို့